

# ဗုဒ္ဓအမြင် လူသားစွမ်းအင်

ဦးအေးမောင်

(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းပြု)

၂၇၃၂၇

ဗုဒ္ဓအမြင် လူသားစွမ်းအင်
ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် ၆၃၅/၂၀၀၁(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၃/၂၀၀၂(၂)
❐
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၂-ခုနှစ်၊ ဧပြီလ
အုပ်ရေ-၁၀၀၀
❐
မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်ဖင်
STARS COLOUR
❐
မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် (၀၅၉၀၁)၊ ရာပြည့်ပုံနှိပ်တိုက်
အမှတ်-၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
❐
ထုတ်ဝေသူ
ဦးမောင်ဟန် (၀၀၇၆)၊ ကမ္ဘာလုံးစာပေ
အမှတ်-၂၅၉၊ နဝဒေးလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
❐
စာအုပ်ချုပ်
ကိုမြင့်
❐
တန်ဖိုး
၅၀၀-ကျပ်



# ဗုဒ္ဓအမြင် လူသားစွမ်းအင်

ဦးအေးမောင်

## စာရေးသူ၏အခြားစာအုပ်များ

၁။ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ။ သုံးတွဲ

၂။ ဗိဇနှင့်ပတ်ဝန်းကျင်

၃။ သိပ္ပံပညာရှုစမ်းမှုနှင့် သိပ္ပံပညာသဘော

၄။ လူ့စိတ်သဘာဝ

၅။ ဘဝဆည်းဆာ

၆။ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ

၇။ စိတ်ပညာနှင့် ကိုယ်ကျင့်တရား

၈။ စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု

၉။ သေသည့်၏အခြားမဲ့၌

၁၀။ ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ

၁၁။ လူ့ဘဝလူ့လောကအမြင်။ နှစ်တွဲ

## မာတိကာ

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစကား | — |
| ၂။ | ဒုက္ခသစ္စာနှင့် ယခုခေတ်အမြင် | ၁ |
| ၃။ | ဗုဒ္ဓနှင့် လောကီလူသား | ၂၁ |
| ၄။ | ဗုဒ္ဓ၏ ဆုံးမနည်း | ၄၁ |
| ၅။ | ဗုဒ္ဓမပေါ်မီက အိန္ဒိယအယူဝါဒများ | ၆၂ |
| ၆။ | ဗုဒ္ဓလက်ထက်က အိန္ဒိယဘာသာဝါဒများ | ၈၀ |
| ၇။ | ဗုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု | ၉၈ |
| ၈။ | ဗုဒ္ဓ၏ ထူးခြားချက်များ | ၁၁၅ |
| ၉။ | ယခုဘဝနှင့် တမလွန်ဘဝ | ၁၃၃ |
| ၁၀။ | ရှေးဟောင်းသနာတန်အားစာနည်းကြီးများ | ၁၅၂ |
| ၁၁။ | ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ | ၁၆၁ |
| ၁၂။ | ဗုဒ္ဓဘာသာနှင့် အင်္ဂလန်နိုင်ငံ | ၁၆၉ |
| ၁၃။ | လူတို့ကမ္ဘာမြေ ဒုက္ခပင်လယ်ဝေ | ၁၇၈ |
| ၁၄။ | ဗုဒ္ဓအမြင် လူသားစွမ်းအင် | ၁၈၈ |
| ၁၅။ | ထေရဝါဒဗုဒ္ဓဝါဒနှင့် အခြားဝါဒများ | ၂၀၁ |
| ၁၆။ | မြတ်ဗုဒ္ဓ၏အရိယာလမ်းစဉ် | ၂၁၄ |



## ဦးအေးမောင်

၁၉၁၄၊ ဖေဖော်ဝါရီလ၊ ၂ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ အဘ ဦးသိန်းကျော်၊ အမိ ဒေါ်သင်းတို့မှ ဖွားမြင်သည်။

မန္တလေးမြို့ ဝယ်စလီကျောင်းမှ ၁၉၃၂ ဆယ်တန်းအောင်မြင်သည်။ ရန်ကုန် ဆရာဖြစ်သင်ကောလိပ်သို့ တက်ရောက်၍ ၁၉၃၇၌ ဆရာဖြစ်စာမေးပွဲ အောင်မြင်သည်။ မုံရွာမြို့ ဝယ်စလီကျောင်း၌ ၁၉၃၈ မှ ၁၉၄၀ အထိ သုံးနှစ်ကြာ ဆရာလုပ်ခဲ့သည်။ ထို့နောက် ရန်ကုန် ဆရာဖြစ်သင်ကောလိပ်၊ လေ့ကျင့်ရေးကျောင်း၌ ဆရာအဖြစ် နှစ်နှစ် လုပ်ကိုင်ခဲ့သည်။

၁၉၄၉ မှ ၁၉၇၅ အထိ စာပေဗိမာန်၌ လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ဦးအေးမောင်(စာပေဗိမာန်) ကလောင်အမည်ဖြင့် မြဝတီမဂ္ဂဇင်း၊ ဂါးဒီးယန်းမဂ္ဂဇင်း၊ လုပ်သားပြည်သူ့နေ့စဉ် (မြန်မာ–အင်္ဂလိပ်) သတင်းစာနှင့် အခြားမဂ္ဂဇင်း သတင်းစာများတွင် ဘာသာရေး၊ စိတ်ပညာ၊ သိပ္ပံပညာနှင့် အခြား ပညာရေးဆောင်းပါးများကို နှစ်ပေါင်း ၂၀ ကျော်မျှ ရေးသားခဲ့သည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ(သုံးတွဲ)၊ ဗီဇနှင့်ပတ်ဝန်းကျင်၊ လူ့စိတ်သဘာဝ၊ သိပ္ပံနည်း စူးစမ်းမှုနှင့် သိပ္ပံပညာသဘော၊ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ၊ ဘဝဆည်းဆာ၊ စိတ်ပညာနှင့် ကိုယ်ကျင့်တရား၊ စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု၊ သေသည်၏အခြားမဲ့၌၊ ပိဋကတ်မှ ဗုဒ္ဓနှင့် ဓမ္မစာအုပ်များ ပြုစုရေးသားခဲ့သည်။ ထို့ပြင် မဟာစည်ဆရာတော်၏ တရားစာအုပ် ငါးအုပ်၊ ပိဋကတ် ဘာသာပြန် စာပေဖြန့်ချိရေး အဖွဲ့အတွက် မဇ္ဈိမနိကာယ် (မူလပဏ္ဏာသ)၊ ထေရအပဒါန် (ပထမပိုင်း) နှင့် မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

အမှတ် ၂၅၊ သံတံတားလမ်း၊ စမ်းချောင်းရပ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

# အမှာစကား

မြတ်ဗုဒ္ဓသည် လူသတ္တဝါတို့၏ အသိပညာဉာဏ် အနုအရင့်ကို ကြည့်၍ တရားဟောတော်မူလေ့ရှိကြောင်း ပိဋကတ်စာပေကို နှံ့နှံ့စပ်စပ် လေ့လာသောသူတိုင်း သိရှိကြပြီးဖြစ်၏။ ဘုရားရှင်၏အလိုတော်အားဖြင့် အသိဉာဏ် နုနယ်သော ပုထုဇဉ်သတ္တဝါတို့သည် မိမိတို့၏ အချို့သော မိရိုးဖလာအယူများကို စွန့်လွှတ်ရန် မလိုဘဲ ဘဝသံသရာ အကျိုးစီးပွားအတွက် ဒါန သီလ ကုသိုလ်ကောင်းမှုများ ပြုကြရမည်ဖြစ်၍ အသိဉာဏ်ရင့်ကျက်သော ပုဂ္ဂိုလ်တို့မှာမူ အရာရာကို ဆင်ခြင်သုံးသပ်ပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရန် သတိ၊ သမာဓိ၊ ပညာတရားများကို ကျင့်ကြံအားထုတ်ကြရမည်ဖြစ်ကြောင်း ပိဋကတ်စာပေ၌ ထင်ရှား၏။ သို့ဖြစ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မျှော်မှန်းသော ပုဂ္ဂိုလ်၏ အရိယလမ်းစဉ်သည် တမလွန်ဘဝကောင်းစားရေးသို့ ဦးတည်သော ကမ္မလမ်းစဉ်နှင့် မတူဘဲ ဆိုင်ရာ ဗုဒ္ဓဒေသနာများသည်လည်း ကွဲပြားခြားနား၏။

အရိယလမ်းစဉ်၏ မူလ အခြေခံဖြစ်သော ဗလငါးပါးအကြောင်း စာရေးသူ လေ့လာသိရှိ၍ ဉာဏ်မီသမျှကို ဤစာအုပ်၌ တင်ပြထားပါသည်။ ပိဋကတ်စာပေမှ နိကာယ်သုတ္တန်များကို အဓိက မှီငြမ်းပြု၍ အချို့နေရာများ၌ သိပ္ပံနှင့် စိတ်ပညာမှ သိမှတ်ဖွယ်ရာများကို

ဖော်ပြထားပါသည်။ အကျဉ်းရေးသားထားသော သိမှတ်ဖွယ်ရာများကို စိတ်ဝင်စား၍ အကျယ်သိရှိလိုသော စာဖတ်သူတို့သည် စာရေးသူ၏ အခြားစာအုပ်များကို ဖတ်ရှုကြရန် ဖြစ်ပါသည်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိနှင့် ပညာတည်းဟူသော ဗလငါးပါးအကြောင်း သိမှတ်ဖွယ်ရာများကို မြန်မာ–အင်္ဂလိပ်စာပေနယ်၌ စာဖတ်သူများ တွေ့ဖူးကြပြီး ဖြစ်ပါလိမ့်မည်။ သို့ရာတွင် အရိယာလမ်းစဉ်ကျင့်သုံးသော ဗုဒ္ဓဝါဒီတို့ အထူးသတိပြုရန် အချက်တစ်ခု ရှိ၏။ ၎င်းမှာ ကိုယ့်အားကိုယ်ကိုး ဗုဒ္ဓဝါဒနှင့်အညီ ဗလငါးပါးသည် ဆိုင်ရာစာပေများကို လေ့လာမှတ်သား ရွတ်ဆိုနေရုံမျှနှင့် မပြီးဘဲ ကိုယ်ပိုင်စွမ်းအား ဖြစ်လာသည်အထိ နေ့စဉ်မှန်မှန် ကျင့်ကြံအားထုတ်ရန် လိုအပ်ချက် ဖြစ်၏။

ဤစာအုပ်သည် အရိယာ လမ်းစဉ် ကျင့်သုံးသော ဗုဒ္ဓဝါဒီတို့အား ဗလငါးတန် ကိုယ်ခံစွမ်းအား မွေးမြူရာ၌ အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဦးအေးမောင်

# ဒုက္ခသစ္စာနှင့် ယခုခေတ်အမြင်

ဗုဒ္ဓ၏ ပဓာနရည်ရွယ်ချက်သည် လူသားတို့အား ဆင်းရဲဒုက္ခ အကြွင်းမဲ့ အဆုံးစွန် ကင်းငြိမ်းရာ နိဗ္ဗာန်လမ်းခရီးကို ညွှန်ပြရန် ဖြစ်၏။ ဗုဒ္ဓသည် ထိုရည်ရွယ်ချက်နှင့် ဆက်စပ်ခြင်း မရှိသော တရားများကို လုံးဝ ဟောတော်မမူလိုချေ။ ဘီစီ ၆–ရာစုခေတ်က အချို့သော အိန္ဒိယပြည်သားတို့သည် လောကသည် မြဲသလော–မမြဲသလော၊ ဇီဝနှင့်ခန္ဓာကိုယ်သည် ထပ်တူ ဖြစ်သလော–တခြားစီ ဖြစ်သလော စသော ပြဿနာများ၌ စိတ်ဝင်စားကြ၏။ ၎င်းတို့နှင့် စပ်လျဉ်း၍ ပြောဆိုငြင်းခုံကြ၏။ ဗုဒ္ဓအား မေးလျှောက်ကြ၏။ ဗုဒ္ဓသည် မည်သို့မျှ ဖြေဆိုတော်မမူချေ။ ထိုပြဿနာတို့သည် လူတို့အား အကျိုးမပြုဘဲ လမ်းမှားစေသော "တောချုံ ခရီး ခဲငြောင့်တံကျင် အနှောင်အဖွဲ့နှင့် တူသည်" (မဇ္ဈိမနိကာယ် အဂ္ဂိဝစ္ဆဂေါတ္တသုတ်) ၎င်းတို့နှင့် စပ်လျဉ်း၍ ငြင်းခုံသောသူတို့သည် ဆင်၏ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုခုကိုသာ လက်ဖြင့် စမ်းသပ်ပြီးနောက် ဆင်ဆိုသည်ကား

ဤသို့ဖြစ်သည်။ ထိုသို့မဟုတ် စသည်ဖြင့် ငြင်းခုံ၍ ရန်ဖြစ်ကြသော သူကန်းများနှင့်တူသည် (ဥဒါန်းပါဠိတော်)ဟု မိန့်တော်မူလေသည်။

ထိုပြဿနာများကို မေးလျှောက်သော မာလုကျပုတ္တမထေရ်အားလည်း ဗုဒ္ဓက "မာလုကျပုတ္တ၊ ဥပမာသော်ကား အဆိပ်လူးမြားမှန်၍ ဒဏ်ရာရသောသူတစ်ဦးသည် အကယ်၍ ချက်ချင်းအကုအသမခံဘဲ သူ့အား မြားဖြင့်ပစ်သော သူ၏ အမည်၊ အမျိုး၊ ပုံသဏ္ဌာန်၊ အရောင်အဆင်းနှင့် နေထိုင်ရာဒေသ စသည်တို့ကို စုံစမ်းမေးမြန်း၍ နေပါက အသက်သာလျှင် ဆုံးရှုံးရာ၏။ ထို့အတူ သင်သည် ဤပြဿနာများ၏ အဖြေကို သိမှသာ ရဟန်းတရား အားထုတ်မည်ဆိုပါက သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်မည်မဟုတ်၊ မာလုကျပုတ္တ... ထိုပြဿနာများ၏ အဖြေသည် မည်သို့ဖြစ်သည်ဆိုစေ၊ လောက၌ ဒုက္ခတရား ခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ မဖြစ်သောကြောင့် ငါသည် မဖြေကြားဘဲ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ သစ္စာလေးပါး တရားကိုသာ ငါဟောခဲ့သည်" ဟု မိန့်ကြားတော်မူလေသည်။ (မဇ္ဈိမနိကာယ် စူဠမာလုကျသုတ်)

မှန်၏။ မဟာသမုဒ္ဒရာသည် ဆားငန်အရသာ တစ်ခုတည်းသာ ရှိသကဲ့သို့ ဗုဒ္ဓဝါဒသည်လည်း ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်းအရသာ တစ်ခုတည်းသာလျှင် ရှိ၏။ (စူဠဝါ ပါဠိတော်) သစ္စာလေးပါး၌ ဒုက္ခသစ္စာသည် ပထမသစ္စာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဝါဒ၌ ဒုက္ခသစ္စာကို သိမြင်နားလည်ရန် အရေးကြီးပေ၏။

ဗုဒ္ဓလက်ထက်က အိန္ဒိယသားတို့သည် ဒုက္ခတရားကို အတော်အတန် သိမြင်ကြကြောင်းကို ယခင်ဆောင်းပါးတစ်ခု၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ဒုက္ခတရားကို ရှေးအိန္ဒိယသားတို့ သိမြင်ခြင်းသည် သူတို့၏ သမိုင်းဖြစ်စဉ်နှင့် ပတ်ဝန်းကျင်ကြောင့် ဖြစ်သယောင် ယခုကာလ အချို့သောသူများက ရေးသားကြ၏။ ရှေးအာရိယန်တို့သည် စစ်ဘေးစစ်ဒဏ် ပူပြင်းစိုစွတ်သော ရာသီဥတုနှင့် လူနေမှု နိမ့်ကျဆင်းရဲခြင်းကြောင့် လူ့ဘဝကို ငြီးငွေ့လာကြသည်ဟု ထိုသူတို့က ဆိုကြ၏။ ဤစကားသည် အခြေအမြစ် မရှိလှချေ။

ရှေးအိန္ဒိယသားတို့ ကြုံတွေ့ရသော စစ်ဘေးဒုက္ခများသည် ရှေးဂရိလူမျိုးတို့၏ စစ်ဘေးဒုက္ခနှင့်စာသော် ဘာမျှ မပြောပ,လောက်ချေ။ လူ့သမိုင်းတစ်လျှောက်တွင် တိုင်းပြည်တိုင်းလိုလို၌ပင် စစ်ကြောင့် လူတို့ ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ကြ၏။ သို့ဖြစ်စေကာမူ စစ်ဘေးဒုက္ခကြောင့် လူ့ဘဝကို စိတ်ပျက်ငြီးငွေ့သောသူများကား နည်းပါးလှ၏။ ပူပြင်းစိုစွတ်သော ရာသီဥတုသည် လူ၏စိတ်ကို လေးလံထိုင်းမှိုင်းစေသည်။ မှန်၏။ သို့ရာတွင် လူ့ဘဝကို ငြီးငွေ့စေသည် မဟုတ်ချေ။ အိန္ဒိယ ရာသီဥတုမျိုးကို မြန်မာ၊ ယိုးဒယား၊ အင်ဒိုနီးရှား စသော တိုင်းပြည်များ၌ တွေ့ရသော်လည်း ထိုတိုင်းပြည်မှ လူများသည် မိမိတို့ဘဝ၌ ပျော်မွေ့ကြ၏။ ရှေးအိန္ဒိယသားများသည် လူနေမှုအဆင့်အတန်း နိမ့်ကျသည်ဟုလည်း မဆိုနိုင်ချေ။ ထို့အပြင် ထိုရှေးအခါက ဒုက္ခတရားကို သိမြင်နားလည်၍ ရဟန်းပြုသောသူများသည် အများအားဖြင့်

ဆင်းရဲသားများ မဟုတ်ဘဲ စားဝတ်နေမှု ပြည့်စုံသော အထက်တန်းစား ခတ္တိယဗြာဟ္မဏများ ဖြစ်ကြကြောင်း သတိပြုသင့်ပေသည်။

ဒုက္ခတရားကို ရှုမြင်တတ်ခြင်းသည် လူ၏စိတ်ဓာတ်နှင့် ကိုယ်ခန္ဓာအခြေအနေပေါ်၌ တည်သည်ဆိုက မှန်ကောင်း မှန်ပေလိမ့်မည်။ ဆေးပညာရှင်တို့၏ အလိုအားဖြင့် အင်ဒိုခရိုင်းဂလင်း (Endocrine Glands) များ ကောင်းစွာ အလုပ်မလုပ်နိုင်သောအခါ လူသည် စိတ်ထိုင်းမှိုင်း ညစ်ညူး၍ မိမိဘဝ၌ အပြစ်မြင်တတ်၏။ ဆိုင်ကိုအနာလစ် စိတ်ပညာ၏ အလိုအားဖြင့် အချို့သောသူတို့သည် မသိစိတ်တစ်ခုခု၏ စိုးမိုးမှုကြောင့် မိမိတို့ဘဝကို အကြောင်းမဲ့ စိတ်နာနေတတ်ကြ၏။ ဒုက္ခတရားကို ရှုမြင်တတ်ခြင်းသည် လူမျိုးဗီဇစိတ်နှင့်လည်း ဆက်စပ်နေဟန်ရှိ၏။ မြန်မာလူမျိုးသည် ဆင်းရဲအမျိုးမျိုး ကြုံတွေ့၍ ဒုက္ခတရားကို ညွှန်ပြသော ဗုဒ္ဓဝါဒကို လက်ခံယုံကြည်သော်လည်း ပျော်ပျော်နေတတ်၏။ အိန္ဒိယလူမျိုးတို့သည်ကား လူ့ဘဝ၏ ဆင်းရဲဒုက္ခကို ရှုမြင်တတ်ကြောင်း သူတို့၏ ဝမ်းနည်း ကြေကွဲဖွယ်ရာ ရုပ်ရှင်ဇာတ်လမ်းများ၊ တေးဂီတများ၌ ထင်ရှားလေသည်။

ဒုက္ခဟူသော ပါဠိစကားသည် ပိဋကမှအခြား အချို့သော စကားများကဲ့သို့ပင် ဗုဒ္ဓလက်ထက်မတိုင်မီက အိန္ဒိယဘာသာရေးကျမ်းများ၌ ရှိပြီးဖြစ်၏။ သို့ရာတွင် ပါဠိပညာရှင် မစ္စက်ရိုင်းဒေးဗစ်၏ အဆိုအားဖြင့် ဥပနိသျှကျမ်းများ၌ 'ဒုက္ခ'ပုဒ်ကို

အစုစုပေါင်း အကြိမ် ၅၀ မျှသာ တွေ့ရပေရာ ထိုပုဒ်များမှာ ပါဠိပိဋကလာ 'ဒုက္ခ'ပုဒ်များနှင့်စာသော် အရေအတွက်အားဖြင့် စာမဖွဲ့လောက်ချေ။ ထို့အပြင် နောက်ပေါ် ဉပနိသျှကျမ်းများမှာထက် ပို၍ 'ဒုက္ခ'ပုဒ်များကို တွေ့ရ၏။ သို့ဖြစ်၍ နောက်ပေါ် ဉပနိသျှစာပေ၌ ဗုဒ္ဓဝါဒ၏ အငွေ့အသက် ဝင်နေတန်ရာသည်ဟု မစ္စက်ရိုင်းဒေးဗစ်က ယူဆလေသည်။

ဗုဒ္ဓဝါဒ၌ ဒုက္ခတရားသည် ဗုဒ္ဓမပေါ်မီ ရှေးကထက် ပို၍ နက်နဲကျယ်ပြန့်လာ၏။ ရှေးလူတို့သည် ဗြဟ္မာပြည်ကို အမြင့်မြတ်ဆုံးနေရာ၊ ဆင်းရဲခြင်း ကင်းသောနေရာဖြစ်သည်ဟု ထင်မြင်ခဲ့ကြရာ ဗုဒ္ဓဝါဒက ထိုအယူကို ပယ်၏။ 'အချင်းတို့၊ ဗကဗြဟ္မာသည် မသိလေစွတကား၊ ဗြဟ္မာ့ကိုယ်နှင့်တကွသော ဗြဟ္မာပြည်သည် မြဲသည်၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ တစ်ဖန်ဖြစ်ခြင်းသည် မရှိဟု အယူမှား၏ (သံယုတ္တနိကာယ် ဗြဟ္မာ့သံယုတ ဗကဗြဟ္မာသုတ်) 'လောက၌ ရဟန်းပုဂ္ဂိုလ်သူမြတ်၊ နတ်ဗြဟ္မာ၊ မာရ်နတ်တို့ တစ်စုံတစ်ယောက်သော သူမျှပင် မအိုခြင်း၊ မနာခြင်း၊ မသေခြင်း၊ မပျက်စီးခြင်းကို တောင့်တ၍ မရကုန်' (အင်္ဂုတ္တရနိကာယ် ပဉ္စနိပါတ် ပထမ အလဗ္ဘ နေယျာသုတ်) ဗုဒ္ဓ၏အလိုအားဖြင့် ပြုပြင်စီရင်အပ်သော သင်္ခါရတရားအားလုံးသည် ဒုက္ခတရားချည်းသာ ဖြစ်လေသည်။

အို၊နာ၊သေဘေးထက် ဓမ္မစကြာသုတ်၌ ဗုဒ္ဓဟောသော အလိုဆန္ဒ မပြည့်ဝခြင်း၊ လိုတာမရ၊ ရတာ မလိုခြင်းသည် လူတို့အား ပို၍ ဆင်းရဲဒုက္ခ ဖြစ်စေ၏။ ဤတွင် ဤလူ့ဘုံသည်

ဒုက္ခဘုံအစစ်ဖြစ်သော သဘောခြင်းရာကို ကျွန်ုပ်တို့ လေးနက်စွာ ဆင်ခြင်သုံးသပ်ဖို့ လိုလေသည်။

လူ့သမိုင်းတစ်လျှောက်၌ လူတို့သည် လျှောင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေလွှမ်းမိုးခြင်း၊ လေမုန်တိုင်း တိုက်ခတ်ဖျက်ဆီးခြင်း စသော ဘေးအန္တရာယ်များကြောင့် ဆင်းရဲဒုက္ခ ကြုံတွေ့ခဲ့ကြရ၏။ ယခုလည်း သဘာဝတရားဖောက်ပြန်မှုကြောင့် လူတို့ ဆင်းရဲဒုက္ခ ကြုံတွေ့ရသော သတင်းများကို မကြာခဏ ကြားသိရ၏။ လူသည် သဘာဝဓမ္မ၏ ထောင်းထုကန်ကျောက်ခြင်းကို ခံရသည့်အပြင် လူလူချင်း နှိပ်စက်ညှဉ်းပန်းမှုကိုလည်း ခံရ၏။ လူတို့ကြုံတွေ့ရသော ဤဒုတိယဆင်းရဲဒုက္ခမျိုးသည် ရှေးပဝေသဏီမှစ၍ ယနေ့တိုင်အောင် အတိုင်းတိုင်း၊ အပြည်ပြည်၌ ပေါ်ပေါက်ခဲ့သော စစ်ပွဲများ၊ ဖိနှိပ်ချုပ်ခြယ်မှုများ၊ စီးပွားရေးသွေးစုပ်မှုများ စသည်တို့ဖြင့် ထင်ရှား၏။ ထို့ကြောင့် ရောမနိုင်ငံ သမိုင်းကျမ်းကြီးကို ပြုစုရေးသားခဲ့သော အင်္ဂလိပ်စာရေးဆရာကြီး ဂစ်ဗွန်က "လူ့သမိုင်းမည်သည် လူတို့၏ ရာဇဝတ်ပြစ်မှု၊ ရက်စက်မှုနှင့် မိုက်မဲမှုများအကြောင်း မှတ်တမ်းဖြစ်ချေသည်"ဟု ဆိုခဲ့လေသည်။

သို့ဖြစ်စေကာမူ ယနေ့ သိသိသာသာ တိုးတက်နေသော သိပ္ပံပညာသည် လူတို့၏ အားကိုးရာအစစ် ဖြစ်သည် မဟုတ်ပါလော။ လူတို့သည်လည်း ယခုအခါ ရှေးကထက် တိုးတက်နေ၍ ထိုသို့ တိုးတက်လာသည်နှင့်အမျှ ဆင်းရဲဒုက္ခ ကင်းဝေး

လျက် တစ်စတစ်စ ချမ်းသာသုခ ရရှိကြမည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

သိပ္ပံပညာသည် လူတို့၏ သက်သာချောင်ချိမှုကို ဖန်တီးခဲ့သည် မှန်၏။ သို့ရာတွင် ကမ္ဘာ့လူထုသည် အများအားဖြင့် သိပ္ပံပညာ၏ အကျိုးကျေးဇူးကို မခံစားရဘဲ ဆင်းဆင်းရဲရဲ နေကြရ၏။ ထို့အပြင် သိပ္ပံပညာဖြင့် တီထွင်ထားသော ကြောက်မက်ဖွယ်ရာ လက်နက်များကြောင့် နောင် တတိယကမ္ဘာစစ်ဖြစ်ခဲ့သော် လူ့လောက လုံးဝပျက်စီးမည့်အရေးကို လူတို့သည် မျှော်တွေး၍ ရင်လေးနေကြရ၏။ ထို့ကြောင့် လူတို့သည် တကယ်ပင် တိုးတက်နေသလော၊ သို့မဟုတ် ဆုတ်ယုတ်နေသလောဟူ၍ စဉ်းစားဖွယ်ရှိလေသည်။

ဤမေးခွန်းသည် ယတိပြတ် ဖြေဆိုရန် မလွယ်ကူချေ။ အဘယ့်ကြောင့်ဆိုသော် လူ၏ တိုးတက်မှုမည်သည် အနက်အဓိပ္ပါယ် ကျယ်ဝန်း၏။ တိုင်းတာရန် ခဲယဉ်း၏။ လူ့သမိုင်းနှင့် ယနေ့ လူ့လောကကို စေ့ငုသေချာစွာ လေ့လာသောသူသည် ယခုခေတ်ကို ဆုတ်ခေတ်ဟု ခေါ်ဆိုမည် မဟုတ်စေကာမူ တိုးတက်သောခေတ်ဟူ၍လည်း ခေါ်ဆိုမည် မဟုတ်ချေ။ သူ၏ အမြင်အားဖြင့် လူသည် တစ်ဖက်၌ တိုးတက်မှုများ (ဥပမာ–ငွေဝယ်ကျွန်စနစ်မရှိမှု၊ မိန်းမများ၏ လွတ်လပ်မှု) ရှိသည်နှင့် အမျှ အခြားတစ်ဖက်၌ ဆုတ်ယုတ်မှုများ (ဥပမာ–မိသားစုစိတ်ဓာတ် ခေါင်းပါးမှု၊ လောဘရမ္မက်ကြီးမှု) လည်း ရှိလေသည်။

ထို့အပြင် လောက၌ အကောင်းနှင့်အဆိုးသည် အများအားဖြင့် ဒွန်တွဲနေတတ်၏။ လူ၏တိုးတက်မှုတစ်ရပ်ကို ကွက်၍ စေ့စေ့ဆင်ခြင် သုံးသပ်လျှင် ထိုတိုးတက်မှုနှင့် ဆက်စပ်နေသော ဆုတ်ယုတ်မှု (ဝါ) ဆင်းရဲဒုက္ခများကို တွေ့မြင်ရပေလိမ့်မည်။ မော်တော်ကားများ ရှိသောကြောင့် လူတို့သည် သွားလာရာ၌ သက်သာချောင်ချိ၍ လုပ်ငန်းကိစ္စများကို ရှေးကထက် လျင်မြန်စွာ ဆောင်ရွက်နိုင်သော်လည်း ကမ္ဘာပေါ်၌ ကားတိုက်မှုကြောင့် နေ့စဉ် သေကျေပျက်စီးသော သူများမှာ မနည်းလှချေ။ ဆေးပညာ၏ တိုးတက်မှုကြောင့်ပင် အိန္ဒိယပြည်၊ တရုတ်ပြည် စသော အချို့အရှေ့တိုင်းပြည်များ၌ မွေးနှုန်းမြင့်တက်၍ သေနှုန်းကျဆင်းပြီးလျှင် အဆမတန် ပိုမောက်လျှံတက်လာသော လူဦးရေပြဿနာကို ရင်ဆိုင်နေကြရ၏။ မျိုးရိုးသန့်ပြန့်ရေးကို လေ့လာသော ပညာရှင် (Eugenist) တို့ကလည်း ဆေးပညာသည် ကျန်းမာရေးဗီဇအခြေခံ ညံ့ဖျင်းသောသူတို့အား အသက်ဆက်၍ပေးသောကြောင့် ကမ္ဘာပေါ်၌ ကျန်းမာရေးချို့တဲ့၍ ဘဝစစ်ပွဲကို ရင်မဆိုင်နိုင်သောသူများ၊ ကိုယ်လက်အင်္ဂါချို့တဲ့၍ သူတစ်ပါးကို မှီခိုနေရသော ဒုက္ခိတ သတ္တဝါများ တစ်နေ့တခြား တိုးပွားနေပါသည်ဟု ဆိုကြလေသည်။

လူသည် အစစအရာရာ၌ ကျပ်ပြည့်တင်းပြည့် တိုးတက်သည် ဆိုကြပါစို့။ ထိုတိုးတက်မှုသည် လူတို့အား စိတ်ချမ်းသာအောင် ပြုလုပ်နိုင်ပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ မျက်မြင်အားဖြင့်ကား တခြားစီဖြစ်သော (ဝါ) လူသည် တိုးတက်လာလေ၊

စိတ်ဆင်းရဲလာလေ ဖြစ်သော လက္ခဏာများကို ကျွန်ုပ်တို့ ထင်ရှားစွာ တွေ့နေရ၏။

ထင်ရှားသော သာဓကတစ်ခုကို ပြရမည်ဆိုသော် ယခုအခါ အလွန်တိုးတက်နေသော အနောက်နိုင်ငံများ၌ စိတ်ဆင်းရဲလှသဖြင့် မိမိကိုယ်မိမိ သတ်သေသောသူများမှာ ကြောက်ခမန်းလိလိ ပေါများလှ၏။ ဥရောပတိုက်၌ ထိုသို့သတ်သေသောသူပေါင်း နှစ်စဉ် ၇–သောင်းခန့်ရှိ၍ အမေရိကန်ပြည်၌ ၂၂၀၀၀–ခန့် ရှိ၏။ သူတို့နိုင်ငံများ၌ စိတ်မချမ်းသာမှု၌ အရင်းခံသော စိတ်ရောဂါသည်လည်း အလွန်ကြီးလေးသော ပြဿနာတစ်ရပ်ဖြစ်၏။ အမေရိကန် မဂ္ဂဇင်းများသည် စိတ်ကျန်းမာရေး ဆောင်းပါးများကို မကြာမကြာ ထည့်သွင်းဖော်ပြကြ၏။ ဒေး(လ်)ကာနေဂျီ၏ 'သောကကင်းဝေး နေနိုင်ရေး'ကဲ့သို့သော စာအုပ်မျိုးကို လူများ အလွန်ဖတ်ကြသည်။ သို့စဉ်လျက် ပညာရှင်တစ်ဦး၏ အဆိုအားဖြင့် အမေရိကန်ပြည်ရှိ စိတ္တဇဆေးရုံများမှာ အမြဲ လူနာများ ပြည့်ကျပ်နေ၏။ တစ်နိုင်ငံလုံးရှိ ဆေးရုံများတွင် စိတ္တဇရောဂါ လူနာများသည် အဆုတ်ရောဂါလူနာများထက် ၈–ဆ ပိုများ၏။ နှစ်စဉ် စိတ္တဇရောဂါ လူနာပေါင်း ၆၈၀၀၀ လက်ခံကုသရ၍ ၁၉၃၂–ခုနှစ်၌ စိတ္တဇဆေးရုံများတွင် လူနာပေါင်း ၃၄၀၀၀၀ ရှိ၏။ ဤစာရင်းတွင် ပုဂ္ဂလိကဆေးရုံများတွင် ကုသရသော လူနာဦးရေ မပါသေးချေ။

အမေရိကန်ပြည်၏ တိုးတက်မှုသည် လူတစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်မှုပေါ်၌ အခြေတည်သော စည်းစိမ်ဥစ္စာတိုးတက်မှု

ဖြစ်သောကြောင့် လူတို့အား စိတ်ချမ်းသာအောင် မပြုနိုင်ခြင်း ဖြစ်သည်ဟု အချို့သောသူများက ဆိုကြပေလိမ့်မည်။ သို့ရာတွင် လူတို့၏ အသိအလိမ္မာ တိုးတက်မှုသည်လည်း ဆင်းရဲဒုက္ခနှင့် ဒွန်တွဲနေတတ်၏။ လူသည် အသိတရားပွားများလာလေ လူ့လောက၌ မပျော်မွေ့ဘဲ စိတ်ပျက်ငြီးငွေ့လာလေ ဖြစ်တတ်၏။

ထို့ကြောင့် ဘာမျှ မသိတတ်သော ကလေးသည် လောက၌ အပျော်ရွှင်ဆုံး ဖြစ်၏။ ယောကျ်ားနှင့် မိန်းမတွင် အများအားဖြင့် ယောကျ်ားသည် မိန်းမထက် စိတ်ဓာတ်ရင့်၏။ နိုင်ငံရေး၊ လူမှုရေးကိစ္စများ၌ စိတ်ဝင်စား၏။ လူ့လောက သဘာဝကို ဆင်ခြင်သုံးသပ်၏။ ထိုသို့ယောကျ်ားသည် အသိတရား တိုးတက်စေကာမူ မိမိကိုယ်မိမိ သတ်သေသောသူများ၊ စိတ်ရောဂါဖြစ်သောသူများတွင်ကား မိန်းမဦးရေထက် ယောကျ်ားဦးရေက များ၏။ ထို့အပြင် အများအားဖြင့် စာများများ ဖတ်သောသူတို့သည် အခြားသူများထက် ပို၍ လောကကို စိတ်ပျက်ငြီးငွေ့လာတတ်လေသည်။

လောကတွင် အနုပညာ အဘိဓမ္မာ စသော ပညာတစ်ရပ်ရပ်၌ ပြိုင်ဘက်မရှိ ထူးချွန်ပြောင်မြောက်သော ဉာဏ်ကြီးရှင် ပါရမီရှင် (Genius) များ ရှိကြ၏။ ထိုဉာဏ်ကြီးရှင် ပုဂ္ဂိုလ်ကျော်များသည် အများအားဖြင့် ပတ်ဝန်းကျင်လောက၌ မဝင်ဆံ့ဘဲ 'လူ့ခွစာ'များ ဖြစ်နေကြ၏။ အခြားလူများနှင့် အမြင်ခြင်းမတူဘဲ အတွေးအခေါ် ကွာခြားသဖြင့် လူ့လောကနှင့် ခွင်မကျဘဲ စိတ်ဆင်းရဲကြရ၏။ သို့ဖြစ်၍ ထိုဉာဏ်ကြီးရှင်များတွင် စိတ်ဖောက်ပြန်

ရှုံးသွပ်သောသူများမှာ မနည်းလှချေ။ ဤအကြောင်းကို တစ်ခါက ဤမြဝတီမဂ္ဂဇင်း၌ ကျွန်ုပ် ဆောင်းပါးရေးဖူး၏။

လူ၏ကိုယ်ကျင့်တရား တိုးတက်မှုနှင့် စိတ်ဆင်းရဲမှု ဆက်စပ်နေကြောင်းကိုကား ဆိုင်ကိုအနာလစ် စိတ်ပညာရှင်ကြီး ဆစ်ဂမန်ဖရိုက်(ဒ်)က ဖော်ပြခဲ့၏။ ဖရိုက်(ဒ်)အလိုအားဖြင့် လူသည် စိတ်ယုတ်စိတ်ညံ့များကို ဆုံးမ၍ ယဉ်ကျေးလာသော်လည်း ထိုကိလေသာစိတ်များသည် အကြွင်းမဲ့ချုပ်ငြိမ်းမသွားဘဲ မနောဝိညာဉ်၏ အောက်ပိုင်း၌ ကိန်းအောင်းနေကြ၏။ ယင်းတို့သည် မနောဝိညာဉ်၏ အထက်ပိုင်း၌ တစ်ခါတစ်ရံ အသွင်အမျိုးမျိုးဖြင့် ပေါ်လာ၍ စိတ်ကောင်းနှင့် စိတ်ယုတ်သည် ပဋိပက္ခဖြစ်ကာ လူသည် စိတ်မကျေနပ်ခြင်း၊ မတည်ငြိမ်ခြင်း၊ ဆင်းရဲခြင်း စသော ဒေါမနဿ ဝေဒနာများကို ခံစားရ၏။ ထို့ကြောင့် ကိလေသာစိတ်များကို မချုပ်တည်းဘဲ လွတ်လပ်ခွင့်ပေးထားသော လူရိုင်းများမှာထက် ထိုစိတ်များကို ချုပ်တည်းထားသော နိုင်ငံကြီးသား 'လူယဉ်ကျေး'များတွင် စိတ္တဇရောဂါ စွဲကပ်သူများ ပိုမိုပေါများခြင်း ဖြစ်သည်ဟု စိတ်ပညာရှင်တို့က ဆိုကြ၏။ စင်စစ် အနုသယကိလေသာကို လှုံ့ဆော်အားပေးသော ကာမအာရုံ ပေါများသည့် လူ့လောကသည် ကိုယ်ကျင့်တရားကို မြတ်နိုးသောသူနှင့် မသင့်လျော်ချေ။ ထို့ကြောင့် သူတော်သူမြတ်တို့သည် လူ့ဘောင်ကို ရှောင်ခွာ၍ တောထွက်ကြခြင်း ဖြစ်လေသည်။

ဤသို့ လူတို့၏တိုးတက်မှုသည် အဘက်ဘက်၌ ဆင်းရဲဒုက္ခနှင့် ဒွန်တွဲနေသောကြောင့် လောက၌ ချမ်းသာသုခသည်

ဇကန်စင်စစ် ရှိပါ၏လောဟု သံသယဖြစ်ဖွယ်ရှိ၏။ ဂျာမန်အဘိဓမ္မာဆရာကြီး ရှိုပင်ဟွာကမူ လောက၌ ဆင်းရဲဒုက္ခသည်သာ မုချထင်ရှားရှိ၍ ဆင်းရဲဒုက္ခ ကင်းငြိမ်းခြင်းသည်ပင် ချမ်းသာသုခဖြစ်သည်ဟု ဆို၏။ ဂရိ အဘိဓမ္မာဆရာကြီး အရစ္စတိုတယ်ကလည်း ပညာရှိသည် ချမ်းသာသုခကို မရှာဘဲ ဆင်းရဲဒုက္ခမှ ကင်းလွတ်မှုကိုသာ ရှာသည်ဟု ဆိုလေသည်။

လူတို့သည် ချမ်းသာသုခကို လူတိုင်း လိုချင်တပ်မက်သည်ဟု တစ်ထစ်ချ စွဲမှတ်ထားကြ၏။ ထိုသို့ချမ်းသာမှုကို လူများ လိုချင်သည် မှန်ပါက အဘယ်ကြောင့် မိန်းမများသည် ဆင်းရဲဒုက္ခအမျိုးမျိုးခံ၍ မိမိတို့သားသမီးများကို ပြုစုစောင့်ရှောက်ကြပါသနည်း။ အဘယ်ကြောင့် အနောက်နိုင်ငံသားများသည် ဆင်းရဲဒုက္ခကို ပဓာနမထားဘဲ ဧဝရတ်တောင်ထိပ်သို့လည်းကောင်း၊ မြောက်ဝင်ရိုးစွန်းဒေသသို့လည်းကောင်း စွန့်စားသွားရောက်ကြပါသနည်း။ အကယ်၍ လူသည် စိတ်ချမ်းသာမှုကို လိုချင်တပ်မက်သည်မှန်လျှင် စိတ်ညစ်နေသောသူသည် အမြဲပျော်ရွှင်နေသော ကလေးနှင့် ဘဝချင်း လဲလိုပါမည်လော။ သောက ဗျာပါ ရများသောသူတို့သည် ပူပင်ကြောင့်ကြမှုမရှိသော နာဂလူမျိုးတို့၏ ဘဝမျိုးကို နှစ်သက်နိုင်ပါမည်လော။ စိတ်ချမ်းသာမှု မရှိသော ပညာရှင်၏ ဘဝထက် အရက်ဖြင့် ပျော်မွေ့သော ရိုးရိုးလူတစ်ဦး၏ဘဝက ပိုမိုမြင့်မြတ်သည်ဟု ကျွန်ုပ်တို့ဝန်ခံနိုင်ပါမည်လော။

အထက်ပါမေးခွန်းများကို ကျွန်ုပ်တို့သည် စေ့စေ့ဆင်ခြင် စဉ်းစား၍ အဖြေရှာသည်ရှိသော် လောကဋ္ဌ လူတို့ အမှန်စင်စစ် လိုချင်တောင့်တကြသောအရာသည် ချမ်းသာသုခ မဟုတ်ကြောင်း ထင်ရှား၏။ ယခုခေတ် စိတ်ပညာ၏အလိုအားဖြင့် လူတို့ကို စိုးမိုးနေသောအရာသည် ချမ်းသာသုခကို လိုချင်တပ်မက်မှု မဟုတ်ဘဲ အိပ်လိုသောစိတ်၊ စားလိုသောစိတ်၊ မေထုန်ပြုလိုသော စိတ်၊ လှုပ်ရှားသွားလာလိုသောစိတ်၊ သားသမီးကို ပြုစုစောင့်ရှောက် လိုသောစိတ်၊ ထင်ပေါ်လိုသောစိတ်၊ တိုက်ခိုက်ဖျက်ဆီးလိုသော စိတ် အစရှိသည့် သဘာဝစိတ်ဆန္ဒများ ဖြစ်၏။ လူသည် ထို သဘာဝအလိုဆန္ဒများ ပြည့်ဝရန် ကြံစည်ကြိုးစား၏။ အလို ပြည့်လျှင် စိတ်ချမ်းသာမှု ရရှိသည်မှန်၏။ သို့ရာတွင် ချမ်းသာ သုခကို လိုလားသောကြောင့် ထိုအမှု ဤအမှုကို ပြုသည်မဟုတ်။ တစ်နည်းဆိုသော် ချမ်းသာသုခသည် အလိုပြည့်ဝမှုနှင့် အတူ တကွ ဖြစ်ပေါ်လာသော ယှဉ်ဖော်ယှဉ်ဘက် သမ္ပယုတ်အကျိုး တရား ဖြစ်၏။ ထိုထိုဤဤအမှုများကို လူတို့ပြုခြင်း၏ ပဓာန အကြောင်းတရား၊ ပဓာနရည်ရွယ်ချက် မဟုတ်ချေ။

ထို့ကြောင့် လူသည် ချမ်းသာသုခကို တမင်သက်သက် ကြံပါက အချည်းနှီးဖြစ်တတ်၏။ ကာမဂုဏ်ချမ်းသာကို မက်မော ၍ ကာမကြူးသောသူသည် သောက်လေသောက်လေ ငတ် မပြေဘဲ စိတ်ဆင်းရဲရတတ်၏။ ဘဝကြင်ဖော်ကို တောင့်တသော သဘာဝစိတ်ကြောင့် မဟုတ်ဘဲ မိမိစိတ်ချမ်းသာမှုအတွက်

အိမ်ထောင် ပြုလိုသောသူသည် အိမ်ထောင်ရေးပြဿနာများကို ရင်ဆိုင်ရသောအခါ ခံနိုင်ရည်မရှိဘဲ စိတ်ဆင်းရဲရမည် အမှန်ဖြစ်၏။

လောက၌ ပုထုဇဉ်လူသတ္တဝါတို့ စိတ်ဆင်းရဲရခြင်းသည် ပဓာနအချုပ်အားဖြင့် အလိုဆန္ဒမပြည့်မှုကြောင့် ဖြစ်၏။ အနိစ္စတရားသည် အလိုဆန္ဒပြည့်မှု၏နောက်မှ အမြဲထက်ကြပ် လိုက်ပါလာရကား အလိုဆန္ဒပြည့်မှုသည် ခဏာယာယီမျှသာ ဖြစ်၏။ လူတို့အဖို့ ထိုအခိုက်အတန့် အလိုဆန္ဒပြည့်မှုရရှိရန် ကိစ္စသည်လည်း မလွယ်ကူချေ။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် အတူတကွ စုပေါင်း၍ နေထိုင်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် စိတ်ဓာတ်၊ စရိုက်၊ အသိအလိမ္မာ၊ ပတ်ဝန်းကျင် အခြေအနေ စသည်တို့ ကွာခြားသောကြောင့် အလိုဆန္ဒများသည်လည်း မတူချေ။ အများအားဖြင့် လူတစ်ဦး၏ အလိုဆန္ဒသည် အခြားလူတစ်ဦး၏ အလိုဆန္ဒနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေတတ်၏။ သို့ဖြစ်၍ လူတစ်ဦး၏ အလိုဆန္ဒပြည့်ဝမှု (ဝါ) စိတ်ချမ်းသာမှုသည် အခြားလူတစ်ဦး၏ အလိုဆန္ဒမပြည့်ဝမှု (ဝါ) စိတ်ဆင်းရဲမှုကို ဖြစ်စေ၏။ တစ်ဦးနှင့် တစ်ဦး အလိုဆန္ဒချင်း တူနေလျှင်လည်း လူနှစ်ဦးစလုံး အလို ဆန္ဒပြည့်ရန် ခဲယဉ်း၍ လူတစ်ဦးဦးသည် စိတ်ဆင်းရဲရ၏။ ဥပမာ–အလုပ်တစ်ခုကို လူဆယ်ယောက်ပြိုင်၍ ရရန် ကြိုးစားလျှင် ထိုလူများထဲမှ လူ ၉–ယောက်သည် အလိုမပြည့်ဘဲ စိတ်ဆင်းရဲရမည်မှာ သေချာ၏။ ထို့ကြောင့် အနန္တသူရိယ အမတ်က 'သူတည်းတစ်ယောက်

ကောင်းဖို့ရောက်မှ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ခမ္မတာ တည်း'ဟု စပ်ဆိုခဲ့သည် မဟုတ်ပါလော။

သို့ဖြစ်၍ ကမ္ဘာပေါ်တွင် လူတစ်ဦးနှင့်တစ်ဦး လူတန်းစား တစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ကမ္ဘာ့အုပ်စု တစ်စုနှင့် တစ်စုသည် အမြဲပဋိပက္ခ ဖြစ်လျက်ရှိ၏။ ဤအကြောင်းကို ချဲ့ထွင်၍ ရေးသားရန် မလိုချေ။ ကျွန်ုပ်တို့ သတိပြုသင့်သော အချက်သည်ကား ထိုပဋိပက္ခဖြစ်မှုများသည် ဆင်းရဲဒုက္ခကို ဖန်တီးသော်လည်း လူတို့၏ တိုးတက်မှုနှင့် အနည်းအများ ဆက်စပ်နေခြင်းဖြစ်၏။ ကားလ်မတ်က ပဋိပက္ခဖြစ်မှ တိုးတက်မှု ရှိသည်ဟု ဆိုခဲ့ရာ ထိုစကားသည် အချို့သော ရေးပညာရှင်တို့အဖို့ အသစ်အဆန်းမဟုတ်ချေ။ သိပ္ပံပညာရှင်ကြီး ဒါဝင်ကလည်း သတ္တဝါမျိုးစုတို့သည် ဘဝတည်မြဲရေးအတွက် အပြိုင်အဆိုင် ကြိုးစားရာမှ ပြောင်းလဲတိုးတက်လာပုံကို ဖော်ပြခဲ့၏။

ဘီစီ ၆-ရာစုလောက်ကပင် ဂရိအဘိဓမ္မာဆရာကြီး ဟိရကလိတပ်(စ်)သည် ကမ္ဘာငြိမ်းချမ်းရေးကို လိုလားတောင့်တ သော ရှေးဂရိပညာရှင်ကြီး ဟိုမာကို ပြစ်တင်ဝေဖန်၍ "ဟိုမာ သည် သူ၏ ဆုတောင်းပြည့်လျှင် ကမ္ဘာကြီးပျက်စီးလိမ့်မည့် အရေးကို မသိမြင်ချေ။ ဟိုမာ၏ အလိုဆန္ဒပြည့်လျှင် မည်သည့် အရာမဆို ခရီးအဆုံးသို့ ရောက်၍ တိုးတက်မှု ရှိတော့မည် မဟုတ်ချေ" ဟု ဆိုခဲ့လေသည်။

ဟိရကလိတပ်(စ်)မှ အစပြု၍ များစွာသော အနောက် နိုင်ငံသား ပညာရှင်တို့သည် ဤလူ့ဘုံမှာ ဒုက္ခဘုံအစစ်ဖြစ်ကြောင်း

ကို ကောင်းစွာ သိမြင်ကြ၏။ ထိုသူတို့တွင် ဂျာမန် အဘိဓမ္မာ ဆရာ ရှိုပင်ဟွာ (Schopenhauer) သည် အထင်ရှားဆုံးဖြစ်၏။ သူ၏ အယူအဆများသည် နေရာများစွာ၌ ဗုဒ္ဓဝါဒ၌ ထပ်တူ ဖြစ်၍ အကျယ်ဖော်ပြရန် မလိုချေ။ ရှိုပင်ဟွာ၏ အလိုအားဖြင့် လူတို့သည် တိုးတက်မှုမရှိသော်လည်း ပဋိပက္ခဖြစ်မှု ကင်း၍ အစစအရာရာ ပြည့်စုံဖူလုံသော အခြေသို့ ရောက်ရှိလျှင်လည်း ဘာမျှ ထူးထူးထွေထွေ ကြိုးစားလုပ်ကိုင်စရာ မရှိသောကြောင့်ပင် မိမိတို့ဘဝကို ပျင်းရိငြီးငွေ့၍ စိတ်ဆင်းရဲလာကြမည် ဖြစ်၏။ မှန်လှ၏။ လောက၌ ပျင်းရိငြီးငွေ့သောသူတို့သည် အများအားဖြင့် ဆင်းရဲသားများ မဟုတ်ဘဲ အစစအရာရာ ပြည့်စုံသော ဓနရှင် သူဌေးသူကြွယ်များ ဖြစ်ကြ၏။ လူသည် မည်မျှချမ်းသာစွာ နေရသည်ဆိုစေ သွားလာလှုပ်ရှားနေရမှ ကျေနပ်၏။

အခါတစ်ပါး၌ နိဂဏ္ဌာတို့က ဗုဒ္ဓသည် ဗိမ္ဗိသာရမင်းလောက် ချမ်းသာစွာ မနေရဟု ဆိုကြ၏။ ထိုအခါ ဗုဒ္ဓက "သင်တို့ မည်သို့ထင်ကြကုန်သနည်း၊ ဗိမ္ဗိသာရမင်းသည် ကိုယ်မလှုပ်ရှားဘဲ နှုတ်ကလည်း ဘာမျှမပြောမဆိုဘဲ ခုနစ်ရက်ပတ်လုံး ချမ်းသာစွာ နေနိုင်ပါမည်လော"ဟု မေး၏။ "ခုနစ်ရက်မဆိုထားဘိ၊ တစ်ရက် မျှပင် နေနိုင်မည်မဟုတ်ပါ"ဟု နိဂဏ္ဌာတို့က ဆိုကြ၏။ ထိုအခါ ဗုဒ္ဓက "ငါသည် ကိုယ်မလှုပ်ရှား၊ စကားမပြောဘဲ ခုနစ်ရက် ပတ်လုံး ချမ်းသာစွာ ခံစား၍ နေနိုင်၏။ သို့ဖြစ်၍ မည်သူက ပို၍ ချမ်းသာစွာ နေရသနည်း"ဟု မေး၏။ နိဂဏ္ဌာတို့သည် "ဗုဒ္ဓက ပို၍ ချမ်းသာစွာ နေရပါသည်"ဟု ဝန်ခံရလေသည်။

ဗုဒ္ဓသည် လူ့ဘဝ၏ ဆင်းရဲဒုက္ခများကို လေးလေးနက်နက် ဟောပြောညွှန်ပြခဲ့သောကြောင့် အချို့သော အနောက်နိုင်ငံသားများက ဗုဒ္ဓဝါဒသည် လူ့လောက၏ အဆင်မပြေမှု၊ ချို့တဲ့မှုများကို ပုံကြီးချဲ့ကာ တစ်ဖက်သတ်ရှုမြင်တတ်သော ဝါဒဖြစ်သည်ဟု ပြောဆိုရေးသားကြ၏။

လူသည် မိမိဘဝ၌ နှစ်သိမ့်ကျေနပ်မှု ပြည့်ပြည့်ဝဝ မရရှိသောကြောင့်သာလျှင် ကမ္ဘာပေါ်၌ ဘာသာဝါဒကြီးများ ပေါ်ပေါက်လာကြောင်း ကျွန်ုပ်တို့ သတိပြုဖို့လို၏။ ဗုဒ္ဓသည် လူ့ဘဝ၏ ဆင်းရဲဒုက္ခကို အထူး လေးလေးနက်နက် ဟောပြောညွှန်ပြခဲ့သည်မှန်၏။ ထိုသို့ အထူးလေးနက်စွာ ဟောပြောညွှန်ပြခဲ့ခြင်းမှာ ပုထုဇဉ်လူသားတို့သည် ကာမဝဲသြဃ၌ နစ်မွန်း၍ ဒုက္ခတရားကို မသိမြင်ဘဲ အဝိဇ္ဇာဖုံးလွှမ်းနေကြသောကြောင့်ဖြစ်၏။ ဥပမာ–အနာရောဂါစွဲကပ်နေသော သူသည် မိမိ အနာရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို အမှန်အတိုင်း သိရှိဖို့လို၏။ ထိုသို့ မသိရှိပါသောသူသည် အနာရောဂါကို ထိထိရောက်ရောက် ကုသဖို့ လိုလိမ့်မည် မဟုတ်ချေ။

အကယ်၍ လူနာသည် အနာရောဂါပျောက်ကင်းရန်အတွက် မျှော်လင့်ချက် လုံးဝမရှိလျှင်၊ သို့တည်းမဟုတ် လူနာအားကိုးသော ဆေးသမားသည် ရောဂါကုသရန် နည်းလမ်းကို မညွှန်ပြနိုင်ဘဲ ရောဂါအကြောင်းကိုချည်း ပြောနေလျှင် ထိုလူနာ၏ဘဝသည် စိတ်ပျက်ဖွယ်ရာ စကားများသာ ဖြစ်ပေလိမ့်မည်။ အကယ်၍ ဆေးသမားက ရောဂါကုသနည်းကို သိရှိနားလည်၍

လူ့နာမှ ရောဂါပျောက်ကင်းရန်အတွက် မျှော်လင့်ချက်ရှိခဲ့ပါမူကား ရောဂါ၏ ဆိုးရွားပုံကို ပြောပြသော ဆေးသမားအား ကျွန်ုပ်တို့ အဘယ်မှာ အပြစ်တင်နိုင်ပါအံ့နည်း။ ထို့အတူ ကျွန်ုပ်တို့သည် သံသရာဝဋ်ဆင်းရဲကို ဖော်ပြသည်သာမက ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် လမ်းခရီးကို ညွှန်ပြသော ဗုဒ္ဓဝါဒကို စိတ်ပျက်ဖွယ်ရာ ဒုက္ခဝါဒသက်သက် (Pessimism) ဖြစ်သည်ဟု မဆိုနိုင်ချေ။

ဒုက္ခဝါဒသက်သက်ကို ယုံကြည်သော အနောက်နိုင်ငံသားများသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်းနည်းလမ်းများကို မသိမြင်ကြချေ။ လူ့ဘဝ၏ အနှစ်သာရ မရှိသော အပြစ်ကို ဖော်ပြသော ဗိုင်ရွန်၊ ရှယ်လီ၊ လီအိုပါဒီ၊ ရှိုပင်ဟွာ အစရှိသည့် ဒုက္ခဝါဒီတို့၏ စာပေသည် အားပေးနှစ်သိမ့်မှုနှင့် မျှော်လင့်မှုကင်း၏။ သူတို့၏ အမြင်အားဖြင့် လူသည် သေသောအခါမှသာ ဆင်းရဲဒုက္ခမှ ကင်းလွတ်မည်ဖြစ်၏။ သို့ဖြစ်၍ အချို့သော အနောက်နိုင်ငံသား ဒုက္ခဝါဒီတို့သည် သေခြင်းတရားကို ချီးကျူးကြလေသည်။

ဗုဒ္ဓဝါဒသည်ကား ထိုသို့မဟုတ်၊ လူသည် သေသောအခါမှသာ ဆင်းရဲဒုက္ခမှ ကင်းလွတ်မည်ဆိုသော အယူကို လက်မခံ။ ထို့ကြောင့်လောကကို စိတ်ပျက်ငြီးငွေ့၍ မိမိကိုယ်မိမိ သတ်သေမှုကို ကဲ့ရဲ့ရှုတ်ချ၏။ ဗုဒ္ဓသာသနာတော်၌ ရဟန်းသည် သူတစ်ပါးအား မိမိကိုယ်မိမိ သတ်သေချင်သောစိတ် ဖြစ်ပေါ်လာအောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးလှုံ့ဆော်ပါက

ရဟန်းအဖြစ်မှ လျှောကျ၏။ ဗုဒ္ဓဝါဒသည် လူ့ဘဝ၏ ဆင်းရဲဒုက္ခများကို အခြားဘာသာဝါဒများထက် ပိုမိုလေးနက်စွာ ညွှန်ပြသည် မှန်သော်လည်း ယခုဘဝ၌ပင် ထိုဆင်းရဲဒုက္ခများ ကင်းငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ဟု ဟော၏။ ထို့ကြောင့် ဗုဒ္ဓဝါဒသည် လူတို့အား ဆင်းရဲဒုက္ခများအတွက် စိတ်မပျက်စေဘဲ မလျှော့သော လုံ့လဝီရိယဖြင့် နိဗ္ဗာန်ချမ်းသာကို ရှာကြရန် အားပေး၏။

"ဤသာသနာ၌ ရဟန်းသည် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ နေ၏။ ထိုရဟန်းသည် စင်စစ် အရေသည်လည်းကောင်း၊ အကြောသည်လည်းကောင်း၊ အရိုးသည်လည်းကောင်း ကိုယ်၌ အသွေးအသားတို့သည် ခြောက်ကပ်ပါစေ၊ အကြင်အရဟတ္တဖိုလ်ကို ယောကျာ်းတို့၏ အစွမ်းဖြင့် ဝီရိယလုံ့လဖြင့် ရ၏။ ထိုအရဟတ္တဖိုလ်ကို မရဘဲ ဝီရိယကို မလျှော့အပ်" ဤသို့သော စကားမျိုးကို ပါဠိပိဋကတ၌ အနှံ့အပြား တွေ့ရ၏။ ဤစကားများဖြင့် ဗုဒ္ဓဝါဒသည် ဆင်းရဲဒုက္ခများကိုသာ ရှေးရှု၍ လူ့ဘဝကို အညံ့ခံ အရှုံးပေးလိုသော ဒုက္ခဝါဒီတို့အဖို့ မဟုတ်ကြောင်း ထင်ရှား၏။

ဗုဒ္ဓနှင့် ဗုဒ္ဓတပည့် ရဟန်းတို့၏ ချမ်းသာသုခ အစစ်အမှန်ရရှိမှုကို ထောက်ရှုခြင်းဖြင့်လည်း ဗုဒ္ဓဝါဒသည် စိတ်ပျက်ဖွယ်ရာ ဒုက္ခဝါဒသက်သက်မဟုတ်ကြောင်း ကျွန်ုပ်တို့ သိနိုင်၏။ ပါဠိပိဋကမှ ထေရဂါထာ၊ ထေရီဂါထာတို့ကို လေ့လာပါက ဗုဒ္ဓဝါဒကို ကျင့်သုံးသဖြင့် ရအပ်သော ရှေးအိန္ဒိယ အမျိုးသား၊

အမျိုးသမီး သူတော်စင်တို့၏ ငြိမ်းချမ်းသာယာသည့်ဘဝကို ကျွန်ုပ်တို့ တစ်စွန်းတစ်စ သိမြင်နိုင်၏။ ထိုရဟန္တာ အရှင်သူမြတ်များကို ထားဘိဦး။ ဗုဒ္ဓ၏ ရိုးရိုးတပည့် ရဟန်းတို့သည်လည်း စိတ်ချမ်းသာမှု ရရှိသောသူများ ဖြစ်ကြ၏။ ဤအချက်သည် ပသေနဒီကောသလမင်း၏ စကားဖြင့် ထင်ရှား၏။ ကောသလမင်းသည် ဗုဒ္ဓကို နောက်ဆုံးအကြိမ် ဖူးမြော်စဉ်က "အရှင်ဘုရား၊ သာကီဝင်ရဟန်းတို့သည် အခြားဘာသာအယူရှိသော ရဟန်းတို့နှင့်စာသော် ရုပ်ဆင်းသဏ္ဌာန် ကြည်လင်၍ ပူပင်ကြောင့်ကြစိုးစဉ်းမှု မရှိဘဲ ပကတိ စိတ်တည်ငြိမ် ချမ်းမြေ့သောအသွင်ကို ဆောင်လျက် ရှိကြပါသည်။ ဤသို့ စိတ်ချမ်းမြေ့ကြခြင်းသည် အရှင်ဘုရား၏ တရားတော်ကြောင့် ဖြစ်ပါလိမ့်မည်"ဟု ချီးမွမ်း လျှောက်ထားသည်။

ဤသို့ လူတို့အား စိတ်ချမ်းသာမှုကို မျက်မှောက်ဘဝ၌ ပေးစွမ်းနိုင်သော ဗုဒ္ဓဝါဒသည် အဘယ်မှာ စိတ်ပျက်ဖွယ်ရာ ဒုက္ခဝါဒသက်သက် ဖြစ်ပါအံ့နည်း။

# ဗုဒ္ဓနှင့် လောကီလူသား

ဗုဒ္ဓသည် ဘုရားဖြစ်စက ခက်ခဲနက်နဲသော မဂ်ဖိုလ်နိဗ္ဗာန် တရားကို လူတို့အား ဟောကြားတော်မူလိုသော ဆန္ဒမရှိချေ။ နောက်မှ လောက၌ ကိလေသာမြူနည်းပါးသော သူတို့ ရှိသေးကြောင်း သိမြင်၍ တရားဟောလိုသောဆန္ဒ ဖြစ်ပေါ်လာလေသည်။ ထို့နောက် ရဟန်းငါးပါးအား အစဦးစွာ တရားဟော၏။ ထိုသို့အစဦးစွာ ဟောကြားသော ဓမ္မစကြာသုတ်သည် "ရဟန်းတို့၊ အိမ်ရာမထောင်သော သူ (ဝါ) ရဟန်းဖြစ်သော သူသည် ဤအစွန်းနှစ်ပါးကို ရှောင်ကြဉ်အပ်၏" ဟု အစချီ ထားရကား ပဓာနအားဖြင့် ရဟန်းတို့အတွက် ဟောသောသုတ်ဖြစ်လေသည်။

အမှန်ဆိုသော် ဗုဒ္ဓထင်ရှားရှိစဉ်က ဗုဒ္ဓကို အလွန်ကြည်ညို၍ ဆည်းကပ်ကိုးကွယ်သော်လည်း ရဟန်းမပြုနိုင်ဘဲ အိမ်ရာထောင်သော လူတို့အထဲမှ အချို့သော သူတို့သည်ပင် ဗုဒ္ဓဝါဒကို ခြေခြေမြစ်မြစ် နားလည်ကြဟန် မရှိချေ။ တစ်ခါသော် ပရိဗိုဇ်တို့က "အို–သူကြွယ်၊ ရဟန်းဂေါတမသည် အဘယ်သို့ အယူရှိပါသနည်း" ဟု မေးရာ အနာထပိဏ် သူဌေးကြီးက "ကျွန်ုပ်



၂၅၂၂၅

တို့သည် ဗုဒ္ဓဘုရားရှင်၏ အလုံးစုံသော အယူကို မသိပါ” ဟု ဝန်ခံ၏။ (အင်္ဂုတ္တရနိကာယ် ဒသနိပါတ် ကိဒိဋ္ဌိကသုတ်) စင်စစ် အနာထပိဏ်သူဌေးသည် သေခါနီး အသည်းအသန် မကျန်းမာသော အခါကျမှ အရှင်သာရိပုတ္တရာထံမှ မဂ်ဖိုလ်နိဗ္ဗာန်တရားကို ကြားနာရ၏။ သူဌေးကြီးသည် တရားနာပြီးသော် မျက်ရည်ပေါက်များ ကျ၏။ အရှင်သာရိပုတ္တရာက အကျိုးအကြောင်းမေးသော အခါ သူဌေးကြီးက မိမိသည် စည်းစိမ်ဥစ္စာတို့၌ သံယောဇဉ် ကပ်ငြိသဖြင့် မျက်ရည်ကျခြင်း မဟုတ်၊ မိမိသည် မြတ်စွာဘုရား နှင့် ရဟန်းသံဃာတို့ကို ကာလတာရှည် ဆည်းကပ်ခဲ့သော်လည်း ထိုသို့ သဘောရှိသော တရားစကားကို မကြားခဲ့ရသောကြောင့် ဝမ်းနည်းမိပါကြောင်း လျှောက်၏။ အရှင်သာရိပုတ္တရာက ထိုသို့သော တရားစကားမျိုးကို လူပုဂ္ဂိုလ်တို့ နားမလည်နိုင်၊ ရဟန်းတို့သာလျှင် နားလည်နိုင်ကြောင်း မိန့်ကြား၏။ သူဌေးကြီးက ပညာဉာဏ်ရင့်ကျက်သော လူပုဂ္ဂိုလ်တို့အား ဟောကြားသင့်ပါကြောင်း လျှောက်၏။ သို့ရာတွင် အရှင်သာရိပုတ္တရာသည် မည်သို့မျှ မိန့်တော်မမူဘဲ ကျောင်းသို့ ပြန်ကြွသွားလေသည်။ (မဇ္ဈိမနိကာယ် အနာထပိဏ္ဍိကောဝါဒသုတ်)

အထက်ပါ စကားများဖြင့် ဗုဒ္ဓသည် ရဟန်းတို့ကို ဦးတည်၍ နိဗ္ဗာန်တရား ဟောကြားခဲ့ကြောင်း ထင်ရှား၏။ သို့ရာတွင် လူပုဂ္ဂိုလ်တို့အား လုံးဝ မဟောခဲ့ဟု ကျွန်ုပ်တို့ ထင်မှတ်လျှင် မှားပေလိမ့်မည်။ “ဘိက္ခဝေ ရဟန်းတို့-” ဟု အစချီသော သုတ္တန်ဒေသနာများကို ကြားနာသည့် ပရိသတ်တွင်

လူတို့သည်လည်း အတော်များများ ပါရှိမည် အမှန်ဖြစ်၏။ ထို့ကြောင့် အကယ်၍ ဥပါသကာတစ်ဦးသည် ထင်ရှားသော သုတ္တန်များကို ရွတ်အံနေ၍ ရဟန်းတို့အား ကြားနာရန် ပင့်ဖိတ်ကြားအံ့။ ထိုသို့ပင့်ဖိတ်လျှင် ဝါတွင်းပင်ဖြစ်သော်လည်း ရဟန်းတို့အား သွားရန် ဗုဒ္ဓက ခွင့်ပြုတော်မူ၏။ (ဝိနည်း မဟာဝါပါဠိတော်) ယခုခေတ်မှာကဲ့သို့ပင် ထိုခေတ်က စိတ္တသူကြွယ်၊ မဟာနာမ်မင်းသား၊ ဝိသာခ အစရှိသည့် အချို့သော ဥပါသကာတို့သည် ဗုဒ္ဓဝါဒကို ရဟန်းအများထက် ပို၍ မိမိရရ သိမြင်နားလည်ကြ၏။ သို့ဖြစ်၍ ဝိသာခနှင့် ဓမ္မဒိန္နာထေရီတို့ ဆွေးနွေးသော တရားစကားကို ပိဋကတ်၌ ထည့်သွင်းထား၏။ (မဇ္ဈိမနိကာယ် စူဠဝေဒလ္လသုတ်)

စင်စစ် ဗုဒ္ဓသည် အချို့သော ဥပါသကာတို့၏ နှလုံးရည်သတ္တိကို အထင်မသေးချေ။ သို့ဖြစ်၍ ပုဏ္ဏားတစ်ဦးက လူနှင့် ရဟန်းတွင် မည်သူ၏ ဘဝက ပို၍အကျိုးကျေးဇူးရှိပါသနည်းဟု မေးရာ ဗုဒ္ဓက မိမိသည် ထိုအချက်နှင့် စပ်လျဉ်း၍ တစ်ဖက်သတ်ယတိပြတ် မပြောလိုကြောင်း၊ လူပင်ဖြစ်စေ ကုသိုလ်တရားပွားများအားထုတ်ပါက သူ၏ဘဝမှာ မြင့်မြတ်၍ အကျိုးကျေးဇူးရှိကြောင်း မိန့်တော်မူလေသည်။ (မဇ္ဈိမနိကာယ် သုဘသုတ်)

ဗုဒ္ဓသည် ရဟန်းတို့အား အဦးပြု၍ နိဗ္ဗာန်တရားကို ဟောခဲ့သော်လည်း စရိုက် ဝါသနာ စိတ်ဓာတ်နှင့် ပညာဉာဏ်အဆင့်အတန်း အမျိုးမျိုးရှိသော လောကီလူသားတို့၏ အကျိုးကို

လျစ်လျူမရှုခဲ့ချေ။ မဟာပရိနိဗ္ဗာနသုတ်၌ ဗုဒ္ဓသည် ရဟန်းသံဃာနှင့် ဥပါသကာ၊ ဥပါသိကာမတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပြီးမှ နိဗ္ဗာန်ပြုမည်ဟု မိန့်တော်မူဖူး၏။ ဗုဒ္ဓ၏ အလိုတော်အားဖြင့် ရဟန်းသံဃာများနှင့်တကွ "မြတ်သောအကျင့်ကို ကျင့်ကုန်သော ဥပါသကာ၊ ဥပါသိကာမတို့သည်လည်းကောင်း၊ ကာမဂုဏ် ခံစားသေးကုန်သော ဥပါသကာ၊ ဥပါသိကာမတို့သည်လည်းကောင်း၊ မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်သောအခါမှသာလျှင် သာသနာသည် စည်ပင်ဖွံ့ဖြိုးပျံ့နှံ့သည် ပြည့်စုံသည်မည်ကြောင်း ဒီဃနိကာယ်က ဆိုထားလေသည်။ (ဒီဃနိကာယ်ပါသာဒိကသုတ်)

ကျွန်ုပ်တို့သည် မဂ်ဖိုလ် နိဗ္ဗာန်တရားကိုသာ မြတ်နိုးသော ရဟန်းသံဃာတို့၏ လက်ရာဖြစ်သည့် ပိဋကစာပေ၌ လောကီကြီးပွားကြောင်း တရားအမြောက်အမြားကို တွေ့ရှိရန် မမျှော်လင့်နိုင်ချေ။ သို့ရာတွင် အချို့သော သုတ္တန်ဒေသနာများမှာ လူတို့အဖို့ အဖိုးတန်လှ၏။ ဥပမာ–တစ်နေရာ၌ လက်နက်၊ လူသတ္တဝါ၊ အမဲတိရစ္ဆာန်၊ သေအရက်နှင့် အဆိပ်ကို ဥပါသကာတို့ ရောင်းဝယ်ကုန်သွယ်ခြင်းမပြုအပ်ဟု ဗုဒ္ဓက ဟောခဲ့၏။ (အင်္ဂုတ္တရနိကာယ်ပဉ္စနိပါတ် ဝါဏိဇ္ဇသုတ်) ဤအချက်ဖြင့် ဗုဒ္ဓသည် လူနှင့်တိရစ္ဆာန် သတ္တဝါတို့ အကျိုးကို များစွာ လိုလားကြောင်း ထင်ရှား၏။ လူ့သမိုင်း၌ ငွေဝယ်ကျွန်စနစ်ကို ရှေးဦးပထမ ကဲ့ရဲ့ရှုတ်ချခဲ့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရ၏။ ဗုဒ္ဓပေါ်ပြီးနောက် ဘီစီ ၅–ရာစုခေတ်၌ ထင်ရှားခဲ့သော ဂရိပညာရှိကြီး

ပလေတိုသည်ပင် သူ့တိုင်းပြည်၌ ရှိသော ငွေဝယ်ကျွန်စနစ်၌ အပြစ်မမြင်ခဲ့ချေ။

သို့ရာတွင် ယနေ့ လူ့လောက၏ ကျယ်ပြန့်ရှုပ်ထွေးသော ပြဿနာအားလုံးကို ဖြေရှင်းနိုင်ရန်အတွက် ဗုဒ္ဓက ဟောခဲ့သည်ဟု အကယ်၍ ကျွန်ုပ်တို့ ထင်မှတ်ပါက မှားပေလိမ့်မည်။ ဗုဒ္ဓ လက်ထက်က အိန္ဒိယပြည် မြောက်ပိုင်းသည် ယနေ့ ကမ္ဘာနှင့် အခြေအနေချင်း မတူကြကြောင်း သတိပြုသင့်၏။ ထိုအခါက အိန္ဒိယပြည် မဇ္ဈိမဒေသ၌ လူဦးရေနည်းပါး၍ လူတို့သည် ပစ္စည်းဥစ္စာအားဖြင့် အဆင့်အတန်း အလွန်ကွာခြားခြင်းမရှိ။ အနေအထိုင်ရိုးသား၍ လွတ်လပ်စွာ တွေးခေါ်ပြောဆိုခွင့်လည်း ရှိကြရကား သူတို့ဖြေရှင်းရန် လူမှုပြဿနာ များများစားစား မရှိချေ။ ဗုဒ္ဓသည်လည်း လူမှုပြဿနာများကို ဖြေရှင်းရန် ထွက်ပေါ်လာသည် မဟုတ်။ ဗုဒ္ဓ၏ ပဓာန ရည်ရွယ်ချက်သည် လူတို့အား နိဗ္ဗာန်လမ်းကို ညွှန်ပြရန် ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓသည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဗီလာမဖြစ်သော လူတို့၏ အစဉ်အလာ ယုံကြည်ချက်များကို ကဲ့ရဲ့ဝေဖန်လိုသော ဆန္ဒမရှိချေ။

ဥပမာ–ဗုဒ္ဓလက်ထက်က လူတို့သည် ထန်းပင်ငယ်တို့ကို ဖြတ်၍ ထန်းပပ် ခြေနင်းကို စီးသော ဆဗ္ဗဂ္ဂီ ရဟန်းတို့အား ကဲ့ရဲ့ကြ၏။ ထိုအကြောင်းကို ဗုဒ္ဓ ကြားသိသောအခါ ရဟန်းတို့ကို ခေါ်၍ "ရဟန်းတို့၊ လူတို့သည် သစ်ပင်၌ အသက်ရှိသည်ဟု မှတ်ထင်ကြကုန်၏။ ထို့ကြောင့် ထန်းပပ် ခြေနင်းကို မစီးကြကုန်လင့်"ဟု မိန့်တော်မူ၏။ (ဝိနည်း မဟာဝါပါဠိတော်)

ထိုသို့ လူတို့၏ယုံကြည်ချက်ကို အကြောင်းပြု၍ ရဟန်းတို့စောင့်ထိန်းရန် ဘုရားရှင် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တို့ကို ဝိနည်းပိဋကတ်၌ အမြောက်အမြားတွေ့ရ၏။ လူတို့၏ အစဉ်အလာယုံကြည်ချက်များကို ပြစ်တင်ဝေဖန်ခြင်း မပြုလိုသော ဗုဒ္ဓသည် လူမှုပြုပြင်ရေး၌ စိတ်ဝင်စားလှမည် မဟုတ်ချေ။

အချို့သောသူတို့က ဗုဒ္ဓသည် ဇာတ်အယူဝါဒနှင့် လူတန်းစား ခွဲခြားမှုကို တိုက်ဖျက်ခဲ့သည်ဟု ဆိုကြ၏။ ဗုဒ္ဓလက်ထက်က အိန္ဒိယပြည် မဇ္ဈိမဒေသ၌ ဇာတ်ဝါဒသည် အင်အားကြီးမားသေးကြောင်း တစ်ခါက ဆောင်းပါးတစ်ခု၌ ကျွန်ုပ် အကျယ်ဖော်ပြခဲ့ပြီးဖြစ်၏။ ထိုအခါက ခတ္တိယတို့သည် ဗြာဟ္မဏတို့ထက် တန်ခိုးကြီး၏။ ခတ္တိယမျိုး သာကီဝင်တို့သည် လွန်စွာမာနကြီး၏။ "လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏။ ထိုသူတို့တွင် မင်းမျိုးသည် မြတ်၏" (အဂ္ဂညသုတ် ဒီဃနိကာယ်) ဤစကားမျိုးကို ပိဋကစာပေ၌ အတော်များများ တွေ့ရ၏။ သို့ရာတွင် ထိုအချိန်က ဗြာဟ္မဏတို့သည် မိမိတို့သာ အမြတ်ဆုံးဖြစ်သည်ဟု ပြောဆိုကြ၏။ ခတ္တိယတို့ကို သူတို့ အထင်အမြင်သေးကြ၏။ သက်ကြီးဗြာဟ္မဏတို့ကို မရိုသေသော ဗုဒ္ဓကို အပြစ်တင်ကြ၏။ (ဥရုဝေဠသုတ်၊ အင်္ဂုတ္တရနိကာယ် စတုကနိပါတ်) ဗုဒ္ဓသည် ဗြာဟ္မဏတို့၏ လူမျိုးကြီးဝါဒကို လုံးဝလက်မခံချေ။ ဗုဒ္ဓ၏ အလိုအားဖြင့် လူတစ်ဦး၏ မြင့်မြတ်မှုသည် အမျိုးဇာတ်ပေါ်၌ မတည်ဘဲ သီလ သမာဓိပေါ်၌သာ တည်၏။ ဤအချက်သည် ဓမ္မပဒပါဠိ

တော် ဗြာဟ္မဏဝဂ်နှင့် အခြားသုတ္တန်များ၌ များစွာ ထင်ရှား လေသည်။

တစ်ခါသော် ဧသုကာရီအမည်ရှိသော ဗြာဟ္မဏတစ်ဦးက လောက၌ ဗြာဟ္မဏ ခတ္တိယသူကြွယ်နှင့် ဆင်းရဲသားဟူ၍ အမျိုးလေးပါးရှိပါသည်။ ခတ္တိယတို့သည် ဗြာဟ္မဏကို၊ သူကြွယ်တို့သည် ခတ္တိယတို့ကို၊ ဆင်းရဲသားတို့သည် သူကြွယ်မျိုးကို လုပ်ကျွေးသင့်သည်ဟု ဗြာဟ္မဏတို့က ဆိုပါသည်။ ရဟန်းဂေါတမသည် မည်သို့ထင်မြင်ပါသနည်းဟု မေး၏။ ဗုဒ္ဓက မည်သူသည် မည်သူ့အား လုပ်ကျွေးသင့်သည် သို့မဟုတ် မလုပ်ကျွေးသင့်ဟု မိမိမပြောလိုကြောင်း၊ လူတစ်ဦးတစ်ယောက်ကို လုပ်ကျွေးခြင်းဖြင့် မိမိ၌ အကျိုးရှိမည်ဖြစ်ပါက လုပ်ကျွေးသင့်၍ အကျိုးယုတ်မည်ဖြစ်ပါက မလုပ်ကျွေးသင့်ကြောင်း မိန့်တော်မူလေသည်။ (မဇ္ဈိမနိကာယ် ဧသုကာရီသုတ်)

အထက်ပါ စကားများဖြင့် ဗုဒ္ဓသည် ဗြာဟ္မဏတို့၏ လူမျိုးကြီးဝါဒကို လုံးဝလက်မခံသော်လည်း လောကအကျိုးစီးပွားအတွက် လူတန်းစားခွဲခြားမှုကို ကဲ့ရဲ့ရှုတ်ချခြင်း မပြုလိုကြောင်း ထင်ရှား၏။

ဂျာမန် ပါဠိပညာရှင် ပရိဖက်ဆာ အိုလဒင်ဗတ်ကမူ ဗုဒ္ဓသည် ဇာတ်ဝါဒကို အားပေးလေဟန် ရေးသားထား၏။ ဘုရားအထံ၌ ရှေးဦးစွာ ရဟန်းပြုကြသောသူတို့မှာ ဗြာဟ္မဏနှင့် ခတ္တိယတို့သာ ဖြစ်ကြပါသည်ဟု အကြောင်းပြ၏။ မှန်၏။ ထေရာဂါထာ၌ လာသော မထေရ်ပေါင်း ၂၅၉–ပါးအနက်

၁၁၃–ပါးသည် ဗြာဟ္မဏမျိုးဖြစ်၏။ သို့ရာတွင် ဤသို့ဖြစ်ခြင်းသည် ဗုဒ္ဓက ဇာတ်ဝါဒကို အသိအမှတ်ပြုသောကြောင့် မဟုတ်ဘဲ ထိုအခါက ဗြာဟ္မဏတို့သည် အများအားဖြင့် အခြားသူတို့ထက် ပို၍ ပညာဉာဏ် ရင့်ကျက်သောကြောင့် ဖြစ်ပေလိမ့်မည်။ အမှန်ဆိုသော် ဗုဒ္ဓ၏တပည့် ရဟန်းသံဃာများတွင် ဗြာဟ္မဏတို့အပြင် ဆတ္တာသည်၊ တံငါသည်၊ ကျွန်မ၊ ပြည့်တန်ဆာ အစရှိသည်တို့လည်း ပါဝင်ကြောင်း သတိပြုသင့်၏။

မိမိ၏တပည့်သည် ပညာဉာဏ် ရင့်ကျက်၍ တကယ်တမ်း တရားကျင့်ကြံအားထုတ်မည့်သူ ဖြစ်ပါက ဗုဒ္ဓသည် ရဟန်းနှင့်လူ၊ သို့မဟုတ် ဗြာဟ္မဏနှင့် အခြားအမျိုးဇာတ်ဟူ၍ မခွဲခြားသည့်နည်းတူ ယောကျ်ား–မိန်းမ ခွဲခြားခြင်းလည်း မပြုခဲ့ချေ။ ၅၅၀–ဇာတ်နိပါတ်နှင့် အခြား အဋ္ဌကထာများကိုသာ ဖတ်ရှုကြည့်လျှင် မိန်းမများကို ဗုဒ္ဓက အတော်အထင်အမြင်သေးသည်ဟု ကျွန်ုပ်တို့ ယူဆဖွယ်ရာရှိ၏။ သို့ရာတွင် မိန်းမများကို အထူးရှောင်ကြဉ်ရသော ဘုန်းကြီး ရဟန်းများ၏ စာပေကျမ်းဂန်များ၌ မိန်းမများကို ပုတ်ခတ်ထားသော စကားများ ပါရှိရမည်မှာ ဓမ္မတာဖြစ်၏။ ပါဠိပိဋကတ်၌ကား ထိုစကားမျိုးကို မတွေ့ရချေ။

ဗုဒ္ဓသည် မိန်းမမှာ ဇာတိအားဖြင့် ယုတ်ညံ့သော သတ္တဝါဖြစ်သည်ဟု မယူဆချေ။ သို့ရာတွင် လူတို့၌ ကာမရာဂစိတ်သည် အလွန်ပြင်းထန်သော သဘာဝစိတ်ဖြစ်ကြောင်းကို ကောင်းစွာသိ၏။ သို့ဖြစ်၍ "ရဟန်းတို့၊ ယောကျ်ား၏ ကုသိုလ်စိတ်ကို

သိမ်းကျုံးဖမ်းယူနိုင်သော မိန်းမ၏ ရူပါရုံအဆင်းမှ တစ်ပါးသော ထိုသို့သဘောရှိသော တစ်ခုသော ရူပါရုံအဆင်းကိုမျှ ငါ ဘုရား မြင်တော်မမူ” (အင်္ဂုတ္တရနိကာယ် ဧကနိပါတ် ရူပါဒိ ရူပသုတ်) စသည်ဖြင့် ရဟန်းတို့အား သတိပေး မိန့်ကြားတော်မူခဲ့၏။ မိန်းမများအား တစ်ဖက်သတ် ကဲ့ရဲ့ပုတ်ခတ်ခြင်း ပြုတော်မမူချေ။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ခါနီး၌ အရှင်အာနန္ဒာက “အရှင်ဘုရား၊ ကျွန်ုပ်တို့သည် မာတုဂါမနှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရပါမည်နည်း” ဟု မေးလျှောက်၏။

“အာနန္ဒာ၊ မတွေ့မမြင်အောင် ကျင့်သုံးရမည်”

“အရှင်ဘုရား တွေ့မြင်ခဲ့သော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း”

“အာနန္ဒာ၊ စကားမပြောဘဲ နေရမည်”

“အရှင်ဘုရား၊ မလွှဲသာ၍ စကားပြောရသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း”

“အာနန္ဒာ၊ အမိရင်း စသည်ကဲ့သို့ အမှတ်ထား၍ ပြောဆိုရမည်”

ဤသို့ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်မှ တိုက်ရိုက်ပြန်ဆိုထားသော ဗုဒ္ဓ၏ မိန့်ကြားချက်၌ မိန်းမများအား ကဲ့ရဲ့ပုတ်ခတ်သော စကားတစ်လုံးတစ်ပါဒမျှ မပါရှိချေ။ သို့ရာတွင် ဇိနတ္ထပကာသနီကျမ်း၌မူ “အာနန္ဒာ၊ မိန်းမများအား စကားမပြောဘဲ နေရမည်” ဟူသော စကားကို “အာနန္ဒာ၊ မာတုဂါမ

တို့ကို အကယ်၍ မြင်ကုန်ငြားအံ့၊ စကားမပြောဘဲ နေခြင်းသည် မြတ်သော ပဋိပတ်တည်း။ အာနန္ဒာ၊ ထက်စွာသော သံလျက်ကို ကိုင်၍ ငါနှင့် စကားဆိုမူကား သင်၏ဦးခေါင်းကို ဖြတ်အံ့ဟု ဆို၍ ရပ်လာသော ယောကျ်ားနှင့် စကားပြောခြင်းသည် မြတ်သေး၏။ မာတုဂါမတို့အား စကားပြောဆိုခြင်းသည် မမြတ်။ ငါ့ကို ခေါ်မူကား သင်၏ အသားကို ထွင်း၍ စားအံ့ဟုဆို၍ ရပ်လာသော ဘီလူးမအား စကားပြောခြင်းသည် မြတ်သေး၏။ ချစ်ဖွယ်ရှိသော မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်" စသည်ဖြင့် ချဲ့ထွင် ရေးသားထားလေသည်။

ဖိနတ္တပကာာသနီ ကျမ်းပြုဆရာသည် စင်စစ် မိန်းမများကို ပုတ်ခတ်သည်ကား မဟုတ်။ သို့ရာတွင် ကျမ်းဆရာ၏ စကားကို ထောက်ချင့်၍ ဗုဒ္ဓစာပေထဲသို့ မိန်းမများကို ပုတ်ခတ်သော စကားများ မည်သို့ရောက်ရှိလာသည်ကို ကျွန်ုပ်တို့ ရိပ်စားမိနိုင်၏။ ကာမရာဂစိတ်သည် တရားအားထုတ်သူများအား ဖျက်ဆီးတတ်ကြောင်း ယုံမှားစရာမရှိချေ။ ထိုစိတ်ကြောင့် ရဟန်းများသည် အကျင့်သီလပျက်စီးခဲ့ကြ၏။ သို့ရာတွင် ပုထုဇဉ် လူသတ္တဝါတို့သည် မိမိတို့၏ချွတ်ယွင်းချက်ကို မမြင်ဘဲ သူ တစ်ပါးအပေါ်၌ အပြစ်ပုံချတတ်ကြသည် မဟုတ်ပါလော။ ရာဂ စိတ်ကို နှိပ်ကွပ်ရာ၌ မိန်းမများကို ရန်သူလို သဘောထားလျှင် သူတို့ကို ရှောင်ကြဉ်ရန် လွယ်ကူမည်မဟုတ်ပါလော။ သို့ဖြစ်၍ မိန်းမများသည် ရဟန်းဘုန်းကြီးများ၏ စာပေ၌ အမြဲနှိမ့်ချခြင်း ခံခဲ့ကြရ၏။ ဥရောပအလယ်ခေတ်က ခရစ်ယာန်ဘုန်းကြီးများ

သည် မိန်းမကို မာရ်နတ်၏ လက်ကိုင်တုတ်အဖြစ် မြင်ကြ၏။ ဗုဒ္ဓရဟန်းများ၏ စာပေ၌မူ မိန်းမသည် အလိုရမ္မက်ကြီး၍ ယုတ်ညံ့သောသတ္တဝါ ဖြစ်နေလေသည်။

အကယ်၍ ဗုဒ္ဓသည် ထိုရဟန်းဘုန်းကြီးတို့၏ အယူကို လက်ခံခဲ့သည်ဖြစ်ပါက မိန်းမများကို ရဟန်းပြုရန် ခွင့်ပြုတော်မူခဲ့မည်မဟုတ်ချေ။ မိထွေးတော်ဂေါတမီ၏ ခွင့်ပန်လျှောက်ထားချက်ကို ဗုဒ္ဓက ချက်ချင်းသဘောမတူခဲ့သည် မှန်၏။ သို့ရာတွင် ထိုသို့သဘောမတူခြင်းသည် အများသော မိန်းမတို့၏ စိတ်ဓာတ်နုနယ်မှုကို သိမြင်တော်မူသောကြောင့် ဖြစ်တန်ရာ၏။ သဘာဝအားဖြင့် မိန်းမတို့သည် သီလသမာဓိအရာ၌ အောက်ဆုံးတန်းသို့ မရောက်၊ အထက်တန်းကိုလည်း မမျှော်မှန်းနိုင်ဘဲ အလယ်အလတ်တန်း၌ တည်ရှိကြ၏။ ဤအချက်သည် မိန်းမများ၌ ယောကျ်ားများမှာလောက် ရာဇဝတ်ပြစ်မှု ကျူးလွန်သူ မများခြင်း၊ သီလရှင်ဦးရေက ဘုန်းကြီးဦးရေလောက် မများခြင်းဖြင့် ထင်ရှား၏။ ဤအကြောင်းကို ယခင်ဆောင်းပါးတစ်ခု၌ ကျွန်ုပ်အကျယ်ရေးသားဖူး၏။

မည်သို့ပင်ဖြစ်စေ အထက်ပါစကားများသည် ယေဘုယျအားဖြင့်သာ မှန်ကြောင်း သတိပြုသင့်၏။ ဗုဒ္ဓ၏အလိုအားဖြင့် ပညာဝီရိယရှိသော ဒွန်းစဏ္ဍား လူပုဂ္ဂိုလ်သည် ပညာဝီရိယကင်းမဲ့သော ဗြာဟ္မဏရဟန်းထက် သီလသမာဓိ သာလွန်သည့်နည်းတူ မိန်းမသည်လည်း ကြိုးစားက မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ကြောင်း သောမာထေရီမ၏ စကားဖြင့် ထင်ရှား၏။ မာရ်နတ်သည် သောမာ

ထေရီမအား "မိန်းမဖြစ်သော သင်သည် ဘုရားရဟန္တာတို့သာ ရောက်အပ်သော နိဗ္ဗာန်ကို ရောက်နိုင်မည် မဟုတ်"ဟု ဆို၏။ ထိုအခါ ထေရီမက "အို-မာရ်နတ်၊ သင်၏ စကားသည် တဏှာ မာနဒိဋ္ဌိ ဖုံးလွှမ်းသော ယောကျ်ား၊ မိန်းမအဖို့ မှန်၏။ ဖလသမာပတ္တိဉာဏ်ဖြင့် သစ္စာလေးပါးတရားကို ကောင်းစွာ မြင်သောသူအား မိန်းမအဖြစ်သည် အဘယ်သို့ ပြုရတော့အံ့နည်း"ဟု ပြန်ပြောလေသည်။ (ထေရီ ဂါထာနှင့် သောမာဘိက္ခုနီသုတ်, ဘိက္ခုနီသံယုတ်)

သမီးမိန်းမ မလိုချင်သော ကောသလမင်းအား ဗုဒ္ဓမိန့်ကြားသောစကားသည် မှတ်သားဖွယ် ကောင်း၏။ "မင်းကြီး၊ ပညာ သီလနှင့် ပြည့်စုံ၍ လင်ကို ရိုသေစွာ ပြုစုလုပ်ကျွေးသော အချို့သော သမီးမိန်းမသည် ပညာနုံ့သော သားယောကျ်ားထက် မြတ်လှပေ၏။ ထိုမိန်းမ၏သားသည် တိုင်းပြည်ကို ကောင်းစွာ အုပ်ချုပ်နိုင်၏။" (မလ္လိကာဓိတရဝိဇာတသုတ်၊ ကောသလသံယုတ်) ဗုဒ္ဓသည် အမရာကိန္နရီ၊ မဒ္ဒီသမ္ဘူလတို့ကိုသာ ချီးမွမ်းသည်ဆိုသော စကားသည် ယုတ္တိမရှိချေ။ "အို-သူကြွယ်၊ သင့်အား နကုလ၏ အမိသူကြွယ်မသည် အစဉ်စောင့်ရှောက်ပေ၏။ အကျိုးစီးပွားကို အလိုရှိ၏။ ဆုံးမတတ်၏။ သင့်အား အရတော်လေစွတကား။ သင့်အား လူ၏အဖြစ်ကို ကောင်းစွာ ရအပ်လေစွတကား။ သီလနှင့်ပြည့်စုံ၍ ကိုယ်တွင်းသန္တာန်၌ စိတ်ငြိမ်းအေးသော ငါဘုရား၏ တပည့် ဥပါသိကာမများတွင် နကုလမာတာသည် တစ်ယောက်အပါအဝင် ဖြစ်ပေ၏" (အင်္ဂုတ္တရနိကာယ်

ဆဌနိပါတ် နကုလပိတုသုတ်) ဟူသော ဗုဒ္ဓမိန့်ကြားချက်ဖြင့် ဗုဒ္ဓ ချီးမွမ်းတော်မူသော မိန်းမ အမြောက်အမြားရှိကြောင်း ထင်ရှား၏။

ဗုဒ္ဓ၏ အလိုအားဖြင့် သားမယားတို့ကို လုပ်ကျွေးမွေးမြူခြင်းသည် မင်္ဂလာတရား တစ်ပါးဖြစ်၏။ ဤအယူသည် ဗုဒ္ဓ မပေါ်မီကပင် ရှိခဲ့သော အယူဖြစ်တန်ရာ၏။ ရှေးပဝေသဏီက အိန္ဒိယပြည်၌ ဗြာဟ္မဏတို့သည် အိမ်ရာထောင်ခြင်းကို အားပေးခဲ့ကြ၏။သူတို့၏ ကျမ်းများ၌ အမျိုးကောင်းသားသည် ဒုတိယ အရွယ်တွင် အိမ်ရာထောင်၍ စီးပွားဥစ္စာ ရှာဖွေစုဆောင်းရမည်ဟု ဆိုထား၏။ သို့ဖြစ်ရကား သားမယားများကို လုပ်ကျွေးခြင်းသည် မှန်မြတ်သော အလုပ်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချိန်အရွယ် ရောက်သော သားသမီးတို့အား လက်ထပ်ထိမ်းမြားပေးခြင်းသည် မိဘတို့၏ ဝတ္တရားတစ်ပါးဖြစ်သည် (ဒီဃနိကာယ် သိင်္ဂါလသုတ်) ဟူ၍လည်းကောင်း ဗုဒ္ဓက ဟောကြားခြင်းသည် အသစ်အဆန်း မဟုတ်၊ အိန္ဒိယသားတို့၏ ရှေးထုံးအစဉ်အလာနှင့်အညီ ဟောကြားခြင်းဖြစ်၏။ သို့ရာတွင် ဗုဒ္ဓသည် အချို့သော ရှိရင်းစွဲ ဘာသာရေးအယူဝါဒဟောင်းများကို ကောင်းမွန်အောင်ပြုပြင် သကဲ့သို့ လူတို့၏ အိမ်ထောင်ရေး ဓလေ့ထုံးစံတို့ကိုလည်း တိုးတက် ကောင်းမွန်အောင် ပြုပြင်တော်မူလိုဟန် ရှိ၏။ အိမ်ထောင်ရေးနှင့် စပ်လျဉ်း၍ ပိဋကထဲတွင် အနည်းအကျဉ်းတွေ့ရသော ဗုဒ္ဓ၏ ဩဝါဒစကားများသည် ဘီစီ ၆–ရာစုခေတ်ကို လွန်၍ လေးနက်သော စကားများ ဖြစ်လေသည်။

ဗုဒ္ဓသည် လူတို့အိမ်ထောင်ပြုရာ၌ ပစ္စည်းဥစ္စာကို ပဓာန မထားဘဲ (ဝါ) မိန်းမများကို ကုန်ပစ္စည်းတစ်ခု ဝယ်သကဲ့သို့ ဝယ်ခြင်းမပြုဘဲ အကယ်မေတ္တာသက်ဝင် ချစ်ခင်၍ ရွေးချယ် ပေါင်းဖက်ခြင်းကို ချီးမွမ်းတော်မူ၏။ (သုတ္တနိပါတ်ပါဠိတော် ဗြာဟ္မဏဓမ္မိကသုတ်) အသက်ကြီးသော ယောကျ်ားသည် အသက်ငယ်သော မိန်းမကို ယူမိပါက ပူပင်သောက ဗျာပါဒ များ၍ အိပ်မပျော်နိုင်ဘဲ စိတ်ဆင်းရဲတတ်ကြောင်း သုတ္တနိပါတ် တစ်နေရာ၌ ဟောကြား၏။ သိင်္ဂါလသုတ်လာ လင့်ကျင့်ဝတ် ငါးပါး၌ မိမိမယားမှတစ်ပါး အခြားမိန်းမများ မဖောက်ပြားခြင်း ပါရှိသဖြင့် ဗုဒ္ဓသည် တစ်လင်၊ တစ်မယားစနစ်ကို နှစ်သက် တော်မူကြောင်း ယုံမှားစရာမရှိချေ။ ဗုဒ္ဓဟောသော လင့်ကျင့်ဝတ် ငါးပါး၊ မယားကျင့်ဝတ်ငါးပါးကို သေချာစွာ လေ့လာလျှင် မိန်းမများအား ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ပေးထား သည်ကို တွေ့ရ၏။ မယားသည် လင်၏စကားကို မျက်စိမှိတ် နားထောင်ရမည်ဟု ဆိုမထားချေ။ သို့ဖြစ်ရကား မိန်းမများကို နှိမ်၍ ရေးသားထားသော ရှေးဗြာဟ္မဏ ကျမ်းလာ စကား များသည်လည်းကောင်း၊ မိန်းမသည် အိမ်ထောင်မပြုမီအဲရွယ်၌ မိဘများ၏ စကားကို နာခံရမည်၊ အိမ်ထောင်သည် ဘဝ၌ လင်၏ ဩဇာကို နာခံရမည်၊ မုဆိုးမဘဝ၌ ယောက်ျမ၏ ဩဇာကို နာခံရမည်ဟု ဆိုသော ရှေးတရုတ်လူမျိုးတို့၏ အစဉ် အလာသည်လည်းကောင်း ဗုဒ္ဓ၏အလိုနှင့် ဆန့်ကျင်ကြောင်း ထင်ရှား၏။

ဗုဒ္ဓ၏လက်ထက်က အချို့သောသူတို့သည် ဗုဒ္ဓအား မိသားစုစိတ်ဓာတ်ကို ဖျက်ဆီးသူအဖြစ်ဖြင့် စွပ်စွဲကြ၏။ "ရဟန်းဂေါတမသည် သားမရှိစိမ့်သောငှာ ပြုကျင့်၏။ လင်နှင့်ကင်းကွာစိမ့်သောငှာ ပြုကျင့်၏" အမျိုးဖြတ်စိမ့်သောငှာ ပြုကျင့်၏ စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချကြ၏။ (ဝိနည်းမဟာဝါပါဠိတော်) ယခုကာလ အချို့သော အနောက်နိုင်ငံပညာရှင်များ (ဥပမာ–ပရိဖက်ဆာ အိုလဒင်ဗတ်) ကလည်း ဗုဒ္ဓသည် လူတို့ကို ရဟန်းသံဃာတို့၏ အလုပ်အကျွေးများအဖြစ်သာ အသိအမှတ်ပြုခဲ့လေဟန် ရေးသားတတ်ကြ၏။ မှန်၏။ ဗုဒ္ဓလမ်းစဉ်အရ မဂ်ဖိုလ်နိဗ္ဗာန်အတွက် တကယ်တမ်း ကျွတ်ကျွတ်လွတ်လွတ် ကျင့်ကြံအားထုတ်လိုသော သူသည် ရဟန်းပြုနိုင်လျှင် အကောင်းဆုံးဖြစ်၏။ သို့ရာတွင် ဗုဒ္ဓသည် စိတ်ဓာတ်မရင့်ကျက်သေးသဖြင့် ထိုသို့ရဟန်းမပြုနိုင်သော သူများ၏ အကျိုးစီးပွားကို လျစ်လျူမရှုခဲ့ချေ။

ဗုဒ္ဓသည် လူတို့၌ မိသားစုစိတ်ဓာတ် ကိန်းဝပ်သည်ကို မြင်လို၏။ "သားသမီးဖြစ်သူသည် အနှစ်တစ်ရာကာလပတ်လုံး အမိနှင့်အဖကို ပခုံးတစ်ဖက်စီဖြင့် ထမ်းပိုး၍ လုပ်ကျွေးပြုစုသော်လည်း မိဘကျေးဇူးကို ကုန်အောင် တုံ့ဆပ်နိုင်မည်မဟုတ်" (အင်္ဂုတ္တိုရ်နိကာယ် ဧကနိပါတ် သုပ္ပဋိကာရသုတ်) စသည်ဖြင့် မိဘဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူခဲ့၏။ ဗုဒ္ဓ၏အလိုအားဖြင့် ဆွေမျိုးဉာတိများကို ထောက်ပံ့ခြင်းသည် မင်္ဂလာတရား တစ်ပါးဖြစ်၏။ "လူတို့သည် အမျိုး၌ အကြီးအကဲဖြစ်ကုန်သော ဘိုးဘွား

သူကြီးတို့ကို အရိုအသေပြုရာ၏။” (သက္ကသံယုတ် မာဃသုတ်) “သားသမီးတို့သည် လူတို့၏ မှီရာဝတ္ထုဖြစ်၏။ မယားကောင်းသည် မွန်မြတ်သော အဆွေခင်ပွန်းဖြစ်၏။” (သဂါထာဝဂ္ဂသံယုတ် ဝတ္ထုသုတ်) စသော ဗုဒ္ဓ၏ စကားများဖြင့် ဗုဒ္ဓသည် မိန်းမများမှာ အိမ်ထောင်ရေးသာယာမှုအတွက် အရေးပါသော သူများဖြစ်သည်ဟု ယူဆခဲ့မည် အမှန်ဖြစ်၏။ စင်စစ် ဗုဒ္ဓသည် အိမ်ရာထောင်သော လူ့ဘောင်၌ မိန်းမများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုတော်မူကြောင်း ဗုဒ္ဓဝင်မှ ဖြစ်ရပ်တစ်ခုဖြင့် ထင်ရှား၏။

ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးသောအခါ အလုံးစုံသော မောင်းမမိဿံခြွေရံတို့သည် အနီးသို့ ချဉ်းကပ်၍ ဘုရားရှင်အား ရှိခိုးပူဇော်ကြ၏။ ယသော်ဓရာမင်းသမီးသည်ကား ဘုရားရှင်အား ပူဇော်ရန် အဆောင်ထဲမှ ထွက်မလာချေ။ နန်းသူ၊ နန်းသားတို့က “သခင်မ၊ မောင်တော်ဘုရားကို ထွက်၍ ပူဇော်ဖူးမြော်ပါလော့” ဟု လျှောက်ကြသော်လည်း ယသော်ဓရာမင်းသမီးသည် “အကယ်၍ ဘုရားရှင်သည် ကျွန်ုပ်၏ ကျေးဇူးကို ထောက်မျှော်၍ သနားတော်မူပါလျှင် ကျွန်ုပ်ထံသို့ ကြွလာပါလိမ့်မည်၊ ထိုအခါမှ ပူဇော်ပါတော့မည်”ဟု ဆို၍ ထွက်မလာဘဲ နေ၏။

ထိုအကြောင်းကို ဘုရားရှင် ကြားသိသော် မင်းကြီးအား သပိတ်ကို ကမ်း၍ အဂ္ဂသာဝက နှစ်ဦးနှင့်အတူ ယသော်ဓရာ၏ နေရာတိုက်ခန်းသို့ ဝင်တော်မူပြီးလျှင် “ယနေ့ ယသော်ဓရာ

မင်းသမီးသည် ငါ့ဘုရားကို အလိုရှိတိုင်း ရှိခိုးစေ၊ မည်သူကမျှ တစ်ခွန်းစကား မတားဆိုကြလင့်”ဟု မိန့်တော်မူ၏။ ထိုအခါ ယသော်ဓရာမင်းသမီးသည် ဘုရားရှင်ထံသို့ လာ၍ ခြေဖဝါးကို ဆံပင်ဖြင့် ပွတ်သပ်လျက် အထပ်ထပ် ရှိခိုးလေသည်။

အထက်ပါအကြောင်းရပ်သည် ပါဠိပိဋကတ်၌ မလာဘဲ ဇာတ်အဋ္ဌကထာ၌သာ တွေ့ရသော်လည်း ဗုဒ္ဓ၏ စိတ်နှလုံး မြင့်မြတ်မှု၊ မိန်းမများအပေါ်၌ သဘောထားကြီးမှု၊ မိသားစု စိတ်ဓာတ်၏ တန်ဖိုးကို နားလည်မှု စသည်တို့ကို စဉ်းစား ဆင်ခြင်သော် ၎င်းသည် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်နှင့် စပ်လျဉ်း၍ ယုတ္တိအခြေအမြစ်ရှိသော ရှေးစကား (ဝါ) ပါးစပ်ရာဇဝင်ပေါ်၌ မှီငြမ်းပြုသည့် အကြောင်းရပ်တစ်ခု ဖြစ်တန်ရာ၏။

စင်စစ် ဗုဒ္ဓသည် မိမိ၏တပည့် ဗုဒ္ဓဝါဒီများအား ရဟန်း သံဃာကို ချီးမြှင့်ပူဇော်သော ဒါယကာ, ဒါယိကာမများ အဖြစ် ဖြင့်သာ မြင်တော်မူသည် မဟုတ်။ ဗုဒ္ဓလက်ထက်က လူတို့သည် လည်း အားလုံး ဒါနတရား၊ သီလတရားဖြင့်သာ ကျေနပ်၍ နတ်ပြည်ကို မျှော်မှန်းနေကြသောသူများ မဟုတ်ချေ။ ပရိဗိုဇ် တစ်ဦးက ဗုဒ္ဓအား “လူဖြစ်သော ဖြူသော အဝတ်ကို ဝတ်ကုန် သော၊ မြတ်သောအကျင့်ကို ကျင့်ကုန်သော သူတို့တွင် အောက် ကာမဘုံအဖို့ ဖြစ်သော သံယောဇဉ်ငါးပါးကို အကြွင်းမဲ့ပယ်ဖြတ် ခြင်းကြောင့် ဗြဟ္မာပြည်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့သော တစ်ယောက် သော ဥပါသကာ၊ ဥပါသိကာမသည် ရှိပါသလော။ လူဖြစ်သော ဖြူသောအဝတ်ကို ဝတ်ကုန်သော ကာမဂုဏ်စည်းစိမ်ကို ခံစား

ကုန်သော သူတို့တွင် ရဟန်းဂေါတမ၏ အဆုံးအမကို လိုက်နာ၍ ဝိစိကိစ္ဆာကင်းကုန်သော ရဲရင့်သောအဖြစ်သို့ ရောက်ကုန်သော တစ်ယောက်သော ဥပါသကာ၊ ဥပါသိကာမသည် ရှိပါသလော" ဟု မေးသောအခါ ဗုဒ္ဓက "ငါ၏တပည့်၊ ယောကျ်ား၊ မိန်းမများ တွင် ထိုကဲ့သို့သောသူမျိုးမှာ တစ်ရာမက၊ ငါးရာလည်း မက၊ မြောက်မြားစွာ ရှိကြပေသည်"ဟု မိန့်ကြားလေသည်။ (မဇ္ဈိမ နိကာယ် မဟာဝစ္ဆဂေါတ္တသုတ်)

အထက်ပါစကားဖြင့် ဗုဒ္ဓလက်ထက်က သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ယောကျ်ား၊ မိန်းမ အမြောက်အမြား ရှိကြောင်း ထင်ရှား၏။ သို့ဖြစ်၍လည်း ဗုဒ္ဓက "ရဟန်းတို့၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မှားသောအကျင့်ရှိက ငါဘုရား ချီးမွမ်း တော်မမူ။ ကောင်းမြတ်သော အကျင့်ရှိမှသာ ငါဘုရား ချီးမွမ်း တော်မူသည်"ဟု မိန့်တော်မူလေသည်။ (အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် မိစ္ဆာပဋိပတ္တိသုတ်)

အမှန်ဆိုသော် ဗုဒ္ဓသည် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ကျင့်ကြံ အားထုတ်သော လူတို့ကိုသာ ချီးမွမ်းတော်မူသည် မဟုတ်၊ ကာမဂုဏ်ကို ခံစားသော်လည်း အကျင့်သီလရှိသော သူတို့ကိုပင် ချီးမွမ်းတော်မူကြောင်း ပါဠိပိဋကလာ အောက်ပါ စကားဖြင့် ထင်ရှား၏။

"အို–ရဟန်းတို့၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်ထက်မှ ဆင်းသက်၍ များစွာသော အရပ် မျက်နှာတို့ကို လက်အုပ်ချီလျက် ရှိခိုး၏။ ထိုအခါ မာတလိ

နတ်သားက အကျိုးအကြောင်း မေးမြန်းသဖြင့် သိကြားမင်းသည် ဤသို့ဖြေ၏။

"အို– မာတလိ၊ ခပ်သိမ်းကုန်သော သူတို့သည်လည်းကောင်း၊ လူတို့သခင် ဘုရင်မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီးတို့နှင့် တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ငါ့ကို ရှိခိုးကြကုန်၏။ ငါသည်ကား သီလသမာဓိနှင့် ပြည့်စုံသောအကျင့်ကို ကျင့်သုံးသော ရဟန်းတို့ကို ကောင်းစွာရှိခိုး၏။ အိမ်၌ နေသူလူဖြစ်ကုန်လျက် ကောင်းမှုကုသိုလ်ကို ပြုလေ့ရှိကုန်သော၊ သီလရှိကုန်သော အကြင် ဥပါသကာတို့သည် တရားနှင့်အညီ ရှာမှီး၍ သားမယားကို မွေးမြူကြကုန်၏။ ထိုဥပါသကာတို့ကိုလည်း ငါသည် ရှိခိုး၏။ (သံယုတ္တနိကာယ် သက္ကသံယုတ် သက္ကနမဿနသုတ်)

❁

## ဇနတန္တ ဝါဒ

ဗုဒ္ဓ အဘိဓမ္မာ၏ ထူးခြားချက် အားလုံးကြောင့် မိမိ သက်တော်ထင်ရှားရှိစဉ်မှာသော်လည်းကောင်း၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်မှာသော်လည်းကောင်း ဗုဒ္ဓသည် အထက်တန်းစား ထက်မြက်သော ပုဂ္ဂိုလ်များကို ဆွဲဆောင်နိုင်ခဲ့လေသည်။

သကျ, မလ္လ, လိစ္ဆဝီ ဒီမိုကရေစီနိုင်ငံများတွင် ဗုဒ္ဓ၏ သာဝက အမြောက်အမြားရှိ၏။ ဗုဒ္ဓသည် ဒီမိုကရေစီနိုင်ငံတစ်ခု (သကျ)တွင် မွေးဖွားခဲ့၏။ ဒီမိုကရေစီနိုင်ငံတစ်ခု (မလ္လ)တွင် ပရိနိဗ္ဗာန်စံခဲ့၏။ ဗုဒ္ဓသည် ဒီမိုကရေစီစနစ်ကို အဘယ်မျှ ချစ်မြတ်နိုးသနည်းဆိုသော် အဇာတသတ်မင်းနှင့် ရင်းနှီးစွာ ဆက်ဆံမှုရှိသော်လည်း အဇာတသတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လိစ္ဆဝီကို ချီးမွမ်းထောပနာပြုလျက် နိုင်ငံတော် မရှုံးမနိမ့်ကြောင်း အောက်ပါအကြောင်းအချက် ခုနစ်မျိုး (အပရိဟာနိယတရား ခုနစ်ပါး)ကို ဟောကြားခဲ့၏။ ၎င်းတို့မှာ–

(၁) မပြတ်မလပ်စည်းဝေး၍ စုပေါင်းဆုံးဖြတ်ခြင်း၊

(၂) (ဆုံးဖြတ်ချက်နှင့်အညီ) ကိစ္စကို တစ်ပေါင်းတည်း ဆောင်ရွက်ခြင်း၊

(၃) စနစ် (ဥပဒေစည်းမျဉ်း)ကို စောင့်ရှောက်ခြင်း၊

(၄) လူကြီးသူမများအား အရိုအသေပြုခြင်း၊

(၅) အမျိုးသမီးများအား အနိုင်အထက် မနိုပ်ကွပ်ခြင်း၊

(၆) လူမျိုးဆိုင်ရာ ဓလေ့ထုံးစံကို စောင့်ရှောက်ခြင်းတို့ပင် ဖြစ်လေသည်။ (ဗုဒ္ဓအမြင်မှ)

# ဗုဒ္ဓ၏ ဆုံးမနည်း

ဗုဒ္ဓသည် ၄၅–နှစ်တိုင်တိုင် အိန္ဒိယပြည် မဇ္ဈိမဒေသ၌ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်၍ တရားဟောပြောခဲ့ရာ အထူးအောင်မြင်ကြောင်း ယုံမှားစရာမရှိချေ။ ဗြာဟ္မဏမင်း၊ မှူးမတ်၊ သူဌေးသူကြွယ်မှစ၍ ဆတ္တာသည် ပြည့်တန်ဆာအထိ လူတန်းစားအမျိုးမျိုးသည် ဗုဒ္ဓဝါဒကို ကြိုက်နှစ်သက်ကြ၏။ ဗုဒ္ဓ၏ တရားကို တစ်ကြိမ်ကြားနာခါမျှနှင့် အခြား အယူဝါဒကို စွန့်၍ ဗုဒ္ဓ၏ တပည့်အဖြစ် ခံယူသောသူတို့မှာလည်း မနည်းလှချေ။ ထို့ကြောင့် နိဂဏ္ဌနာဋပုတ္တသည် သူ၏ သီဟစစ်သူကြီးအား ဗုဒ္ဓ၏ အထံသို့ မသွားရန် ပြော၏။ (ဝိနည်းမဟာဝါပါဠိတော်) နိဂဏ္ဌတစ်ဦးကမူ ဗုဒ္ဓသည် သူတစ်ပါးကို မိမိဘက်သို့ ပါအောင် ဆွဲဆောင်နိုင်သော ဉာဏ်ပရိယာယ်ကြွယ်ဝသည်ဟု ဆိုလေသည်။ (မဇ္ဈိမနိကာယ် ဥပါလိသုတ်)။

ဗုဒ္ဓ၏ ထူးခြားသော အောင်မြင်မှုသည် ထိုအချိန်အခါက မဇ္ဈိမဒေသ၌ ဗြာဟ္မဏဝါဒတန်ခိုး မကြီးသေးခြင်း၊ လူတို့ အသိဉာဏ် ရင့်ကျက်နေခြင်း၊ ဗုဒ္ဓဝါဒ၏ လေးနက်မှန်ကန်ခြင်း၊

ဗုဒ္ဓ၏ လေးစားကြည်ညိုဖွယ်ကောင်းသော ဥပဓိရုပ်ရှိခြင်း စသည်တို့ကြောင့် ဖြစ်သည်ဟု အချို့သောသူတို့က ဆိုကြ၏။ ထိုအကြောင်းပြချက်များသည် မှန်ပါ၏။ သို့ရာတွင် ထိုအချက်များထက် အရေးကြီးသော အချက်တစ်ရပ်ရှိပေရာ ၎င်းမှာ ဗုဒ္ဓ၏ဟောပြော ဆုံးမနည်းဖြစ်၏။ ကျောင်းဆရာတစ်ဦး၏ အောင်မြင်မှုသည် သူ၏ သင်ပြနည်းပေါ်၌ များစွာတည်သကဲ့သို့ ဘီစီ ၆-ရာစု ခေတ်က အိန္ဒိယပြည်၌ ဗုဒ္ဓဝါဒပြန့်ပွားမှုသည်လည်း ဗုဒ္ဓ၏ ဆုံးမနည်းပေါ်၌ များစွာတည်လေသည်။

ကျောင်းသားသူငယ်များအား စာသင်ပြရာ၌ လိမ္မာကျွမ်းကျင်သော ဆရာတိုင်း သိရှိနားလည်၍ လက်တွေ့ကျင့်သုံးသည့် သင်ပြမှုဆိုင်ရာ စိတ်ပညာသဘောတရားများသည် ဗုဒ္ဓ၏ဆုံးမနည်း၌ ထင်ရှား၏။ ဆရာသည် တပည့်များ နားလည်ပြီးဖြစ်သော အချက်များ၊ ဝေါဟာရစကားများကို အမှီသဟဲပြု၍ သင်ပြရ၏။ ဗုဒ္ဓသည်လည်း ဘီစီ ၆-ရာစုခေတ်မတိုင်မီက လူများ လက်ခံယုံကြည်ပြီးဖြစ်သော ဘဝသံသရာ၊ ကံတရား၊ အနိစ္စ-ဒုက္ခတရား စသည်များနှင့် လူများ နားလည်ပြီးဖြစ်သော ဝေါဟာရစကားများကို အခြေပြု၍ ဟောပြော၏။ ထူးခြားချက်ကား ထိုရှေးဝါဒများနှင့် စကားများသည် ဗုဒ္ဓဒေသနာ၌ အနက်အဓိပ္ပါယ်ပြောင်းလဲလာခြင်း ဖြစ်၏။ ဗုဒ္ဓ လက်ခံသော ဘဝသံသရာသည် ရှေးဗြာဟ္မဏတို့ ယုံကြည်သော ဘဝသံသရာနှင့် မတူ။ ဗုဒ္ဓ၏ အနိစ္စ ဒုက္ခတရားသည် ဗြာဟ္မဏတို့၏ အနိစ္စ ဒုက္ခတရားထက် ကျယ်ပြန့်နက်နဲ၏။ ဗြာဟ္မဏဆိုသော စကားသည် ဇာတ်အနွယ်

အားဖြင့် မြတ်သောသူကို မဆိုလိုဘဲ အကျင့်သီလ မြင့်မြတ်သော သူ ဟူသော အဓိပ္ပါယ်ကို ဆောင်၏။ ဗြဟ္မာသည် ဗုဒ္ဓဒေသနာ၌ အနန္တတန်ခိုးရှင် (ဝါ) ထာဝရဘုရား သို့မဟုတ် ဥပနိသျှကျမ်းလာ ပရမတ္တမကို ဟောသောစကား မဟုတ်တော့ဘဲ အမြင့်မြတ်ဆုံး၊ အကောင်းဆုံးဖြစ်ခြင်းကို ဟောသောစကား ဖြစ်လာ၏။ "ဗြဟ္မာ ဟူသော အမည်သည် အမိအဖတို့၏ အမည်ပေတည်း။" (အင်္ဂုတ္တရနိကာယ် တိကနိပါတ် သဗြဟ္မကသုတ်)

ဗုဒ္ဓသည် လူတစ်ဦးတစ်ယောက်ကို ဟောပြောရာ၌ ထိုသူ၏ စကားကို တိုက်ရိုက်မပယ်ဘဲ ပရိယာယ်ဖြင့် ဆုံးမတော်မူလေ့ ရှိ၏။ ပုဏ္ဏားတစ်ဦးက မိမိလယ်ထွန်ရာအရပ်သို့ ချဉ်းကပ်၍ ဆွမ်းခံသော ဗုဒ္ဓအား အရှင်ရဟန်းသည် ကျွန်ုပ်ကဲ့သို့ လယ်ထွန် စိုက်ပျိုးခြင်းပြု၍ လုပ်ကိုင်စားသောက်ပါလော"ဟု ဆိုရာ ဗုဒ္ဓက "ပုဏ္ဏား၊ ငါသည်လည်း လယ်ထွန်စိုက်ပျိုး၏။ ငါ၏သဒ္ဓါတရား သည် မျိုးစေ့ဖြစ်၏။ ဣန္ဒြိယသံဝရသီလသည် မိုးရေဖြစ်၏။ ဝိပဿနာပညာ၊ မဂ်ပညာသည် ထမ်းပိုး၊ ထွန်တုံးဖြစ်၏"စသည် ဖြင့် မိန့်တော်မူလေသည်။ (သံယုတ္တနိကာယ် ဗြာဟ္မဏသံယုတ်၊ ကသိကဘာရဒွါဇ ဗြာဟ္မဏသုတ်)။ ဤကဲ့သို့သော ဒေသနာမျိုး ကို ပါဠိပိဋကတ်၌ အမြောက်အမြား တွေ့ရပေသည်။

ဆရာသည် စာပြရာ၌ တပည့်နားလည်စေရန် ဥပမာများကို သုံးသကဲ့သို့ ဗုဒ္ဓသည် လူတို့အား ဆုံးမရာ၌ ဥပမာအမြောက်အမြား အသုံးပြုတော်မူလေ့ရှိ၏။ ဗုဒ္ဓဒေသနာမှ အချို့သော ဥပမာများ သည် အလွန်ထိမိ၍ ဟဒယရွှင်မြူးဖွယ် ကောင်းလှ၏။ ဝါသေဋ္ဌ

လုလင်အား ဟောကြားရာ၌ ဗုဒ္ဓက ဗြာဟ္မဏတို့သော်လည်းကောင်း၊ သူတို့၏ဆရာ့ဆရာ ၇-ဆက်တိုင်အောင်သော ဆရာ၊ လက်ဦးဆရာ၊ ဝေဒကျမ်းများကို စီရင်သော ရှေးရသေ့တို့သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှပင် ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးပါပဲလျက် ဗြာဟ္မဏတို့က ဗြဟ္မာနှင့် အပေါင်းအဖော်ဖြစ်လိုသည်ဆိုခြင်းမှာ တစ်ဦးကိုတစ်ဦး ဆွဲကိုင်ဆက်စပ်နေသော သူကန်းတို့တွင် ရှေ့ဆုံးသူသည် မမြင်၊ အလယ်လူလည်း မမြင်၊ နောက်ဆုံးလူလည်း မမြင်သကဲ့သို့လည်းကောင်း၊ မည်သည့်အရပ်၌ ပြာသာဒ်ရှိသည်၊ ထိုပြာသာဒ်သည် မြင့်သည်၊ နိမ့်သည်ဟု မသိဘဲ တက်ရန် လှေကားကို ပြုသည်နှင့်လည်းကောင်း၊ နိုင်ငံ၌ အလှဆုံးမိန်းမ၏ အမည်၊ အမျိုးအနွယ်၊ အသားအရောင်နှင့် သူနေသော မြို့ရွာနိဂုံးကို မသိဘဲ ထိုမိန်းမကို ချစ်ကြိုက်ပါသည်ဟု ဆိုသော ယောကျ်ားနှင့်လည်းကောင်း တူလှချေသည်ဟု မိန့်တော်မူလေသည်။ (ဒီဃနိကာယ် တေဝိဇ္ဇသုတ်)

စာသင်ပြရာ၌ မေးမြန်းခြင်း၏ အရေးပါပုံကို ကျောင်းဆရာတိုင်း သိပြီးဖြစ်၏။ သုတ္တန်များ၌ ဗုဒ္ဓအား ရဟန်း၊ ဗြာဟ္မဏနှင့် ပရိဗိုဇ်တို့က မေးလျှောက်သော စကားများကို တွေ့ရ၏။ "အို-ပုဏ္ဏား၊ ငါဆိုလတ္တံ့သော စကားကို သင်အဘယ်သို့ ထင်သနည်း" စသော ဗုဒ္ဓစကားများကို နေရာအတော်များများ၌ တွေ့ရခြင်းဖြင့် ဗုဒ္ဓသည် တရားနာသူများက မိမိအား မေးမြန်းခြင်းကို များစွာလိုလားကြောင်း ကျွန်ုပ်တို့ သိရ၏။ မိလိန္ဒမင်းကဲ့သို့ ဆစ်ဆစ်ဖုဖု မေးမြန်းတတ်သော သူမျိုးကို

ပိဋကတ်၌ မတွေ့ရခြင်းသည် ပိဋကဆရာတို့က ထိုသူတို့၏စကားကို ဘုရားဟောစကားလောက် ဂရုမပြုဘဲ လျစ်လျူရှုခဲ့ကြသောကြောင့် ဖြစ်တန်ရာ၏။ ဗုဒ္ဓကမူ လူတို့အား စေ့စပ်သေချာစွာ မေးမြန်းခြင်းဖြင့် အမှန်တရားကို မြင်လာအောင် ပြုတော်မူလေ့ရှိ၏။ ဤဆုံးမနည်းသည် ဂရိပညာရှိကြီး ဆိုကရေးတီး၏ ဆုံးမနည်းနှင့် တူ၍ စိတ်ဝင်စားဖွယ်ကောင်းလှရကား ဗုဒ္ဓသည် ဗြာဟ္မဏတို့၏ လူမျိုးကြီးဝါဒကို ချေပရာ၌ ထိုနည်းအသုံးပြုပုံကို သာဓကတစ်ခုအနေဖြင့် ပိဋကမှ ထုတ်နုတ်ဖော်ပြပါအံ့။

"ရှေးအခါက ဗြာဟ္မဏရသေ့ ၇–ဦးသည် ဗြာဟ္မဏအမျိုးသာလျှင် အမြတ်ဆုံးဖြစ်၏။ အခြားအမျိုးအားလုံးသည် ယုတ်ညံ့၏။ ဗြာဟ္မဏတို့သာလျှင် အမျိုးစင်ကြယ်၍ ဗြာဟ္မ၏ သားများ ဖြစ်ကြသည်ဟု ယူဆကြ၏။ အသိတဒေဝလ ဆရာရသေ့ (မဇ္ဈိမနိကာယ် အဋ္ဌကထာ၏ အလိုအားဖြင့် ထိုဆရာရသေ့မှာ ဘုရားလောင်းပင် ဖြစ်၏) သည် ရသေ့ ၇–ဦးကို ဆုံးမလိုသောကြောင့်–

"ဗြာဟ္မဏတို့၏ မိခင်တို့သည် အခြားသူများနှင့် မပေါင်းဖော်ဘဲ ဗြာဟ္မဏမျိုး ယောကျ်ားများနှင့်သာ ပေါင်းဖော်သည်ဟု သင်တို့ သိကြပါသလော"ဟု မေး၏။

ရသေ့တို့၏ "ကျွန်ုပ်တို့ မသိပါ" ဟု ပြောကြလေသည်။

"ဗြာဟ္မဏတို့၏ အထက်ဆွေမျိုး ၇–ဆက်မှ မိန်းမများသည် ဗြာဟ္မဏအမျိုးသားများမှတစ်ပါး အခြားအမျိုးသားများနှင့် မပေါင်းဖော်ဟူ၍ သင်တို့ သိကြပါသလော"

"ကျွန်ုပ်တို့ မသိပါ"

"ဗြာဟ္မဏတို့၏ ဖခင်တို့သည်လည်းကောင်း၊ အထက် ဆွေမျိုး ၇–ဆက်မှ ယောကျ်ားများသည်လည်းကောင်း၊ ဗြာဟ္မဏ မိန်းမများမှတစ်ပါး အခြားမိန်းမများနှင့် မပေါင်းဖော်ဟူ၍ သင်တို့ သိကြပါသလော"

"ကျွန်ုပ်တို့ မသိပါ"

"သတ္တဝါတစ်ဦးသည် မည်သို့ ပဋိသန္ဓေတည်သည်ကို သင်တို့ သိကြပါ၏လော"

"ကျွန်ုပ်တို့ သိပါ၏။ အမိနှင့်အဖ ပေါင်းဖော်ခြင်း၊ အမိ၏ ရာသီ ဥတုလာခြင်း၊ ဂန္ဓဗ္ဗအသင့်ရှိနေခြင်း၊ ဤအကြောင်းသုံးခု တိုက်ဆိုင်သောအခါ သတ္တဝါတစ်ဦး ပဋိသန္ဓေတည်ပါသည်"

"သို့ရာတွင် ဂန္ဓဗ္ဗသည် မင်းမျိုး၊ ဗြာဟ္မဏမျိုး၊ ကုန်သည် မျိုးနှင့် အလုပ်သမားအမျိုးတွင် မည်သည့်အမျိုးဖြစ်မည်ဟူ၍ သင်တို့ သိကြပါသလော"

"ကျွန်ုပ်တို့ မသိပါ"

(မဇ္ဈိမနိကာယ် အဿလာယနသုတ်)

ဆရာသည် တပည့်တို့အား အကျိုးရှိစေမည့်အချက်များကို သင်ပြရ၏။ မိမိသိသော်လည်း တပည့်တို့အဖို့ ဘာမျှအကျိုးမရှိ သော အချက်များကို မသင်ပြချေ။ ဤသင်ပြမှု အခြေခံ သဘောတရားများကို ဗုဒ္ဓ၏ ဆုံးမနည်း၌ ကျွန်ုပ်တို့ တွေ့ရ၏။

ဗုဒ္ဓသည် လောက၌ မိန်းမတို့သည်လည်းကောင်း၊ ပုဏ္ဏား တို့၏ အတတ်ပညာသည်လည်းကောင်း၊ မိစ္ဆာအယူများသည်

လည်းကောင်း လျှို့ဝှက်သော သဘောရှိကြသည်။ လပြည့်ဝန်း၊ နေဝန်းနှင့် ဗုဒ္ဓဝါဒမှာကား လျှို့ဝှက်ခြင်းမရှိဘဲ ပွင့်လင်းသော သဘောရှိသည်ဟု မိန့်ကြားခဲ့၏။ (အင်္ဂုတ္တရနိကာယ် တိကနိပါတ် ပဋိစ္ဆန္နသုတ်) ပရိနိဗ္ဗာန်စံဝင်ခါနီး၌လည်း မိမိသည် ဆရာစား မထားဘဲ (ဝါ) ဘာကိုမျှ ခြွင်းချန်မထားဘဲ တရားဟောကြားခဲ့သည်ဟု မိန့်တော်မူခဲ့၏။ (ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်) ဤစကားများဖြင့်ပင် ပါဠိပိဋကလာ တရားများအပြင် ဗုဒ္ဓ ဟောကြားခဲ့သော အခြားတရားများ ရှိသေးသည်။ ထိုတရားများ ကို ဗုဒ္ဓက မိမိ၏အတွင်းတပည့်များအား လျှို့ဝှက်စွာ ဟောကြား ခဲ့သည်ဆိုသော ယခုကာလ သီအိုဆိုဖီဝါဒတို့၏ အယူသည် အခြေအမြစ်မရှိကြောင်း ထင်ရှား၏။

သို့ဖြစ်စေကာမူ ကျွန်ုပ်တို့ သတိပြုရန်အချက်များ ရှိသေး၏။ ဗုဒ္ဓသည် ပရိဗိုဇ်တို့ မေးလျှောက်သော အချို့မေးခွန်းများကို လုံးဝ ဖြေတော်မမူချေ။ (မဇ္ဈိမနိကာယ် စူဠမာလုကျပုတ္တသုတ်) ကောသမ္ဗီပြည်၌ သီတင်းသုံးနေစဉ် အခါတစ်ပါး၌လည်း ဗုဒ္ဓသည် သစ်ရွက်များကို လက်ဝါးပေါ်၌ တင်ပြ၍ ရဟန်းတို့အား မိမိ လက်ထဲရှိ သစ်ရွက်များနှင့် နှိုင်းစာသော် တောထဲရှိ သစ်ရွက်များမှာ အလွန်များပြားသကဲ့သို့ မိမိသိသော်လည်း မဟောဘဲ ထားသော တရားများမှာ အလွန်များပြားကြောင်း၊ သစ္စာလေးပါးတရားသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားဖြစ်သောကြောင့် မိမိဟောကြားခဲ့ကြောင်း၊ အခြားတရားများမှာကား သံသရာမှ လွတ်မြောက်ကြောင်း တရားများမဟုတ်သဖြင့် မဟောဘဲ ထားခဲ့

ကြောင်း မိန့်တော်မူလေသည်။ (မဟာဝဂ္ဂသံယုတ်၊ သိံသပါသုတ်)

ဤစကားများကို ထောက်ချင့်၍ ဗုဒ္ဓအကြွင်းမဲ့ ဟောကြားသော တရားများမှာ မိမိသိသော တရားအားလုံးမဟုတ်ဘဲ လူများအဖို့ အကျိုးရှိမည့် တရား၊ လူတို့သိသင့်သော တရားများသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆရပေသည်။

လူများ သိသင့်သိအပ်သောတရားကို ဟောကြားရာ၌ပင် ဗုဒ္ဓသည် တရား၏ အတိမ်အနက်၊ လူတို့၏ အနေအရင့်ကို ကြည့်ပြီးမှ စရိုက်နှင့် သင့်လျော်သော တရားကို ရွေးချယ်၍ ဟောကြား၏။ ဒါနတရား၊ သီလတရားကို ဟောပြီးမှ မဂ်ဖိုလ် နိဗ္ဗာန်တရားကို ဟောတော်မူလေ့ရှိ၏။

အခါတစ်ပါး၌ ရွာသူကြီး တစ်ဦးက ဗုဒ္ဓသည် လူတို့အား အတန်းအစားမခွဲဘဲ တရားဟောပြောပါသလောဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက ရဟန်းသံဃာတို့မှာ အလွန်မြေသြဇာကောင်းသော ပထမတန်းစား လယ်မြေနှင့် တူကြောင်း၊ ဥပါသကာ-ဥပါသိကာမတို့မှာ ဒုတိယတန်းစား လယ်မြေနှင့်တူ၍ ဗုဒ္ဓဝါဒီ မဟုတ်သူများမှာ တတိယတန်းစား လယ်မြေနှင့်တူကြောင်း၊ လယ်သမားသည် ပထမတန်းစား လယ်မြေကို ဦးစားပေး၍ ထွန်ယက်ရသည်။ ထို့နောက်မှ ဒုတိယတန်းစား လယ်မြေကို ထွန်ယက်ပြီးလျှင် တတိယတန်းစား လယ်မြေကို နောက်ဆုံး ထွန်ယက်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုးကို ခွဲခြား၍ ဟောပြောဆုံးမ,ရကြောင်း မိန့်ကြား၏။ (ဂါမဏိ သံယုတ်၊ ဒုတိယ အသိဗန္ဓကပုတ္တဂါမဏိသုတ်)

မြင်းဆရာတစ်ဦးအား ဗုဒ္ဓ မိန့်ကြားသော စကားသည်လည်း မှတ်သားဖွယ်ကောင်း၏။ မြင်းဆရာက သူသည် မြင်းများကို ယဉ်ပါးအောင် ပြုလုပ်ရာ၌ အချို့မြင်းများကို အနုနည်းဖြင့်၊ အချို့မြင်းများကို အကြမ်းနည်းဖြင့် ယဉ်ပါးစေရပါသည်။ အနုနည်း၊ အကြမ်းနည်းဖြင့် ယဉ်ပါးအောင်လုပ်၍ မရသော မြင်းများကိုကား ဖျက်ဆီးပစ်ရပါသည်ဟု လျှောက်၏။

ထိုအခါ ဗုဒ္ဓက မိမိသည်လည်း လူများကို ယဉ်ကျေးအောင် ဆုံးမရာ၌ ထိုနည်း သုံးမျိုးကို သုံးသည်။ သုစရိုက်မှုများ၏ အကျိုးကို ညွှန်ပြခြင်းသည် အနုနည်းဖြင့် ဆုံးမခြင်းဖြစ်သည်။ ဒုစရိုက်မှုများ၏ အပြစ်ကို ညွှန်ပြခြင်းသည် အကြမ်းနည်းဖြင့် ဆုံးမခြင်း ဖြစ်သည်။ ထိုနည်း နှစ်နည်းဖြင့် ဆုံးမ၍ မရသော သူကိုကား ဘာမျှမပြောဆိုဘဲ လျစ်လျူရှုရသည်။ ထိုသို့လျစ်လျူရှုခြင်းသည် ထိုသူအဖို့ အကျိုးစီးပွားဆုတ်ယုတ်ပျက်စီးစေသောကြောင့် သူ့အား ဖျက်ဆီးခြင်းပင်ဖြစ်သည်ဟု မိန့်တော်မူလေသည်။ (အင်္ဂုတ္တရ နိကာယ်စကုကနိပါတ် ကေသိအသု ဒမ္မသာရထိသုတ်)

ဗုဒ္ဓသည် အိန္ဒိယပြည် မဇ္ဈိမဒေသ၌ မိမိမကြိုက်နှစ်သက် သော အယူဝါဒဓလေ့ထုံးစံများကို တွေ့မြင်ခဲ့မည် အမှန်ဖြစ်၏။ အကြင်အယူဝါဒ ဓလေ့ထုံးစံများသည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဖြောင့် ဖြောင့် ဆန့်ကျင်၍ လူသတ္တဝါတို့အား မုချအကျိုးစီးပွား ဆုတ်ယုတ် ပျက်စီးစေကြောင်းအံ့။ ဗုဒ္ဓသည် ၎င်းတို့နှင့် ပတ်သက်၍ မိမိထင်မြင် ချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြလေ့ရှိ၏။ တိရစ္ဆာန်များကို သတ်ပြီး ယဇ်ပူဇော်သော ဗြာဟ္မဏ ဓလေ့ထုံးစံကို ကဲ့ရဲ့ရှုတ်ချ၍

ကံအကျိုးတရားကို ပယ်သော မက္ခလိဂေါသာလ၏ ဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်တော်မူခဲ့၏။ (အင်္ဂုတ္တရနိကာယ် တိက နိပါတ် ကေသကမ္ဗလသုတ်) သို့ရာတွင် အကြင်အယူဝါဒနှင့် လေ့ထုံးစံများသည် ဗုဒ္ဓဝါဒနှင့် ဖီလာဖြစ်သော်လည်း လူတို့၏ အကျိုးစီးပွားကို အလွန်အမင်း ဆုတ်ယုတ် ပျက်စီးစေသောအရာ များ မဟုတ်ငြားအံ့။ ဗုဒ္ဓသည် ပုထုဇဉ်လူသားတို့၏ ဉာဏ်နုနယ်မှု၊ အယူသည်းမှုကို ကောင်းစွာနားလည်၍ ထိုအယူ လေ့ထုံးစံများကို လျစ်လျူရှုခဲ့ပေလိမ့်မည်။ ဥပမာသော်ကား ဘုရင့်နောင် စသော ရှေးမြန်မာဘုရင်များသည် နတ်ကိုးကွယ်မှုမှာ ဗုဒ္ဓဝါဒနှင့် ဖီလာ ဖြစ်ကြောင်း သိ၍ ၎င်းကို အားမပေးလိုသော်လည်း တိရစ္ဆာန် များကို သတ်ပြီး နတ်ပူဇော်ပ,သသော လေ့ကိုသာ နှိပ်ကွပ်၍ အသက်သတ်ခြင်းမှ ကင်းသော နတ်ကိုးကွယ်မှုကိုကား လျစ်လျူရှု ခဲ့ကြသကဲ့သို့ပင် ဖြစ်၏။

မဂ်ဖိုလ်နိဗ္ဗာန်အဖို့ အန္တရာယ်ဖြစ်သော လူတို့အပြုအမူနှင့် ပတ်သက်သောအခါ၌ပင် ဗုဒ္ဓသည် တစ်ခါတစ်ရံ အခါအခွင့်ကို ကြည့်ပြီးမှ ဆုံးမတော်မူလေ့ရှိ၏။ အခါတစ်ပါး၌ ကောသလ မင်းသည် တိရစ္ဆာန်အမြောက်အမြားကို သတ်၍ ယဇ်ပူဇော်ရန် စီစဉ်နေကြောင်း ရဟန်းတို့က လျှောက်ကြားသောအခါ ဗုဒ္ဓသည် ကောသလမင်းအား ဟောပြောဆုံးမခြင်း မပြုချေ။ (ကောသလ သံယုတ် ကောသလယညသုတ်)

ဗုဒ္ဓ၏ ဆုံးမနည်းနှင့် စပ်လျဉ်း၍ အဘယမင်းသားအား ဗုဒ္ဓမိန့်ကြားသောစကားသည် ရှင်းလင်းပြတ်သား၍ မှတ်သားဖွယ်

ကောင်း၏။ ဗုဒ္ဓက မိမိသည် မှန်လည်း မမှန်၊ အကျိုးလည်း မရှိ၊ သူတစ်ပါးလည်း မနှစ်လိုသော စကားကို မပြော။ မှန်စေကာမူ အကျိုးမရှိ၊ သူတစ်ပါးမနှစ်လိုသော စကားကို ပြောခြင်းမှလည်း ရှောင်ကြဉ်၏။ အကြင်စကားသည် မမှန်၊ အကျိုးမရှိ၊ လူများကမူ နှစ်သက်၏။ ထိုစကားမျိုးကို မပြော။ မှန်၍ လူများက နှစ်သက်သော်လည်း အကျိုးမရှိသော စကားမျိုးကိုလည်း ရှောင်ကြဉ်၏။ သူတစ်ပါး မနှစ်သက်သော်လည်း မှန်၍ အကျိုးရှိသော စကားမျိုးနှင့် သူတစ်ပါးလည်း နှစ်သက်၊ မှန်လည်း မှန်၊ အကျိုးလည်း ရှိသော စကားမျိုးကိုကား အချိန်အခါကို ကြည့်၍ ပြောသည်ဟု မိန့်တော်မူလေသည်။ (မဇ္ဈိမနိကာယ် အဘယရာဇကုမာရသုတ်)

မှန်သောစကားပင် ဖြစ်စေ၊ အကျိုးရှိ–မရှိ၊ သူတစ်ပါးနှစ်လိုမည်၊ မနှစ်လိုမည်ကို ဆင်ခြင်ပြီးမှ ပြောဆိုလေ့ရှိခြင်းအားဖြင့် ဗုဒ္ဓသည် သူတစ်ပါး စွဲစွဲမြဲမြဲ ယုံကြည်သော ဝါဒကို ချေပလိုသော စိတ်မရှိကြောင်း ထင်ရှား၏။ ဗုဒ္ဓသည် တပည့်ပေါများအောင် ပြုလုပ်လိုသောဆန္ဒ အလျဉ်းမရှိချေ။ ဂိုဏ်းဝါဒမှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းလာသော ဥပါလိသူကြွယ်နှင့် သီဟစစ်သူကြီးတို့အား ဂိုဏ်းရဟန်းတို့ကို ဆက်လက်လှူဒါန်းရန် သတိပေးတော်မူ၏။ (မဇ္ဈိမနိကာယ် ဥပါလိသုတ်နှင့်ဝိနည်းမဟာဝါပါဠိတော်) နိဂြောဓပရိဗိုဇ်အား ဟောကြားရာ၌လည်း ဗုဒ္ဓက “ငါသည် သင်တို့ကို ငါ၏တပည့်ဖြစ်စေလို၍ သို့မဟုတ် သင်တို့အား သင်တို့၏ဆရာနှင့် ကျင့်စဉ်ကို ပစ်ပယ်စေလို၍ ဟောပြောသည်ဟု မထင်မှတ်

လင့်။ သင်တို့၏ ဆရာသာလျှင် သင်တို့၏ ကျင့်စဉ်ဖြစ်ပါစေ” ဟု မိန့်ကြားတော်မူခဲ့လေသည်။ (ဒီဃနိကာယ် ဥဒုမ္ဗရိကသုတ်)

အယူများနေသော သူတို့ကို ဆုံးမရာ၌ ဗုဒ္ဓသည် အလွန် သိမ်မွေ့၏။ ထိုသူတို့၏ အယူနှင့် အပြုအမူကို ကဲ့ရဲ့ရှုတ်ချခြင်း မပြုဘဲ အမှန်တရားကိုသာ ညွှန်ပြလေ့ရှိ၏။

အခါတစ်ပါး၌ ဗုဒ္ဓသည် မကောင်းမှု အညစ်အကြေးကို ဆေးကြောရန် ဂင်္ဂါမြစ်ထဲသို့ ဆင်း၍ ရေချိုးသော ပုဏ္ဏားတစ်ဦး နှင့် တွေ့၏။ ပုဏ္ဏားက မိမိ၏ အယူကို ရှင်းပြ၏။ ဗုဒ္ဓသည် သူ၏ အယူကို မည်သို့မျှ ဝေဖန်ပြစ်တင်ခြင်းမပြုဘဲ “ဤအယူမှာ သင်ပုဏ္ဏားတို့၏ အယူဖြစ်သည်။ ငါဘုရား၏ အရိယာ သာသနာ ၌ကား ဤသို့မယူ။ ငါ၏သာသနာ၌ မဂ္ဂင်ရှစ်ပါးသည် ကိလေသာ အညစ်အကြေးများကို စွန့်ပစ်ရာ ရေအိုင်ဖြစ်သည်” စသည်ဖြင့် ဟောကြား၏။ (ဗြာဟ္မဏသံယုတ် သင်္ဂါရဝ ဗြာဟ္မဏသုတ်)

ဗုဒ္ဓသည် အခြားဆရာ၊ အခြားအယူဝါဒများနှင့် စပ်လျဉ်း၍ မိမိ၏ ထင်မြင်ချက်ကို အချို့သောသူများက သိလိုသဖြင့် မေး လျှောက်သောအခါ၌ပင် ကဲ့ရဲ့ပြစ်တင်၊ ဝေဖန်ခြင်း ပြုတော် မမူချေ။ ပုဏ္ဏားတစ်ဦးက “မက္ခလိဂေါသာလ, နိဂဏ္ဌနာဋပုတ္တ တို့သည် မိမိတို့ ထုတ်ဖော်ကြေညာသည့်အတိုင်း တရားအားလုံးကို သိကြပါသလော”· ဟု မေးရာ ဗုဒ္ဓက “သင်၏မေးခွန်းသည် မသင့်လျော်ချေ။ သင်၏အမေးစကားကို ထားဘိလော့”ဟုဆို၍ တရားဟောကြား၏။ (မဇ္ဈိမနိကာယ် စူဠသာရောပမသုတ်) အခြားပုဏ္ဏားတစ်ဦးက “ပုရာဏကဿပနှင့် နာဋပုတ္တတို့က

သူတို့မှာ သဗ္ဗညုတဉာဏ် ရသည်ဟု ဆိုကြပါသည်။ သူတို့၏ စကားမှန်သလော”ဟု မေးသောအခါ၌လည်း ဗုဒ္ဓသည် ထိုနည်းနှင်နှင် ကဲ့ရဲ့ပုတ်ခတ်သောစကား လုံးဝ ပြောတော်မမူချေ။ (အင်္ဂုတ္တရနိကာယ် နဝနိပါတ် လောကာယတိကျ ဗြာဟ္မဏသုတ်)

အခြားဝါဒများအပေါ်၌ ဗုဒ္ဓ၏ အံ့မခန်းသဘောထားကြီးမှုသည် ပိဋကလာ ဗုဒ္ဓဒေသနာများကို လေ့လာဆန်းစစ်ရာ၌ ကျွန်ုပ်တို့ သတိပြုရမည့် အချက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓက ပုထုဇဉ်လူသားတို့၏ အချို့သောယုံကြည်ချက်များကို မည်သို့မျှ မဝေဖန်ဘဲ ဆိတ်ဆိတ်နေမှုကြောင့် ပိဋကထဲတွင် ပြင်ပမှ မသိမသာဝင်ရောက်၍ ဘုရားဟော တရားယောင်ယောင်ဖြစ်နေသော အယူဝါဒများ ရှိပေလိမ့်မည်။ ထင်ရှားသော သာဓကနှစ်ခုမှာ နတ်ပူဇော်ပ,သခြင်းနှင့် သေသူများအား အလှူ၏အဖို့ကို အမျှပေးဝေခြင်းဖြစ်၏။ နတ်ကိုးကွယ်မှုသည် ဗုဒ္ဓမပေါ်မီကပင် အိန္ဒိယပြည်၌ ရှိ၏။ “မိဘတို့သည် သားသမီးအလိုရှိကြသော အကြောင်းငါးပါးတွင် ဘဝတစ်ပါးသို့ ပြောင်းသွားကုန်သော ငါတို့အား အလှူ၏အဖို့ကို ပေးဝေလတ္တံ့ဟူသော ယုံကြည်ချက်သည် ပါဝင်၏။” (အင်္ဂုတ္တရနိကာယ် ပဉ္စနိပါတ် ပဉ္စဌာနသုတ်) စသော စကားဖြင့် ထိုအယူသည်လည်း ဗုဒ္ဓမပွင့်မီက ရှိခဲ့ကြောင်း ထင်ရှား၏။ ဗုဒ္ဓသည် ထိုရှေးအယူများကို မည်သို့မျှ မဝေဖန်ဘဲ ဆိတ်ဆိတ်နေတော်မူခဲ့တန်ရာ၏။ အချို့သော သုတ္တန်ဒေသနာများ၌ ထိုအယူများကို ဗုဒ္ဓက လက်ခံသယောင် ဖော်ပြထားသည်

မှန်၏။ သို့ရာတွင် ထိုစကားများသည် လူတို့အား မိမိတို့ကိုယ်ကို သာ အားကိုးရန် ဗုဒ္ဓ၏ ထပ်တလဲလဲ သတိပေးမိန့်ကြားချက်နှင့် လုံးဝ ဆန့်ကျင်ရကား ဗုဒ္ဓ၏စကားအစစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ရန် ခဲယဉ်း၏။

အခြားသူများ၊ အခြားဝါဒများအပေါ်၌ ဗုဒ္ဓ၏ သဘောထားကြီးမှုသည် အံ့ဖွယ်ရာကောင်းသည်နှင့်အမျှ မိမိအား ကဲ့ရဲ့ ဝေဖန်မှုကို သည်းခံနိုင်သော ဗုဒ္ဓ၏ ဂုဏ်သည်လည်း အံ့ဖွယ်ရာ ကောင်းလှပေ၏။ ထင်ရှားသော သာဓကတစ်ခုကို ပြရမည် ဆိုသော် သစ္စကပရိဗိုဇ်သည် ဗုဒ္ဓနှင့် တရားဆွေးနွေးစဉ် "အရှင် ဂေါတမသည် နေ့အခါ၌ အိပ်စက်သည်မဟုတ်ပါလော။ ထိုသို့ အိပ်စက်ခြင်းကို မောဟနှင့်တကွ တွေဝေနေခြင်းဟု အချို့သော ရဟန်းပုဏ္ဏားတို့က ဆိုကုန်၏" စသည်ဖြင့် ဗုဒ္ဓအား သရော် ပြောင်လှောင်၏။ ဗုဒ္ဓသည် စိုးစိမျှ မတုန်လှုပ်ဘဲ ဆက်လက်၍ တရားဟော၏။ တရားဟောပြီးသောအခါ၌လည်း သစ္စကသည် ဗုဒ္ဓဝါဒကို လုံးဝယုံကြည်ဟန် မရှိ။ သူသည် ဗုဒ္ဓ၏တပည့်အဖြစ် ကို မခံယူ။ သို့ရာတွင် ဗုဒ္ဓ၏ သည်းခံနိုင်မှုကို များစွာအံ့ဩ ရကား "အို-အရှင်ဂေါတမ၊ အံ့ဩဖွယ်ကောင်းလှပါပေ၏။ ကျွန်ုပ်သည် ပုရာဏကဿပ, အဇိတ, နိဂဏ္ဌ စသော ဆရာ တို့နှင့် စကားပြောဆိုဖူးပါ၏။ သူတို့သည် ကျွန်ုပ်၏စကားကို မနှစ်သက်ပါက ဒေါသထွက်သောအမူအရာ၊ နှလုံးမသာသော လက္ခဏာကို ထင်စွာပြကြပါ၏။ အရှင်ဂေါတမကား ကျွန်ုပ်က ထိပါးပုတ်ခတ်၍ ပြောပါသော်လည်း အရေအဆင်းသည် အလွန်

ပြိုးပြိုးပြက်ပြက် တောက်ပ၏။ မျက်နှာအဆင်းသည် ကြည်လင်၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရား၏ ကြည်လင်ခြင်းကဲ့သို့ပါတည်း” စသည်ဖြင့် ဗုဒ္ဓကို ချီးကျူးပြောဆိုလေသည်။ (မဇ္ဈိမနိကာယ် မဟာသစ္စကသုတ်)

ဗုဒ္ဓကို ဆဲရေးသော ပုဏ္ဏားတစ်ဦးသည်ကား ဗုဒ္ဓက သည်းခံ၍ ဆုံးမသောကြောင့် ဗုဒ္ဓ၏တပည့်ဖြစ်သွား၏။ ထိုပုဏ္ဏားကို ဗုဒ္ဓက ဆုံးမသောနည်းသည် မှတ်သားဖွယ်ကောင်း၏။ ဗုဒ္ဓက “ပုဏ္ဏား၊ သင်သည် သင်၏ထံသို့လာသော ဆွေမျိုးသားချင်းတို့အား ခဲဖွယ်ဘောဇဉ်တို့ကို ပေးကမ်းပါ၏လော။ ထိုသူတို့သည် အကယ်၍ သင်ပေးကမ်းသည်ကို မခံယူကုန်ငြားအံ့။ ထိုစားဖွယ်ခဲဖွယ်တို့သည် သင့်အဖို့သာလျှင် ဖြစ်သည် မဟုတ်ပါလော။ ထို့အတူ သင်၏ ဆဲရေးခြင်းကို ငါတို့သည် တုံ့ပြန်ခြင်းဖြင့် မခံယူကုန်။ ထိုသို့မခံယူသဖြင့် သင်၏ဆဲရေးခြင်းသည် သင့်အဖို့သာလျှင် ဖြစ်၏”ဟု မိန့်တော်မူ၏။ ပုဏ္ဏားသည် အကျွတ်တရားရ၍ ဗုဒ္ဓ၏အထံ၌ ရဟန်းပြုလေသည်။ (ဗြာဟ္မဏသံယုတ်၊ အက္ကောသဘာရဒွါဇဗြာဟ္မဏသုတ်)

ဗုဒ္ဓ၏အဆုံးအမကို နာယူသောသူတို့မှာ အကြမ်းအားဖြင့် လူနှင့် ရဟန်းဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ အများအားဖြင့် လူတို့သည် ဉာဏ်နုသောသူတို့ဖြစ်၍ ရဟန်းတို့သည် ဉာဏ်ရင့်သောသူတို့ ဖြစ်ကြ၏။ ဗုဒ္ဓသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ ဉာဏ်အနုအရင့်ကို ဆင်ခြင်ပြီးမှ ဆုံးမလေ့ရှိရကား ရဟန်းတို့ကို ဆုံးမနည်းသည် လူတို့ကို ဆုံးမနည်းနှင့် မတူချေ။ ဗုဒ္ဓသည် ပုထုဇဉ်လူသားတို့၏

အချို့သော အယူဝါဒနှင့် ဓလေ့ထုံးစံများကို ဝေဖန်ခြင်း မပြုဘဲ ဆိတ်ဆိတ်နေသော်လည်း ပညာဉာဏ်ရင့်ကျက်၍ မိမိ၏ လမ်းစဉ်ကို တကယ်တမ်း လိုက်နာကျင့်ကြံလိုကြသော ရဟန်းတို့ကို ဆုံးမရာ၌ကား ထိုထိုသော အယူဝါဒ၊ ဓလေ့ထုံးစံများနှင့် စပ်လျဉ်း၍ ပွင့်လင်းပြတ်သားစွာ ဟောကြားတော်မူလေသည်။

ဥပမာ–ဗုဒ္ဓသည် လူတို့၏ လူတန်းစားခွဲခြားမှု (ဝါ) ဇာတ်ဝါဒကို ပြင်းပြင်းထန်ထန် မရှုတ်ချသော်လည်း ရဟန်းဘောင်၌ ထိုဝါဒကို လုံးဝလက်မခံချေ။ မြစ်ကြီးငါးစင်းသည် သမုဒ္ဒရာထဲသို့ ရောက်သောအခါ ရှေးမူလအမည်ကွယ်ပျောက်၍ သမုဒ္ဒရာအဖြစ်သို့ ရောက်သကဲ့သို့ အမျိုးလေးပါးမှ လူတို့သည် သာသနာတော်၌ ရဟန်းပြုသောအခါ ရှေးအမည်အနွယ်တို့ကို စွန့်၍ အမျိုးဇာတ် ကွဲပြားမှုမရှိဘဲ ဘုရားသားတော် ရဟန်းဟူ၍ သာလျှင် ထင်ရှားကုန်၏ဟု ဟောတော်မူလေသည်။ (ဝိနည်း စူဠဝါပါဠိတော်)

ဗုဒ္ဓသည် အင်္ဂဝိဇ္ဇာ၊ ယတြာ၊ ဗေဒင်၊ ခါတ်ရိုက်ခြင်း၊ မန္တန်မန်းမှုတ်ခြင်း၊ အိပ်မက်ဖတ်ခြင်း စသော လောကီအတတ်ပညာများကို ယုံကြည်သော လူတို့အား ကဲ့ရဲ့ပြစ်တင်ခြင်း မပြုချေ။ သို့ရာတွင် ရဟန်းတို့အား မဂ်ဖိုလ်နှင့် ဖီလာဖြစ်သော ထိုလောကီပညာများကို လေ့လာခြင်း၊ သင်ကြားပို့ချခြင်း မပြုရန် တားမြစ် တော်မူခဲ့၏။ (သုတ္တနိပါတ် တုဝဋ္ဋသုတ်နှင့် ဝိနည်းစူဠဝါ ပါဠိတော်)

ပုထုဇဉ် လူသားတို့တွင် လောကီအယူ လုံးဝကင်းသော သူများကား အလွန်ရှား၏။ ပညာဗဟုသုတပြည့်စုံသော သူပင် ဖြစ်စေ၊ ရှေးပဝေဏီက မျိုးရိုးစဉ်ဆက် လက်ခံယုံကြည်ခဲ့သော လောကီအယူအားလုံးကို စွန့်နိုင်ခဲ၏။ ဗုဒ္ဓသည် ထိုအယူများနှင့် စပ်လျဉ်း၍ လူတို့အား အထူးအထွေ မဟောကြားခဲ့စေကာမူ ရဟန်းတို့အား ဟောကြားရာ၌ ၎င်းတို့ကို ကဲ့ရဲ့ရှုတ်ချလေ့ရှိ၏။ ရဟန်းတို့အား ဟောသော ဇာတ်ဝတ္ထုတစ်ခု၌ နက္ခတ်ကို ငံ့လင့်သော သူမိုက်အား အကျိုးသည် ယုတ်၏။ ကောင်းကင်ကြယ် နက္ခတ်တို့သည် အဘယ်အကျိုးကို ပြုစေလတ္တံ့နည်း စသည်ဖြင့် ဗေဒင်နက္ခတ် ယုံကြည်မှုကို ကဲ့ရဲ့ထား၏။ (ကေနိပါတ် ဇာတ်ဝတ္ထု နက္ခတ္တဇာတ်) မင်္ဂလာရှိသော အမည်ကို အလိုရှိသည့် ရဟန်းတစ်ပါးနှင့် စပ်လျဉ်း၍ အမည် မည်သည် ပညတ်မျှသာ ဖြစ်ကြောင်း၊ အမည်ဖြင့် ကိစ္စပြီးသည်မဟုတ်၊ ပြုလုပ်မှသာ ကိစ္စပြီးကြောင်း ရဟန်းတို့အား ဟောကြားတော်မူခဲ့၏။ (ဧက နိပါတ်ဇာတ်ဝတ္ထု နာမသိဒ္ဓိဇာတ်)

ဝိနည်းပိဋကမှ အောက်ပါ သာဓကသည်လည်း မှတ်သား ဖွယ်ကောင်း၏။

အခါတစ်ပါး၌ ဗုဒ္ဓသည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် တရားဟောနေစဉ် ရုတ်တရက် ချေဆတ်တော်မူ၏။ ထိုအခါ ရဟန်းတို့က "ဇီဝတု–အရှင်ဘုရားသည် အသက်ရှည်စွာ နေရပါစေသတည်း"ဟု ဆိုကြ၏။ ထိုအခါ ဗုဒ္ဓက "ရဟန်းတို့၊ ချေဆတ်သောသူကို ဇီဝတုဟု ဆိုကာမျှဖြင့် ထိုသူသည် အသက်

သည် အရှင်အာနန္ဒာအား "အာနန္ဒာ သွားချေ၊ ရေဆောင်ယူခဲ့လော့။ ဤရဟန်းကို ရေချိုးကုန်အံ့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ရေကို ဆောင်ယူလာ၏။ ဗုဒ္ဓသည် အရှင်အာနန္ဒာနှင့်အတူ ရဟန်း၏ကိုယ်ပေါ်သို့ ရေသွန်းလောင်း၍ ဆေးကြောပေး၏။ ဆေးကြောပြီးသော် ဗုဒ္ဓနှင့် အရှင်အာနန္ဒာတို့သည် ရဟန်းကို ချီမ၍ ညောင်စောင်းပေါ်၌ တင်ထားကြ၏။ ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် "ရဟန်းတို့၊ သင်တို့အား လုပ်ကျွေးမည့် အမိအဖတို့ မရှိကြကုန်။ သင်တို့သည် အချင်းချင်း မလုပ်ကျွေးလျှင် အဘယ်သူသည် လုပ်ကျွေးလတ္တံ့နည်း။ ရဟန်းတို့- ငါဘုရားကို လုပ်ကျွေးသောရဟန်းသည် နာဖျားသော ရဟန်းကိုလည်း လုပ်ကျွေးရာ၏" စသည်ဖြင့် ဟောတော်မူလေသည်။ (ဝိနည်းမဟာဝါပါဠိတော်)

ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌ ဗုဒ္ဓ၏ မေတ္တာကရုဏာဓာတ်ကြီးမားပုံကို ထင်ရှားစွာပြသော အလားတူဖြစ်ရပ်ပေါင်း မြောက်မြားစွာ ရှိခဲ့ပေလိမ့်မည်။ ၎င်းတို့ကို ပိဋကစာပေ၌ အမြောက်အမြားမတွေ့ရခြင်းမှာ ပိဋကဆရာများက ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို ဗုဒ္ဓ၏ တရားဒေသနာများလောက် ဂရုမပြုခဲ့ကြသောကြောင့် ဖြစ်တန်ရာ၏။ အထက်ဖော်ပြပါ ဖြစ်ရပ်သည်ပင် ရဟန်းတို့အား မိမိတို့နှင့် သီတင်းသုံးဖော် ရဟန်းတစ်ပါးပါး နာမကျန်းဖြစ်လျှင် လုပ်ကျွေးပြုစုကြရမည်။ ဤသို့ မလုပ်ကျွေး မပြုစုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေဟု အဘယ်ကြောင့် ဗုဒ္ဓက ပညတ်ခဲ့သည်ကို ဖော်ပြလိုသောကြောင့် ဝိနည်းပိဋက၌ ထည့်သွင်းထား

ခဲ့ကြဟန် တူ၏။ အကယ်၍ ထိုသို့သော ပညတ်ချက် တစ်စုံ တစ်ရာ မရှိခဲ့ပါမူ ဗုဒ္ဓက သူနာရဟန်းတစ်ပါးအား ကိုယ်တိုင် ကြင်နာစွာ ပြုစုတော်မူသော သာဓကကို ပိဋကဌ် ကျွန်ုပ်တို့ တွေ့ရလိမ့်မည်မဟုတ်ဟု ယူဆရပေသည်။

ဤမျှဖြင့်ပင် ဗုဒ္ဓ၏ ဆုံးမနည်းသည် ဗုဒ္ဓဝါဒအောင်မြင်မှု၏ အရေးပါသော အကြောင်းတစ်ပါးဖြစ်ကြောင်း ထင်ရှား၏။ ပိဋကစာပေကို ဆန်းစစ်ဝေဖန်လိုသောသူတို့သည် ဗုဒ္ဓ၏ ဆုံးမနည်းကို အထူးဂရုပြုသင့်၏။ သူတစ်ပါးကို ဆုံးမရသော မိဘ ဆရာ အကြီးအကဲနှင့် လူအများကို ဟောပြောရသော ခေါင်းဆောင်တို့သည်လည်း ဗုဒ္ဓ၏ ဆုံးမနည်းမှ အဖိုးတန် သင်ခန်းစာ အမြောက်အမြား ရရှိနိုင်ကြပေသတည်း။

## ဗုဒ္ဓမပေါ်မီက အိန္ဒိယ အယူဝါဒများ

အာရိယန်လူမျိုးတို့သည် ဘီစီ ၂၅၀၀ နှင့် ဘီစီ ၁၅၀၀– ခန့်အကြား အချိန်ကာလအတွင်းက အိန္ဒိယပြည်ထဲသို့ အနောက်မြောက်ဘက်မှ ဝင်ရောက်လာကြ၏။ ပထမရောက်စတွင် အိန္ဒုမြစ်ဝှမ်းဒေသ၌ နေထိုင်ကြ၍ နောက်ကာလကြာမှ ဂင်္ဂါမြစ်ဝှမ်းဒေသသို့ လူမျိုးပျံ့နှံ့သွားကြ၏။ သူတို့သည် ရှေးအိန္ဒိယတိုင်းရင်းသားများဖြစ်သော ဒြာဗီးဒီးယန်းလူမျိုးတို့နှင့် နေရာထိုင်ခင်းအတွက် မကြာခဏ တိုက်ခိုက်ကြရ၏။ သို့ရာတွင် ဒြာဗီးဒီးယန်းတို့မှာ အသင့်အတင့် ယဉ်ကျေးပြီးသော သူများဖြစ်၍ ၎င်းတို့ထံမှ အချို့သော ယဉ်ကျေးမှုအတတ်များကို အာရိယန်တို့ ရရှိကြလေသည်။

ထိုရှေးအာရိယန်လူမျိုးတို့သည် သူရိယ(နေ)၊ ဝရဏ(လေ)၊ ဣန္ဒ(မိုး)၊ အဂ္ဂနိ(မီး)စသော သဘာဝခြင်းရာ ကမ္ဘာ့တန်ဆာများကို ကိုးကွယ်ကြ၏။ သူတို့ ကိုးကွယ်သော နတ်ဘုရားများကို ဒေဝဟု ခေါ်၏။ သူတို့၏ အယူဝါဒမှာ အိန္ဒိယပြည်သို့ မရောက်မီက သူတို့တွင် ရှိနှင့်ပြီးသော ယုံကြည်မှုများနှင့် အိန္ဒိယ တိုင်း

ရင်းသား ဒြာဗီးဒီးယန်းတို့၏ ယုံကြည်မှုများကို ရောနှောထား သော အယူဝါဒဖြစ်၏။ သူတို့အယူဝါဒနှင့် ဓလေ့ထုံးစံများကို ရှေးဝေဒကျမ်းကြီးများ၌ ဖော်ပြထား၏။ ထိုဝေဒများမှာ လူသား များ၏ လက်ရာမဟုတ်ဘဲ နတ်ဘုရားများ၏ မုခပါဌ်တော်များ ဖြစ်သည်ဟု အာရိယန်တို့ ယုံကြည်ကြ၏။ လက်ဦး ပထမတွင် ဝေဒသုံးပုံသာ ရှိလေသည်။

ထိုဝေဒများတွင် ဣဂ္ဂျုဝေဒသည် ရှေးအကျဆုံး ဝေဒ ဖြစ်၏။ ဣဂ္ဂျုဝေဒတွင် နတ်ဘုရားများ၏ ဂုဏ်ကို ချီးမွမ်း ထောမနာ ပြုထားသော ကဗျာများနှင့် နတ်ဘုရားများအား လျှောက်ထားရန် အာရိယန်တို့က သူတို့လူမျိုး၏ အတိတ်ဖြစ်စဉ် အစုံအလင်ကို ဖွဲ့နွဲ့စပ်ဆိုထားသော ကဗျာများ ပါရှိ၏။ ဒုတိယ ပေါ်ပေါက်လာသော ဝေဒမှာ သာမဝေဒဖြစ်၏။ အာရိယန်တို့ သည် အာရှတိုက်အလယ်ပိုင်း၌ ရှိစဉ်က သောမ အမည်ရှိသော အပင်မှရသည့် သေရည်ကို နှစ်သက်ကြ၏။ ထိုသေရည်၏ အရှင် သောမဒေဝကို ရှိခိုးပူဇော်ကြ၏။ သာမဝေဒမှာ သောမနတ် ဘုရားနှင့် သက်ဆိုင်သော ကဗျာစုဖြစ်၏။ တတိယဝေဒဖြစ်သော ယဇုဝေဒ၌မူ နတ်ဘုရားများကို ရည်စူး၍ ပြုလုပ်ရသော ယဇ်ပူဇော်ပွဲများတွင် ရွတ်ဆိုလျှောက်ထားရသည့် ကဗျာစုနှင့် စကားပြေများပါရှိလေသည်။

အထက်ပါ ဝေဒသုံးပုံအပြင် အာတပ္ပနဝေဒဟု ခေါ်သော ဝေဒတစ်ခုလည်း ရှိသေး၏။ ထိုဝေဒမှာ ပဿမ ဝေဒ သုံးခု ပေါ်ပေါက်ပြီးနောက် ကာလအတန်ကြာမှ ထွက်ပေါ်လာသော

ဝေဒဖြစ်၏။ ပါဠိပိဋကက စာပေများ၌ ဗေဒင်(ဝေဒ) သုံးပုံဆိုသော စကားကိုသာ တွေ့ရ၏။ ဤစကားကို ထောက်ချင့်၍ ၇-ရာစု သို့မဟုတ် ၆-ရာစု ဘီစီ ခေတ်၌ပင် အာတပ္ပနဝေဒ မပေါ် ပေါက်သေးဟု ယူဆဖွယ်ရှိ၏။ ထိုဝေဒ၌ စုန်းကဝေ တစ္ဆေနှင့် နတ်မိစ္ဆာများကြောင့် ဖြစ်သော ရောဂါများနှင့် ရိုးရိုးသဘာဝ ရောဂါများကို ပျောက်ကင်းစေသည့် ဂါထာမန္တရားများနှင့် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိစသော သိဒ္ဓိအမျိုးမျိုး ပြီးစေသည့် ဂါထာ မန္တရားများ ပါရှိလေသည်။

ဝေဒခေတ်၌ အာရိယန် လူမျိုးတို့၏ ဘာသာတရားမှာ မိမိတို့၏ မျက်မှောက်ဘဝကောင်းစားရေးကို ပဓာနထားသော ဘာသာတရားဖြစ်၏။ သူတို့သည် တမလွန်လောက၊ တမလွန် ဘဝ အကြောင်းကို ရေးကြီးခွင်ကျယ်လုပ်၍ မစဉ်းစားကြချေ။ သေပြီးသည်၏ အခြားမဲ့၌ လူကောင်းသည် ချမ်းသာသုခကို ထာဝစဉ် ခံစားနေရ၍ မကောင်းသောသူမှာ အမြဲဆင်းရဲဒုက္ခ ခံနေရသည်ဟု သူတို့ယူဆကြ၏။ သို့ရာတွင် လူသည် ဘဝပေါင်း များစွာ ကျင်လည်ရသည်ဟူ၍ကား သူတို့ မယုံကြည်ကြချေ။ ကုသိုလ်ကံ ၊ ကုသိုလ်ကံကို ယုံကြည်သော ကမ္မဝါဒသည်လည်း ဝေဒခေတ်၌ မပေါ်ပေါက်သေးချေ။

ထိုခေတ်က အိန္ဒိယသားတို့ လေးလေးနက်နက်ယုံကြည် သော အရာသည်ကား ယဇ်ပူဇော်ပွဲ၏ အကျိုးအာနိသင်ဖြစ်၏။ ရှေးအိန္ဒိယပြည်၌ ပြုလုပ်လေ့ရှိသော ယဇ်ပူဇော်ပွဲတစ်မျိုး အကြောင်းကို ဒီဃနိကာယ် ကူဋဒန္တသုတ်၌ ဖော်ပြထား၏။

ယဇ်ပူဇော်ပွဲများကို ဆရာဗြာဟ္မဏ ပုဏ္ဏားများ၏ အကူအညီဖြင့် မပျက်မကွက် ပြုလုပ်ပေးပါမှ ဘေးဘယာကင်းကွာပြီး စီးပွား ဥစ္စာ တိုးတက်လိမ့်မည်ဟု သူတို့ယုံကြည်ကြ၏။ သူတို့၏ ယဇ် ပူဇော်ပွဲများမှာလည်း မနည်းလှချေ။ လဆန်း လပြည့်နေ့များ၌ ပြုလုပ်ရသော ပူဇော်ပွဲ၊ လေးလတစ်ကြိမ် ရာသီအလိုက် ပြုလုပ်ရသော ပူဇော်ပွဲ၊ တစ်နှစ်တစ်ကြိမ် သောမနတ်ဘုရားအား ရည်စူး၍ ပြုလုပ်ရသော ပူဇော်ပွဲစသည်ဖြင့် များပြားလှသော ယဇ်ပူဇော်ပွဲများကို ပြုလုပ်ကြလေသည်။

ယဇ်ပူဇော်ပွဲများ ပြုလုပ်ရာ၌ အစစအရာရာ တိကျမှန်ကန်ဖို့ အလွန်အရေးကြီး၏။ တစ်နေရာရာ၌ အနည်းငယ်မျှ မှားယွင်း ချွတ်ချော်ခဲ့လျှင် ယဇ်ပူဇော်ပွဲသည် လုံးဝအကျိုးမရှိဘဲ အချည်းနှီး ဖြစ်သွားပေလိမ့်မည်။ သို့ဖြစ်ရကား ယဇ်ပူဇော်ပွဲကို စီမံကြီးကြပ် ရသော ဗြာဟ္မဏ ပုဏ္ဏားသည် အလွန်အရေးပါသောသူ ဖြစ်၏။ ဝေဒကျမ်းများ၏ အဖွင့်ဖြစ်သော ဗြာဟ္မဏကျမ်းတစ်ကျမ်း၌မူ လောကတွင် ဘုရားနှစ်ဆူရှိရာ တစ်ဆူမှာ ဗြာဟ္မဏ ဖြစ်သည် ဆို၏။ ထိုကျမ်းအလိုအားဖြင့် ဗြာဟ္မဏမှာ လူ့လောက၌ ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ် ဆည်းကပ်ထိုက်သော ပုဂ္ဂိုလ် ဖြစ်လေသည်။

ဗြာဟ္မဏသည် ယဇ်ပူဇော်ပွဲနှင့် စပ်လျဉ်းသော အမှုကိစ္စကို စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးသည် မဟုတ်ချေ။ ယဇ်ပူဇော်ပွဲ ပြုလုပ်လိုသောသူသည် ပိုက်ဆံကြေးငွေ အမြောက်အမြား အကုန် အကျခံရ၏။ ယဇ်ပူဇော်ပွဲ၌ သတ်ဖြတ်ရန် တိရစ္ဆာန်များကို

ဝယ်ယူရ၏။ ကူညီလုပ်ကိုင်ပေးသော လူများအတွက် စရိတ်ခံရ၏။ ကြီးကြပ်စီမံသော ဗြာဟ္မဏတို့အား အခကြေးငွေပေးရ၏။ ထိုသို့ သူတို့အား ပေးရသော အဖိုးအခမှာ မနည်းလှချေ။ သူတို့သည် သူတို့အား ပေးရသည့် အဖိုးအခနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ သတ်မှတ်ထား၍ ထိုစည်းမျဉ်းများအတိုင်း ရက်ရက်စက်စက် မညှာမတာ တောင်းဆိုကြ၏။ အဖိုးအခအဖြစ် အဖိုးတန် အထည်အဝတ်၊ ကျွဲ၊ နွား၊ မြင်း သို့မဟုတ် ရွှေကို ပေးကြရ၏။ ရွှေကို သူတို့ အတပ်မက်ဆုံး ဖြစ်လေသည်။

ဗြာဟ္မဏတို့၏ လောဘရမ္မက်ကြီးမှုသည် လူတို့၏ ဘာသာရေး အတွေးအခေါ်ကို ပြောင်းလဲတိုးတက်စေသော အကြောင်းတစ်ပါးဖြစ်၏။ အချို့သော ပညာရှင်တို့ကမူ ဝေဒခေတ်ကုန်ခါနီးလောက်တွင် အီရန်ပြည်၌ ပေါ်ပေါက်ခဲ့သည့် ဘာသာရေးခေါင်းဆောင်ကြီး ဇိုရတ်စတား၏ ဝါဒများသည် အိန္ဒိယပြည်သို့ ပျံ့နှံ့လာ၍ အိန္ဒိယဘာသာတရားကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေသည်ဟု ဆိုကြ၏။ မည်သို့ပင် ဖြစ်စေ၊ ကာလကြာသော် လူတို့သည် ယဇ်ပူဇော်ပွဲများ၏ အကျိုးအာနိသင်ကို ယုံမှားသံသယ ဖြစ်လာကြ၏။ ဝေဒကျမ်းလာ စကားများကို မျက်စိမှိတ်၍ လက်မခံကြတော့ဘဲ အမှန်တရားကို နက်နက်နဲနဲ ရှာကြံ စဉ်းစားလာကြလေသည်။

ဗုဒ္ဓလက်ထက်မတိုင်မီက အိန္ဒိယပြည်၏ အခြေအနေကို ဖော်ပြထားသော ၅၅၀–နိပါတ်ဝတ္ထုများတွင် စည်းစိမ်ဥစ္စာကို

စွန့်၍ တောထွက်ပြီးလျှင် တရားအားထုတ်သော ဗြာဟ္မဏပုဏ္ဏား များနှင့် ခတ္တိယနွယ်ဝင် ဘုရင် အမတ် စစ်သူကြီးများအကြောင်း ကို ကျွန်ုပ်တို့ ဖတ်ရှုရ၏။ ဗြာဟ္မဏအားလုံးမှာ ယဇ်ပူဇော်ပွဲများ နှင့် စီးပွားရှာသူများ မဟုတ်ချေ။ အချို့ဗြာဟ္မဏတို့သည် လယ်လုပ်ခြင်း စသော အခြားအလုပ်အကိုင်များဖြင့် အသက်မွေး ကြ၏။ သူတို့အထဲမှ အချို့သော ဉာဏ်ပညာရှိသည့် ဗြာဟ္မဏ တို့သည် ဝေဒကျမ်းများကို ပယ်၍ အမှန်တရားကို ရှာဖွေသော လူတစ်စုတွင် ပါဝင်ကြ၏။ ထိုလူတစ်စု၏ ဘာသာရေး အယူ အဆများကို ဥပနိသျှမည်သော ကျမ်းကြီးများတွင် တွေ့ရ၏။ ဥပနိသျှကျမ်းများသည် ဘီစီ ၈၀၀–နှင့် ၆၀၀–အတွင်း၌ ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်တို့ ယူဆကြလေသည်။

ဥပနိသျှကျမ်းများ၏ အလိုအားဖြင့် လောက၌ ဗြဟ္မာ၊ သို့မဟုတ် ပရမတ္တမ (Atman) သာလျှင် ပရမတ္ထအားဖြင့် ကောန်ထင်ရှားရှိ၏။ ရေထဲရှိ ဆားသည် တစ်နေရာတည်း၌ မရှိဘဲ နေရာမလပ် တရစပ်ပြန့်နှံ့နေဘိသကဲ့သို့ ပရမတ္တမသည် ပုဂ္ဂိုလ်သတ္တဝါအားလုံး၌ ပြန့်နှံ့၍တည်၏။ မီးတောက် မီးလျှံ များသည် မီးမှ ထွက်ပေါ်လာသကဲ့သို့၊ အသံသည် တူရိယာမှ ထွက်ပေါ်သကဲ့သို့ သတ္တဝါအားလုံးသည် ပရမတ္တမမှ ထွက်ပေါ် လာကြ၏။ လှည်းဘီး၏ ဘီးထောက်အားလုံးသည် ပုံတောင်း၌ စုပေါင်းကြ၏။ သို့ရာတွင် ပရမတ္ထမသည် အကောင်းဆုံး အမြင့်မြတ်ဆုံးဖြစ်၍ ၎င်း၏ ပရမတ္ထဂုဏ်အင်္ဂါများကို လူတို့ ဉာဏ်ဖြင့် စဉ်စားကြံဆသော်လည်း ဘာမျှသိရမည်မဟုတ်ချေ။

၎င်းသည် အစိန္တေယျဖြစ်၍ ဥပနိသျှကျမ်းပြုဆရာတို့က ၎င်းမှာ ဤသို့ မဟုတ်၊ ထိုသို့လည်း မဟုတ်ဟူ၍သာ ငြင်းဆိုကြလေသည်။

လောကတွင် ပရမတ္တမမှတပါး အခြားဘာမျှမရှိချေ။ ရှိသမျှသော သက်ရှိသက်မဲ့ အရာတို့သည် မာယာမျှသာ ဖြစ်ကြ၏။ တစ်နည်းဆိုသော် လူတို့ အမြင်မှား၍ ကေန္တ ထင်ရှားရှိသည်ဟု ထင်မှတ်နေကြခြင်းဖြစ်၏။ ပရမတ္တအားဖြင့် ထင်ရှားရှိသော အရာများ မဟုတ်ကြချေ။ ၎င်းတို့သည် ပရမတ္တမကဲ့သို့ နိစ္စရုပ အသခ်တခတ် မဟုတ်သဖြင့် အတည်မမြဲ ပြောင်းလဲ ဖောက်ပြန်သော သဘောရှိ၏။ ထာဝရသုခနှင့် ကင်း၍ ဆင်းရဲဒုက္ခနှင့် အမြဲ ဒွန်တွဲနေကြ၏။

လူ၌ အတ္တရှိ၏။ အတ္တသည် ပရမတ္တမ၏အစိတ်အပိုင်းဖြစ်၍ မြဲ၏။ လူ၏ ကိုယ်ကာယသည်ကား မမြဲဘဲ ဖောက်ပြန်ပျက်စီး၏။ အတ္တသည် ဗြဟ္မာ (ဝါ) ပရမတ္တမနှင့် မပူးပေါင်းဘဲကွဲကွာနေသောကြောင့် သံသရာ ဘဝပေါင်းများစွာ ကျင်လည်နေရ၏။ အတ္တအား ဘဝသံသရာ၌ နှောင်ဖွဲ့ထားသော တရားနှစ်ပါးမှာ ကာမတဏှာနှင့် ကံအကြောင်းတရားဖြစ်၏။ လူသည် မိမိပြုသောကံက သတ်မှတ်ပြဋ္ဌာန်းသည့်အတိုင်း ဘဝသံသရာ၌ ကျင်လည်ရ၏။ မကောင်းမှုပြုသော သူသည် သေသောအခါ၌ မကောင်းသော ဘဝသို့ ကူးပြောင်း၍ ကောင်းမှုပြုသော့သူမှာ ကောင်းရာသုဂတိသို့ လားရ၏။

သို့ဖြစ်စေကာမူ လူသည် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာမျှနှင့် သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်နိုင်မည် မဟုတ်ချေ။ ဝေဒများကို သင်အံရွတ်ဖတ်ခြင်း၊ ယဇ်ပူဇော်ခြင်းစသော အလုပ်များသည်လည်း သံသရာဝဲဩဃမှ လွတ်မြောက်ရေးအတွက် အချည်းနှီးသာဖြစ်၏။ လူသည် လူ့စည်းစိမ်၊ နတ်စည်းစိမ်မည်မျှခံစားရစေကာမူ မိမိ၏ မူလပင်မ ဖြစ်သော ဗြဟ္မာနှင့် ပြန်လည် ပူးပေါင်းမိမှသာလျှင် ဇာတိ ဇရာ မရဏဘေးမှ ကင်းဝေးသော ထာဝရသုခ အစစ်အမှန်ကို ရရှိပေလိမ့်မည်။ သို့ဖြစ်၍ ဘဝသံသရာ၌ နှောင်ဖွဲ့ထားသော ကာမတဏှာကို ပယ်ဖြတ်ဖို့လို၏။ တဏှာကို ပယ်ဖြတ်ရန်အတွက် သိမှုသည် အရေးကြီး၏။ လူသည် မိမိ၏ မူလပင်မ ဖြစ်သော ဗြဟ္မာကို သိအောင် (ဝါ) ငါသည် ဗြဟ္မာ၊ ဗြဟ္မာသည် ငါဖြစ်ကြောင်း ဝိပဿနာဉာဏ်ဖြင့် သိမြင်အောင် အားထုတ်ရပေလိမ့်မည်။ ထိုသို့အားထုတ်၍ အသိဉာဏ်ရင့်ကျက်လာသောအခါ တဏှာ၏ ရစ်ပတ်နှောင်ဖွဲ့ခြင်းကို မခံရတော့ဘဲ ဘဝသံသရာမှ လွတ်မြောက်မည် အမှန်ဖြစ်၏။

အထက်ပါ အချက်များမှာ ဥပနိသျှကျမ်းလာ အယူဝါဒ၏ အကျဉ်းချုပ်ဖြစ်၏။ ထိုအယူအဆများသည် စဉ်းစားဉာဏ်ရှိ၍ ဘာသာရေးအမြင် တိုးတက် ရင့်သန်လာသော လူတစ်စု၏ အယူအဆများသာ ဖြစ်ရကား အိန္ဒိယပြည်သား လူထုတစ်ရပ်လုံးက ၎င်းတို့ကို လက်ခံသည်ဟု ထင်လျှင် မှားပေလိမ့်မည်။ အမှန်ဆိုသော် ဝေဒကျမ်းလာ အယူဝါဒသည်ပင် လူများစု၏

တစ်ခုတည်းသော အယူဝါဒမဟုတ်ချေ။ ပထမဝေဒကျမ်းကြီး ၃–ကျမ်း၌ မပါရှိသော်လည်း ဝေဒခေတ်မတိုင်မီကပင် ရှိခဲ့ပြီးဖြစ်သော အယူဝါဒများသည် ဥပနိသျှခေတ်အထိ ဆက်လက်တည်ရှိခဲ့ပေလိမ့်မည်။ ၎င်းတို့မှာ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းလိုလိုပင် လိမ္မာယဉ်ကျေးမှု မရှိသေးသောအခါက လက်ခံယုံကြည်ခဲ့သည့် စုန်း၊ ကဝေ၊ တစ္ဆေ ဆိုင်ရာ အယူဝါဒများဖြစ်၏။ ထိုအယူဝါဒများကို စတုတ္ထဝေဒဖြစ်သော အာတဗ္ဗနဝေဒ၌ တွေ့ရလေသည်။

ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ "အချို့သော သမဏ ဗြာဟ္မဏတို့သည် လူတို့ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းအကျင့်နှင့် ဆန့်ကျင်၍ မှားသော 'အသက်မွေးမှုဖြစ်သည့် အတတ်တို့ဖြင့် အသက်မွေးကြ၏။ ဗုဒ္ဓဘုရားရှင်သည်ကား ထိုသို့အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူသည်"ဟု ပါရှိ၏။ ထို့နောက် ထိုအတတ်အမျိုးမျိုးကို အကျယ်ဖော်ပြထား၏။ ၎င်းတို့မှာ အင်္ဂဝိဇ္ဇာအတတ်, ဖုတ်တစ္ဆေအတတ်, သားကောင်လက္ခဏာအတတ်, နတ်ကိုးခြင်းအတတ်, နေကို လုပ်ကျွေးခြင်းအတတ်, လောကယတကျမ်းအတတ်, ကြွက်ကိုက် ကျမ်းအတတ်, အိပ်မက်ဖတ်ကျမ်းအတတ် စသည်တို့ဖြစ်၏။ ထိုစာရင်းတွင် ထူးဆန်းသောအတတ်များ၊ ဥပမာ– ငှက်သံအတတ်, သားမြည်အတတ်, မြားလွှဲအတတ်, မြေကြန်အတတ်, ခံတွင်းမှ မီးတောက်စေခြင်းအတတ်, မှန်၌ နတ်သွင်း၍ မေးခြင်းအတတ်, လက်ဟန့်မန္တန်

စုတ်ခြင်းအတတ်စသည်တို့လည်း ပါဝင်၏။ ၎င်းတို့မှာ ယခုကာလ မနုဿဗေဒပညာရှင်များအဖို့ အတော်စိတ်ဝင်စားဖွယ်ကောင်းသော အရာများ ဖြစ်ပေလိမ့်မည်။

ဗြာဟ္မဏတို့သည် အဆိုပါအတတ်များဖြင့် စီးပွားလမ်းဖြောင့်ကြသည်ဆိုသော စကားကို ထောက်ချင့်၍ ထိုခေတ်က ၎င်းအတတ်များကို လူတို့ အတော် ယုံကြည် စွဲလမ်းကြောင်း ထင်ရှားပေသည်။

သို့ဖြစ်၍ ဘီစီ ၆-ရာစုခေတ်က အိန္ဒိယပြည်တွင် ပညာဉာဏ် နည်းပါးသော လူများစုသည် လက္ခဏာဗေဒင် အင်းအိုင်မန္တန်နှင့် စုန်း နတ် ကဝေ စသည်တို့ကို ယုံကြည်ကြ၏။ အနည်းငယ် စဉ်းစားဉာဏ်ရှိသော အချို့လူများသည် ဝေဒကျမ်း များကို အားကိုးကြ၏။ ထိုသူတို့ထက်ပို၍ စဉ်းစားဉာဏ်ရင့်သော လူနည်းစုမှာ ဥပနိသျှကျမ်းလာ အယူအဆများကို လက်ခံကြ၏။ ဤသို့သော အခြေအနေတွင် ဗုဒ္ဓဝါဒနှင့် ဇိန (ဝါ) ဂျိန်းဝါဒ ပေါ်ပေါက်လာကြလေသည်။

ဗုဒ္ဓဝါဒသည် ဥပနိသျှကျမ်းများ၏ဝါဒနှင့် အစစအရာရာ ထပ်တူ မတူညီသော်လည်း တူညီသော အချက်များစွာ ရှိကြောင်း ကိုးကား ယုံမှားစရာ မရှိချေ။ ပါဠိပိဋကလာ ကံ, ကံ၏အကျိုးတရား၊ အနိစ္စ ဒုက္ခတရား၊ သံသရာကျင်လည်ခြင်း၊ တဏှာက လူသတ္တဝါအား ဘဝသံသရာ၌ နှောင်ဖွဲ့ထားခြင်း၊ သိမှု၏ အရေးကြီးခြင်းစသည်တို့သည် ဥပနိသျှကျမ်းများ၌ ပါရှိပြီးဖြစ်၏။ ထို့ကြောင့် အချို့သော အနောက်နိုင်ငံပညာရှင်တို့က ဗုဒ္ဓဝါဒသည်

ဥပနိသျှကျမ်းလာ ဗြာဟ္မဏဝါဒ၏ အဆွယ်အပွားဖြစ်သည်ဟု ယူဆကြလေသည်။

ပါဠိပိဋကစာပေ၌မူ ဗြာဟ္မဏဝါဒကို ရည်ညွှန်းသော စကားများမပါရှိချေ။ ပါဠိပိဋကလာ "ဗြဟ္မာ"သည် ဥပနိသျှကျမ်းလာ ဗြဟ္မာနှင့် အနက်အဓိပ္ပာယ် များစွာ ကွာခြား၏။ ဒီဃနိကာယ် ဗြဟ္မဇာလသုတ်နှင့် သာမညဖလသုတ်များ၌ ဘုရားရှင်လက်ထက်က အိန္ဒိယပြည်တွင် ရှိသော ဝါဒများကို ဖော်ပြထား၏။ သို့ရာတွင် ထိုသုတ်များ၌ ဥပနိသျှကျမ်းလာ အယူအဆများကို မတွေ့ရချေ။

ဥပနိသျှ ကျမ်းလာ ဗြဟ္မဟူသော ပုဒ်သည် ဗြဟ္မဝိဟာရ ဗြဟ္မစရိယ ဗြဟ္မစက္က စသော ပါဠိပုဒ်များ၌ ပါရှိသည့် ဗြဟ္မာနှင့် အနက်အဓိပ္ပာယ် ခပ်ဆင်ဆင်တူ၏။ အကောင်းဆုံးအမြတ်ဆုံး ဟူသော အနက်ကို ဟော၏။ ဗြဟ္မာဟူသော ပုဒ်သည် ပုလ္လိင်ပုဒ် "ဗြဟ္မ"က အသက်ဝင်လာ၍ ပုလ္လိင်အဖြစ်သို့ ပြောင်းလဲလာသော ပါဠိပုဒ်ဖြစ်၏။ ပါဠိစာပေ၌ ဗြဟ္မာတစ်ဦးတည်း မဟုတ်ဘဲ သဟံပတိဗြဟ္မာ၊ ဗကဗြဟ္မာစသည်ဖြင့် ဗြဟ္မာပေါင်းများစွာ ပွားများလာခြင်းကို ထောက်ချင့်၍ ဗုဒ္ဓဝါဒသည် ဥပါနိသျှကျမ်း လာ အယူအဆများ ပေါ်ပေါက်ပြီးနောက် ကာလအတော်ကြာမှ ပေါ်ထွက်လာသည်ဟု ပရိဖက်ဆာ အိုလဒင်ဗတ်က ယူဆ၏။ သူ၏အလိုအားဖြင့် ဥပနိသျှ ကျမ်းများသည် အိန္ဒိယတောရွာ လူထု၏ ဘဝအခြေကို ဖော်ပြ၍ ပါဠိပိဋကများ၌မူ တိုးတက် လာသော မြို့နေလူများအကြောင်းကို တွေ့ရ၏။ ဤအချက်သည်

လည်း ဥပနိသျှများက ပိဋကများထက် ရှေးကျကြောင်း ထင်ရှားစေ၏။ သို့ရာတွင် ဟော့ပ်ကင် အစရှိသော ပညာရှင်တို့ကမူ ရှေးအကျဆုံး ဥပနိသျှကျမ်းသည်ပင် ဘီစီ ၇-ရာစုလွန်မှ ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြလေသည်။

မည်သို့ပင်ဖြစ်စေ ဘီစီ ၆-ရာစုခေတ်က ဗုဒ္ဓဝါဒထွန်းကားရာ ဂင်္ဂါမြစ်ဝှမ်း အလယ်ပိုင်းဒေသသည် ဗြာဟ္မဏတို့ တန်ခိုးသြဇာ ပျံ့နှံ့ရာ အရပ်ဒေသ မဟုတ်သေးချေ။ ဤအချက်ကို တစ်ခါက အခြားမဂ္ဂဇင်းတစ်စောင်၌ ကျွန်ုပ် အကျယ်ရေးသားခဲ့ပြီးဖြစ်၏။ သို့ဖြစ်စေကာမူ ကောသလတိုင်း၊ မဂဓတိုင်းစသော မဇ္ဈိမဒေသ အရပ်ရှိ လူတို့သည် ဘုရားမပွင့်မီကပင် ဥပနိသျှနှင့် ပိဋက ကျမ်းလာ အချို့သောဝါဒများကို လက်ခံယုံကြည်ကြပြီး ဖြစ်တန်ရာ၏။ ပိဋကစာပေ၌ အနတ္တတရားနှင့် အခြားအနည်းငယ်သော ဗုဒ္ဓတရားကိုသာ အချို့လူများ ယုံမှား သံသယ ဖြစ်ကြ၍ ဘုရားရှင်က အတော်အတန် ရှင်းလင်းဟောပြောရ၏။ အနိစ္စဒုက္ခ တရား၊ ကံအကျိုးတရားစသော တရားများကိုကား လူတို့က မည်သို့မျှ သံသယမရှိကြချေ။ ထိုတရားများကို လူတို့ အလွယ်တကူ လက်ခံယုံကြည်ကြခြင်းမှာ ဗုဒ္ဓဝါဒ မပေါ်မီကပင် မဇ္ဈိမ ဒေသ၌ ၎င်းတရားများ ပြန့်နှံ့နေသောကြောင့် ဖြစ်ပေလိမ့်မည်။

သို့ဖြစ်လျှင် အချို့သော ပညာရှင်များ ယူဆသကဲ့သို့ ပါဠိပိဋကထက် ရှေးကျသည်ဆိုသော ဥပနိသျှကျမ်းလာအချို့ အယူဝါဒများသည် ဗြာဟ္မဏတို့မှတစ်ဆင့် တစ်နည်းနည်းအားဖြင့်

မဒ္ဒိမဒေသသို့ ပြန့်နှံ့သွားသည်ဟု ဆိုနိုင်ပါသလော။ ဤမေးခွန်းမှာ စဉ်းစားစရာဖြစ်၏။

ဝေဒ, ဗြာဟ္မဏ, ဥပနိသျှစသော ရှေးအိန္ဒိယဘာသာရေးကျမ်းများကိုသာ ဖတ်ရှုလေ့လာဖူးသော သူသည် ရှေးဗြာဟ္မဏပုဏ္ဏားတို့ကို မုချအထင်ကြီးမိပေလိမ့်မည်။ ထိုရှေးအခါကဗြာဟ္မဏတို့၏ ဇာတ်ဝါဒ (ဝါ) လူမျိုးကြီးဝါဒသည် အိန္ဒိယနိုင်ငံ၌ ကြီးထွားရင့်သန်ခြင်း မရှိသေးစေကာမူ ဗြာဟ္မဏတို့မှာပညာဉာဏ်ထူးချွန်၍ အမှန်တရားကို ရှာဖွေသော ဘာသာရေးခေါင်းဆောင်များအဖြစ်ဖြင့် လူတို့၏ကြည်ညိုလေးစားခြင်းကိုခံခဲ့ကြရလိမ့်မည်ဟု ထင်မြင်ပေလိမ့်မည်။ ဒေါက်တာရိုင်း(စ်)ဒေးဗစ်၊ ပရိဖက်ဆာ ဘန္ဒကာစသော ပညာရှင်တို့ကမူ ထိုသို့မမြင်ကြချေ။ ပရိဖက်ဆာ ဘန္ဒကာသည် ဇာတ်ကြီးသောဗြာဟ္မဏနွယ်ဝင် အိန္ဒိယအမျိုးသား ပညာရှင်တစ်ဦးဖြစ်၏။ သို့ဖြစ်စေကာမူ သူက ဗြာဟ္မဏတို့မှာ ရှေးအခါက အိန္ဒိယဘာသာရေးနယ်တွင် ထင်ရှားသောသူများ မဟုတ်ပါဟုဆိုလေသည်။

ပရိဖက်ဆာ ဘန္ဒကာသည် သူ၏ ယူဆချက်အတွက်ခိုင်လုံသော ရှေးအိန္ဒိယကျောက်စာများကို အထောက်အထားပြ၏။ ထိုကျောက်စာများ၏ အလိုအားဖြင့် အိန္ဒိယပြည်တွင် ခရစ်တော်ပေါ်ပြီးနောက် ဒုတိယရာစုခေတ်သို့ ရောက်မှသာလျှင် ဗြာဟ္မဏတို့အား မြေယာများ လှူဒါန်းကြောင်း သိရ၏။ အေဒီ တတိယ

ရာစုခေတ် ကျောက်စာများ၌လည်း အလားတူ သာဓကများကို တွေ့ရ၏။ စတုတ္ထရာစုခေတ်နှင့် ထိုမှ နောက်ခေတ် ကျောက်စာများ၌မူ လူတို့က ဗြာဟ္မဏတို့အား ကျေးရွာနှင့် မြေယာလှူဒါန်းသော သာဓက အမြောက်အများကို တွေ့ရလေသည်။ သို့ရာတွင် ဘီစီ ၃၀၀-မှ အေဒီ ၁၀၀-အထိ ကာလအတွင်း၌မူ ဗြာဟ္မဏတို့ကို ကျောက်စာများက အလျဉ်းမဖော်ပြကြချေ။ ဘုရင် မင်းညီမင်းသား မှူးမတ် သူဌေးသူကြွယ် ကုန်သည်များ၏ အလှူဒါနများကို မှတ်တမ်းတစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ ဤအချက်ကို ထောက်ချင့်၍ ဗြာဟ္မဏတို့မှာ ထိုခေတ်က ထင်ရှားသော ဘာသာရေး ခေါင်းဆောင်များ မဟုတ်ကြောင်း သိနိုင်၏။ သူတို့သည် ထိုခေတ်ကပင် ဘာသာရေးနယ်၌ မထင်ရှားခဲ့လျှင် ထိုခေတ်မတိုင်မီ ဘီစီ ၇-ရာစု၊ ၆-ရာစုအချိန်ကာလ၌မူ သာ၍ မထင်ရှားသောသူများ ဖြစ်သည်ဟု ယူဆဖွယ်ရှိပေသည်။

အမှန်ဆိုသော် အမှန်တရားကို ရှာဖွေသော ရှေးအိန္ဒိယပြည်သားတို့မှာ ဗြာဟ္မဏမျိုးချည်း မဟုတ်ကြချေ။ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာကို တည်ထောင်သောသူများမှာ ခတ္တိယနွယ်ဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဘုရားလက်ထက်က အိန္ဒိယပြည်တွင် ထင်ရှားသော ပရိဗိုဇ်များမှာလည်း အားလုံး ဗြာဟ္မဏများ မဟုတ်ကြချေ။ ဘုရားလက်ထက် မတိုင်မီက အရေးပါသော ဘာသာရေး ခေါင်းဆောင်များသည်လည်း လူတန်းစားအမျိုးမျိုး ဖြစ်ကြ၏။ မာတင်္ဂဇာတ်၌ တောထွက်၍ ရဟန်းပြုသော ဘုရားလောင်းသည် ဒွန်းစဏ္ဍားအမျိုး ဖြစ်၏။ သို့ဖြစ်စေကာမူ ထိုသို့ တရားစစ်

တရားမှန် ရှာကြံသောပုဂ္ဂိုလ်တစ်စုတွင် ဗြာဟ္မဏနှင့် ခတ္တိယတို့ အများဆုံးပါဝင်သည်ဟု ဆိုရပေမည်။

ထိုသူတို့သည် ဝေဒကျမ်းလာ အယူအဆများကို ဝေဖန်ဆန်းစစ်ကြ၏။ ယဇ်ပူဇော်ပွဲများ၏ အကျိုးတရားများကို ယုံမှားသံသယ ရှိလာကြ၏။ အတ္တဓိဝ (ဝါ) ဝိညာဉ်၏ အကြောင်းကိုလည်းကောင်း၊ လူ့ဘဝအကြောင်းကိုလည်းကောင်း စဉ်းစားဆင်ခြင်ကြ၏။ ထိုသို့စဉ်းစားဆင်ခြင်ရာမှ လူ့ဘဝ၏ အနှစ်သာရချမ်းသာသုခကင်းမဲ့မှု၊ ဘဝသံသရာ ကျင်လည်မှု၊ ဘဝတဏှာနှင့် မိမိပြုသော အမှုကို အကြောင်းပြု၍ ဘဝသစ်ဖြစ်ပေါ်မှုစသည်တို့ကို ယုံကြည်လာကြ၏။ ဘဝသံသရာမှ လွတ်မြောက်ရာ နည်းလမ်းများ ရှာကြံ၍ ဝါဒအမျိုးမျိုး တည်ထောင်ကြလေသည်။

သူတို့၏ အယူအဆများသည် ဘီစီ ၈-ရာစုနှင့် ဘီစီ ၆-ရာစုအကြား ကာလအတွင်း၌ အိန္ဒိယပြည်မြောက်ပိုင်းတွင် အတော်အတန် ပျံ့နှံ့သွားတန်ရာ၏။ သို့ဖြစ်ရကား ပါဠိပိဋကကျမ်းလာ အချို့အယူအဆများကို ဗုဒ္ဓဘုရားမပွင့်မီကပင် မဇ္ဈိမဒေသရှိ လူတို့ သိရှိ နားလည်နေကြခြင်းမှာ ဥပနိသျှကျမ်းများကြောင့် မဟုတ်ဘဲ ဗြာဟ္မဏနှင့် ခတ္တိယပညာရှင်တို့၏ အယူဝါဒများ မဇ္ဈိမဒေသသို့ ပြန့်ပွားခဲ့ခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

ဂေါတမဗုဒ္ဓဘုရားမပွင့်မီက အိန္ဒိယပညာရှင်တို့၏ စဉ်းစားတွေးခေါ်မှုသည် ပရမတ္တမဝါဒတွင် အဆုံးသို့ရောက်၏။ သတ္တဝါ

အားလုံးသည် ပရမတ္တမ (ဝါ) ဗြဟ္မာ၏အစိတ်အပိုင်း ဖြစ်သည် ဆိုသော အယူမှာ သူတို့အဖို့ အနက်နဲဆုံးအယူဖြစ်၏။ ဒေါက်တာ ရိုင်း(စ်)ဒေးဗစ်၏ အလိုအားဖြင့် ဤအယူသည်ပင် မူလပထမက ဗြာဟ္မဏတို့၏ အယူမဟုတ်ချေ။ "ဤအယူသည် ဗြာဟ္မဏတို့မှ စတင် ဖြစ်ပေါ်လာသော အယူမဟုတ်ကြောင်း ကျွန်ုပ်တို့၌ သက်သေအထောက်အထား များစွာရှိပါသည်။ ဤအယူကို စတင် ဖြစ်ပေါ်စေ၍ ဗြာဟ္မဏတို့အား သင်ကြားပြသခဲ့သော ခတ္တိယအမျိုးသားတို့၏ အမည်များကို ဗြာဟ္မဏစာပေ၌ တွေ့ရ ပါသည်"ဟု သူက ရေးသားထား၏။

ဝေဒကျမ်းများကို လက်ကိုင်ပြု၍ ဘာသာရေးခေါင်းဆောင် လုပ်လိုသော ဗြာဟ္မဏတို့သည် ထိုကျမ်းများကို ပစ်ပယ်၍ အမှန် တရား ရှာဖွေသော သူတို့၏ အယူအဆသစ်များကို ကြာရှည် လျစ်လျူရှုမထားနိုင်ကြချေ။ သူတို့သည် မှော်ပညာ စုန်းကဝေ ပညာနှင့် အခြားအောက်လမ်းပညာအယူဝါဒများကို မူလပထမက ပယ်ထားသော်လည်း ၎င်းတို့မှာ လူများစု၏ ဝါဒများဖြစ်သော ကြောင့် နောက်ကာလ၌ ၎င်းပညာရပ်များပါရှိသော စတုတ္ထဝေဒ ကျမ်းကို ဖန်တီးကြရ၏။ ထို့နည်းအတူ ဝေဒကျမ်းများကို တော်လှန်၍ အမြင်မှန်ရရှိမှုကို ပဓာနထားသော အယူအဆ သစ်များ ပေါ်ပေါက်လာသောအခါ၌လည်း ၎င်းတို့မှာ ပညာတတ် လူတန်းစားလောက၌ တစ်စတစ်စ ပြန့်ပွားလာသောကြောင့် ဗြာဟ္မဏတို့သည် လျစ်လျူရှုမနေနိုင်ဘဲ သူတို့၏ကျမ်းစာများ၌ ထည့်သွင်းဖော်ပြကြရလေသည်။

အမှန်ဆိုသော် သူတို့သည် ထိုဝါဒသစ်များကြောင့် သူတို့၏ ဩဇာတိက္ကမ ယုတ်လျော့သွားမည်ကို စိုးရိမ်ကြ၏။ သို့ဖြစ်၍ အမျိုးကောင်းသားသည် ပထမအရွယ်၌ ဗြာဟ္မဏဆရာတို့အထံ၌ ပညာရှာမှီးရမည်။ ဒုတိယအရွယ်၌ အိမ်ရာထောင်၍ စီးပွားဥစ္စာရှာဖွေစုဆောင်းရမည်။ တတိယအရွယ်သို့ရောက်၍ ဆံပင်ဖြူ အရေတွန့်လိမ်ပြီး မြေးရသောအခါကျမှ တောထွက်ရမည်ဟု သတ်မှတ်ထား၏။ ထို့အပြင် ဝေဒကျမ်းများကို လူငယ်များ လေ့လာရမည်။ ဗြာဟ္မဏကျမ်းများကို လူကြီးများ လေ့လာ၍ ဥပနိသျှကျမ်းများကိုကား သက်ကြီးရွယ်အိုများသာ လေ့လာရမည်ဟု သူတို့၏ ကျမ်းများက ဆိုထားလေသည်။

သို့ဖြစ်စေကာမူ ဗြာဟ္မဏတို့သည် ဝါဒသစ်များ၏ တိုးတက်ပြန့်ပွားလာမှုကို ထိထိရောက်ရောက် မတားဆီးနိုင်ကြချေ။ ထိုသို့တားဆီးနိုင်ရန်လည်း သူတို့မှာ စည်းလုံးညီညွတ်ခြင်း မရှိဘဲ တကွဲတပြားစီဖြစ်နေကြ၏။ သူတို့တွင် သူတို့နောက်မှ ပေါ်ပေါက်လာသော ဗုဒ္ဓဝါဒီ ရဟန်းနှင့် ဇိန(ဂျိန်း)ဝါဒီ ရဟန်းတို့မှာကဲ့သို့ စည်းရုံးမှုမရှိချေ။ ယဇ်ပူဇော်ပွဲမှရသော ဝင်ငွေမှာ ဗြာဟ္မဏအားလုံး၏ စားဝတ်နေမှုအတွက် မလုံလောက်သဖြင့် အချို့မှာ ဘာသာကိစ္စများကို မဆောင်ရွက်နိုင်ဘဲ အခြားအလုပ်များကို လုပ်ကိုင်နေကြလေသည်။

အကယ်၍ သူတို့သည် ဝါဒသစ်များကို စည်းလုံးညီညွတ်စွာနှင့် တိုက်ဖျက်ကြစေကာမူ ထိုအခါက အောင်မြင်လိမ့်မည်ဟု များစွာ မမျှော်လင့်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထို

၆-ရာစု ဘီစီခေတ်က အိန္ဒိယပြည် မဇ္ဈိမဒေသရှိ လူတို့သည် လွတ်လပ်စွာ စဉ်းစားတွေးခေါ်မှုကို အလွန်အားပေးကြ၏။ မိမိတို့ နှစ်သက်သော ဝါဒကို လွတ်လပ်စွာ လက်ခံယုံကြည်ကြ၏။ စင်စစ် ထိုခေတ်က အိန္ဒိယပြည်သားတို့သည် လူ့သမိုင်းတွင် ဘာသာရေး လွတ်လပ်မှု အရရှိဆုံး လူမျိုးများဖြစ်ကြ၏။ လိမ္မာယဉ်ကျေးမှု အဆင့်အတန်း အလွန်မြင့်သည်ဆိုသော အခြားလူမျိုးများသည်ပင် ထိုအိန္ဒိယပြည်သားတို့လောက် လွတ်လပ်စွာ ယုံကြည်မှု အခွင့်အရေးများ မရရှိခဲ့ချေ။ ရှေးအခါက ယဉ်ကျေးမှုတွင် အိန္ဒိယပြည်အောက် အဆင့်အတန်းမနိမ့်သော ဂရိပြည်၌ပင် ဘီစီ ၄-ရာစုလောက်က အဘိဓမ္မာဆရာကြီး ဆိုကရေးတီးမှာ မိမိယုံကြည်ချက်အတိုင်း ဟောပြောမိသဖြင့် သေဒဏ်အပြစ်ပေးခြင်း ခံခဲ့ရလေသည်။

❀

# ဗုဒ္ဓလက်ထက်က အိန္ဒိယ ဘာသာဝါဒများ

ဘီစီ ၆ ရာစုခေတ်သည် ကမ္ဘာ့သမိုင်း၌ ထူးခြားသော ခေတ်ဖြစ်၏။ ထိုခေတ်၌ ကမ္ဘာ့လူသားတို့၏ ဘာသာရေးအတွေး အခေါ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာလေသည်။ ပြောင်းလဲမှု ကို နိုင်ငံတစ်ခုတည်း၌သာ တွေ့ရသည်မဟုတ်ချေ။ ထိုခေတ်၌ တရုတ်ပြည်တွင် လာအိုဇီနှင့် ကွန်ဖူးရှပ်ဆိုသော ပညာရှိကြီးများ ပေါ်လာကြ၏။ လာအိုဇီသည် လူတို့အား စိတ်ကို နှိမ့်ချခြင်းဖြင့် ငြိမ်းချမ်းမှုကို ရှာရန် နိုးဆော်၍ ကွန်ဖူးရှပ်သည် မိမိအမျိုးသား များအား လူ့ကျင့်ဝတ်ကို ဟောပြော၏။ ထိုအချိန်ကာလ၌ပင် ဂရိပြည်တွင် အဘိဓမ္မာဆရာကြီး ပိုင်သာဂိုးရတ်သည် ဘဝသံသရာ အကြောင်း၊ တိရစ္ဆာန်များ၏ အသားကို မစားသင့်ကြောင်း ဟောပြော၏။

ဤသို့ တရုတ်ပြည်၊ ဂရိပြည်များ၌ ဘာသာဝါဒသစ် များ ပေါ်ပေါက်နေစဉ် အိန္ဒိယပြည်မြောက်ပိုင်း၌လည်း လူတို့၏ ဘာသာရေးအယူအဆများ လှုပ်ရှားပြောင်းလဲလျက် ရှိလေ သည်။

ထိုအခါက အသိဉာဏ်ရင့်သော အိန္ဒိယသားတို့သည် ဝေဒကျမ်းများနှင့် ဗြာဟ္မဏဆရာများအပေါ်၌ အယုံအကြည် နည်းပါးလာကြပြီဖြစ်၏။ သူတို့သည် မိရိုးဖလာဝါဒများကို သံသယရှိလာသည်နှင့်အမျှ ကာမဂုဏ်၌ အပြစ်မြင်၍ ကာမဂုဏ် အနှောင်အဖွဲ့မှ လွတ်မြောက်ရန် ကြိုးစားကြ၏။ ကာမဂုဏ်၌ အပြစ်မြင်၍ လူ့ဘဝကို ငြီးငွေ့ခြင်းသည် အိန္ဒိယပြည်သားတို့၏ ထူးခြားသော အခြင်းအရာ ဖြစ်၏။ ရှေးအိန္ဒိယ ဘာသာရေး ပုဂ္ဂိုလ်တို့သည် ရုပ်တရားမှာ အတည်မမြဲ ဖောက်ပြန်ပြောင်းလဲ၍ ဆင်းရဲသော သဘောရှိသည်ဟု လေးနက်စွာ ယုံကြည်ကြ လေသည်။

အမှန်ဆိုသော် အိန္ဒိယပြည်၌ ဘီစီ ၆–ရာစုမတိုင်မီကပင် လူတို့သည် အနိစ္စဒုက္ခတရားကို သိမြင်ခဲ့ကြ၏။ ရှေးဗြာဟ္မဏ ကျမ်းများ၌ တောထွက်၍ တရားကျင့်ကြံအားထုတ်မှုကို ချီးကျူး ထား၏။ ဗုဒ္ဓဇာတ်နိပါတ်ကျမ်းဂန်များ၌ ဘုရားမပွင့်မီကာလက စည်းစိမ်ဥစ္စာကို စွန့်၍ တောထွက်သောသူများအကြောင်း ပါရှိ၏။ တောထွက်ခြင်းသည် ဇာတ်အမျိုးအနွယ် အသက်အရွယ်နှင့် မသက်ဆိုင်ချေ။ တောထွက်သောသူများတွင် ဘုရင်၊ မင်းညီ မင်းသား၊ သူဌေးသူကြွယ်နှင့် ဒွန်းစဏ္ဍားများပင် (ဥပမာ–ဘုရား လောင်း မာတင်္ဂ)ပါဝင်ကြ၏။ အချို့လူများ (ဥပမာ–ဝေဿန္တရာ ဇာတ်မှ ဝေဿန္တရာနှင့် မဒ္ဒီဒေဝီ၊ သုဝဏ္ဏသာမဇာတ်မှ ဒုကူလ နှင့် ပါရိကာ) သည် သားမယားများနှင့်အတူ တောထွက်၍ ရသေ့ရဟန်း ပြုကြလေသည်။

ထိုရသေ့တို့သည် တောထဲ၌ နေ့စဉ် ဝမ်းစာအတွက် သစ်သီးကြီးငယ် ရှာဖွေခြင်း၊ တပည့်များအား ဆုံးမညွှန်ကြားခြင်း၊ တရားကျင့်ကြံအားထုတ်ခြင်း စသောအလုပ်များဖြင့် အချိန်ကုန်လွန်ကြ၏။ သူတို့၏ ကျင့်စဉ်ကား အမျိုးမျိုးရှိ၏။ အချို့ရသေ့တို့သည် ဝေဒကျမ်းများကို အကြွင်းမဲ့ မတော်လှန်နိုင်သေးရကား မီးကို လုပ်ကျွေးသော ဥရုဝေဠကဿပ ရသေ့တို့ကဲ့သို့ မိမိတို့ယုံကြည်မြတ်နိုးသောအရာကို လုပ်ကျွေးပူဇော်ကြ၏။ အချို့မှာ ဘာဝနာပွားများ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ကြိုးစားကြ၏။ အချို့မှာကား မိမိတို့ကိုယ်ကို ညှဉ်းဆဲ၍ အမှန်တရားကို ရှာဖွေကြလေသည်။

[မိမိကိုယ်ကို ညှဉ်းဆဲသော အကျင့်သည် ရှေးပဝေသဏီကပင် အိန္ဒိယပြည်၌ ပေါ်ပေါက်ခဲ့သော အကျင့်ဖြစ်၏။ ၎င်းကို ရည်ညွှန်းသော စကား (တ ပ) ကို ဣဂ္ဂုဝေဒ ကျမ်းနောက်ပိုင်းတွင် တွေ့ရ၏။ ထိုအခါက မိမိကိုယ်ကို ညှဉ်းဆဲသောသူများ၏ ရည်ရွယ်ချက်မှာ တန်ခိုးဣဒ္ဓိ ရရှိရန်ဖြစ်၏။] နောက်ပေါ် ဗြာဟ္မဏကျမ်းများကမူ ထိုကျင့်စဉ်သည် နတ်ဘုရားများ၏ ကျင့်စဉ်ဖြစ်သည်။ ထိုကျင့်စဉ်ဖြင့် နတ်ဘုရားများက ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်ဆို၏။ သို့ဖြင့် ထိုကျင့်စဉ်သည် ယဇ်ပူဇော်မှုထက် ပို၍အရေးကြီးလာ၏။ သို့ရာတွင် ထိုခေတ်က ထိုကျင့်နည်း အကြောင်းကို ကျမ်းစာများ၌ အသေးစိတ် ဖော်ပြမထားချေ။ ထိုကျင့်နည်းများသည် ဗုဒ္ဓလက်ထက်ကျမှ အမျိုးအစားတိုးပွား၍ လာဟန်ရှိလေသည်။

ဒီဃနိကာယ် ကဿပသီဟနာဒသုတ်၌ အဝတ်မဝတ်ဘဲ ကျင့်သော ကဿပတက္ကတွန်းက ဘုရားရှင်အား မိမိတို့၏ ခြိုးခြံသောအကျင့်များကို ပြောပြ၏။ ထိုအကျင့်များမှာ အစာကို တစ်ရက်ခြား၊ နှစ်ရက်ခြား၊ ခုနစ်ရက် တစ်ကြိမ်၊ တစ်လ တစ်ကြိမ် စားခြင်း၊ သားရေဖတ် အစအန၊ မှော်၊ ဖွဲနု၊ မြက်၊ နွားချေး၊ မစင်ကို စားခြင်း၊ ရေမသောက်ဘဲ နေခြင်း၊ သူသေကောင်မှ အဝတ်၊ ပျဉ်ချပ်အဝတ်၊ သစ်နက်ရေကို ဝတ်ခြင်း၊ ဆူးအခင်း ပျဉ်ပြား မြေကြီးပေါ်၌ နေခြင်း၊ အိပ်ခြင်း၊ အမြဲရပ်နေခြင်း၊ ဆောင့်ကြောင့်ထိုင်နေခြင်း စသည်တို့ဖြစ်၏။ မဇ္ဈိမနိကာယ် ကုက္ကုရဝတိကသုတ်၌မူ ခွေးကဲ့သို့ ကျင့်သော တက္ကတွန်းနှင့် နွားကဲ့သို့ ကျင့်သော တက္ကတွန်းတို့အကြောင်း ဖော်ပြထားသည်။

မိမိကိုယ် ညှဉ်းဆဲသော အကျင့်ကို အိန္ဒိယပြည်၌သာ တွေ့ရသည် မဟုတ်ချေ။ မနုဿဗေဒပညာရှင်တို့၏ အလိုအားဖြင့် အက်စကီးမိုး၊ ဖူးလူး စသော ကမ္ဘာဦး လူမျိုးတို့သည်လည်း အရေးကြီးသောကိစ္စ တစ်ခုခုပြုခါနီး၌ အစာမစားဘဲ နေခြင်း၊ မေထုန်မှုကို ရှောင်ကြဉ်ခြင်း စသော ခြိုးခြံမှုများ ပြုလေ့ရှိကြ၏။ ရှေးဂရိပြည်၌ ဒိုင်အိုဂျီနီဆိုသော အဘိဓမ္မာဆရာကြီးသည် စည်းဝိုင်းထဲ၌ ခွေးကဲ့သို့ နေထိုင်စားသောက်ခဲ့ဖူး၏။ ဥရောပ အလယ်ခေတ်က ခရစ်ယာန်ဘာသာဝင်အချို့သည် မိမိတို့ကိုယ်ကို သွေးထွက်သံယိုဖြစ်အောင် ရိုက်နှက်၍ ကျင့်လေ့ရှိကြ၏။ ထို ခရစ်ယာန်တို့၏ ရည်ရွယ်ချက်မှာ အိန္ဒိယယောဂီတို့၏ ရည်ရွယ်

ချက်နှင့် မတူချေ။ အိန္ဒိယယောဂီသည် ရေးခရစ်ယာန်တို့ကဲ့သို့ မိမိ၏ ဒုစရိုက်ပြစ်မှုအတွက် ဒဏ်ထမ်းလိုသောစိတ် မရှိချေ။ သူသည် မိမိ၏စိတ်အစွမ်းသတ္တိဖြင့် ဆင်းရဲဒုက္ခကို ခံနိုင်လျှင် တန်ခိုးဣဒ္ဓိရရှိလာလိမ့်မည်။ တန်ခိုးဣဒ္ဓိ မရရှိစေကာမူ ထိုသို့ ဆင်းရဲခံနိုင်သောသူသည် အမှန်တရားကို တစ်နေ့တွင် သိမြင်လာလိမ့်မည်ဟု ယုံကြည်၏။ အမှန်မှာလည်း သူသည် သာမန်လူများ မပြုနိုင်သောအမှုများကို ပြုနိုင်သောသူဖြစ်ပေရာ သူ့အား လူများက ထူးမြတ်သောပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြု၍ လေးစားကြည်ညိုကြခြင်းမှာ အံ့သြစရာမရှိလှချေ။

## ပရိဗိုဇ်များဝါဒ

ယောဂီရသေ့နှင့်မတူဘဲ အခြားလမ်းစဉ်ဖြင့် အမှန်တရားရှာဖွေသောသူကား ပရိဗိုဇ်ဖြစ်၏။ ပရိဗိုဇ်တို့သည် အိမ်ရာမထောင်ဘဲ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာ၍ ဘာသာရေး ပြဿနာများကို ဆွေးနွေး ငြင်းခုံသောသူများ ဖြစ်ကြ၏။ မည်သူမဆို ပရိဗိုဇ်ဖြစ်နိုင်၏။ ဗုဒ္ဓစာပေ၌ မိန်းမပရိဗိုဇ်များအကြောင်းကိုလည်း တွေ့ရ၏။ ပရိဗိုဇ်တို့သည် ဗုဒ္ဓလက်ထက်ကျမှ ပေါ်လာသောသူများ မဟုတ်ကြချေ။ ဗြာဟ္မဏကျမ်းတစ်စောင်၌ မိမိ၏ အယူကို ချေပနိုင်သောသူအား ရွှေဒင်္ဂါးတစ်ပြားပေးမည်ဟု ကြေညာ၍ လှည့်လည်သွားလာသော ဥဒ္ဒလကအရုဏီဆိုသူ နာမည်ထင်ရှားသည့် ပရိဗိုဇ်အကြောင်းကို ဖော်ပြ

ထား၏။ သို့ဖြစ်စေကာမူ ပရိဗိုဇ်တို့မှာ ဘီစီ ၆–ရာစုခေတ်၌ ရေးကထက် ပိုမို ပေါ်များလာဟန် ရှိလေသည်။

ယောဂီရသေ့တို့သည် ဆင်းရဲနှာကျင်မှုကို ခံနိုင်ရည်ရှိခြင်း၌ ဂုဏ်ယူကြသည့်နည်းတူ ပရိဗိုဇ်တို့သည် သူတစ်ပါးအား စကား စစ်ထိုး၍ အနိုင်ရရှိခြင်း၌ ဂုဏ်ယူကြ၏။ သစ္စကပရိဗိုဇ်က “ငါသည် စိတ်မရှိသော သစ်ပင်ကိုသော်လည်း စကားအစဉ်ဖြင့် ဝါဒတင် ဆိုငြားအံ့။ ထိုသစ်ပင်သည်ပင် ပြင်းစွာတုန်လှုပ်ရာ၏။ ဥပမာအားဖြင့် အားရှိသော ယောကျာ်းသည် ဆိတ်ကို အမွေး တို့၌ ကိုင်၍ ဆွဲငင်မွေ့ယမ်းသကဲ့သို့ ငါသည်လည်း ရဟန်း ဂေါတမကို စကားစစ်ထိုး၍ ထိုမှဤမှ ပြင်းစွာ ဆွဲငင်မွေ့ယမ်း ပေအံ့” စသည်ဖြင့် ကြုံးဝါး၏။ (မဇ္ဈိမနိကာယ် စူဠသစ္စကသုတ်) ဘုရားရဟန္တာသည် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်၌ ရှိသလော၊ မရှိသလော။ သို့တည်းမဟုတ် ရှိလည်းရှိ၊ မရှိလည်းမရှိ ဖြစ် သလော။ သို့တည်းမဟုတ် ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ် ဖြစ်သလော စသော မေးခွန်းများကို ထောက်ချင့်၍ ပရိဗိုဇ်တို့သည် မည်မျှ ဆစ်ဆစ်ဖုဖု မေးမြန်းတတ်ကြောင်း သိသာနိုင်လေသည်။

ပိဋကစာပေ၌ ပရိဗိုဇ်များ၏ ပြောဆိုပုံ၊ ပြုမူပုံများသည် ကျွန်ုပ်တို့အား သူတို့ကို အထင်ကြီးစေမည့်အရာများ မဟုတ်ချေ။ သို့ရာတွင် သူတို့အထဲ၌ လူတော်လူကောင်းများလည်း ပါရှိ တန်ရာ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ကို လူထုက လေးစား ကြည်ညိုကြောင်း အထောက်အထားများရှိလေသည်။ သာဝတ္ထိမြို့

မလ္လိကာ မိဖုရား ဥယျာဉ်၌လည်းကောင်း၊ ဝေသာလီမြို့အနီး တောကြီးထဲ၌လည်းကောင်း ပရိဗိုဇ်များ တည်းခိုရန်နှင့် သူတို့ ဝါဒများကို ဆွေးနွေးရန် နေရာဌာနများ ပြုလုပ်ထားကြ၏။ ပရိဗိုဇ်များသည် ထိုနေရာများ၌လည်းကောင်း၊ လမ်းဘေးဇရပ် များ၌လည်းကောင်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြ၏။ သူတို့ ရပ်နားသော နေရာအနီးအနား ဗြာဟ္မဏများ၊ ရသေ့ရဟန်းများ ထံသို့ သွားရောက်၍ တရားနိုးနှောလေ့ရှိကြ၏။ အနီးအနား ရွာများမှ လူများသည် သူတို့ရှိရာသို့လာ၍ သူတို့ပြောဆို ဆွေးနွေးသော တရားစကားကို ကြားနာလေ့ရှိကြလေသည်။

ဗုဒ္ဓလက်ထက်က အချို့သော ယောဂီရသေ့ ပရိဗိုဇ်တို့၏ အမည်များနှင့် ဂိုဏ်းအဖွဲ့ အမည်များကို ပါဠိပိဋကစာပေ၌ ဖော်ပြထား၏။ အဖွဲ့ကို သံဃဟု ခေါ်၏။ ဇိန (ဂျိန်း) သံဃ အဖွဲ့ဝင်များ၏ အမည်မှာ နိဂဏ္ဌဖြစ်၏။ ပါဠိစာပေ၌ နိဂဏ္ဌနှင့် အာဇီဝကတို့အကြောင်း အတော်များများပါရှိ၏။ အာဇီဝကတို့ သည် နိဂဏ္ဌတို့ကဲ့သို့ ဘုရားမပွင့်မီကပင် အိန္ဒိယပြည်၌ ရှိနှင့် ကြပြီး ဖြစ်၏။ သူတို့အဖွဲ့သည် အသောကမင်း၏မြေး ဒသရဋ္ဌ မင်း၏ လက်ထက်အထိ ဆက်လက်တည်ရှိ၍ ထိုမင်းက သူတို့ နေထိုင်ရန် လိုဏ်ဂူများ ပြုလုပ်ပေးကြောင်း ကျောက်စာများမှ သိရှိရလေသည်။

' နိဂဏ္ဌနှင့် အာဇီဝကတို့အပြင် မုဏ္ဍသာဝက, ဇဋိလက, မာဂဏ္ဍိက, ဒေဝဒမ္မိက, ဂေါတမက စသော ရသေ့ သို့မဟုတ် ပရိဗိုဇ်အဖွဲ့များလည်း ရှိကြ၏။ ဂေါတမကတို့မှာ ဒေဝဒတ်ဂိုဏ်း

သားများ ဖြစ်သည်ဟု ဒေါက်တာရိုင်း(စ)ဒေးဗစ်က ယူဆ၏။ ဘုရားရှင်ကို တော်လှန်၍ သီးခြားဂိုဏ်း တည်ထောင်သော ဒေဝဒတ်၏ တပည့်များမှာ သူတို့ဆရာ မရှိသည့်နောက်၌ မည်သို့ ဖြစ်ကုန်သည်ကို ပိဋကများက မဖော်ပြကြချေ။ သို့ရာတွင် ၎င်းတို့၏ဂိုဏ်းသည် ဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက်၌ပင် ဆက်လက်၍ တည်တံ့ခဲ့တန်ရာ၏။ အဘယ့်ကြောင့်ဆိုသော် နောက်နှစ်ပေါင်းတစ်ထောင်ခန့်အလွန် အေဒီငါးရာစုအတွင်း၌ တရုတ်ခရီးသည် ဖာဟီယန်ရဟန်းတော်သည် အိန္ဒိယပြည်သို့ ရောက်ရှိလာသောအခါ ကောသလတိုင်း၌ ဒေဝဒတ်ဂိုဏ်းသား များကို တွေ့ခဲ့ရကြောင်း၊ ထိုသူတို့သည် ဂေါတမဗုဒ္ဓကို ဗုဒ္ဓအဖြစ် အသိအမှတ်မပြုဘဲ ကကုသန်၊ ကောဏာဂုံနှင့် ကဿပတို့ကိုသာ ဗုဒ္ဓဘုရားများအဖြစ် အသိအမှတ်ပြုကြကြောင်း သူ၏မှတ်တမ်း၌ ဖော်ပြထားလေသည်။

ဗုဒ္ဓဘုရားရှင်၏ လက်ထက်က ယောဂီရသေ့ ပရိဗိုဇ်အဖွဲ့ အားလုံးတို့၏ အယူဝါဒများနှင့် သူတို့ဆွေးနွေးသော တရားများ အကြောင်းကို ကျွန်ုပ်တို့ အစုံအလင် မသိရချေ။ အယူဝါဒနှင့် တရားစကားများကို စာဖြင့် ရေးမှတ်မထားဘဲ နှုတ်ဖြင့်သာ ဆောင်ကြသဖြင့် အများအားဖြင့် အဖွဲ့တစ်ခု ကွယ်ပသွားသော အခါ ထိုအဖွဲ့၏ ဝါဒသည်လည်း ကွယ်ပသွားတော့၏။ သူတို့ ဆွေးနွေးငြင်းခုံသော အချို့ပြဿနာများမှာ လောကသည် အဆုံး ရှိ–မရှိ၊ အတ္တ ရှိ–မရှိ၊ ဇီဝနှင့် ကိုယ်ခန္ဓာသည် တခြားစီ ဖြစ်– မဖြစ်၊ တမလွန်ဘဝ ရှိ–မရှိ၊ လူသည် မိမိစိတ်ကို အစိုးရခြင်း

ရှိ–မရှိ စသော ပြဿနာများ ဖြစ်၏။ ဒီဃနိကာယ် ဗြဟ္မဇာလ သုတ်၌ သူတို့၏ အချို့ဝါဒများကို အရိပ်အမြွက် ပြထား၏။ သာမညဖလသုတ်၌ကား ပူရာဏ ကဿပ, မက္ခလိဂေါသာလ စသော တိတ္ထိဆရာတို့၏အယူများကို အတော်စုံလင်စွာ ပြထားလေသည်။

ထိုအယူများသည် ယခုခေတ် လူတို့၏ အချို့အယူများနှင့် များစွာ မခြားလှချေ။ ထိုခေတ်က အချို့ဘာသာရေးဂိုဏ်းများသည် ယခုကာလ၌ ထာဝရဘုရားကို ယုံကြည်သောသူတို့ကဲ့သို့ ကမ္ဘာကို ဖန်ဆင်းသော မဟာဗြဟ္မာကြီးရှိသည်ဟု ယုံကြည်ကြ၏။ ပူရာဏ ကဿပသည် ကောင်းမှု, မကောင်းမှု မရှိဟု ဟောပြော၏။ သူ၏အလိုအားဖြင့် သီလဆောက်တည်ခြင်း၊ အလှူပေးခြင်းသည် ဘာမျှအကျိုးမရှိချေ။ မက္ခလိဂေါသာလကား တမံလွန်ဘဝရှိသည် မှန်သော်လည်း လူတို့မှာ အကြောင်းမဲ့ ဖြစ်ချင်ရာဖြစ်နေကြသည်ဟု ယူဆ၏။ သူ၏ဝါဒအရ လူ၏ ဘဝလမ်းစဉ်မှာ မူလကပင် ချမှတ်ပြီးဖြစ်သဖြင့် ကြိုးစားအားထုတ်မှုသည် အချည်းနှီးသာ ဖြစ်၏။ လူသည် မိမိကံကြမ္မာကို ပြုပြင်နိုင်စွမ်းမရှိ။ လူမိုက် ဖြစ်စေ၊ ပညာရှိဖြစ်စေ သံသရာ၌ ဘဝပေါင်းများစွာ ကျင်လည်၍ ကျွတ်ချိန်တန်မှ ကျွတ်မည်ဖြစ်၏။

အဇိတကေသကမ္ဗလမှာ ရုပ်ဝါဒသမားဖြစ်၏။ သူ၏ ဝါဒကား ကံ၏အကျိုးဝိပါက်သည် မရှိ၊ တမလွန်လောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သတ္တဝါသည် မဟာဘုတ်

၄–ပါး အစုအဝေးသာဖြစ်၏။ ခန္ဓာကိုယ်ပျက်စီးလျှင် ဘဝပြတ်စဲ၏ဟူသတည်း။ သဉ္စယဗေလဋ္ဌပုတ္တ၏အယူမှာ အချို့သော အနောက်နိုင်ငံ သိပ္ပံပညာတို့၏ (Agnosticism) ဝါဒနှင့် ဆင်ဆင်တူ၏။ သူသည် တမလွန်လောက ရှိ–မရှိ၊ ကံ၏ အကျိုးဝိပါက် ရှိ–မရှိ စသော ပြဿနာများနှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်က မေးလျှင် မည်သို့မျှ အဖြေမပေးချေ။

ဘီစီ ၆–ရာစုအတွင်းက အိန္ဒိယပြည်တွင် အထက်ပါဝါဒများထက် ထင်ရှားသော ဝါဒကြီးများမှာ ဂျိန်းဝါဒနှင့် ဗုဒ္ဓဝါဒဖြစ်၏။ ထိုဝါဒကြီးနှစ်ရပ်သည် ယောဂီရသေ့တို့၏ ဝါဒနှင့်သော်လည်းကောင်း၊ ပရိဗိုဇ်တို့၏ ဝါဒနှင့်သော်လည်းကောင်း အချို့နေရာ၌ တူ၍ အချို့နေရာ၌ ကွဲလွဲ၏။ ၎င်းတို့ပြန့်ပွားလာခြင်းမှာ ၎င်းတို့တွင် ရှေးပဝေဏီကစ၍ အိန္ဒိယပြည်၌ ရှိခဲ့ကြသော ယောဂီနှင့် ပရိဗိုဇ်တို့၏ လမ်းစဉ်များမှ ကောင်းမွန်သည့် အချက်များ စုပေါင်းနေသောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓဝါဒီရဟန်းနှင့် ဂျိန်းဘာသာဝင် ရဟန်းတို့သည် ယောဂီတို့ကဲ့သို့ အိမ်ရာမထောင်ဘဲ ရသမျှနှင့် တင်းတိမ်ရောင့်ရဲကာ ခြိုးခြံစွာကျင့်ကြ၏။ သို့ရာတွင် သူတို့၏အကျင့်မှာ ယောဂီတို့၏ အကျင့်လောက် မပြင်းထန်ချေ။ သူတို့ အထူးသဖြင့် ဗုဒ္ဓဝါဒီရဟန်းတို့သည် မိမိကိုယ်မိမိ ညှဉ်းဆဲမှုကို ရှောင်ကြဉ်ကြ၏။ သူတို့၏ ရည်မှန်းချက်မှာလည်း ယောဂီတို့ကဲ့သို့ တန်ခိုးဣဒ္ဓိရရှိရန်မဟုတ်ဘဲ သံသရာမှ လွတ်မြောက်ရန် ဖြစ်၏။ သူတို့သည်

ပရိဗိုဇ်တို့ကဲ့သို့ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာ၍ တရားဆွေးနွေး ဟောပြောကြ၏။ လူအများ လက်ခံယုံကြည်သော ဝါဒများကို ဆန်းစစ်ဝေဖန်ကြ၏။ သို့ရာတွင် သူတို့မှာ ပရိဗိုဇ်တို့ကဲ့သို့ ဘာကိုမဆို ယုံမှားသံသယရှိသောသူများ သို့မဟုတ် ပညာမာန် ဖုံးလွှမ်း၍ သူတစ်ပါးကို စကားဖြင့် နှိပ်နယ်ရန် အခါအခွင့် စောင့်မျှော်နေသောသူများ မဟုတ်ကြချေ။ လောက၌ တရားစစ် တရားမှန်များ ရှိသည်ဟု သူတို့ယုံကြည်ကြ၏။ သံသရာမှ လွတ်မြောက်ရန်အတွက် တရားစကားပြောဆိုငြင်းခုံနေမှုထက် တကယ်ကျင့်ကြံ အားထုတ်မှုက ပိုမိုအရေးကြီးကြောင်းကိုလည်း သူတို့နားလည်ကြလေသည်။

## ဂျိန်းဘာသာဝါဒ

ဂျိန်းဘာသာကို တည်ထောင်သော ပုဂ္ဂိုလ်သည် ပါဠိစာပေ၌ နိဂဏ္ဌနာဋပုတ္တအမည်ဖြင့် ထင်ရှား၏။ ဂျိန်းစာပေ၌မူ သူ၏ အမည်မှာ မဟာဝီရဖြစ်၏။ မဟာဝီရသည် ဗုဒ္ဓဂေါတမထက် အနည်းငယ် အသက်ကြီး၏။ ဗုဒ္ဓကဲ့သို့ပင် ခတ္တိယမျိုးဖြစ်၍ ဝေသာလီမြို့၌ မွေးဖွား၏။ အရွယ်ရောက်သော် အိမ်ထောင်ပြု၍ သမီးတစ်ယောက် ရ၏။ ထို့နောက် တောထွက်၍ တရားကျင့်ကြံအားထုတ်ပြီးလျှင် ဘုရားအဖြစ်သို့ ရောက်ရှိသည်ဆို၏။ သူသည် မိုးတွင်းအခါ၌ ဝေသာလီ၊ သာဝတ္ထိနှင့် ရာဇဂြိုဟ်မြို့များတွင် သီတင်းသုံး၍ အခြားကာလများ၌ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာကာ တရားဟောပြော၏။ သို့ဖြင့် ကောသလ,

မဂဓ, ဝိဒေဟနှင့် အင်္ဂတိုင်းများတွင် နှစ်ပေါင်း ၃၀–တိုင်အောင် လှည့်လည်ဟောပြောပြီးနောက် ပါဝါမြို့တွင် ပျံလွန်တော်မူလေသည်။

ဂျိန်းကျမ်းစာများ၏ အလိုအားဖြင့် မဟာဝိရသည် လူသတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ရန် အလို့ငှာ နတ်ပြည်မှ လူ့ပြည်သို့ ကြွလာ၍ မယ်တော်၏ဝမ်း၌ ပဋိသန္ဓေ တည်နေခြင်း ဖြစ်၏။ သူ၏ ရည်မှန်းချက်ပန်းတိုင်မှာ အရဟတ္တမဂ် ဉာဏ်ကို ရ၍ သံသရာမှ လွတ်မြောက်ရန် ဖြစ်၏။ သူသည် သဗ္ဗညုတဉာဏ်ကို ရရှိ၍ အလုံးစုံသော တရားတို့ကို အလိုလို အကြွင်းမဲ့ သိမြင်သည်ဟု ဂျိန်းဘာသာဝင်တို့ ယုံကြည်ကြလေသည်။

ဂျိန်းဘာသာ၏အလိုအားဖြင့် လူသတ္တဝါတို့ သံသရာ၌ ဘဝများစွာ ကျင်လည်၍ ဆင်းရဲဒုက္ခရောက်ရခြင်းသည် ဇီဝ (ဝါ) နာမ်ဝိညာဉ်နှင့် အဇီဝ (ဝါ) ရုပ်တရားတို့ပေါင်းစပ်နေမှုကြောင့် ဖြစ်၏။ ဇီဝသည် ရုပ်တရား၏ ရစ်ပတ်နှောင်ဖွဲ့ခြင်းကို ခံနေရသောကြောင့် မိမိ၏ အဖြစ်မှန်ကို မသိဘဲ သံသရာ၌ တဝဲလည်လည် သွားလာကူးပြောင်းနေရ၏။ သို့ဖြစ်၍ ရုပ်တရား၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေရန် ကမ္မအသစ်ကို မဖြစ်စေဘဲ ကမ္မအဟောင်းကို ဖျက်ဆီးပစ်ဖို့ (ဝါ) ကမ္မရေအယဉ်ကို ရပ်စဲအောင် လုပ်ဖို့ အလွန်အရေးကြီးလေသည်။

ဂျိန်းရဟန်းတို့သည် သတ္တဝါကို မညှဉ်းဆဲ မသတ်ဖြတ်ခြင်း၊ မမှန်သောစကားကို မပြောဆိုခြင်း၊ သူတစ်ပါး၏ပစ္စည်းကို

မခိုးယူခြင်း၊ ကာမမှုကို ရှောင်ကြဉ်ခြင်း၊ ကိုယ်ပိုင်ပစ္စည်း မသိမ်းခြင်းတည်းဟူသော ငါးပါးသီလကို စောင့်ထိန်းကြ၏။ သူတို့၏ ပထမသိက္ခာပုဒ်သည် အလွန်တင်းကျပ်လှ၏။ တိရစ္ဆာန်သတ္တဝါအား ညှဉ်းဆဲမှုကို တားမြစ်ရာ၌ ဂျိန်းဘာသာလောက် တင်းကျပ်သော အခြားဘာသာဝါဒကို ကမ္ဘာပေါ်၌ တွေ့ရမည်မဟုတ်ချေ။ ဂျိန်းဘာသာဝင်တို့သည် လယ်ထွန်လျှင် ပိုးမွှားများ သေသည်ဆို၍ လယ်ယာလုပ်ကိုင်ပြီး အသက်မွေးမှုကိုပင် ရှောင်ကြဉ်ကြလေသည်။

ဂျိန်းရဟန်းတို့သည် ယောဂီရသေ့တို့ကဲ့သို့ မိမိတို့ကိုယ်ကို မိမိတို့ ညှဉ်းပန်းနှိပ်စက်ခြင်းမပြုသော်လည်း အတော်ပြင်းပြင်းထန်ထန် ကျင့်ကြ၏။ မိမိကိုယ်ကို မသနားမညှာတာဘဲ ပြင်းထန်စွာ ကျင့်မှသာ ရှေးဘဝများစွာက ပြုလုပ်စုဆောင်းလာခဲ့သော ကမ္မသတ္တိ အစိုင်အခဲကို ထုခွဲ ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓလက်ထက်က နိဂဏ္ဍာတို့ ပြင်းထန်စွာ ကျင့်ကြပုံများကို ပိဋက (ဥပမာ–မဇ္ဈိမနိကာယ် ဒေဝဒဟသုတ်) ၌ ဖော်ပြထား၏။ အချို့သော ဂျိန်းရဟန်းတို့သည် အဝတ်မဝတ်ဘဲ သွားလာနေထိုင်ကြ၏။ ယခုကာလ ဂျိန်းဘုရားကျောင်းများ၌ ရှိသော မဟာဝီရ၏ ရုပ်တု၌ အဝတ်သင်္ကန်းမပါရှိချေ။

ဂျိန်းဘာသာသည် ကမ္ဘာ၏ဖန်ဆင်းရှင် ထာဝရဘုရား (ဝါ) မဟာဗြဟ္မာကြီးကိုလည်းကောင်း၊ ဝေဒကျမ်းများကိုလည်းကောင်း၊ ယဇ်ပူဇော်မှု၏ အကျိုးတရားကိုလည်းကောင်း၊ ဇာတ်အယူဝါဒကိုလည်းကောင်း အသိအမှတ်မပြုချေ။ ဂျိန်းသံဃအဖွဲ့

တွင် ရဟန်းမိန်းမများလည်း ရှိကြ၏။ မဟာဝိရ ပျံလွန်တော်မူသောအခါ သံဃအဖွဲ့၌ ရဟန်းပေါင်း လေးထောင်ကျော်ခန့် ရှိကြ၏။ ဂျိန်းရှင်သာမဏေသည် ပညာရှာမိုးသော ဗြာဟ္မဏတို့ကဲ့သို့ မိမိ၏ ဂုရု (ဆရာ) အား လုပ်ကျွေးပြုစု၏။ ရဟန်းခံပြီးသောအခါလည်း မိမိ၏ဆရာနှင့်အတူ နေထိုင်ရလေသည်။

ဂျိန်းဘာသာသည် ဘီစီ ၆–ရာစုခေတ်မှ ယနေ့တိုင်အောင် ဆက်လက်တည်ရှိနေသော အိန္ဒိယ ဘာသာဝါဒဖြစ်၏။ ဂျိန်းဘာသာဝင်တို့၏ဦးရေမှာ ယခုအခါ တစ်သန်းငါးသိန်းခန့် ရှိ၏။ ဘီစီ ၄–ရာစုခေတ်၌ ချန္ဒရာဂုတ်ပတား (ဝါ) စန္ဒဂုတ်မင်းသည် ဂျိန်းရဟန်းအဖြစ် ခံယူသည်။ သူ၏သားတော် ဗိန္ဒုသာရမင်းသည် ဂျိန်းရဟန်း မြောက်မြားစွာတို့ကို နေ့စဉ် ဆွမ်းလုပ်ကျွေးသည် ဆို၏။ ဘီစီ ၁၀၀ ခုနှစ်လောက်သို့ ရောက်သောအခါ ဂျိန်းဘာသာသည် အိန္ဒိယပြည်အရှေ့ပိုင်း ဩရိဿနယ်မှ အနောက်မြောက်ပိုင်း မဓုရနယ်အထိ ပြန့်ပွားနေပြီဖြစ်၏။

ဂျိန်းဝါဒသည် အချို့နေရာများ၌ ဗုဒ္ဓဝါဒနှင့်တူ၍ ထိုဝါဒနှစ်ခုသည် ခေတ်ကာလ သိပ်မကွာခြားဘဲ ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်လာသော ဝါဒများဖြစ်ရကား အချင်းချင်း အဆက်အသွယ် ရှိကောင်းရှိခဲ့ပေလိမ့်မည်။ သို့ရာတွင် တစ်ခုအပေါ်တစ်ခု မည်မျှအမှီသဟဲပြုသည်ဟု အတိအကျ ပြောဆိုရန် ခဲယဉ်း၏။ အချို့သော အခြေခံတရားများ၌ ကွဲလွဲခြင်းကိုလည်း သတိပြုသင့်ပေ၏။ အချို့သောပညာရှင်တို့ကမူ ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဝါဒပေါ်ပြီးနောက် ရှေးဦးကာလတွင် ဂျိန်းတို့ကို အတုယူဟန်ရှိ၍

နောက်ကာလ၌မှု ဂျိန်းတို့၏ နိပါတ်ပုံပြင် တရားဒေသနာနှင့် ကျင့်စဉ်ထဲသို့ ဗုဒ္ဓဝါဒ၏ အငွေ့အသက်များ ဝင်လာခဲ့ဟန် ရှိသည်ဟု ယူဆကြ၏။

## ဗြာဟ္မဏဝါဒ

ဘီစီ ၆–ရာစုအတွင်း အိန္ဒိယပြည်၌ ဂျိန်းဝါဒ၊ ဗုဒ္ဓဝါဒနှင့် ယောဂီ တပဿီ ပရိဗိုဇ်များ ထွက်ပေါ်ခဲ့သော အရပ်ဒေသမှာ မဂဓတိုင်းနှင့် ကောသလတိုင်းများ ပါဝင်သော ဂင်္ဂါမြစ်ဝှမ်း အလယ်ပိုင်းဒေသဖြစ်၏။ ထိုအချိန်က ဗြာဟ္မဏဝါဒသည် မဇ္ဈိမ ဒေသအတွင်းသို့ ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်သေးချေ။ ဘုရားလက်ထက်က မဇ္ဈိမဒေသတွင် ဗြာဟ္မဏ ပုဏ္ဏားတို့မှာ ဘာသာရေးခေါင်းဆောင်များအဖြစ်သော်လည်းကောင်း၊ ဇာတိ အမျိုးဖြင့် မြတ်သောသူများအဖြစ်သော်လည်းကောင်း အသိအမှတ် ပြုခြင်း မခံရသေးဘဲ မထင်ရှားသောအခြေ၌ ရှိကြလေသည်။

ပါဠိပိဋကတ်၌ ဗြာဟ္မဏဝါဒအား ရည်ညွှန်းသော စကားကို အထင်အရှား မတွေ့ရချေ။ ဒီဃနိကာယ် တေဝိဇ္ဇသုတ်တွင် ဗြာဟ္မဏပုဏ္ဏားနှစ်ဦးသည် ဗုဒ္ဓဘုရားရှင်အထံသို့ သွား၍ ဗြဟ္မာ နှင့် တွေ့ဆုံပေါင်းဖော်ရန် မည်သို့ပြုရပါမည်နည်းဟု မေးကြ၏။ သို့ရာတွင် သူတို့ နားလည်သော ဗြဟ္မာမှာ ဥပနိသျှကျမ်းလာ ဗြဟ္မာ (ဝါ) ပရမတ္တမ မဟုတ်ဘဲ ကမ္ဘာကို ဖန်ဆင်းသော ထာဝရဘုရား (ဝါ) ဣဿရနိမ္မာန ဗြဟ္မာကြီး ဖြစ်လေသည်။

သို့ဖြစ်ရကား မဂဓတိုင်း၊ ကောသလတိုင်း စသော မဇ္ဈိမဒေသအရပ်၌ ထိုအခါက ရောက်ရှိနေသော ဗြာဟ္မဏတို့၏ဝါဒကို သေချာတိကျစွာ သိရှိရန် ခဲယဉ်း၏။ ဗုဒ္ဓဝါဒီ၊ ဂျိန်းဝါဒီတို့၏ စာပေ၌ ဖော်ပြထားသည့် ဗြာဟ္မဏဝါဒ အကြောင်းအရာများမှာ အနည်းအကျဉ်းမျှသာ ဖြစ်၍ ပြည့်စုံခြင်း မရှိသည့်အပြင် မလိုသောသူတို့၏ ရေးသားချက်များဖြစ်၍ အစစရာရာတိကျမှန်ကန်လိမ့်မည်ဟု မယူဆသင့်ချေ။ ပိဋကစာပေမှ ဗြာဟ္မဏဝါဒမှာ မီးကို လုပ်ကျွေးခြင်း၊ ယဇ်ပူဇော်ခြင်း၊ ဂင်္ဂါမြစ်၌ ရေချိုးခြင်း စသည့် ဥပနိသျှကျမ်းများ မပေါ်မီက ရှိနှင့်ပြီးသော ရှေးဟောင်း ဗြာဟ္မဏဝါဒဖြစ်၏။ ထို့ပြင် ဗြာဟ္မဏကျမ်းများ၌ ဗုဒ္ဓဝါဒအကြောင်းကို မတွေ့ရချေ။ သို့ဖြစ်၍ ဂင်္ဂါမြစ်ဝှမ်းအလယ်ပိုင်းရှိ ဗုဒ္ဓဝါဒီတို့က အနောက်ပိုင်းရှိ ဗြာဟ္မဏ ဆရာတို့၏ဝါဒကို စေ့စုံစွာ မသိရှိသည့်နည်းတူ ထိုဗြာဟ္မဏ ဆရာတို့သည်လည်း မဇ္ဈိမဒေသရှိ လူတို့၏ အယူဝါဒကို သိရှိကြဟန်မတူချေ။

ဗြာဟ္မဏတို့က သူတို့သည်သာ အမြင့်မြတ်ဆုံးအမျိုးဖြစ်သည်ဟူသော အယူနှင့် စပ်လျဉ်း၍ ဟောပြောသော စကားများကိုကား အတော်များများ တွေ့ရ၏။ သူတို့သည် ဗုဒ္ဓဝါဒီရဟန်းတို့ကို အထင်အမြင်သေးကြ၏။ "ဤဦးပြည်းခေါင်းတုံး ရဟန်းတို့ကား မည်းညစ်သော အကျင့်ရှိ၏။ ဗြဟ္မာမင်း၏ ခြေဖမိုးမှ ပေါက်ဖွားကုန်၏" စသည်ဖြင့် ရှုတ်ချကြ၏။ (သင္ဃာယတန သံယုတ် လောဟိစ္စ ဗြာဟ္မဏသုတ်) သို့ရာတွင် သူတို့၏ဝါဒ

ဖြန့်မှုမှာ မအောင်မြင်ချေ။ ထိုအချိန်က မဇ္ဈိမဒေသတွင် ခတ္တိယ တို့သည် ဗြာဟ္မဏတို့ထက် တန်ခိုးကြီးကြ၏။ ဂေါတမဗုဒ္ဓနှင့် မဟာဝီရသည် ခတ္တိယများ ဖြစ်ကြ၏။ ခတ္တိယတို့သည် ဗြာဟ္မဏ တို့၏ လူမျိုးကြီးဝါဒကို လုံးဝ လက်မခံကြချေ။

ပါဠိပိဋကသည် ရှေးဗြာဟ္မဏတို့ကို ချီးကျူး၍ ဗုဒ္ဓ လက်ထက်က ဗြာဟ္မဏတို့ကို ကဲ့ရဲ့ရှုတ်ချထား၏။ အင်္ဂုတ္တရ နိကာယ် ပဥ္စနိပါတ်၌ ရှေးအခါက ပုဏ္ဏားတို့သည် ပုဏ္ဏေးမတို့၌ သာလျှင် သွားလာ၏။ ဥတုလာသောအခါ၌သာလျှင် သွားလာ၏။ မိန်းမကို ရောင်းဝယ်ခြင်းမပြုဘဲ အကယ် ချစ်မြတ်နိုးမှုသာ ပေါင်းဖော်ကြ၏။ ဥစ္စာ စပါး ရွှေ ငွေကို သိုမှီးသိမ်းဆည်းခြင်း မပြုကြကုန်။ တစ်နေ့ တစ်ရက်အတွက်သာ ဝမ်းစာရှာကြ၏။ ခွေးတို့သည်ပင် ထိုရှေးပုဏ္ဏားတို့ကဲ့သို့ ကျင့်ကြ၏။ ယခုခေတ် ပုဏ္ဏားတို့သည်ကား ထိုကဲ့သို့ မကျင့်ကြကုန်”ဟု ဆို၏။ မဇ္ဈိမ နိကာယ် ဗာလပဏ္ဍိတသုတ်၌ကား “ပုဏ္ဏားတို့သည် ယဇ်ပူဇော် သော အနံ့ဖြင့် ဤအရပ်၌ စားသောက်ရကုန်အံ့ဟု ပြေးလာကုန် သကဲ့သို့ မစင်စားသော တိရစ္ဆာန်တို့သည် မစင်နံ့ကို ရ၍ ဝေးသောအရပ်မှ ပြေးလာကြကုန်၏”ဟု ဆိုထားလေသည်။

ဗြာဟ္မဏတို့သည် ခတ္တိယတို့ ကြီးစိုးသော မဇ္ဈိမဒေသ၌ သူတို့ဝါဒ နယ်ချဲ့၍ ရမည်မဟုတ်ကြောင်း သိရှိ ရိပ်မိကြ၏။ သူတို့ကြီးစိုးသော အရပ်ဒေသသို့ မဇ္ဈိမဒေသမှ ဝါဒသစ်များ ပြန့်နှံ့လာမည်ကိုပင် စိုးရိမ်ကြ၏။ ဤအချက်မှာ ဗြာဟ္မဏကျမ်း များ၌ပင် ထင်ရှား၏။ ရှေးကျသော ဝေဒကျမ်းများနှင့် နောက်ပေါ်

ဝေဒကျမ်းအားလုံးသည် မဇ္ဈိမဒေသမှ မဂဓတိုင်းသားတို့ကို မလိုမုန်းထားသော လက္ခဏာများ သိသိသာသာပြကြ၏။ ရှေး ဗြာဟ္မဏ ကျမ်းစာတစ်စောင်၌မူ အမျိုးကောင်းသား ဗြာဟ္မဏ များ သွားရောက် နေထိုင်ခြင်းမပြုရန် ကျပ်တည်းစွာ ပိတ်ပင် တားမြစ်ထားသော တိုင်းပြည်အမည်များကို ဖော်ပြထားရာ ထို တိုင်းပြည်များ စာရင်းတွင် မဂဓတိုင်းလည်း ပါဝင်၏။ မဂဓ တိုင်းသို့ သွားရောက်ခဲ့ပါက အပြစ်ဒဏ် ခံရမည်ဟု ဆိုထား လေသည်။

အမှန်ဆိုသော် ဗြာဟ္မဏတို့သည် သူတို့ဝါဒကို အလွန် ကျေနပ်နှစ်သိမ့်နေသောသူများ ဖြစ်ကြ၏။ သူတို့ဝါဒကို အခြား အရပ်ဒေသသို့ ပြန့်ပွားအောင် ပြုလုပ်လိုသောဆန္ဒ သိပ်မရှိကြ ချေ။ ထို့ကြောင့် မဇ္ဈိမဒေသသည် ဗြာဟ္မဏဝါဒ၏ ချုပ်ချယ်မှုကို မခံရဘဲ လွတ်လပ်စွာ စဉ်းစားတွေးခေါ်လိုသောသူတို့ နေထိုင်ရာ ဒေသဖြစ်လာ၏။ သို့ဖြင့် ဗြာဟ္မဏဝါဒကို မကျေနပ်ဘဲ ထိုဝါဒ ကို ပြုပြင်ပြောင်းလဲလိုသော သို့မဟုတ် လွတ်လပ်စွာ အမှန်တရား ကို ရှာဖွေလိုသော ဂေါတမဗုဒ္ဓနှင့် အခြားပညာရှိများ ထွက်ပေါ် လာကြလေသည်။

❁

# ဗုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်၍ မြန်မာလူမျိုးတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြ၏။ ဤသို့ ဗုဒ္ဓဘာသာကို မြန်မာတို့ ယုံကြည်ကိုးကွယ်ကြခြင်းမှာ ပဓာနအားဖြင့် မျိုးရိုးစဉ်ဆက် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ကြသောကြောင့် ဖြစ်၏။ အမှန်ဆိုသော် မြန်မာတို့အား ဗုဒ္ဓဘာသာကို ယုံကြည်စေသော အကြောင်းတရားသည် အခြားလူမျိုးများအား အခြားဘာသာများကို ယုံကြည်စေသော အကြောင်းတရားနှင့် ဘာမျှမခြားနားချေ။ အင်္ဂလိပ်အမျိုးသားများသည် မိဘများက ခရစ်ယာန်ဘာသာဝင်များဖြစ်သောကြောင့် ခရစ်ယာန်ဘာသာကို ယုံကြည်ကြ၏။ တရုတ်အမျိုးသားများသည် ကွန်ဖူးရှပ်ဘာသာဝင် မိဘများမှ ပေါက်ဖွားသောကြောင့် ကွန်ဖူးရှပ်ဘာသာကို ကိုးကွယ်ကြ၏။ ထို့အတူ မြန်မာများသည် မိရိုးဖလာဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဗုဒ္ဓဘာသာကို ယုံကြည်နေကြခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒကို မိဘများက ယုံကြည်သောကြောင့်မဟုတ်ဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင် သုံးသပ်ပြီးမှ အထူး

နှစ်သက်၍ လက်ခံယုံကြည်သော မြန်မာအမျိုးသားများမှာ အလွန်နည်းပါးလှပေသည်။

သို့ရာတွင် ကမ္ဘာပေါ်ရှိ ဘာသာဝါဒများတွင် မည်သည့်ဘာသာဝါဒသည် စဉ်းစားဝေဖန်မှုကို အများဆုံး အားပေးပါသနည်း။ မည်သည့်ဘာသာတရားသည် လူတို့အား အစစအရာရာကို စဉ်းစားဆင်ခြင်ပြီးမှ လက်ခံယုံကြည်ရန် အများဆုံးဟောကြားထားပါသနည်းဟု မေးလျှင် ဗုဒ္ဓဝါဒကို ကျွန်ုပ်တို့ ညွှန်ပြကြရပေလိမ့်မည်။

ဗုဒ္ဓဝါဒသည် "ပစ္စတ္တံ ဝေဒိတဗ္ဗော" ဟူသော တရားတော်၏ ဂုဏ်ပုဒ်အရ မိမိပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ပြီးမှ လက်ခံယုံကြည်ရမည့် ဝါဒဖြစ်၏။ အင်္ဂုတ္တရနိကာယ်၌ ဗုဒ္ဓရှင်တော်ဘုရားသည် ကာလာမအမျိုးသားတို့အား မည်သည့်အရာကိုမှ မျက်စိမှိတ်၍ လက်ခံခြင်းမပြုဘဲ အကောင်းအဆိုး အကျိုးအပြစ် ဝေဖန်စိစစ်ပြီးမှ လက်ခံယုံကြည်ရန် ဟောတော်မူခဲ့၏။ မဇ္ဈိမနိကာယ် မဟာတဏှာ သင်္ခယသုတ်၌ ဘုရားရှင်သည် ရဟန်းတို့အား တရားဟောပြီးနောက် "ရဟန်းတို့၊ သင်တို့သည် ငါဘုရားကို ကြည်ညိုသောကြောင့် မဟုတ်ဘဲ ငါဘုရား၏စကားကို အထပ်ထပ် ဆင်ခြင်သုံးသပ်ပြီး နှစ်သက်သောကြောင့်သာ လက်ခံ ယုံကြည်ကြသည် မဟုတ်ပါလော" ဟု မေးတော်မူကြောင်း ပါရှိလေသည်။

အမှန်စင်စစ် ဘုရားရှင်သည် စဉ်းစားဆင်ခြင်မှုနှင့် ဝေဖန်သုံးသပ်မှုကင်းသော ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ ယုံကြည်ကိုးကွယ်ခြင်းမျိုးကို

လိုလားတော်မမူချေ။ ဝိနယပိဋက မဟာဝါပါဠိတော်၌ တိတ္ထိ ဖြစ်ဖူးသောသူသည် အကယ်၍ ဘုရားရှင်ကို ကြည်ညို၍ ရဟန်း ဘောင်သို့ ဝင်ရောက်လိုခဲ့ပါလျှင် လေးလတိတိ ဆိုင်းငံ့ရမည်ဟု ပါရှိ၏။ မဇ္ဈိမနိကာယ် ဥပါလိသုတ်၌ ဥပါလိသူကြွယ်သည် လည်းကောင်း၊ မဟာဝါပါဠိတော်၌ နိဂဏ္ဌ (ဂျိန်းဘာသာဝင်) သီဟစစ်သူကြီးသည်လည်းကောင်း ဘုရားရှင်၏ တရားကို အလွန်နှစ်သက်သဖြင့် အသက်ထက်ဆုံး ဥပါသကာအဖြစ် မှတ်ယူရန် လျှောက်ထားသောအခါ ဘုရားရှင်က ထိုသူတို့အား လေးလေးနက်နက် စဉ်းစားဆင်ခြင်ပြီးမှ ဗုဒ္ဓဝါဒကို သက်ဝင် ယုံကြည်ကြရန် သတိပေးတော်မူကြောင်း ဖော်ပြထားလေ သည်။

မှန်၏။ ဗုဒ္ဓဘာသာတရားသည် သိမ်မွေ့နက်နဲသောကြောင့် စေ့ငုသေချာစွာ လေ့လာခြင်း မပြုပါက မိမိရရ သိရှိနားလည်ရန် ခဲယဉ်း၏။ သို့ဖြစ်၍ အာရှမြောက်ပိုင်းနိုင်ငံများရှိ အချို့သော မဟာယန ဗုဒ္ဓဘာသာဂိုဏ်းများသည် ဗုဒ္ဓဝါဒနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော အချို့အယူများကို လက်ခံထားကြ၏။ မြန်မာ နိုင်ငံသည် အတော်အတန် သန့်ရှင်းစင်ကြယ်သော ပိဋကတ် ပါဠိတော်များကို ရရှိထား၏။ သို့ရာတွင် ၎င်းတို့ကို ပညာဉာဏ် ဖြင့် ဖတ်ရှုလေ့လာမှု၊ ဝေဖန်စိစစ်မှု နည်းပါးသောကြောင့် အချို့သော မြန်မာ့ဘာသာရေး အယူအဆများနှင့် အပြုအမူများမှာ သို့လောသို့လော ယုံမှားဖွယ်ရာ၊ စောကြောမေးမြန်းဖွယ်ရာ ဖြစ်၏။

အထက်ပါစကား ထင်ရှားစေရန် မြန်မာတို့၏ ဘာသာရေး ယုံကြည်ချက်တစ်ခုနှင့် ဓလေ့ထုံးစံတစ်ခုကို ဖော်ပြပါအံ့။

ဗုဒ္ဓရှင်တော်ဘုရားသည် ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မြန်မာလူမျိုးတို့ ယုံကြည်ကြ၏။ ဤအယူအဆ အတွက် ဇိနတ္ထပကာသနီကျမ်းနှင့် အခြားဗုဒ္ဓဝင်ကျမ်းများကို အထောက်အထားပြကြ၏။ ထိုဗုဒ္ဓဝင်ကျမ်းပြုဆရာများသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခန်းကို ရေးသားရာ၌ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်ကို မှီငြမ်းပြုကြရ၏။ မဟာပရိနိဗ္ဗာနသုတ် ၌ကား ဘုရားရှင် ပရိနိဗ္ဗာန်ပြုသောနေ့သည် ကဆုန်လပြည့်နေ့ ဖြစ်သည်ဟု ဖော်ပြမထားချေ။ အမှန်ဆိုသော် ဗုဒ္ဓ၏ဘဝဖြစ်စဉ်ကို ဖော်ပြသော အခြားပါဠိတော်များ၌လည်း ဘုရားရှင်၏ အခြား ဖြစ်စဉ်များနှင့် ပတ်သက်၍ ခု–နှစ်–လ–ရက်များ အတိအကျ ပြထားခြင်း မရှိချေ။

မဟာပရိနိဗ္ဗာနသုတ်၏ အလိုအားဖြင့် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝရွာ၌ နောက်ဆုံးအကြိမ် ဝါဆိုတော် မူ၏။ ထို့နောက် ဝေသာလီပြည်အနီး စာပါလစေတီအရပ်၌ မာရ်နတ်အား "ငါဘုရားသည် ယနေ့မှ နောက် ၃–လ လွန်မြောက် သောနေ့၌ ပရိနိဗ္ဗာန်စံဝင်မည်" ဟု မိန့်ကြား၏။ ထိုသို့မိန့်ကြား သောအချိန်မှာ ဝါဆိုနေစဉ်ဖြစ်သလား၊ သို့မဟုတ် ဝါမှအထတွင် ဖြစ်သလားဆိုသည်ကို အသေအချာ မသိရချေ။ သို့ဖြစ်ရကား ဘုရား ပရိနိဗ္ဗာန်ပြုတော်မူသော လသည် အောက်တိုဘာလနှင့် ဇန်နဝါရီလအကြား တစ်လ,လ ဖြစ်တန်ရာ၏။ မေ(ကဆုန်)လ

မဖြစ်တန်ရာ။ ထို့အပြင် မေလဖြစ်ပါက ဘုရားပရိနိဗ္ဗာန်စံခါနီး တွင် ကုသိနာရုံဥယျာဉ်၌ အင်ကြင်းပန်းများ အခါမဲ့ပွင့်သည် ဆိုသော ပါဠိတော်လာ စကားသည် မှားပေလိမ့်မည်။ အဘယ် ကြောင့်ဆိုသော် ယခုကာလ အိန္ဒိယ ရုက္ခဗေဒ ပညာရှင်တို့၏ ရှုစမ်းချက်အရ ထိုပန်းမျိုးသည် သဘာဝအားဖြင့် ဧပြီ၊ မေလ လောက်တွင် ပွင့်တတ်၍ ထိုအချိန် (ကဆုန်လ) ၌ ပွင့်ခြင်းမှာ အခါမဲ့ပွင့်ခြင်း မဟုတ်ကြောင်း သိရပေသည်။

အနောက်နိုင်ငံသား ပါဠိပညာရှင်တစ်ဦးကမူ ပါဠိတော် များကို လေ့လာပြီးနောက် ဘုရားရှင် ပရိနိဗ္ဗာန်ပြုသော နေ့သည် ၄၈၃–ဘီစီ အောက်တိုဘာလ ၁၃ ရက်နေ့ ဖြစ်တန်ရာသည်ဟု ၁၉၀၉–ခုနှစ်ထုတ် ရွိုင်ရယ် အာရှသုတေသနအသင်း ဂျာနယ်၌ ရေးသားထား၏။ ခရစ်သက္ကရာဇ် ခြောက်ရာစုလောက်က အိန္ဒိယ ပြည်သို့ ရောက်ရှိခဲ့သော တရုတ်ခရီးသည် ဟီယန်ဆိုင်၏ မှတ်တမ်း၌မူ ထိုအခါက သဗ္ဗတ္ထိဝါဒီခေါ် ဗုဒ္ဓဘာသာဝင်တို့သည် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလ၌ ဘုရားပရိနိဗ္ဗာန်ပြုသည်ဟု ယုံကြည်ကြောင်း ပါရှိ၏။

အထက်ပါအချက်များကို ထောက်၍ ကဆုန်လပြည့်နေ့၌ ဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ဆိုသော စကားမှာ သံသယ ဖြစ်ဖွယ် ရှိ၏။

မြန်မာ့ဘာသာရေး ဓလေ့ထုံးစံများတွင် စဉ်းစားစရာ ကောင်းသော ထုံးစံမှာ ကလေးသူငယ်များကို ရှင်ပြုသော ထုံးစံဖြစ်၏။

မြန်မာလူမျိုးတို့သည်အသက် ၉–နှစ်၊ ၁၀–နှစ်မျှပင် မရှိသေးသော ကလေးသူငယ်များကို ရှင်ပြုလေ့ရှိကြ၏။ ဘာမျှ မသိတတ်သေးသော ကလေးလူမမယ်များကို ရှင်ပြုခြင်းအားဖြင့် ထိုကလေးများသည် ဘုန်းကြီးကျောင်း၌ ကိုရင်ဝတ်ဖြင့် ရက်အနည်းငယ် နေထိုင်ကစားဖူးသည်မှအပ အခြားမယ်မယ်ရရ အကျိုးကျေးဇူး တစ်စုံတစ်ရာမျှ မရှိချေ။ မဟာဝါ ပါဠိတော်၌ ဘုရားရှင်သည် ကျီးခြောက်လှန့်ခြင်းငှာ စွမ်းနိုင်သော သူငယ်တို့အား ရှင်ပြုနိုင်သည်ဟု မိန့်တော်မူသည်မှာ မှန်၏။ သို့ရာတွင် ဤသို့ခွင့်ပြုခြင်းမှာ ရှင်အာနန္ဒာအား ခြွင်းချက်တစ်ရပ်အနေနှင့် ခွင့်ပြုခြင်း ဖြစ်တန်ရာ၏။ အမှန်ဆိုသော် ထိုဝိနည်းပါဠိတော်၌ပင် ဘုရားရှင်က ရဟန်းတို့အား "အသက်တစ်ဆယ့်ငါးနှစ် မပြည့်သေးသော သူငယ်အား ရှင်မပြုအပ်။ ရှင်ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ" ဟု ပညတ်တော်မူဖူး၏။

ဤပညတ်တော်မူချက်မှာ အထူးလျော်ကန်သင့်မြတ်လှပေ၏။ ရှင်သာမဏေအဖြစ်သည် တတ်သိလိမ္မာသော အရွယ်သို့ ရောက်ရှိပြီးဖြစ်သည့် လူငယ်များအဖို့သာလျှင် အကျိုးရှိ၏။ ယခုကာလ၌ မိဘများက ရှင်ပြုသဖြင့် ကိုရင်ဝတ်ကြရသော သူငယ်များမှာ အများအားဖြင့် အသက်ငယ်ရွယ် ဉာဏ်နုနယ်သေးသောသူများ ဖြစ်ကြရကား ၎င်းတို့မှာ ရှင်သာမဏေဖြစ်ခြင်းအားဖြင့် ဘာသာရေးဘက်တွင် ဘာမျှ ထူးခြား ပြောင်းလဲခြင်း မရှိချေ။ ထို့ကြောင့် ယခုခေတ်လူငယ်များသည် အားလုံးလိုလို ရှင်ပြုခဲ့ကြရပါလျက် ဘာသာရေးအသိတရား ခေါင်းပါးနေကြ၏။

ဘာမျှ မသိ နားမလည်သေးသော ကလေးသူငယ်များကို ရှင်ပြုရသဖြင့် ၎င်းတို့၏ မိဘများမှာကား မိမိတို့ ပြုရသော ကောင်းမှုကုသိုလ်အတွက် ကျေနပ် နှစ်သိမ့်ကြပေလိမ့်မည်။ သို့ရာတွင် ကလေးကို ရှင်ပြုခြင်းသည် မိဘများ၏ ယခုဘဝ ကျေနပ်မှုအတွက်၊ ကုသိုလ် ရမှုအတွက် ဖြစ်ပါသလော သို့တည်းမဟုတ် ကလေး၏အကျိုးစီးပွား၊ သာသနာတော်၏ အကျိုးစီးပွားအတွက် ဖြစ်ပါသလောဟု မေးဖွယ်ရှိ၏။

ဤသို့လျှင် မြန်မာလူမျိုးတို့၏ အချို့သော ဘာသာရေး အယူနှင့် အပြုအမူများမှာ လေးလေးနက်နက် စဉ်းစားဝေဖန်ဖွယ်ရာ ဖြစ်၏။ သို့ဖြစ်စေကာမူ လူများသည် မိမိတို့ အယူအဆ အပြုအမူများကို မိမိတို့ကိုယ်တိုင် ဝေဖန်ဖို့ဝေးစွ၊ သူတစ်ပါးက ဝေဖန်သည်ကိုပင် လက်မခံနိုင်ကြချေ။ ထိုသို့လက်မခံနိုင်ကြခြင်းမှာ ၎င်းတို့၏ ယုံကြည်ချက်များသည် စဉ်းစားဆင်ခြင်ဉာဏ် အောက်ခြေလွတ်နေသောကြောင့် ဖြစ်၏။ ဆိုင်ကိုအနာလစ်စစ် စိတ်ပညာအရ လူတို့သည် မိမိတို့ ယုံကြည်ချက်တစ်ခုအား ဝေဖန်ဆန်းစစ်မှုကို သည်းမခံနိုင်လေ ထိုယုံကြည်ချက်မှာ အခြေအမြစ် ယုတ္တိကင်းမဲ့ကြောင်း ထင်ရှားလေဖြစ်၏။

ဥပမာ– အကယ်၍ လူတစ်ဦးက ကမ္ဘာကြီးလုံးသည် ဆိုသော စကားမှာ မှားသည် သို့မဟုတ် တြိဂံတစ်ခုတွင် ဒီဂရီ ၁၈၀ ရှိသည်ဆိုသော စကားမှာ အခြေအမြစ်ကင်းမဲ့သော စကား ဖြစ်သည်ဟု ဆိုပါက ကျွန်ုပ်တို့မှာ စိုးစိမျှ စိတ်တုန်လှုပ်မည်

မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်များမှာ ကျွန်ုပ်တို့ သေချာစွာ စုံစမ်းစစ်ဆေးပြီးမှ လက်ခံထားသော အချက်များ ဖြစ်၏။ ဘာသာရေး ယုံကြည်ချက်များမှာကား ဤကဲ့သို့မဟုတ်။ ၎င်းတို့မှာ အများအားဖြင့် မစူးစမ်းမဆင်ခြင်ဘဲ လက်ခံထားသော ယုံကြည်ချက်များဖြစ်၍ ၎င်းတို့အား ဝေဖန်မှုကို ကျွန်ုပ်တို့ သည်းမခံနိုင် ဖြစ်တတ်၏။

ထို့ကြောင့် မဟုတ်လော၊ ဥရောပတိုက်တွင် ဘာသာတရားကို မျက်စိမှိတ်၍ အကြွင်းမဲ့ယုံကြည်သော ရှေးအခါက ဘာသာတရားနှင့် ဆန့်ကျင်ဘက် စကားများကို ပြောသော သိပ္ပံပညာရှင် (ဥပမာ–ဂယ်လီလီအို) တို့သည် နှိပ်ကွပ်ခြင်းခံကြရ၏။ ဘာသာရေး၌ စိတ်ထားသေးသိမ်မှုကြောင့် ဘာသာရေးစစ်ပွဲကြီးများ ဖြစ်ပွားကာ အမျိုးသားအချင်းချင်း သွေးချောင်းစီး သတ်ဖြတ်ခဲ့ကြ၏။ ယခုအခါ၌မူ အနောက်နိုင်ငံများတွင် လူတို့သည် ဘာသာတရားကို စူးစမ်းဆင်ခြင်ပြီးမှ လက်ခံထားကြသဖြင့် လွတ်လပ်စွာ ဘာသာရေး ဝေဖန်မှုကြောင့် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသ ဖြစ်ခြင်း မရှိတော့ချေ။

ဗုဒ္ဓဘာသာသည် လွတ်လပ်စွာ စဉ်းစားဝေဖန်မှုကို အားပေးသောကြောင့် ၎င်း၏သမိုင်းတွင် ဘာသာရေးစစ်ပွဲ စသော အမည်းကွက်များ မရှိဘဲ ဘာသာရေး စိတ်သဘောထားကြီးမှုအတွက် ကမ္ဘာ့စံပြပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့၏။ ဤအချက်သည် အိန္ဒိယပြည် အသောကမင်း၏ ကျောက်စာများကို ကြည့်လျှင်

သို့မဟုတ် မြန်မာပြည် မင်းတုန်းမင်း၏ အကြောင်းကို ဖတ်ရှုလျှင် ကောင်းစွာ ထင်ရှားပေလိမ့်မည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင် လူအများသည် အသောကမင်း၊ မင်းတုန်းမင်းတို့ကဲ့သို့ မိမိတို့ ဘာသာတရားကို ခြေခြေမြစ်မြစ် နားလည်သူ (ဝါ) ဝေဖန်သုံးသပ် ပြီးမှ လက်ခံယုံကြည်သူများ မဟုတ်ရကား စိတ်သဘောထား ကြီးမှုကို အခါခပ်သိမ်း မပြနိုင်ကြချေ။ ဤနေရာ၌ ဒုတိယ ကမ္ဘာစစ် မဖြစ်မီက လူအများ၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရသော ဗုဒ္ဓဘာသာ ဆရာတော်တစ်ပါးအား ကျွန်ုပ် သတိရမိပေသည်။

ထိုဆရာတော်မှာ ပါဠိသက္ကဋ အင်္ဂလိပ် စသော ဘာသာ စကားများစွာ တတ်မြောက်၍ ပိဋကကျမ်းဂန်များ၌ ကျွမ်းကျင် နှံ့စပ်သဖြင့် ထင်ရှား၏။ ယခုအခါ သူ့အား ချီးကျူးသောသူ များကို မကြာမကြာ တွေ့ရ၏။ ထိုအခါကမူ သူသည် မိမိ ယုံကြည်ချက်အတိုင်း စာအုပ်တစ်အုပ် ရေးသားမိသောကြောင့် အချို့လူများနှင့် ပဋိပက္ခဖြစ်ရလေသည်။ လူများ မခံမရပ်နိုင်ဖြစ် ရသော သူ၏စကားတစ်ရပ်မှာ “ကျွန်ုပ်သည် ဗုဒ္ဓဝါဒနှင့် အခြား အယူဝါဒများကို လေ့လာခဲ့ရာ ဗုဒ္ဓဝါဒလောက် ကျွန်ုပ်အား နှစ်သိမ့်ကျေနပ်စေသော ဝါဒကို မတွေ့ရသေးပါ။ ဗုဒ္ဓဝါဒထက် ပို၍ ကျွန်ုပ်အား ကျေနပ်မှုပေးနိုင်သော ဘာသာဝါဒကို တွေ့ရ ပါက ဗုဒ္ဓဝါဒကို စွန့်လွှတ်ရန် အသင့်ရှိပါသည်” ဟူသော စကားဖြစ်၏။ အမှန်မှာ ဤစကားသည် ဗုဒ္ဓဝါဒကို ချီးကျူးသော စကားဖြစ်၏။ သူသည် မိဘများက ဗုဒ္ဓဝါဒီဖြစ်သောကြောင့် ဗုဒ္ဓဝါဒကို လက်ခံခြင်းမဟုတ်၊ ဗုဒ္ဓဝါဒကို ဝေဖန်စစ်ဆေး၍

အထူးနှစ်သက်သောကြောင့် လက်ခံခြင်းဖြစ်သည်ဟု ဆိုလို၏။ သို့ရာတွင် လူများသည် ဤသို့နားမလည်ကြဘဲ သူ၏စကားမှာ ဗုဒ္ဓဘာသာကို စော်ကားသော စကားဖြစ်သည်ဟု ထင်မှတ်ကြလေသည်။

ထိုအခါက ကျွန်ုပ်သည် ဆရာတော်အား လူသိရှင်ကြား ကဲ့ရဲ့ရှုတ်ချရန် ကျင်းပသော အစည်းအဝေးသို့ သွားရောက်အကဲခတ်ပြီးနောက် သူ၏ကျောင်းတိုက်သို့ သွား၍ သူနှင့်တွေ့ဆုံဆွေးနွေး၏။ ဆရာတော်သည် သူ့အား ပုတ်ခတ်ပြောဆိုသောသူများကြောင့် စိတ်လှုပ်ရှားသည့်လက္ခဏာ စိုးစိမျှ မပြဘဲ တည်ငြိမ်အေးဆေးသော အမူအရာနှင့် သူ့ယုံကြည်ချက်ကို ရှင်းပြလေသည်။ ဤသို့ မိမိနှင့် ဝါဒမတူသောသူတို့၏ ကဲ့ရဲ့ရှုတ်ချမှုကို ခံနိုင်ရည်ရှိခြင်းသည် ပညာရှိတို့၏ လက္ခဏာတစ်ရပ် ဖြစ်၏။ ပိဋကစာပေ လေ့လာသောသူတို့သည် ဤဗုဒ္ဓဂုဏ်အင်္ဂါကို သတိပြုမိကြပေလိမ့်မည်။ ဥပမာ-ဒီဃနိကာယ် အမ္ဗဋ္ဌသုတ်ကို ကြည့်ပါ။ ထိုသုတ်၌ အမ္ဗဋ္ဌလုလင်သည် မိမိနှင့် ဝါဒမတူသော ဘုရားရှင်အား တမင်သက်သက် မထေမဲ့မြင်ပြုသော်လည်း ဘုရားရှင်မှာ လုံးဝစိတ်တုန်လှုပ်တော်မမူချေ။

အမှန်ဆိုသော် အကယ်၍ ကျွန်ုပ်တို့၏ ဗုဒ္ဓဝါဒသည် မှန်ကန်သောတရားဖြစ်သည်ဟု ကျွန်ုပ်တို့ စွဲစွဲမြဲမြဲ ယုံကြည်ခဲ့လျှင် သူတစ်ပါး၏ ဝေဖန်စစ်ဆေးမှုကို ခံနိုင်ရပေလိမ့်မည်။ ထိုသို့ ခံနိုင်ရန်အတွက် ယုံကြည်ချက်သည် သေချာစွာ စုံစမ်းလေ့လာ၍

စဉ်းစားဝေဖန်မှုပေါ်၌ အခြေတည်ရမည်ဖြစ်၏။ ဤတွင် စဉ်းစား ဆင်ခြင်မှုကို ပိတ်ပင် ဖျက်ဆီးတတ်သော လူတို့၏ အစွဲနှစ်ခုကို သတိပြုဖို့ လိုလေသည်။

ပထမအစွဲမှာ ဝါဒစွဲဖြစ်၏။ အကယ်၍ ကျွန်ုပ်တို့သည် နဂိုမူလက အခြားဝါဒတစ်ခုခုကို ယုံကြည်စွဲလမ်းခဲ့လျှင် ဗုဒ္ဓဝါဒကို လေ့လာသောအခါ ထိုရှိရင်းစွဲဝါဒကို ပိဋကကျမ်းဂန်များထဲ၌ မြင်နေတတ်ကြ၏။ ထိုဝါဒသည် ဗုဒ္ဓဝါဒနှင့် တူညီသည်ဟု ထင်မှားတတ်ကြ၏။ အချို့သော မက္ခ(စ်)ဝါဒီတို့သည် ဗုဒ္ဓ ဘုရားရှင်က ပုဂ္ဂလိကပစ္စည်းကို ပယ်ခဲ့သလိုလို ရေးသားပြောဆို ကြ၏။ သူတစ်ပါး၏ပစ္စည်းကို လေးစားရန် ဟောကြားထားသော ဒုတိယသိက္ခာပုဒ်ကိုကား သူတို့ထည့်သွင်း မစဉ်းစားကြချေ။ တစ်ခါက အင်္ဂလိပ်တစ်ဦးရေးသားထားသော ဗုဒ္ဓဘာသာစာအုပ် တစ်အုပ်ကို ကျွန်ုပ် ဖတ်ဖူး၏။ ထိုသူသည် တမလွန်ဘဝ မရှိဟု နဂိုမူလက စွဲစွဲမြဲမြဲ ယုံကြည်ထားဟန်တူလေသည်။ အဘယ် ကြောင့်ဆိုသော် အချက်အနည်းငယ်ကို ကိုးကားပြီးလျှင် တမလွန် ဘဝရှိသည်ဆိုသော အယူမှာ ဗုဒ္ဓဘုရားရှင်၏ အယူမဟုတ်ကြောင်း သူ၏စာအုပ်ထဲတွင် ထပ်တလဲလဲ ရေးသားထား၏။ တမလွန် ဘဝနှင့် စပ်လျဉ်း၍ ဘုရား ဟောကြားထားသော အချက် မြောက်မြားစွာတို့ကိုကား သူ ရှင်းမပြချေ။

ပုထုဇဉ် လူသတ္တဝါမှန်လျှင် ဝါဒစွဲတစ်ခုခု ရှိမြဲဖြစ်၏။ ဝါဒစွဲက ဉာဏ်မျက်စိကို လုံးလုံးပိတ်ဖုံး မနေစေရန် သိပ္ပံပညာ ကျော်ကြီး ချားလ်(စ်)ဒါဝင်၏ နည်းကို ကျွန်ုပ်တို့ သုံးသင့်၏။

ဒါဝင်သည် သူ့ နှစ်ပေါင်းများစွာ သုတေသနပြုကာ စဉ်းစား ဆင်ခြင်၍ ရရှိသော အီဗော်လူးရှင်းဝါဒနှင့် ဆန့်ကျင်သယောင် ယောင် ဖြစ်နေသည့်အချက်များကို အမြဲသတိပြုပြီး လေ့လာ မှတ်သားထား၏။ ထို့နောက် ၎င်းတို့ကို အီဗော်လူးရှင်းဝါဒနှင့် ညှိနှိုင်းကာ ကြိုးစား၍ ဖြေရှင်း၏ သို့ဖြစ်ရကား သူ၏ဝါဒကို ပညာရှင်များအား တင်ပြသောအခါ ထိုဝါဒသည် ယုတ္တိအထောက် အထား ပြည့်စုံခိုင်လုံ၍ ချေပရန် အတော်ခဲယဉ်းသောဝါဒ ဖြစ် လာလေသည်။ ထို့အတူ ဗုဒ္ဓကျမ်းစာများကို လေ့လာရာ၌ ကျွန်ုပ် တို့သည် ရှုထောင့်အမျိုးမျိုးမှ အမြင်အမျိုးမျိုးဖြင့် ရေးသား ထားသော စာအုပ်များကို ဖတ်ရှုသင့်၏။ အချို့စာအုပ်များကို ကျွန်ုပ်တို့ ယုံကြည်ချက်နှင့် ဆန့်ကျင်သည်ဆိုပြီး လျစ်လျူရှု မထားသင့်ချေ။

ဥပမာ–အင်္ဂလိပ်ဗုဒ္ဓဘာသာကျမ်းပြုဆရာမကြီး မစ္စက်စီအေ အက်(ဖ်)ရိုင်း(စ်)ဒေးဗစ်သည် သူ၏စာအုပ်အချို့၌ ထေရဝါဒ ဗုဒ္ဓဘာသာမှ အချို့သော တရားများကို ပြင်းပြင်းထန်တန် ဝေဖန်ထား၏။ အကယ်၍ သူသည် သာမန်ဗုဒ္ဓဘာသာ ကျမ်းပြု ဆရာတစ်ဦးသာဖြစ်ပါက သူ၏ရေးသားချက်များကို ကျွန်ုပ်တို့ ဂရုမစိုက်ဘဲ နေနိုင်၏။ သို့ရာတွင် မစ္စက်ရိုင်း(စ်)ဒေးဗစ်မှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ချေ။ သူသည် လန်ဒန်တက္ကသိုလ်၌ ပါဠိပါမောက္ခ၊ လန်ဒန်ပါဠိအသင်း၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အင်္ဂလိပ်ဘာသာပြန် ပိဋကကျမ်း အတော်များများကို ရေးသား တည်းဖြတ်ခဲ့သူ ဖြစ်၏။ ပါဠိပိဋကကျမ်းများကို စေ့ငုသေချာစွာ

နှံ့နှံ့စပ်စပ် လေ့လာထားသူဖြစ်၍ အနောက်နိုင်ငံ ဗုဒ္ဓစာပေနယ်၌ အထူးထင်ရှား၏။ ဤကဲ့သို့သော ပညာရှင်တစ်ဦး၏ စာအုပ်များကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့အဖို့ အကျိုးယုတ်မည် မဟုတ်ချေ။

သို့ရာတွင် အကျော်အမော် ပါဠိပညာရှင်ကြီးတစ်ဦး၏ စကားသည် အမြဲမှန်ကန်ရမည် (ဝါ) ဘုရားဟောစကား ဖြစ်သည်ဟူသော ပုဂ္ဂိုလ်စွဲ ရှိလျှင်ကား အမှားကြီး မှားပေလိမ့်မည်။ ဤပုဂ္ဂိုလ်စွဲသည် စဉ်းစားဉာဏ်ကို ပိတ်ဖုံးတတ်သော ဒုတိယ အစွဲဖြစ်၏။ ဘုရားရှင်သည် အမှန်တရားရှာဖွေနည်းကို ကာလာမ အမျိုးသားတို့အား ဟောကြားရာ၌ ပုဂ္ဂိုလ်စွဲကို ဖျောက်ရန် သတိပေးတော်မူခဲ့၏။ သို့သတိပေးခဲ့စေကာမူ မစ္စက်ရိုင်း(စ်) ဒေးဗစ် စသော အချို့ဥရောပ ပါဠိပညာရှင်များနှင့် ရှင်မဟာ ဗုဒ္ဓဃောသ စသော အချို့ ရှေးဗုဒ္ဓဘာသာကျမ်းပြု ပုဂ္ဂိုလ်များ၏ စကားကို မျက်စိမှိတ်၍ အကြွင်းမဲ့ လက်ခံယုံကြည်နေသော အနောက်နိုင်ငံသားများနှင့် မြန်မာဗုဒ္ဓဘာသာဝင်များ အမြောက် အမြား ရှိကြလေသည်။

မှန်၏။ ထိုထိုသော ပါဠိပညာရှင်များကို ကျွန်ုပ်တို့ လေးစားသင့်၏။ သူတို့၏ စာအုပ်များကို ဖတ်ရှုလေ့လာသင့်၏။ သို့ရာတွင် သူတို့၏စကားကို မျက်စိမှိတ်၍ လက်မခံဘဲ စဉ်းစား ဆင်ခြင်သင့်သည် မဟုတ်ပါလော။ ဗုဒ္ဓ ဓမ္မကို မိမိရရ သိရှိ နားလည်ရန် သူတို့၏ စာအုပ်များနှင့် ကျေနပ်မနေဘဲ သူတို့ မှီငြမ်းပြုသော ပိဋကစာပေကို လေ့လာအပ်သည် မဟုတ်ပါလော။

ဤတွင် ပိဋကစာပေအကြောင်း စဉ်းစားဖို့ လိုလာ၏။

ပိဋကစာပေသည် နဂိုမူလက ပါဠိဘာသာဖြင့် တည်ရှိ၍ ပါဠိဘာသာကို ကောင်းစွာ တတ်မြောက်အောင် သင်ပြီးမှ ၎င်းကို လေ့လာနိုင်လျှင် အကောင်းဆုံးဖြစ်၏။ ကျွန်ုပ်တို့ သိရသလောက် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ ပိဋကဘာသာပြန်ဌာနက သုတ္တပိဋကမှ ကျမ်းစာအုပ် ၂–အုပ်၊ ၃–အုပ်နှင့် ဝိနယပိဋကမှ ကျမ်းစာအုပ် ၃–၄ အုပ်ကို မြန်မာဘာသာသို့ ပြန်ဆို၍ ပုံနှိပ်ထုတ်ဝေပြီးလေပြီ။ လန်ဒန်ပါဠိအသင်းကမူ ခုဒ္ဒကနိကာယ်လာ ကျမ်းစာအုပ်အနည်းငယ်မှ တစ်ပါး အခြား သုတ္တပိဋက ကျမ်းစာအုပ်အားလုံး၊ ဝိနယပိဋကကျမ်းစာ အားလုံးနှင့် အဘိဓမ္မာပိဋက ကျမ်းစာအချို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးဖြစ်၏။ ပါဠိဘာသာ မတတ်သော သူတို့သည် ဗုဒ္ဓဝါဒကို သိရှိနားလည်လိုပါက ဤပြန်ဆိုပြီးသမျှသော မြန်မာအင်္ဂလိပ် ပိဋကကျမ်းစာများကို ဖတ်ရှုလေ့လာကြရပေလိမ့်မည်။

ပိဋကစာပေသည် ကျယ်ဝန်း၏။ ကျမ်းစာအားလုံးကို နှံ့နှံ့စပ်စပ်၊ စေ့စေ့စုံစုံ ဖတ်ရှုလေ့လာရန် ခဲယဉ်း၏။ သို့ဖြစ်၍ ဘုရားရှင်၏ ဟောကြားချက် အများဆုံးပါရှိသော ကျမ်းစာများကို ရှေးဦးစွာ ရွေးချယ်တတ်ဖို့ လို၏။ ပါဠိစာ မတတ်သောသူအဖို့ ဤသို့ စိစစ်ရွေးချယ်တတ်ရန် သာ၍ အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် သူသည် အင်္ဂလိပ်–မြန်မာ ပြန်ဆိုပြီးဖြစ်သော သုတ္တပိဋကနှင့် ဝိနယပိဋကတို့ကိုသာ စုံစုံစေ့စေ့ ဖတ်ရှုလေ့လာနိုင်ပေလိမ့်မည်။ အဘိဓမ္မာ ပိဋကကိုကား စုံစုံစေ့စေ့လေ့လာနိုင်

လိမ့်မည် မဟုတ်ချေ။ သို့ဖြစ်၍ ပိဋကသုံးပုံကို အကုန်မလေ့လာဘဲ အချို့သော အစိတ်အပိုင်းကို လေ့လာရုံနှင့် ဗုဒ္ဓဓမ္မကို ခြေခြေမြစ်မြစ် သိရှိနားလည်နိုင်ပါမည်လော။ ထိုသို့နားလည်နိုင်ပါလျှင် ပထမဦးစွာ လေ့လာအပ်သော ထိုအပိုင်းသည် မည်သည့်အပိုင်း ဖြစ်ပါသနည်းဟု စူးစမ်းဖို့ လိုလေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် အများအားဖြင့် အဘိဓမ္မာပိဋကကို အခြားပိဋကများထက် ပို၍ အထင်ကြီးကြဟန် တူ၏။ မြန်မာပြည်သည် အဘိဓမ္မာပိဋက၌ ကျွမ်းကျင်နှံ့စပ်သူ ပေါများသော တိုင်းပြည်အဖြစ် ထင်ရှား၏။ သုတ္တပိဋကကို အကုန်မသိသော်လည်း သင်္ဂြိုဟ်စကား များများပြောနိုင်သောသူကို လေးစားကြ၏။ အစိုးရ ပထမပြန်စာမေးပွဲ၌ ဖြေဆိုလိုသော ရဟန်းတော်များသည် အဘိဓမ္မာကျမ်းစာများကို အတော်တော် များများ လေ့လာကြ၏။ လူများအတွက် အဘိဓမ္မာစာမေးပွဲများကို နှစ်စဉ်ကျင်းပ၏။ သုတ္တပိဋကနှင့် ဝိနယပိဋက စာမေးပွဲများ ကျင်းပသည်ဟု မကြားသိရချေ။

အနောက်နိုင်ငံများ၌မူ ဗုဒ္ဓဝါဒီနှင့် ဗုဒ္ဓဝါဒ၌ စိတ်ဝင်စားသော သူတို့သည် သုတ္တပိဋကကို အထူးဂရုပြု၍ လေ့လာကြ၏။ ပါဠိပညာရှင်များ ရေးသားထားသော ဗုဒ္ဓဘာသာကျမ်းများမှာ သုတ္တပိဋကနှင့် ဝိနယပိဋကများကို မှီငြမ်းပြုသော ကျမ်းများ ဖြစ်၏။ ၎င်းတို့တွင် သုတ္တပိဋကမှ ကိုးကားချက်များကို အမြောက်အမြား တွေ့ရ၏။ ဝိနယ ပိဋကမှ ကိုးကားချက်များကိုလည်း အနည်းငယ် တွေ့ရ၍ အဘိဓမ္မာပိဋကမှ ကိုးကားချက်များကိုကား

အလွန် တွေ့ရခဲ၏။ ဤကဲ့သို့ အဘိဓမ္မာ ပိဋကကို ကိုးကားခြင်း မပြုသဖြင့် ၎င်းစာအုပ်များတွင် နက်နဲသောတရားများ မပါရှိဟူ၍ မထင်မှတ်သင့်ချေ။ ဂျာမန် ဗုဒ္ဓဘာသာကျမ်းပြုဆရာ ပေါလ်ဒတ် (ခ) ရေးသားသော ကျမ်းများမှာ သုတ္တပိဋကကို မှီငြမ်းပြုထားသော်လည်း လေးနက်၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေရ၏။ မစ္စက်ရိုင်း(စ)ဒေးဗစ် ရေးသားသော ဗုဒ္ဓဘာသာ စိတ်ပညာကျမ်းမှာလည်း သုတ္တပိဋကလာ ပထမ နိကာယ်လေးကျမ်းကို မှီငြမ်းပြုထားလေသည်။

သို့ဖြစ်၍ အောက်ပါ စဉ်းစားစရာ အချက်များပေါ်လာ၏။

ပိဋကသုံးပုံတွင် ပါရှိသော စကားအားလုံးသည် ဘုရားဟော စကားများ ဖြစ်ပါသလော။ ပိဋကသုံးပုံတွင် မည်သည့်အပိုင်းသည် မည်သည့်အပိုင်းထက် ပို၍ ဘုရားဟော စကားများ ပါရှိပါသနည်း။ ဤသို့ပါရှိကြောင်း မည်သည့် သက်သေအထောက်အထားများ ပြနိုင်ပါသနည်း။

ဤမေးခွန်းများကို ဖြေဆိုနိုင်ရန် ကျွန်ုပ်တို့သည် ပိဋကစာပေ၏ သမိုင်းကို စေ့ငုသေချာစွာ လေ့လာကြရပေလိမ့်မည်။ ပိဋကစာပေသည် ယခု အခြေသို့ မည်သို့ရောက်ရှိလာသည်၊ ၎င်းသည် ဘုရားရှင်၏လက်ထက်က မည်သည့်အခြေအနေ၌ ရှိသည်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက်ကာလ၌ မည်သို့ ပြောင်းလဲလာသည်၊ ပိဋကစာပေသည် တစ်ပိုင်းနှင့်တစ်ပိုင်း မည်သို့ကွဲပြားခြားနားသည်၊ ၎င်းတို့အကြောင်းကို သာသနာဝင် မဟာဝင်စသော ကျမ်းများ၌ မည်သို့ဖော်ပြထားသည်၊ အရှေ့တိုင်း

ရှေးဟောင်းဘာသာစကားနှင့် အယူဝါဒများကို လေ့လာသော ပညာရှင် (Orientalistss) တို့၏ သုတေသနပြုချက်များအရ မည်သို့သိရှိရသည် စသည်တို့ကို ကျွန်ုပ်တို့ စူးစမ်းလေ့လာဖို့ လိုပေလိမ့်မည်။

ဤသို့ဝါဒစွဲ ပုဂ္ဂိုလ်စွဲကင်းရှင်းစွာနှင့် ပိဋက သမိုင်း, ပိဋကစာပေကို ဖတ်ရှုလေ့လာ စဉ်းစားဝေဖန်ခြင်းဖြင့် သိရှိအပ်သော ဗုဒ္ဓဓမ္မသည် လေးနက်မှန်ကန်၍ မြန်မာနိုင်ငံ၌ အစွန့်ရှည်စွာ တည်တံ့နိုင်မည်ဖြစ်၏။ လူတို့၏ ဘာသာရေးစိတ်ဓာတ်ကို ဖျက်ဆီးတတ်သော အနောက်နိုင်ငံ ရုပ်ဝါဒတို့သည် ထိုဗုဒ္ဓဓမ္မကို စိုးစိမျှ လှုပ်ချောက်နိုင်ပေလိမ့်မည် မဟုတ်။ အဘယ်ကြောင့် ဆိုသော် ထိုဗုဒ္ဓဓမ္မသည် လူတို့၏ အသိဉာဏ်ပညာပေါ်၌ အခြေတည်သောကြောင့် ဧဟိပဿိကော၊ လာ၍ကြည့်လော့။ (ဝါ) လာ၍ စစ်ဆေး ဝေဖန်လော့ဟူသည့် ရဲဝံ့စွာ ဖိတ်ခေါ်ခြင်း တည်းဟူသော တရားဂုဏ်တော်နှင့် ပြည့်စုံသည့် ဗုဒ္ဓဓမ္မ ဖြစ်ပေသတည်း။

❁

# ဗုဒ္ဓ၏ ထူးခြားချက်များ

စာရေးသူသည် ဗုဒ္ဓဂေါတမ၏ ဘုရားမဖြစ်မီက ဘဝဖြစ်စဉ်များနှင့် စပ်လျဉ်း၍ စဉ်းစားဖွယ်ရာအချက်များကို မဂ္ဂဇင်းတစ်စောင်၌ ရေးသားဖော်ပြခဲ့ဖူးပါသည်။

ရှေးပိဋကဆရာတို့သည် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ထက် ဟောကြားသောတရားကို ပိုမိုဂရုပြုကြ၏။ ကျွန်ုပ်တို့သည် သူတို့ကို အပြစ်မဆိုသာချေ။ အကယ်၍ ဘဝဖြစ်စဉ်ကို ဆုံးမ ဩဝါဒထက် ပို၍ အာရုံစူးစိုက်ခဲ့ကြပါက ဗုဒ္ဓဝါဒကို ယခုလောက် စေ့စုံစွာ ကျွန်ုပ်တို့ သိရှိရပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ ထို့အပြင် သူတို့သည် ဗုဒ္ဓအကြောင်းကို လုံးဝမေ့ထားခဲ့ကြသည် မဟုတ်ချေ။ ဗုဒ္ဓအကြောင်းအရာများသည် အစီအစဉ် အဆက်အစပ်မရှိ၊ အခြားကမ္ဘာ့သမိုင်းဝင်ပုဂ္ဂိုလ်တို့၏ အကြောင်းအရာများလောက် ပြည့်စုံခြင်းမရှိစေကာမူ ပိဋကများကို အခြေပြု၍ ဘုရားရှင်၏ ဘဝဖြစ်စဉ်နှင့် စိတ်ဓာတ်ကို အတော်အတန် သိရှိနိုင်လေသည်။

ဗုဒ္ဓသည် မိုးရာသီ၌ နားနေ၍ အခြားအခါကာလများတွင် တစ်နေရာမှ တစ်နေရာသို့ ခရီးလှည့်လည်ပြီးလျှင် တရား

ဟောတော်မူလေ့ရှိ၏။ တစ်ခါတစ်ရံ၌မူ သာဝတ္ထိ၊ ဝေသာလီ စသော မြို့ကြီးများ၌ ကာလအတန်ကြာ သီတင်းသုံးတော်မူ၏။ မဇ္ဈိမနိကာယ် အရိယပရိယေသနသုတ်၏ နိဒါန်းတွင် ဗုဒ္ဓသည် သာဝတ္ထိမြို့၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့တာကို မည်သို့ ကုန်စေပုံကို ဖော်ပြထားလေသည်။

တစ်နေ့သော နံနက်စောစော၌ ဗုဒ္ဓသည် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် မြို့တွင်းသို့ ဆွမ်းအလို့ငှာ ကြွသွား၏။ ထိုအခါ ရဟန်းတို့သည် အရှင်အာနန္ဒာအား ဘုရားရှင်၏ တရားစကားကို မိမိတို့ မကြားနာရသည်မှာ ကြာပြီ ဖြစ်၍ ကြားနာလိုကြောင်း လျှောက်ကြ၏။ အရှင်အာနန္ဒာသည် ရဟန်းတို့အား ဒမ္မကပုဏ္ဏားအ၏ ကျောင်းသင်္ခမ်းသို့ သွား၍ နေကြရန်ပြော၏။ ရဟန်းတို့သည် ထိုကျောင်းသို့ သွားကြ၏။ ဗုဒ္ဓသည် လှည့်လည်ဆွမ်းခံ၍ ဆွမ်းစားပြီးလျှင် အရှင်အာနန္ဒာကို ခေါ်၍ ပုဗ္ဗာရုံကျောင်းသို့ ကြွသွားတော်မူ၏။ ထိုကျောင်း၌ တစ်နေကုန်နေတော်မူပြီးသော် ညနေချမ်းအခါ၌ အရှင်အာနန္ဒာနှင့် အတူ ရေချိုးဆိပ်သို့ ကြွသွား၍ ရေချိုးတော်မူ၏။ ရေချိုးပြီးသော အခါ အရှင်အာနန္ဒာသည် ဘုရားရှင်အား ဒမ္မကပုဏ္ဏားအ၏ ကျောင်းသင်္ခမ်းသို့ ကြွတော်မူရန် တောင်းပန်၏။ ဗုဒ္ဓသည် ထိုကျောင်းသို့ ကြွသွား၏။

ထိုအခါ ရဟန်းတို့သည် ထိုကျောင်း၌ တရားစကားဖြင့် စည်းဝေး၍ နေကြ၏။ ဗုဒ္ဓသည် တံခါးမုခ်အပြင်ဘက်၌ ရပ်လျက် စကားအဆုံးကို ဆိုင်းငံ့နေတော်မူ၏။ စကားဆုံးလတ်သော်

ချောင်းဟန့်၍ တံခါးရွက်ကို ခေါက်၏။ ထိုအခါ ရဟန်းတို့သည် တံခါးကို ဖွင့်ကြ၏။ ဗုဒ္ဓသည် အထဲသို့ဝင်၍ ခင်းထားအပ်သော နေရာ၌ ထိုင်ပြီးလျှင် "ရဟန်းတို့...ယခု ငါဘုရားကြွလာသော အခါ သင်တို့သည် အဘယ်စကားဖြင့် စည်းဝေး၍ ပြောဟောနေကြကုန်သနည်း" ဟု မေး၏။ ရဟန်းတို့က "မြတ်စွာဘုရား အကြောင်းကို ပြောဆိုနေကြပါကုန်သည်" ဟု လျှောက်ကြသော် ဗုဒ္ဓသည် မိမိဘုရားမဖြစ်မီက ကြုံတွေ့ခဲ့ရပုံများကို ပြောပြလို၍ အရိယပရိယေသနသုတ်ကို ဟောတော်မူလေသည်။

ထိုတရားပွဲများ၌ တစ်ခါတစ်ရံ ရဟန်းတို့သည် နေရာမှ ထ၍ လက်ဝဲတစ်ဖက်ပခုံးထက်၌ သင်္ကန်းကို လက်ကန်တော့ စမွှာယ်တင်ရုံပြီးလျှင် လက်အုပ်ချီ၍ ဗုဒ္ဓအား အခွင့်ပန်ကြားပြီးနောက် မိမိသိလိုသော အချက်ကို မေးလျှောက်လေ့ရှိ၏။ တရားပွဲများသည် တစ်ခါတစ်ရံ အတော်ညဥ့်နက်မှ ပြီးဆုံး၏။ ဗုဒ္ဓသည် တရားဟော၍ ပင်ပန်းညောင်းညာသောအခါ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသောတပည့်မထေရ်ကြီးများက ဆက်လက်၍ ဟောပြောကြလေသည်။

ဗုဒ္ဓနှင့် ရဟန်းသံဃာတို့၏စည်းဝေးပွဲများသည် အလွန်တိတ်ဆိတ်သော စည်းဝေးပွဲများ ဖြစ်၏။ ဤအချက်သည် ဒီဃနိကာယ် သာမညဖလသုတ်၌ ထင်ရှား၏။ ထိုသုတ်၌ အဇာတသတ်မင်းသည် ဘုရားရှင်ကို ဖူးမြော်ရန် ဆရာဇီဝကနှင့်အတူ ကျောင်းတော်သို့ သွား၏။ အချိန်ကား ညချမ်းအချိန်ဖြစ်၏။ ဘုရင်သည် ကျောင်းအနီးသို့ ချဉ်းကပ်မိသောအခါ

ကြက်သီးမွေးညှင်းထ၍ ထိတ်လန့်သွား၏။ အဘယ့်ကြောင့်ဆို သော် ထိုအချိန်၌ ဗုဒ္ဓသည် ရဟန်းသံဃာ ၁၅၀၀–နှင့်အတူ ကျောင်းတိုက်ထဲ၌ သီတင်းသုံး နေတော်မူသော်လည်း ချောင်းဆိုး သံ၊ ချေသံ တစ်ချက်မျှ မကြားဘဲ အလွန်တိတ်ဆိတ်နေသော ကြောင့် ဖြစ်၏။ ဇီဝကက အားပေးနှစ်သိမ့်မှ အဇာတသတ်မင်း သည် ကြောက်စိတ်ပြေ၍ ကျောင်းထဲသို့ဝင်ပြီး ဗုဒ္ဓကို ဖူးမြော် လေသည်။

ဗုဒ္ဓသည် တိတ်ဆိတ်မှုကို နှစ်သက်၏။ တစ်ခါတစ်ရံ ဆွမ်းစားပြီးလျှင် ကျောင်းသို့မပြန်တော့ဘဲ တောထဲသို့ ကြွသွား၍ သစ်ပင်များအောက်တွင် နေတော်မူလေ့ရှိ၏။ ရဟန်းတို့အား စကားပြောလျှင် တရားစကားကိုသာ ပြောကြရန် သို့မဟုတ် ဆိတ်ဆိတ်နေကြရန် မကြာမကြာ သတိပေး၏။ တစ်ခါသော် ဗုဒ္ဓကို ဖူးမြော်ရန် ကျောင်းသို့ ရောက်လာကြသော ရဟန်းငါးရာ တို့သည် အချင်းချင်း အော်ဟစ်ပြောဆို၍ ဆူညံလှသဖြင့် ဗုဒ္ဓ သည် သူတို့ကို ကျောင်းမှ နှင်ထုတ်လိုက်၏။ (စာတုမသုတ်၊ မဇ္ဈိမ နိကာယ်) ဗုဒ္ဓကို ဖူးမြော်ရန် လာသော ပသေနဒီကောသလ မင်းအား ရဟန်းတို့က ဘုရားရှိရာ ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ရန် ပြောကြ၏။ (အင်္ဂုတ္တရနိကာယ် ဒသနိပါတ် ပသေနဒီကောသလသုတ်) ဗုဒ္ဓသည် တိတ်ဆိတ်မှုကို နှစ်သက် ကြောင်း ပရိဗိုဇ်တို့သည်လည်း သိကြ၏။ သူတို့သည် ဆူညံစွာ စကားပြောနေကြစဉ် အဝေးမှ လာသော ဗုဒ္ဓဝါဒီတစ်ဦးဦးကို မြင်သော် အချင်းတို့ အသံမပြုကြကုန်လင့်၊ ဗုဒ္ဓ၏တပည့်သည်

လာနေ၏။ ဗုဒ္ဓ၏ တပည့်တို့သည် တိတ်ဆိတ်မှုကို နှစ်သက်၏ဟု အချင်းချင်း သတိပေး၍ ဆိတ်ဆိတ်နေလေ့ရှိကြ၏။ (အင်္ဂုတ္တရနိကာယ် ဒသနိပါတ် ကိ်ဳဒိဋ္ဌိကသုတ်)

ဗုဒ္ဓ၏ ဆိတ်ဆိတ် နေတတ်မှုသည် ကိုယ်တော်၌ ရန်သူနည်းပါးခြင်း၏ အကြောင်းတစ်ပါး ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓသည် တရားဟောရာ၌ အနှောင့်အယှက် အခက်အခဲ ကြီးကြီးကျယ်ကျယ် မတွေ့ရခြင်းမှာ ဗုဒ္ဓသည် ဆိတ်ဆိတ်နေတတ်ခြင်း၊ ဆုံးမရာ၌ သိမ်မွေ့ခြင်း၊ စိတ်ဓာတ်မြင့်မြတ်၍ လူကြည်ညိုခံရခြင်း၊ ထိုအခါက မရှိမဒေသ၌ ဗြာဟ္မဏဝါဒ မထွန်းကားသေးခြင်း၊ ဝါဒမတူသော ဘာသာရေး ခေါင်းဆောင်များမှာလည်း အများအားဖြင့် စိတ်သဘောထားကြီးကြခြင်း စသည်တို့ကြောင့် ဖြစ်၏။ ဗုဒ္ဓနှင့် အခြေအတင် တရားဆွေးနွေးသော သူတို့မှာ အများအားဖြင့် ဗြာဟ္မဏများ ပရိဗိုဇ်များနှင့် ဂျိန်းရဟန်းများ ဖြစ်ကြ၏။ ပုရာဏကဿပ, မက္ခလိဂေါသာလ စသော တိတ္ထိဆရာကြီးများ ဂျိန်းဘာသာရေးခေါင်းဆောင် မဟာဝီရ စသော ပုဂ္ဂိုလ်များနှင့် ဗုဒ္ဓတွေ့ဆုံ ဆွေးနွေးခြင်းကို ပိဋကတ်၌ မတွေ့ရပေ။ သူတို့သည် မိမိတို့ ဂုဏ်သိက္ခာ ထိခိုက်မည်စိုး၍ ဘုရားရှင်ထံသို့ မလာခြင်း ဖြစ်တန်ရာ၏။

ဗုဒ္ဓအား အတော်စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုသောသူမှာ ဒေဝဒတ်ဖြစ်၏။ သုတ္တန်ပိဋကတ်၌ ဒေဝဒတ်အကြောင်းကို အနည်းအကျဉ်းမျှသာ တွေ့ရသဖြင့် ဥရောပ ပါဠိပညာရှင်တို့သည် ဝိနည်းပိဋက စူဠဝဂ်၌ ပါရှိသော ဘုရားအား ဒေဝဒတ်

သေကြောင်း ကြံစည်ပုံ ဖော်ပြချက်ကို သံသယရှိကြ၏။ ဒေဝဒတ် သည် ဘုရားရှင်ကို သတ်ရန် လူသိရှင်သိ အမျိုးမျိုး ကြိုးစားပြီး သည့်နောက်၌ပင် ဘုရားသာသနာ၌ ဆက်လက်တည်ရှိ၍ ဘုရားနှင့် တွေ့ဆုံသည်ဆိုခြင်းမှာ ယုတ္တိမရှိလှချေ။ ပိဋက ဆရာတို့သည် ဒေဝဒတ်၏ အကြောင်းဖြစ်ရပ်များကို ရှေ့နောက် အမှတ် မှားခဲ့ကြခြင်း ဖြစ်တန်ရာ၏။ မည်သို့ပင် ဖြစ်စေ၊ ဒေဝဒတ်သည် ရဟန်းသံဃာများအတွက် ပိုမိုတင်းကျပ်သော လမ်းစဉ်ကို ချမှတ်ပေးလို၍ ဗုဒ္ဓကို တော်လှန်ကြောင်း ယုံကြည် ဖွယ် ရှိပေသည်။

ဗုဒ္ဓ၏ နောက်ဆုံးဖြစ်စဉ်များကို ဒီဃနိကာယ် မဟာ ပရိနိဗ္ဗာနသုတ်၌ အကျယ်ဖော်ပြထား၏။ ပုဂ္ဂိုလ်ကျော်တစ်ဦးဦး၏ နောက်ဆုံးအဖြစ်အပျက်များသည် သူ၏တပည့်များ စိတ်၌ အခြား အဖြစ်အပျက်များထက် စွဲ၍ ကျန်ရစ်ခဲ့မည်မှာ ဓမ္မတာဖြစ်၏။ မဟာပရိနိဗ္ဗာနသုတ်သည် အချို့သော သုတ်များလောက် ရှေးမကျ သော်လည်း ထိုသုတ် ပေါ်ပေါက်သော အချိန်၌ ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓ၏ နောက်ဆုံးဘဝဖြစ်စဉ်များကို ရှေးအစဉ်အဆက် စကား များအားဖြင့် အတော်အတန် သိရှိမှတ်မိနေကြမည်ဖြစ်၏။

ဗုဒ္ဓ၏ ဘဝဖြစ်စဉ်နှင့် စိတ်ဓာတ်ကို လေ့လာလိုသော သူတို့အဖို့ မဟာပရိနိဗ္ဗနသုတ်၌ ထူးခြားသော အချက်တစ်ရပ် ရှိ၏။ ထိုသုတ်သည် အတော်ရှည်သောသုတ် ဖြစ်သော်လည်း အချို့သော သုတ်များ (ဥပမာ–မဇ္ဈိမနိကာယ်မှ အစ္ဆရိယဗ္ဘုတဓမ္မ သုတ်)ဗုဒ္ဓဝင် အဋ္ဌကထာများမှာကဲ့သို့ အံ့ဖွယ်သူရဲများ (ဝါ)

ဗုဒ္ဓ၏ တန်ခိုးပြာဋိဟာ ပြခြင်းများကို များများစားစား မတွေ့ရချေ။ ဗုဒ္ဓသည် ထိုသုတ်တွင် လူတို့က သဒ္ဓါယုံကြည်စိတ်ဖြင့် လွန်လွန်ကဲကဲ ချီးပထားသော အနန္တဘုန်းတော်ရှင် မဟုတ်တော့ဘဲ ကမ္ဘာ့သမိုင်းဝင် ပုဂ္ဂိုလ်တစ်ဦးဖြစ်လာ၏။ သို့ရာတွင် သာမန်ကမ္ဘာ့လူသားတစ်ဦး အဖြစ်ဖြင့် မဟုတ်ဘဲ အလွန်စိတ်နှလုံးဖြူစင်သော သူတော်သူမြတ်အဖြစ်ဖြင့် ဗုဒ္ဓကို ကျွန်ုပ်တို့ တွေ့မြင်ရလေသည်။

ဗုဒ္ဓသည် မိမိအမည် ထင်ပေါ်မှု၊ မိမိအား တပည့်သံဃာတို့က ပုဂ္ဂိုလ်စွဲ စွဲလမ်းမှုကို လုံးဝမလိုလားချေ။ ဤအချက်သည် အရှင်အာနန္ဒာက ဗုဒ္ဓသည် ပရိနိဗ္ဗာန်မစံဝင်မီ တပည့်သံဃာတို့အတွက် တစ်စုံတစ်ရာ မှာကြားတော်မူခဲ့လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း လျှောက်သောအခါ၌ ဗုဒ္ဓမိန့်ကြားသော စကားဖြင့် ထင်ရှား၏။

“အာနန္ဒာ၊ ငါဘုရားအား သင့်တို့ အဘယ်ကြောင့် ဤမျှလောက် တောင့်တဘိသနည်း။ ငါသည် တရားဓမ္မကို အကြွင်းမဲ့ ဟောကြားခဲ့ပေပြီ။ သင်တို့သည် ငါ၏ နောက်လိုက်ဖြစ်သည်။ ငါသည် သင်တို့၏ ခေါင်းဆောင်ဖြစ်သည်ဟူ၍ ငါမယူဆခဲ့ချေ။ အာနန္ဒာ– ငါသည် ယခုအိုမင်းပြီ၊ ၁၀ ခရီး၏ အဆုံးပိုင်းသို့ ရောက်ရှိနေပေပြီ။ ထို့ကြောင့် သင်တို့သည် မိမိကိုယ်ကိုသာ မှီခိုကိုးကွယ်ရာပြု၍ နေကြကုန်လော့။ တရားမှတစ်ပါး မှီခိုကိုးကွယ်ရာမရှိဘဲ တရားသာလျှင် မှီခိုကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကြကုန်လော့”

ဗုဒ္ဓသည် မိမိအား လွန်လွန်ကဲကဲ ချီးကျူးပူဇော်မှုကို မနှစ်သက်ကြောင်း ထင်ရှားစေသော ဗုဒ္ဓစကားများကို မဟာပရိနိဗ္ဗာနသုတ်၌ အတော်များများ တွေ့ရ၏။ တစ်နေ့ရာတွင် အရှင်သာရိပုတ္တရာက "ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍ သိသော သမဏဗြာဟ္မဏသည် ရှိလည်း မရှိခဲ့၊ နောင်ရှိမည်လည်း မဟုတ်၊ ယခုလည်း မရှိဟု ယုံကြည်ပါသည်" ဟု လျှောက်ရာ ဗုဒ္ဓက "သာရိပုတ္တရာ၊ သင်သည် ပွင့်ပြီး, ပွင့်ဆဲ, ပွင့်လတ္တံ့သော ဘုရားရှင်တို့၏စိတ်ကို သင်၏ဉာဏ်ဖြင့် ပိုင်းခြား၍ မသိပါဘဲလျက် အဘယ့်ကြောင့် ဤသို့ကြီးကျယ် ခံ့ညားလှသော တိကျလှသော စကားကို ဆိုဘိသနည်း" ဟု မိန့်တော်မူလေသည်။

ထို့နောက် ကုသိနာရုံ ဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် နတ် ဗြဟ္မာများစွာတို့သည် လာရောက်၍ ဗုဒ္ဓအား ပူဇော်ကြ၏။ ထိုအခါ ဗုဒ္ဓက "အာနန္ဒာ၊ နတ် ဗြဟ္မာတို့သည် ဤသို့ပူဇော်ကာမျှဖြင့် ငါဘုရားအား မြတ်နိုးသည် မမည်သေး။ အကြင် ဥပါသကာ, ဥပါသိကာမတို့သည်လည်းကောင်း၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့သည်လည်းကောင်း ငါဟောကြားအပ်သော တရားနှင့်အညီ ကျင့်ကြံနေထိုင်ကြ၏။ ထိုသူတို့သည်သာလျှင် ငါဘုရားကို ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်ကြသည်မည်၏"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာက "အရှင်ဘုရား ကိုယ်တော်မြတ် နိဗ္ဗာန်လားခဲ့သော် အလောင်းတော်၌ ကျွန်ုပ်တို့ ပြုဖွယ်ကိစ္စကို အဘယ်သို့ ပြုရပါအံ့နည်း"ဟု မေးလျှောက်သောအခါ၌လည်း

ဗုဒ္ဓက "အာနန္ဒာ- ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်း စသည်တို့၌ သင်တို့ မကြောင့်ကြကုန်လင့်။ မိမိ၏အစီးအပွား ဖြစ်သော အရဟတ္တဖိုလ်ကို ရခြင်းငှာသာ များစွာ လုံ့လပြုကြကုန်လော့"ဟု မိန့်တော်မူလေသည်။

ပရိနိဗ္ဗာန်စံဝင်ခါနီး၌ ဗုဒ္ဓသည် အရှင်အာနန္ဒာအား "အာနန္ဒာ၊ ငါ၏ တပည့်ရဟန်းသံဃာတို့သည် ငါ ပရိနိဗ္ဗာန်စံဝင်သောအခါ ငါဘုရားမရှိပြီ၊ ငါလွန်ပြီဟု ထင်မှတ်ကြပေလိမ့်မည်။ ထိုသို့ မထင်မှတ်သင့်။ ငါဟောသောတရားသည် ငါလွန်သောအခါ သင်တို့၏ဆရာ ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါလွန်သော်လည်း ငါရှိသည်သာဟု ကောင်းစွာ မှတ်အပ်၏" မိန့်ကြားခဲ့၏။ ဗုဒ္ဓသည် ရဟန်းတို့အား မိမိ၏ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ ထိုတရားကို မိမိရရ သိရှိနားလည်ကြစေလို၏။ ထို့ကြောင့် မိမိ၏ တရား၌ တစ်စုံတစ်ရာ ယုံမှားခြင်း ရှိလျှင် မိမိမလွန်မီ မေးလျှောက်ကြရန် ရဟန်းတို့အား သတိပေး၏။ သို့ရာတွင် ရဟန်းတို့သည် မည်သို့မျှ မမေးလျှောက်ကြချေ။ ထို့နောက် ဗုဒ္ဓသည် "ရဟန်းတို့၊ သင်္ခါရတရားတို့သည် ပျက်တတ်သော သဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ဘဲ ကျင့်ကြံအားထုတ်ကြကုန်လော့" ဟု နောက်ဆုံးမိန့်ကြားပြီးသော် ပရိနိဗ္ဗာန်စံတော်မူလေသည်။

ဗုဒ္ဓသည် မိမိအား ချီးကျူးပူဇော်မှု၌ မသာယာကြောင်း မဇ္ဈိမနိကာယ် ဗောဓိရာဇ ကုမာရသုတ်၌ သာဓကတစ်ရပ် ပါရှိ၏။ ဗောဓိရာဇ ကုမာရမင်းသားသည် ဗုဒ္ဓအား နန်းတော်သို့

ဆွမ်းစားရန် ပင့်ဖိတ်၍ ဗုဒ္ဓ ကြွလာမည့်လမ်း၌ နူးညံ့သော ကမ္ဗလာပုဆိုးကို ခင်းထား၏။ ဗုဒ္ဓသည် ကြွလာ၍ ထိုပုဆိုး ခင်းထားသည်ကို မြင်သော် တန့်ရပ်၍ နေ၏။ မင်းသားက ပုဆိုးအခင်းအားလုံးကို ရုပ်သိမ်းပြီးသောအခါမှ နန်းတော်တွင်းသို့ ဝင်ရောက်တော်မူလေသည်။

လူအများ၏ ကြည်ညိုလေးစားခြင်းကို ခံရသော်လည်း မိမိကိုယ်ကို နှိမ့်ချလိုမှုသည် ဗုဒ္ဓ၏ထင်ရှားသော ဂုဏ်အင်္ဂါဖြစ်၏။ တစ်ခါသော် သကဋ္ဌုဒါယိပုရိုဗိုဇ်က ဗုဒ္ဓသည် အစစအရာရာ၌ ခြိုးခြံစွာ ကျင့်နိုင်ပါပေသည်ဟု ချီးကျူး၏။ ထိုအခါ ဗုဒ္ဓက မိမိ၏ ခြိုးခြံစွာကျင့်မှုမှာ တပည့်ရဟန်းသံဃာတို့၏ ခြိုးခြံစွာ ကျင့်မှုနှင့်စာသော် ဘာမျှမပြောပလောက်ပါ။ တပည့် ရဟန်း သံဃာတို့က မိမိထက် သာလွန်၍ ခြိုးခြံစွာ နေထိုင်စားသောက် ကြပါသည်ဟု ပြန်ပြော၏။ (မဟာသကုဋ္ဌုဒါယိသုတ် မဇ္ဈိမ နိကာယ်) တစ်နေ့သော ညနေချမ်းအချိန်၌ ဗုဒ္ဓသည် ရဟန်း များနှင့်အတူ ထိုင်လျက်ရှိစဉ် ရဟန်းတို့အား "ရဟန်းတို့၊ သင် တို့သည် အကယ်၍ ငါ၌ ကိုယ်နှင့် နှုတ်နှင့်စပ်သော အပြစ်တစ်စုံ တစ်ရာ တွေ့မြင်ပါက ငါ့အား လျှောက်ထားကြကုန်လောဟု မိန့်မြွက်လေသည်။ (ဝင်္ဂီသသုတ်၊ သဂါထာဝဂ္ဂသံယုတ်)

ဤသို့ စိတ်နှလုံး နူးညံ့သိမ်မွေ့၍ ရိုးရိုးကျင့် မြင့်မြင့်ကြံ သော ဗုဒ္ဓအား လူများကြည်ညို လေးစားကြခြင်းသည် အံ့သြစရာ မရှိလှချေ။ ပေါက္ခရသာတိပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏားတို့ကဲ့သို့ သော အလွန်ဇာတ်ကြီး မာနကြီးသည့် ဗြာဟ္မဏခေါင်းဆောင်တို့

သည်ပင် ဗုဒ္ဓ၏ ဂုဏ်သတင်းကို ကြားရုံမျှနှင့် ကြည်ညိုသော စိတ် ပေါ်လာကြ၏။ ပါဠိပိဋကဥ္စ ဗုဒ္ဓအား အထူးလှိုက်လှိုက်လှဲလှဲ ကြည်ညိုသော ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ဗြာမာယုအမည်ရှိ ဇာတ်ကြီး ဗြာဟ္မဏတစ်ဦးနှင့် ပသေနဒီ ကောသလမင်းတို့ဖြစ်၏။ သူတို့ သည် ဗုဒ္ဓအထံသို့ လာ၍ ဖူးမြော်သောအခါ၌ ဗုဒ္ဓ၏ခြေတို့ကို လက်ဖြင့် ဆုပ်နယ် ပွတ်သပ်၍ ပါးစပ်ဖြင့် အထပ်ထပ် နမ်းရှုပ် ကြလေသည်။ (မဇ္ဈိမနိကာယ် ဗြာမာယုသုတ်နှင့် ဓမ္မစေတိယ သုတ်)

ကောသလမင်းသည် ဓမ္မစေတိယသုတ်၌ ဗုဒ္ဓကို လူတို့ မည်မျှ မြတ်နိုးကြည်ညိုကြောင်း လျှောက်ကြား၏။ ဗုဒ္ဓသည် တရားဟောကြားနေသောအခိုက်၌ တရားနာပရိသတ်သည် ဗုဒ္ဓကို အလွန်လေးစား၍ တစ်စုံတစ်ယောက် ချောင်းဟန့်သံ၊ တံတွေး ထွေးသံကို ဘယ်အခါမျှ မကြားရပါဟု ဆို၏။ တစ်ခါသော် ကောသလမင်းသည် မှူးမတ်ဗိုလ်ပါများနှင့်တကွ ခရီးထွက်သွား ရာ ညစခန်းချသောအခါ၌ ဣသိဒတ္တနှင့် ပုရာဏအမည်ရှိသော သူ၏အမတ်ကြီးနှစ်ဦးသည် မိမိတို့၏ အရှင်သခင်ဘုရင်ရှိရာ ဘက်ကို ခြေပြု၍ ဗုဒ္ဓရှိရာအရပ်ကိုကား ခေါင်းပြုလျက် အိပ်ကြ ပါသည်ဟု ဆိုလေသည်။

ဗုဒ္ဓ၏ သီလ သမာဓိဂုဏ်ကို သိရှိသောသူများကို မဆို ထားဘိ။ ထိုသို့ မသိရှိသော အချို့သောသူများသည်လည်း ဗုဒ္ဓကို ပထမအကြိမ် မြင်ကာမျှနှင့် ကြည်ညိုကြ၏။ ရဟန်းကြီးဂေါတမ သည် ဗုဒ္ဓဘုရားအဖြစ်သို့ရောက်ရှိပြီးနောက် မကြာမီ ဥရုဝေလ

တောမှ ဗာရာဏသီမြို့သို့ ကြွသွားရာ လမ်းခရီး၌ ဥပကတက္ကတွန်းနှင့် တွေ့၏။ ဗုဒ္ဓကို ပထမအကြိမ် တွေ့မြင်ရသော ထိုတက္ကတွန်းသည် ဗုဒ္ဓအား သူကပင် စတင်၍ "ငါ့ရှင်၊ သင်သည် မည်သူဖြစ်သနည်း။ သင်၏ ဣန္ဒြေတို့သည် ကြည်လင်လှ၏။ အရေအဆင်းသည် စင်ကြယ်၏၊ ပြိုးပြိုးပြက်ပြက်ရှိ၏"ဟု ဆိုလေသည်။ ဗုဒ္ဓကို ဆေးဖော်ကြောဘက် မလုပ်ဘဲနေရန် ဆုံးဖြတ်ထားသော ပဉ္စဝဂ္ဂီငါးဦးသည် တရားမနာရသေးဘဲ ဗုဒ္ဓကို မြင်ရုံနှင့်ပင် မိမိတို့၏ ဆုံးဖြတ်ချက်ကို မေ့၍ ခရီးဦးကြို ပြုကြ၏။ ဤအချက်များကို ထောက်ချင့်၍ ဗုဒ္ဓ၏ ဥပဓိရုပ်မှာ လွန်စွာတင့်တယ်ခံ့ညား၍ လူများ၏ စိတ်ဓာတ်ကို ဆွဲငင်နိုင်ကြောင်း ယုံမှားစရာမရှိချေ။

ဗုဒ္ဓ၏ ရုပ်သွင်ပြင် လက္ခဏာကို ကျွန်ုပ်တို့ စိတ်ကူးဖြင့် ခန့်မှန်းကြည့်ရန် ခဲယဉ်း၏။ အဘယ်ကြောင့်ဆိုသော် ရှေးအကျဆုံး ဗုဒ္ဓ ရုပ်ဆင်းတုများသည် ဂရိ (ခေါမ) လက်ရာများကို မှီငြမ်းပြုထား၍ ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် နှစ်ပေါင်းအတော်ကြာသည့်တိုင်အောင် ဗုဒ္ဓ ရုပ်တုများ ထုလုပ်၍ ကိုးကွယ်သော အလေ့အထကား မရှိခဲ့ချေ။ အင်္ဂလိပ်ပညာရှင် ဆာချား(စ)အဲလီးရော့ကမူ သူ၏စာအုပ်၌ "သူတော်သူမြတ်အသွင် ပြထားသော ဗုဒ္ဓရုပ်တုများကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓ၏ ရုပ်လက္ခဏာသွင်ပြင်ကို အမှန်အတိုင်း စိတ်ထဲ၌ မြင်လာနိုင်လိမ့်မည်ဟု ကျွန်ုပ်မထင်ပါ။ အိန္ဒိယပြည် ဆားနယ်အရပ်၌ တွေ့ရသော လုလင်ပျိုအသွင် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်တုများသည်သာလျှင်

ဗုဒ္ဓ၏ နဂိုဥပဓိရုပ်ကို အတော်အတန် မှန်ကန်စွာ ဖေါ်ပြထားသည် ဟု ကျွန်ုပ် ထင်ပါသည်။ ထိုရုပ်တုများသည် ဂေါတမဗုဒ္ဓ၏ ရုပ်အင်္ဂါ လက္ခဏာသွင်ပြင်ကို တိကျမှန်ကန်စွာ ဖော်ပြထားသည် ဟု မဆိုနိုင်စေကာမူ ယင်းတို့၌ သန့်မာတောင့်တင်းသော ကိုယ်လုံး ကိုယ်ပေါက်နှင့် အာဇာနည်စိတ်ဓာတ်ရှိသော နီပေါမင်းသားပျို၏ ရုပ်လက္ခဏာ အသွင်အပြင် ပေါ်ထင်လျက် ရှိပါသည်။ ဂေါတမ သည် ဗုဒ္ဓ သို့မဟုတ် စကြဝတေးမင်းဖြစ်ရန် ဇာတာပါသည် ဆိုသော စကားမှာ ယုတ္တိရှိ၏။ အကယ်၍ သူသည် ရဟန်း မပြုခဲ့သော် နာမည်ကျော် စစ်သူကြီး ဖြစ်ခဲ့မည် အမှန်ဖြစ်၏" ဟု ဆိုထားလေသည်။

ဘုရားမဖြစ်မီက ၆–နှစ်တိုင်တိုင် ပြင်းထန်သောအကျင့်ကို ဆင်းရဲငြိုငြင်စွာကျင့်နိုင်ခဲ့ခြင်း၊ အသက် ၈၀ အထိ တစ်နေရာမှ တစ်နေရာသို့ ခြေလျင်ခရီး လှည့်လည်၍ မနားမနေ တရား ဟောပြောခဲ့ခြင်းတို့ကို ထောက်ချင့်၍ ဗုဒ္ဓသည် များစွာ ကျန်းမာ သန်စွမ်းကြောင်း ကျွန်ုပ်တို့ သိသာနိုင်၏။ အသက် ၈၀– အိုမင်းသော အရွယ်၌ ပြင်းထန်သော ရောဂါဝေဒနာ ခံစားပြီး သည့်နောက်၌ပင် ဝေသာလီပြည်မှ မိုင် ၁၆၀–ကျော်ဝေးသော ကုသိနာရုံသို့ ခြေလျင်ကြွသွားသော ဗုဒ္ဓသည် ကိုယ်ခန္ဓာ အထူး ကြံ့ခိုင် တောင့်တင်းသောသူ ဖြစ်ကြောင်း ယုံမှားစရာ မရှိချေ။

ဗုဒ္ဓ၏ ကျန်းမာတောင့်တင်းမှုသည် အကြောင်းအမျိုးမျိုး ကြောင့် ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓသည် အစားအသောက်၌ မယုတ် မလွန် ခြိုးခြံ၏။ "ရဟန်းတို့၊ ငါသည် ညစာမစားသောကြောင့်

ကျွန်းမှာ၏။ အနာရောဂါကင်း၏။ ကိုယ်လက်ကြံ့ခိုင်၍ ချမ်းသာစွာ နေရ၏။ သို့ဖြစ်၍ သင်တို့သည်လည်း ညစာ မစားကြကုန်လင့်"ဟု မဇ္ဈိမနိကာယ် ကိဋာဂိရိသုတ်၌ မိန့်တော်မူလေသည်။ လောက၌ အသက်ရှည်သော သူတို့သည် များသောအားဖြင့် ဘဝရည်ရွယ်ချက်တစ်ခုခုရှိ၍ ထိုရည်ရွယ်ချက်အတိုင်း မနားမနေ အလုပ်လုပ်သောသူများ ဖြစ်ကြ၏။ ဗုဒ္ဓသည် လူသတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ကယ်ချွတ်ရန် ရည်ရွယ်၍ ထိုရည်ရွယ်ချက်အတိုင်း မနားမနေ ခရီးလှည့်လည်ကာ တရားဟောပြော၏။ နောက်ဆုံး ပရိနိဗ္ဗာန် စံဝင်ခါနီးသောအခါ၌ပင် သုဘဒ် ရဟန်းအား ဟောပြော ဆုံးမတော်မူခဲ့သေးသည် မဟုတ်ပါလော။ ထို့အပြင် ဗုဒ္ဓသည် အမြဲ စိတ်ချမ်းသာသောသူ ဖြစ်၏။ ထာဝစဉ် စိတ်ချမ်းသာမှုသည် ဘုရားဖြစ်ပြီးခါစ ဗာရာဏသီပြည်သို့ ကြွသွားသော ဗုဒ္ဓ၌ ဥပက တက္ကတွန်း အံ့သြစွာ သတိပြုမိသော "ဣန္ဒြေတို့ကြည်လင်ခြင်း၊ အရေအဆင်း စင်ကြယ်ခြင်း" ၏ အကြောင်းတရား ဖြစ်ပေလိမ့်မည်။

ဗုဒ္ဓသည် မိမိ၏ စိတ်ချမ်းသာမှုကို မကြာမကြာ ထုတ်ဖော်ပြောပြလေ့ရှိ၏။ သဂါထာဝဂ္ဂသံယုတ်၌ အနာထပိဏ်သူဌေးက "အရှင်ဘုရားသည် ချမ်းသာစွာ အိပ်စက်တော် မူရပါ၏လော" ဟု မေးလျှောက်ရာ ဗုဒ္ဓက "ငါသည် အမြဲချမ်းသာစွာ နေရ၏။ အိပ်ရ၏။ ငါကဲ့သို့သော ကိလေသာမီးအားလုံးကို ငြိမ်းသတ်ပြီးသောသူတို့သည် စိတ်နှလုံး ငြိမ်းချမ်း၍ အမြဲသုခ ခံစားကြပေသည်" ဟု မိန့်တော်မူလေသည်။

တစ်ခါသော် ဗုဒ္ဓသည် အာဠဝီပြည် နွားတို့သွားရာဖြစ်သော လမ်းနံဘေးရှိ ယင်းတိုက်တောအတွင်း သစ်ရွက်အခင်း၌ သီတင်းသုံးတော်မူ၏။ ဟတ္ထကအာဠဝက မင်းသားသည် လှည့်လည်သွားလာရင်း ဗုဒ္ဓကို မြင်လေသော် အနားသို့ ချဉ်းကပ်ပြီးလျှင် "မြတ်စွာဘုရား၊ အရှင်ဘုရားသည် ချမ်းသာစွာ အိပ်စက်တော်မူရပါ၏လော" ဟု မေးလျှောက်၏။ ဗုဒ္ဓသည် "မင်းသား၊ ငါသည် ချမ်းသာစွာ အိပ်ရပေ၏။ ငါသည် လောက၌ ချမ်းသာစွာ အိပ်ရကုန်သော သူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ပေ၏" ဟု ပြန်ပြော၏။ ထိုအခါ မင်းသားသည် များစွာအံ့ဩ၍ "အရှင်ဘုရား၊ ယခုအချိန်အခါသည် ဆောင်းဥတုဖြစ်၍ အလွန်အေးချမ်းလှပါ၏။ တပို့တွဲ တပေါင်း ၂–လတို့၏ ကြား ရှစ်ရက်တို့၌ ဖြစ်သော ညဉ့်ဖြစ်ပါ၏။ မြေသည် နွားခွါရာတို့ဖြင့် ကြမ်းတမ်းလှပါ၏။ သစ်ရွက်အခင်းသည် ပါးလွှန်းလှပါ၏။ သစ်ပင်မှ သစ်ရွက်တို့သည် ကျဲရဲရဲရှိကြပါကုန်၏။ အရပ် လေးမျက်နှာမှ အေးမြသောလေ တိုက်ခတ်နေ၍ ဆီးနှင်းတို့သည် တဖွဲဖွဲ ကျလျက် ရှိပါ၏။ သို့ဖြစ်ပါလျက် ငါသည် ချမ်းသာစွာ အိပ်ရ၏ဟု အရှင်ဘုရား မိန့်တော်မူဘိ၏" ဟု လျှောက်လေသည်။

ထိုအခါ ဗုဒ္ဓက လောက၌ ကာမဂုဏ်စည်းစိမ် ခံစား၍ နူးညံ့သောနေရာ အိပ်ရာ၌ အိပ်ရသော်လည်း လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေသာမီး တောက်လောင်နေသော သူသည် ချမ်းသာစွာ အိပ်ရလိမ့်မည် မဟုတ်ကြောင်း၊ မိမိမှာမူ ကိလေသာ ရာဂမီးကို အကြွင်းမဲ့ ပယ်သတ်ပြီးပြီဖြစ်၍ မည်သည့်

နေရာမျိုး၌မဆို ချမ်းသာစွာ အိပ်စက်ရကြောင်း မိန့်တော်မူလေသည်။ (အင်္ဂုတ္တရနိကာယ် တိကနိပါတ် ဟတ္ထာဠဝကသုတ်)

ဗုဒ္ဓ၏ ချမ်းသာမှုသည် ပုထုဇဉ် လူသတ္တဝါတို့၏ ချမ်းသာမှုနှင့် မတူဘဲ မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သော ချမ်းသာမှုဖြစ်၏။ ဗုဒ္ဓသည် လူသတ္တဝါတို့အား ကာမဂုဏ်ချမ်းသာကို လွန်၍ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင် ပို့ဆောင်လို၏။ ဗုဒ္ဓ၏ အကြောင်းကို လေ့လာရာ၌ ကျွန်ုပ်တို့သည် အရှင်မြတ်၏ ပဓာနရည်ရွယ်ချက်ကို မမေ့သင့်ချေ။

အချို့သောသူတို့သည် ဗုဒ္ဓ၏ ပဓာန ရည်ရွယ်ချက်ကို သတိမပြုမိသောကြောင့် ဗုဒ္ဓကို စွပ်စွဲကြ၏။ ဗုဒ္ဓသည် အိမ်ရာထောင်သော လူတို့၏ အကျိုးစီးပွားကို လျစ်လျူရှု၍ အိမ်ရာမထောင်သော ရဟန်းတို့၏ အကျိုးစီးပွားအလို့ငှာသာ တရားဟောခဲ့သည်ဟု ဆိုကြ၏။ အချို့သောသူတို့ကမူ ဗုဒ္ဓကို လူနေမှုစနစ် တော်လှန်ပြုပြင်လိုသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မြင်ကြ၏။ ဗုဒ္ဓသည် လူတို့အခွင့်အရေး ညီတူညီမျှ ခံစားရမှု၊ လူကန်းစားပပျောက်မှု၊ ပုဂ္ဂလိက ပစ္စည်းမရှိမှု စသော ကိစ္စများအတွက် ရေးရှုဆောင်ရွက်ခဲ့သည်ဟု သူတို့အယူ ရှိကြ၏။ ထိုယူဆချက် ၂-ခုစလုံးသည် မှားသည်ဟု ကျွန်ုပ်ထင်၏။

ဗုဒ္ဓသည် အိမ်ရာထောင်သော လူတို့၏ အကျိုးစီးပွားကို လျစ်လျူမရှုခဲ့ချေ။ ပိဋကစာပေ၌ မင်္ဂလသုတ် ဓမ္မိကသုတ် သိင်္ဂါလောဝါဒသုတ် စသော ဗုဒ္ဓ၏ ဟောကြားခဲ့သည့် လောကီကြီးပွားကြောင်း တရားများပါရှိ၏။ ဗုဒ္ဓသည် မာရ်နတ်အား

"ငါ၏ တပည့် ဥပါသကာ၊ ဥပါသိကာမတို့သည် အကြင်မျှ လောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး။ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြ သေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်"ဟု မိန့်တော်မူဖူးသည် ဆိုသော မဟာပရိနိဗ္ဗာနသုတ်လာ စကားကို ထောက်လျှင်လည်း ဗုဒ္ဓသည် အိမ်ရာထောင်သော လူတို့၏ အကျိုးစီးပွားကို လိုလားတော်မူ ကြောင်း ထင်ရှား၏။

သို့ဖြစ်စေကာမူ ဗုဒ္ဓသည် များသောအားဖြင့် ထိုခေတ်က လူတို့၏ ရှိရင်းစွဲ ယုံကြည်ချက်များကို ဝေဖန်ပြစ်တင်ခြင်း မပြုဘဲ ဆိတ်ဆိတ်နေလေ့ရှိ၏။ လူတို့၏ ယုံကြည်ချက်များကို သဘောထားကြီးစွာ လေးစားသော ဗုဒ္ဓသည် လူနေမှုစံနစ်ကို တကယ်တမ်း ပြင်းပြင်းထန်ထန် တော်လှန်ပြုပြင်လိုသောဆန္ဒ ရှိမည်မဟုတ်ချေ။ ဤတွင် ဗုဒ္ဓသည် မဟာပရိနိဗ္ဗာနသုတ်၌ ဝေသာလီကာရ ပုဏ္ဏားအား အပရိဟာနိယတရားကို ဟောကြားရာ၌ "ရှေးမင်းတို့ မပညတ်အပ်သောအရာကို မပညတ်ခြင်းနှင့် ရှေး မင်းတို့ ပညတ်ပြီးသော အရာကို မဖျက်ဆီးခြင်းသည် နိုင်ငံ ကြီးပွားစည်ပင်ခြင်း၏ အကြောင်းတရားတစ်ပါး ဖြစ်သည်"ဟု မိန့်ကြားသော စကားကို ကျွန်ုပ်တို့ သတိပြုသင့်ပေသည်။

ထို့အပြင် ဗုဒ္ဓ၏ ပဓာနရည်ရွယ်ချက်သည် လူတို့အား လောကီကြီးပွား ချမ်းသာကြောင်း တရားကို ဟောကြားရန်

မဟုတ်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်လမ်းခရီးကို ညွှန်ပြရန်ဖြစ်သည်။ ဗုဒ္ဓ၏ အမြင်အားဖြင့် လူလောက၏ ချွတ်ယွင်းချက်များကို ပြုပြင်ခြင်းသည် အဝိဇ္ဇာနှင့် တဏှာကို ပယ်ဖြတ်ခြင်းလောက် အရေးကြီးသော အလုပ် မဟုတ်ချေ။

အမှန်ဆိုသော် ကျွန်ုပ်တို့သည် လူ့လောကကို တိုးတက်ကောင်းမွန်အောင် အမျိုးမျိုး ပြုပြင်ခဲ့သော်လည်း အဝိဇ္ဇာနှင့် တဏှာကြောင့် လူတို့မှာ ယနေ့တိုင် သုခနှင့် ကင်းဝေးလျက်ရှိသေးကြောင်း ကျွန်ုပ်တို့ ဝန်ခံရမည် ဖြစ်ပေသတည်း။

❁

# ယခုဘဝနှင့် တမလွန်ဘဝ

ကမ္ဘာပေါ်ရှိ လူအများတို့သည် အတိတ်ဘဝနှင့် တမလွန်ဘဝကို ယုံကြည်ကြ၏။ ထိုဘဝများအကြောင်းနှင့် ပတ်သက်၍ လူတို့မှာ မိမိတို့ ယုံကြည်ကိုးကွယ်သော ဘာသာဝါဒကိုလိုက်၍ အယူအဆ ကွဲလွဲကြသည် မှန်၏။ သို့ရာတွင် လူသတ္တဝါသည် ဤလူ့ပြည်သို့ မရောက်လာမီက အခြားတစ်နေရာရာတွင် ရှိခဲ့သည်။ လူသတ္တဝါ သေဆုံးသောအခါ၌ တစ်ခုခုကြွင်းကျန်ခဲ့သည်ဟူသော အယူမှာကား လူအများ လက်ခံထားသော အယူဖြစ်၏။

အတိတ်ဘဝ, တမလွန်ဘဝများအကြောင်းနှင့် ပတ်သက်သော အယူအမျိုးမျိုးတွင် ဗုဒ္ဓဘာသာဝင်တို့၏ အယူသည် အထူးခြားဆုံး ဖြစ်၏။ အခြားဘာသာဝင် အခြားဝါဒီတို့သည် လူ၌ ဝိညာဉ်ရှိသည်၊ လူသေလျှင် ဝိညာဉ် ကျန်ရစ်သည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓဝါဒကမူ လူသည် ခန္ဓာ ၅-ပါး၊ ရုပ်နာမ် ၂-ပါးမျှသာ ဖြစ်သည်။ လူ၌ အတ္တ (ဝါ) ဇီဝ (ဝါ) ဝိညာဉ် မရှိဟု ဆို၏။ ဤအနတ္တတရားသည် ဗုဒ္ဓဝါဒ၌ အရေးကြီးဆုံးတရား

ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဝါဒကပင် လူသတ္တဝါတို့သည် နိဗ္ဗာန်မရမီ သံသရာ၌ ဘဝပေါင်းများစွာ ကျင်လည်ကြရသည်ဟု ဟောပြန်၏။ အတ္တ, ဇီဝ, ပုဂ္ဂိုလ်, သတ္တဝါမရှိဘဲ ရုပ်နာမ်တရား ၂-ပါးသည် အမြဲပြောင်းလဲနေသော တရားဖြစ်သည်ဆိုသော်၊ လူတစ်ဦးသေလျှင် သူ၏မည်သည့် "အရာ"က တမလွန်ဘဝသို့ ရောက်သွားပါသနည်း။

ဤမေးခွန်းသည် ခက်ခဲနက်နဲသော မေးခွန်းဖြစ်၏။ တမလွန်ဘဝကို ယုံကြည်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအတော်များများသည် အနတ္တတရားကို ကောင်းစွာ သဘောမပေါက်သဖြင့် ထိုတရားနှင့် ဆန့်ကျင်သောအယူများကို လက်ခံထားကြ၏။ ထိုအယူများမှာ လိပ်ပြာ စဉ်သည်၊ လိပ်ပြာကိုနုတ်သွားသည်၊ အသက်ထွက်သည်၊ ဘဝတပါးသို့ကူးပြောင်းသွားသည်စသော မြန်မာစကားများဖြင့် ထင်ရှား၏။ ဗုဒ္ဓဝါဒကိုလေ့လာသော အချို့အနောက်နိုင်ငံသားများသည်လည်း အနတ္တဝါဒကို တမလွန်ဘဝနှင့် မည်သို့ဆက်စပ်ရမည် မသိကြချေ။ ထိုသို့မသိနားမလည်သဖြင့် ၎င်းတို့က ဗုဒ္ဓဝါဒသည် ရုပ်ဝါဒတစ်မျိုးဖြစ်သည်၊ ဗုဒ္ဓဝါဒသည် မူလ ပထမက တမလွန်ဘဝကို ပယ်သည်။ တမလွန်ဘဝကို ယုံကြည်မှုသည် ဗုဒ္ဓရှင်တော်ဘုရားလက်ထက် မတိုင်မီက အိန္ဒိယပြည်၌ ရှိနှင့်ပြီးဖြစ်သော ဗြာဟ္မဏဝါဒ တစ်ခုဖြစ်၍ ထိုဝါဒသည် ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှသာ ဗုဒ္ဓဘာသာထဲသို့ ဝင်လာသော အယူဖြစ်သည်ဟု ယူဆကြ၏။

အချို့သော မြန်မာ, မာ့ခ်(စ်)ဝါဒီတို့က ဗုဒ္ဓဝါဒသည် မာ့ခ်(စ်)ဝါဒနှင့် ကိုက်ညီပါသည်ဟု ပြောဆိုကြ၏။ မာ့ခ်(စ်)ဝါဒသည် ရုပ်ဝါဒပေါ်၌ အခြေတည်သော ဝါဒတစ်ခုဖြစ်ပေရာ ထိုမြန်မာ, မာ့ခ်(စ်)ဝါဒီတို့သည်လည်း အထက်ဖော်ပြပါ အနောက်နိုင်ငံသားများ ယူဆသလို ယူဆသောကြောင့် ထိုသို့ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။

လန်ဒန်မြို့ရှိ ဗြိတိသျှ ဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ခရစ္စမတ် ဟန်ဖရီကမူ တမလွန်ဘဝကို လက်ခံယုံကြည်၍ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ အနတ္တအယူကို ပယ်၏။ ဗုဒ္ဓဝါဒအရ အတ္တသည် ခရစ်ယာန်, ဟိန္ဒူစသော အခြားဘာသာဝင်တို့ ယုံကြည်သည့် အတ္တ(Soul)မျိုး မဟုတ်သော်လည်း မဟာယန ဗုဒ္ဓဝါဒီတို့ ယုံကြည်ကြသည့်အတိုင်း လူ့ဘဝအဆင့်အတန်းကို လိုက်၍ တိုးတက်ပြောင်းလဲနေသော ဓာတ်သတ္တိတစ်မျိုးဖြစ်သည်ဟု သူ၏စာအုပ်ထဲ၌ ရေးသားထားလေသည်။

အနတ္တတရားကို ခြေခြေမြစ်မြစ် နားလည်သောသူသည် တည်မြဲသော အတ္တမရှိဘဲ လူများ သံသရာ၌ ဘဝများစွာ ကျင်လည်ပုံကိုလည်း သိမြင်နားလည်ရန် မခဲယဉ်းချေ။ အနတ္တတရားအရ ရုပ်တရား, နာမ်တရားတို့သည် မိနစ် စက္ကန့်မစဲ အမြဲဖြစ်ပေါ် ချုပ်ပျောက်လျက်ရှိကြရကား၊ ယခု ဤစာကို ဖတ်နေသော မောင်ဖြူသည် ပရမတ်အားဖြင့် လွန်ခဲ့သော တစ်မိနစ်ခန့်လောက်က စာဖတ်နေသည့် မောင်ဖြူမဟုတ်။

သို့ရာတွင် ယခု မောင်ဖြူ (ဝါ) ယခု ဖြစ်ပေါ်နေသော ရုပ်နာမ် တရားများသည် လွန်ခဲ့သော တစ်မိနစ်ခန့်က မောင်ဖြူ (ဝါ) ချုပ်ငြိမ်းသွားသော ရုပ်နာမ်တရားများနှင့် အကြောင်းအကျိုး အားဖြင့် ဆက်စပ်လျက်ရှိ၏။ ထိုနည်းတူ မောင်ဖြူ သေ၍ အခြားဘဝ၌ မောင်မဲဖြစ်သွားသောအခါ မောင်ဖြူ၌ အတ္တမရှိ၊ သူ၏ရုပ်နာမ်တရားများမှာလည်း နောက်ဆုံး ချုပ်ငြိမ်းသွားပြီး ဖြစ်သဖြင့် မောင်ဖြူဘဝ ကူးပြောင်းသွားသည်ဟုဆိုလျှင် မှားပေ လိမ့်မည်။ သို့ရာတွင် မောင်မဲသည် မောင်ဖြူ ပြုခဲ့သောအမှုများ ၏ တန်ခိုးသတ္တိကြောင့် ဖြစ်ပေါ်လာရကား ၎င်းသည် သေသူ မောင်ဖြူနှင့် ဘာမျှမဆိုင်ဟု ကျွန်ုပ်တို့ မပြောဆိုနိုင်ချေ။

တမလွန်ဘဝသို့ ရောက်သွားသောအရာမှာ သေသူ ပြုခဲ့ သော အမှုများ၏ တန်ခိုး အာနိသင် (ဝါ) အကျိုးတရားသာ ဖြစ်၏။ ထိုအကျိုးတရားသည် ရုပ်နာမ်တရားများနှင့် ကင်းလျက် တမလွန်ဘဝသို့ မည်သို့နည်းဖြင့် ရောက်သွားလေသနည်းဟူသော မေးခွန်းကိုကား ကျွန်ုပ်တို့ မဖြေဆိုနိုင်။ ကံတရားအကျိုးပေးပုံသည် ပုထုဇဉ်သတ္တဝါတို့၏ ဉာဏ်ဖြင့် နှိုက်ချွတ် စိစစ်၍ မရနိုင်သော အရာဖြစ်၍ ၎င်းကို ကျွန်ုပ်တို့ မကြံစည်အပ်ဟု ဘုရားရှင်က ဟောတော်မူခဲ့၏။

မည်သို့ပင်ဖြစ်စေ၊ ယခုဘဝ၌ လူတို့ပြုသော အမှုကို အကြောင်းပြု၍ တမလွန်ဘဝ မုချရှိရမည်ဟု ဗုဒ္ဓဝါဒီတို့ကသာ ယုံကြည်ကြသည် မဟုတ်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော အချို့

အနောက်နိုင်ငံသား အဘိဓမ္မာဆရာများကလည်း ယုံကြည်ကြ၏။ နာမည်ကျော် ဂျာမန်အဘိဓမ္မာဆရာကြီး ကန့် (Kant) သည် တမလွန်ဘဝကို ယုံကြည်၏။ သူက လောကဧ္ဍ အချို့သော သူယုတ်မာများ ကောင်းစား၍ အချို့သော သူတော်ကောင်းများ ဆင်းရဲမွေးမှိန်နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ လူ၌ ဘဝ တစ်ဘဝတည်းသာ ရှိသည်ဆိုလျှင် ဒုစရိုက်မှု, သုစရိုက်မှု များမှာ ကျွန်ုပ်တို့အဖို့ အဓိပ္ပာယ် ဘာမျှ ရှိတော့မည် မဟုတ်။ သို့ရာတွင် ဒုစရိုက်မှုကို ရှောင်ကြဉ်၍ သုစရိုက်မှုကို ပြုသင့်သည် ဟု ကျွန်ုပ်တို့ စွဲစွဲမြဲမြဲ ယုံကြည်ကြသည်။ ထို့ကြောင့် ယခုဘဝ၌ လူတို့တွင် ကမောက်ကမဖြစ်နေသော အခြေအနေများကို ပြုပြင် ပေးသော တရားသည် ရှိရမည်။ (ဝါ) တမလွန်ဘဝသည် မုချ ရှိရမည်ဟု ဆို၏။ ရှေးက နာမည်ထင်ရှားသော ဂရိအဘိဓမ္မာ ဆရာကြီး ပလေတိုကလည်း ထိုအတိုင်းပင် ယူဆလေသည်။

ကံ၏အကျိုးတရားသည် စင်စစ် စွမ်းအင် (Energy) တစ်မျိုး ပင်ဖြစ်၏။ စွမ်းအင်သည် အခါခပ်သိမ်း ပမာဏ တည်မြဲသည်။ (law of the conservation of energy) စွမ်းအင်ကို ဘယ်အခါမှ ဖျက်ဆီး၍မရဟု ရူပဗေဒပညာရှင်များက ဆိုထား၏။ သို့ဖြစ် လျှင် လူတို့အပြုအမူ အကျင့်အကြံများ၏ စွမ်းအင်သတ္တိသည် လည်း ပျောက်ပျက်မသွားဘဲ တမလွန်ဘဝကို ဖြစ်ပေါ်စေ သည်ဆိုခြင်းမှာ အံ့ဩစရာ မရှိချေ။ ဤသို့ပင် ပါဠိ ပါမောက္ခ ဆရာကြီး ရိုင်းစ်ဒေးဗစ်က သူ၏ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်၌ ရေးသားထား၏။

ဗြိတိသျှ စိတ်ဝိညာဉ် သုတေသန အသင်းကလည်း တမလွန်ဘဝရှိကြောင်းကို ထောက်ခံထား၏။ သေသူများက မိမိတို့အသက်ရှင်စဉ်က မိမိတို့နှင့် လုံးဝ မသိသောသူများကို ပူး၍ အတိတ်ဘဝက အဖြစ်အပျက်များကို တိကျမှန်ကန်စွာ ပြောသော သာဓက အထောက်အထားများမှာ ထိုသုတေသန အသင်း၏ မှတ်တမ်းများ၌ အမြောက်အမြားရှိ၏။ စိတ်ဝိညာဉ် သုတေသီပုဂ္ဂိုလ်တို့ စုံစမ်းတွေ့ရှိရသော အချက်များကဲ့သို့ပင် လူလောက၌ တမလွန်ဘဝကို လက်ခံ ယုံကြည်မှသာ ကျွန်ုပ်တို့ နားလည်နိုင်မည်ဖြစ်သော အကြောင်းခြင်းရာများကို အမြဲတွေ့ နေရ၏။ လူတစ်ဦးနှင့်တစ်ဦး မွေးကတည်းက မတူသော အခြင်းအရာကို သတ္တဗေဒပညာက ကျွန်ုပ်တို့ ကျေနပ်အောင် မဖြေရှင်းနိုင်ချေ။ အတိတ်ဘဝကို ယုံကြည်သောသူများအဖို့ကား ထိုအခြင်းအရာသည် ဘာမျှအံ့သြစရာမဟုတ်။ အချို့လူများမှာ လူတစ်ကိုယ် နာမ်ဓာတ် ၂–မျိုး (dual personality) ရှိကြ၏။ ဥပမာ–အချို့သူများသည် ပကတိလူကောင်းဖြစ်နေရာမှ ရုတ်ခြည်း စိတ်ဖောက်ပြန်ပြီးလျှင် လူဆိုး စိတ်ပေါက်လာတတ်ကြ၏။ ဤအခြင်းအရာသည်လည်း အတိတ်ဘဝကို ယုံကြည်သောသူများ အဖို့ ထူးဆန်းမည် မဟုတ်ချေ။

အတိတ်ဘဝသည် ဧကန်ရှိသည်မှန်လျှင် အဘယ်ကြောင့် လူတို့သည် အတိတ်ဘဝကို မမှတ်မိကြပါသနည်းဟူ၍ မေးငြား အံ့။ လူတို့သည် မိမိတို့ ကလေးဘဝက အဖြစ်အပျက်များကိုပင် မေ့တတ်ကြ၏။ ကလေးဘဝကို မဆိုထားဘိ၊ လွန်ခဲ့သော

တစ်လလောက်က မိမိတို့ ပြုခဲ့သော အမှုများကိုပင် စုံစုံစေ့စေ့ မှတ်မိသောသူ အလွန်နည်း၏။ သို့ဖြစ်လျှင် ရုပ် နာမ် ၂-ပါး စလုံး ပြောင်းလဲနေသောသူသည် အသို့လျှင် ဘဝဟောင်းကို မှတ်မိနိုင်ပါမည်နည်း။

အတိတ်ဘဝ သို့မဟုတ် တမလွန်ဘဝ ရှိသည်ဟုသော်လည်းကောင်း, မရှိဘူးဟုသော်လည်းကောင်း သိပ္ပံပညာနည်းဖြင့် ကျွန်ုပ်တို့ မပြနိုင်ချေ။ သိပ္ပံဆရာတို့သည် ဤပြဿနာကို သူတို့ပညာနယ်မှ ပယ်ထားကြ၏။ စင်စစ် လူတို့သည် မိမိတို့ ယုံကြည်ချက်တစ်ခုခုအပေါ် မူတည်၍ ဤပြဿနာကို ဆုံးဖြတ်ကြရမည်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့အဖို့ ယနေ့ အရေးကြီးသည်ကား ဤပြဿနာကို ဆုံးဖြတ်ရန် မဟုတ်။ အတိတ်ဘဝနှင့် တမလွန်ဘဝကို ယုံကြည်မှုသည် ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့အား မည်သို့အကျိုးပြုပါသနည်းဟု စဉ်းစားဆင်ခြင်ရန် ဖြစ်၏။

မြန်မာလူမျိုးတို့သည် အတိတ်ဘဝနှင့် အတိတ်ကံကို ယုံကြည်ကြသောကြောင့် ဆင်းရဲဒုက္ခများကို တွေ့ကြုံရသောအခါ အခြားလူမျိုးများလောက် စိတ်တုန်လှုပ်ခြင်း မရှိကြချေ။ သို့ဖြစ်၍ အနောက်နိုင်ငံသား စာရေးဆရာများက "မြန်မာတို့မှာ ပူပင်သောက ကင်း၍ ပျော်ပျော်နေတတ်သော လူမျိုးဖြစ်သည်"ဟု မှတ်ချက်ချကြ၏။ သို့ရာတွင် အတိတ်ဘဝကို ယုံကြည်သော မြန်မာလူမျိုးတို့သည် လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရည် ရှိကြသည်နှင့်အမျှ အတိတ်ကံကို အားကိုးပြီး လောင်းကစားမှုကို

နှစ်သက်စွဲလမ်းကြ၏။ အချို့မှာ ကံကို ယိုးမယ်ဖွဲ့ပြီး ပျင်းရိပေါ့တန်စွာ နေတတ်ကြ၏။

ကျွန်ုပ်တို့သည် ကံ၊ ကံ၏ အကျိုးတရားကို ယုံကြည်ပါ၏။ သို့ရာတွင် "သေနေ့စေ့လို့ သေရသည်" "ဖူးစာပါလို့ ညားရသည်" စသည်ဖြင့် နေရာတကာ၌ အတိတ်ဘဝနှင့် အတိတ်ကံကို လက်ညှိုးထိုးပြလေ့ရှိသော သူတို့၏ အယူကိုကား လက်မခံနိုင်ချေ။ အချို့သော မြန်မာဗုဒ္ဓဝါဒီတို့မှာ အတိတ်ဘဝနှင့် အတိတ်ကံကို မည်မျှလောက်အထိ စွဲလမ်းယုံကြည်ပါသနည်း ဆိုသော် သင်္ဂြိုဟ်ဆရာတစ်ဦးက "ခင်ဗျား အကယ်၍ ထမင်းစားသောက်မကောင်းလျှင် ခင်ဗျားမိန်းမကို အပြစ်တင်ဖို့ မလိုဘူး။ ခင်ဗျားရဲ့အတိတ်ကံကြောင့်သာ စားသောက် မကောင်းခြင်း ဖြစ်တယ်လို့ မှတ်ပါ" ဟု ကျွန်ုပ်အား တစ်ခါက ပြောဖူး၏။ သူပြောသည့်အတိုင်းသာမှန်လျှင် ကျွန်ုပ်တို့မှာ အတိတ်ကံ၏ စိုးမိုးမှုကို လုံးလုံးလျားလျား ခံနေရသော ဘာမျှ အစွမ်းသတ္တိမရှိသည့် သတ္တဝါများ ဖြစ်သည်ဟု မှတ်ယူရချေတော့မည်။

မှန်၏။ ထေရအပါဒါန်ပါဠိတော်၌ မြတ်စွာဘုရား၏ ဝိပါက်တော် ၁၂-ပါးကို ပြထား၏။ ဘုရားသော်မှ အတိတ်ကံကြောင့် ဝမ်းတော်လားရလျှင် သို့မဟုတ် ဒေဝဒတ်၏ မကောင်းကြံစည်ခြင်းကို ခံရလျှင် ကြံသာမန်လူတို့ ကြုံတွေ့ရသော အသေးအဖွဲ ဆင်းရဲဒုက္ခဟူသမျှသည် အတိတ်ကံနှင့် ကင်းနိုင်မည်လောဟု မေးဖွယ်ရှိ၏။

မိလိန္ဒမင်းနှင့် ရှင်နာဂသိန်တို့၏ အမေးအဖြေမှာ မှတ်သား ဖွယ်ကောင်းသည့်အပြင် လူသိနည်းသဖြင့် အကျဉ်းချုံ့၍ ဖော်ပြ ပါအံ့။

မိလိန္ဒမင်း။ ။အရှင်ဘုရား၊ ဗုဒ္ဓဘုရားရှင်သည် အကုသိုလ် တရားအားလုံးကို အကြွင်းမဲ့ပယ်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူပါသလော။

ရှင်နာဂသိန်။ ။မင်းကြီး၊ ဘုရားရှင်သည် အကုသိုလ် တရား အားလုံးကို အကြွင်းမဲ့ပယ်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော် မူ၏။

မိလိန္ဒမင်း။ ။အရှင်ဘုရား၊ ဘုရားရှင်၌ အကုသိုလ် အကြွင်း မရှိသည် ဖြစ်ပါက အဘယ်ကြောင့် ဘုရားရှင်၏ ခြေတော်ကို ဒေဝဒတ် ပစ်ချလိုက်သော ကျောက်ဖြင့် ခတ်မိပါ သနည်း။ အဘယ့်ကြောင့် ဘုရားရှင်အား တစ်ခါက လေနာဖြစ်ပါ သနည်း။ အကုသိုလ်ကံနှင့် ကင်း၍ ခံစားအပ်သော ဝေဒနာသည် မရှိ၊ အလုံးစုံဝေဒနာသည် ကံကြောင့်သာလျှင် ခံစားရသည် မဟုတ်ပါလော။

ရှင်နာဂသိန်။ ။မင်းကြီး၊ အလုံးစုံသော ဝေဒနာသည် ကံကြောင့်သာလျှင် ဖြစ်သည်မဟုတ်၊ ဘုရားရှင်၌ ဖြစ်သော လေနာ, ဝမ်းသွေးယိုသော အနာ စသည်တို့သည် လေ, သည်း ခြေ, သလိပ် စုဝေးဖောက်ပြန်သောကြောင့် ဖြစ်၏။ ရှေးအတိတ် ကံကြောင့် ဖြစ်သည်မဟုတ်။ ဘုရားရှင်၏ ခြေပေါ်သို့ ဒေဝဒတ် ပစ်ချလိုက်သော ကျောက်ခဲကျခြင်းသည် ဒေဝဒတ်၏ လုံ့လ

ပယောဂကြောင့် ကျခြင်းဖြစ်၏။ ရေးအတိတ်ကံကြောင့် ကျခြင်း မဟုတ်။ အနာဖြစ်ခြင်း၏ အကြောင်းများမှာ ၈–ပါး ရှိ၏။ (ဤတွင် အနာဖြစ်ခြင်း၏ အကြောင်း ၈–ပါးကို မဖော်ပြလိုတော့ပါ။ သံယုတ္တနိကာယ်၌ ပါရှိသည့် အတိုင်းဖြစ်ပါသည်။) ထိုအကြောင်း ၈–ပါးတွင် အတိတ်ကံသည် အကြောင်းတစ်ပါးသာလျှင် ဖြစ်၏။ ရေးကံကြောင့် ဖြစ်သော ဝေဒနာတို့သည် နည်း၏။ ကံမှတစ်ပါး အခြားအကြောင်းများကြောင့် ဖြစ်သော ဝေဒနာသည် များ၏။

တမလွန်ဘဝကို ယုံကြည်မှုသည် ရေးအခါက လူမျိုးတိုင်းလိုလို၏ အကျင့်သီလအတွက် အရေးကြီး၏။ သို့ရာတွင် လူမျိုးတစ်မျိုးသည် လိမ္မာယဉ်ကျေးမှု အဆင့်အတန်း မြင့်လာသောအခါ ထိုယုံကြည်မှုကို သိပ်မလိုတော့ချေ။ ဤအချက်သည် အင်္ဂလိပ်လူမျိုးများ၌ ထင်ရှား၏။ ယခုခေတ် အင်္ဂလိပ်တို့သည် ရေးဝိတိုရိယဘုရင်မ လက်ထက်က အင်္ဂလိပ်တို့ထက် လိမ္မာယဉ်ကျေးကြ၏၊ အကျင့်စာရိတ္တ အဆင့်အတန်း မြင့်ကြ၏။ သို့ရာတွင် သူတို့သည် သူတို့ဘိုးဘွားများလောက် တမလွန်ဘဝကို မယုံကြည်ကြတော့ချေ။

မြန်မာလူမျိုးတို့အဖို့ တမလွန်ဘဝကို ယုံကြည်မှုသည် အရေးကြီးသည်။ ထိုယုံကြည်မှု ရှိမှသာ မြန်မာလူမျိုးတို့မှာ ကိုယ်ကျင့်တရား ကောင်းကြလိမ့်မည်ဟု အချို့သော ဘာသာရေးသမားများက ဆိုကြ၏။ ဤစကားမှန်ပါက ကျွန်ုပ်တို့လူမျိုး၏ အကျင့်သီလမှာ ကင်ဒါဂါတင် အဆင့်အတန်းမျှသာ ရှိသေး

သည်ဟု ဆိုရချေတော့မည်။ ကင်ဒါဂါတင်တန်းရှိ ကလေးသူငယ်များသည် လူကြီးမိဘများ၏ အဆူအပူ အရိုက်အနှက် ခံရမည်ကို ကြောက်သဖြင့်သော်လည်းကောင်း၊ လူကြီးမိဘများထံမှ တစ်စုံတစ်ခုသော ဆုလာဘ်ကို မျှော်လင့်သဖြင့်သော်လည်းကောင်း လိမ်လိမ်မာမာ နေကြ၏။ တမလွန်ဘဝကို ယုံကြည်မှုအပေါ်၌ မိမိတို့ အကျင့်စာရိတ္တကို တည်ဆောက်ထားသော သူတို့သည်လည်း တမလွန်ဘဝ၌ အပြစ် ခံရလိမ့်မည်ကို ကြောက်သဖြင့်သော်လည်းကောင်း၊ အကျိုး ခံစားရလိမ့်မည်ဟု မျှော်လင့်သဖြင့်သော်လည်းကောင်း ကိုယ်ကျင့်တရား ကောင်းမွန်နေကြခြင်းဖြစ်၏။

အမှန်ဆိုသော် မြတ်စွာဘုရားသည် လူ့လောက၏ အကျိုးစီးပွားအတွက် ဒါနတရား, သီလတရားများကို ဟောတော်မူခဲ့၏။ ထိုတရားများသည် လူ့လောကကို စောင့်ရှောက်သောတရား (ဝါ) လောကပါလ တရားများ ဖြစ်ကြ၏။ ထို့ကြောင့် ဒါန, သီလတရားများကို ပွားများ အားထုတ်ရာ၌ တမလွန်ဘဝကို သိပ်ကြည့်နေဖို့ မလိုချေ။

မြန်မာဗုဒ္ဓဝါဒီတို့သည် ရဟန်းသံဃာများအား အလှူဒါနပြုရာ၌ များသောအားဖြင့် တမလွန်ဘဝအတွက် ဒါနမျိုးစေ့ ပါရှိလိမ့်မည်ဟု မျှော်လင့်ပြီး ဒါနပြုကြ၏။ စင်စစ် ရဟန်းတော်များသည် လူတို့၏ ယခုဘဝ အကျိုးစီးပွားကို များစွာ ဆောင်ရွက်ခဲ့ကြပေရာ ကျွန်ုပ်တို့သည် တမလွန်ဘဝကို မကြည့်ဘဲ ၎င်းတို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်အောက်မေ့၍ အလှူဒါနပြုသင့်ပေ၏။

ရဟန်းတော်များ၏ ကျေးဇူးကြောင့် မြန်မာလူမျိုးတို့သည် မိစ္ဆာအရည်းကြီးတို့၏ လက်အောက်မှ လွတ်မြောက်၍ သန့်ရှင်းမွန်မြတ်သော ဗုဒ္ဓဝါဒ၏ အရိပ်အောက်သို့ ရောက်ခဲ့ကြ၏။ မြန်မာတို့၏ ယဉ်ကျေးမှုသည် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်စသော ခေတ်ဆိုး ခေတ်ပျက်များ အတွင်း၌ ရဟန်းတော်များက ထိန်းသိမ်းထားသောကြောင့် ပျောက်ကွယ်မသွားခဲ့ချေ။ ဘုန်းတော်ကြီးကျောင်းများကြောင့် မြန်မာပြည်သည် စာရေးတတ်, ဖတ်တတ်သောသူ အများဆုံးနိုင်ငံတခုဖြစ်ခဲ့၏။ ဘုန်းတော်ကြီး ပေါများသောကြောင့် မြန်မာပြည်သည် လူဦးရေ မထူထပ်ဘဲ တရုတ်ပြည်၊ အိန္ဒိယပြည်တို့ထက် လူနေမှုအဆင့်အတန်း မြင့်လျက်ရှိ၏။

တမလွန်ဘဝကိုသာ ကြည့်သောသူသည် အထက်ပါအချက်များကို စဉ်းစားဆင်ခြင်မိလိမ့်မည် မဟုတ်။ သူသည် စေတနာသာ ပဓာနဖြစ်သည်ဟု ယူဆပြီး ရဟန်းကောင်းနှင့် ရဟန်းဆိုးကို ခွဲခြားနေလိမ့်မည်မဟုတ်။ တမလွန်ဘဝကို မကြည့်ဘဲ လူ့လောက အကျိုးကိုသာ ကြည့်သောသူမှာကား ရဟန်းကောင်းများကိုသာ ရွေးချယ်၍ အလှူဒါနပြုလုပ်ပေလိမ့်မည်။

တမလွန်ဘဝသမား (ဝါ) တမလွန်ဘဝကိုသာ ကြည့်သောသူ၏ သီလသည် ကျဉ်းမြောင်း၏။ သူသည် ဝါရိတ္တသီလ (Negative morality) ကိုသာ နားလည်၏။ စင်စစ် ဘုရားရှင်သည် သုစရိုက်တရားများကိုလည်း ဟောခဲ့၏။ ကိုယ့်ကျင့်တရားပြုစုပျိုးထောင်ရာ၌ မကောင်းမှုကို ရှောင်ကြဉ်ရုံဖြင့် မပြီး၊ ကောင်းမှုများကိုလည်း တတ်နိုင်သမျှ ပြုလုပ်ဖို့ လို၏။ သို့ရာတွင်

တမလွန်ဘဝသမားများမှာ ငါးပါးသီလ လုံခြုံလျှင် ဘဝကူး ကောင်းမည်ဟု ယုံကြည်ပြီး အများအားဖြင့် ငါးပါးသီလဖြင့်ပင် ကျေနပ်နေကြ၏။

ထိုကြောင့် သူတို့သည် သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ် ကြသော်လည်း လူများ၏ အသက်ကို ကယ်နေသော ဆေးရုံများ ကိုကား အားမပေးလိုကြချေ။ သူတစ်ပါးဥစ္စာကို မခိုးကြသော် လည်း အစိုးရ (ဝါ) ပြည်သူပိုင်ပစ္စည်းများကို ရှိသေစောင့်ရှောက် ရမှန်း မသိကြချေ။ မုသာဝါဒသိက္ခာပုဒ်ကို စောင့်ထိန်းကြ သော်လည်း လူများတွင် အကျိုးရှိမည့် မှန်သောစကားကို ဖွင့် ပြောရန် တွန့်ဆုတ်နေတတ်ကြ၏။

မကောင်းမှုကို ရှောင်ကြဉ်ရာ၌ပင် တမလွန်ဘဝသမား သည် အမြင်ကျဉ်းနေတတ်၏။ သူသည် ပိဋကတ်ကျမ်းစာများ ကို ကျော်လွန်၍ မတွေးခေါ်တတ်ချေ။ ဘုရားရှင်သည် အရေး အကြီးဆုံးဖြစ်သော သီလတရားများကိုသာ ဟောတော်မူခဲ့၏။ အကယ်၍ ဘုရားရှင်က သင်တို့သည် အရမ်းတံတွေးမထွေးအပ်, ကုန်ရောင်းဝယ်ရာ၌ အမြတ်ကြီးမစားအပ်, ည လူများအိပ်ချိန်၌ ရေဒီယိုကျယ်လောင်စွာ မဖွင့်အပ် စသည်ဖြင့် လူများရှောင်ကြဉ် အပ်သော အမှုအားလုံးကို အသေးစိတ် အကုန်အစင် ဟောကြား ခဲ့ရမည်ဆိုပါက အဘယ်မှာ ပြီးဆုံးနိုင်ပါတော့မည်နည်း။ လူ့ လောက အကျိုးကို ကြည့်သောသူသည် ဘုရားဟောခဲ့သော ငါးပါးသီလကို ကိုယ်ပိုင်ဉာဏ်ဖြင့် အကျယ်ချဲ့၍ စဉ်းစားဆင်ခြင် ပေလိမ့်မည်။

ပထမသိက္ခာပုဒ်အတွက် သူသည် တိရစ္ဆာန် သတ္တဝါများကို မသတ်ဘဲ နေရုံနှင့်မပြီး၊ တိရစ္ဆာန်များ ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်ရေးအသင်းကို ကူညီအားပေးဖို့ လိုကြောင်း သိမြင်ပေလိမ့်မည်။ လက်မှတ်မပါဘဲ မီးရထားစီးခြင်းသည် အဒိန္နာဒါနကံ ကျူးလွန်ရာရောက်ကြောင်း သူ့အား ပြောဖို့ လိုမည်မဟုတ်။ (တမလွန်ဘဝသမား တစ်ဦးကမူ လက်မှတ်မပါဘဲ မီးရထား စီးခြင်းသည် ငရဲကြီး ပါသလောဟု တစ်ခါက သတင်းစာ တစ်စောင်မှာ မေးဖူး၏) အရက်သောက်ခြင်းသာ မဟုတ်၊ စီးကရက် အလွန်အမင်းသောက်ခြင်းသည်လည်း ပဉ္စမသိက္ခာပုဒ်နှင့် ဆန့်ကျင်ကြောင်း သူ နားလည်ပေလိမ့်မည်။

သို့ဖြစ်၍ လူ့လောကအကျိုးကို ကြည့်သောသူ၏ သီလသည် ကျယ်ပြန့်၏။ ပညာဗဟုသုတနှင့် စဉ်းစားဆင်ခြင်မှု ပေါ်၌ အခြေတည်၏။ သူသည် သတ္တဝါတို့၏ အကျိုးနှင့် ပတ်ဝန်းကျင်အခြေအနေကို ဆင်ခြင်သုံးသပ်ပြီးမှ ပြုမူလုပ်ကိုင်သောကြောင့် တစ်ခါတစ်ရံ သူ၏အတွေးအခေါ် အပြုအမူတို့သည် တမလွန်ဘဝသမား၏ အတွေးအခေါ် အပြုအမူများနှင့် မတူကြချေ။ ဥပမာ– တမလွန်ဘဝသမားများသည် ငရဲကြီးမည်စိုးသောကြောင့် ကြွက်များကို သတ်လိမ့်မည်မဟုတ်။ လူ့လောက အကျိုးကို ကြည့်သောသူသည်ကား တိရစ္ဆာန်သတ္တဝါများကို သနားသော်လည်း ကြွက်များကိုမူ လူတို့အား ကြီးစွာသော ဘေးဖြစ်စေတတ်သည့် သတ္တဝါများအဖြစ် ခွင်းချက်ထား၍ သတ်ပစ်လိမ့်မည်။

အသတ်ခံရသော သတ္တဝါသည် မည်သည့် သတ္တဝါပင် ဖြစ်စေ၊ သတ်ခြင်းသည် အကုသိုလ်အမှု ဖြစ်သည်မဟုတ်ပါလော။ ဘုရားက ငါးပါးသီလကို ဟောကြားရာ၌ ခြွင်းချက်များထားခဲ့ပါသလောဟု မေးဖွယ်ရှိ၏။ မှန်၏။ ဘုရားရှင်သည် လူတို့အား "သင်တို့သည် ဤအမှုကို မပြုအပ်၊ သို့သော် အကယ်၍–" စသည်ဖြင့် ခြွင်းချက်ထား၍ ဘယ်အခါမှ ဟောတော်မမူခဲ့ချေ။ ထိုသို့ ခြွင်းချက်ထား၍ မဟောခဲ့ခြင်းမှာ လူတို့၏ သဘာဝစိတ်ကို ဘုရား သိတော်မူသောကြောင့် ဖြစ်တန်ရာ၏။

လူသည် မိမိစိတ်ကို မိမိလှည့်စားတတ်၏။ မကောင်းမှုတစ်ခုခုကို ပြုလိုသောအခါ ဆင်ခြင်အမျိုးမျိုးပေး၍ မိမိကိုယ်မိမိ ကာကွယ်တတ်၏။ မိမိ၏ ဆင်ခြေများကို အကယ်ပင်ဟုတ်လှပြီ၊ မှန်လှပြီ ထင်တတ်၏။ သို့ဖြစ်သောကြောင့် အကယ်၍ဘုရားရှင်က လူတို့ရှောင်ကြဉ်အပ်သော အမှုများကို ခြွင်းချက်နှင့် ဟောထားခဲ့ပါက အချို့သော သူတို့သည် လူ့ကျင့်ဝတ်များကို ဖောက်ဖျက်လိုသောအခါတိုင်း ထိုခြွင်းချက်များကို မိမိတို့လိုရာဆွဲ၍ အဓိပ္ပာယ်ကောက်ယူကြမည်မှာ ယုံမှားစရာမရှိချေ။ အမှန်ဆိုသော် ဒုစရိုက်မှုများကို ရှောင်ကြဉ်ရာ၌ ဘယ်အခါမှ ခြွင်းချက်မထားဘဲ အမြဲရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးဖြစ်၏။ အရက်လုံးဝ မသောက်ဖူးသောသူသည် မိတ်ဆွေသူငယ်များနှင့် တွေ့သောအခါများ၌ ခြွင်းချက်ထား၍ ရံဖန်ရံခါသောက်ရာမှ တစ်စတစ်စ အရက်သမားဖြစ်မှန်းမသိ ဖြစ်သွားတတ်၏။ အရက်ဖြတ်ထားသော သူသည် ပတ်ဝန်းကျင် အခြေအနေကြောင့်

တစ်ကြိမ်တစ်ခါ အရက်ပြန်သောက်လျှင် သူဖြတ်ထားသော အကျင့်ဆိုးသည် သူ့ကို ပြန်၍ လွှမ်းမိုးလာမည်ဖြစ်၏။ ထိုကြောင့် အကျင့်ဆိုး တစ်ခုခုကို ဖြတ်ရန် ကြိုးစားရာ၌ ဘယ်အခါမှ ခြွင်းချက်မထားပါနှင့်ဟု စိတ်ပညာဆရာကြီး ပရိုဖက်ဆာ မီလီယမ်ကဂျိန်း(စ်)က ဆိုလေသည်။

သို့ဖြစ်စေကာမူ ဗုဒ္ဓဘုရားရှင်သည် မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို လိုက်သော ပုဂ္ဂိုလ်ဖြစ်၍ ကိုယ့်ကျင့်တရားနှင့် ပတ်သက်သော အယူသည်းမှုကို ကြိုက်နှစ်သက်တော်မူလိမ့်မည်မဟုတ်။ ဥပမာ– အကယ်၍ ဘုရားရှင်သည် ယခု သက်တော်ထင်ရှားရှိပါက မိမိ ကျန်းမာရေးအတွက် အရက်ပါသည့် အင်္ဂလိပ်ဆေးကို သောက်သော ဗုဒ္ဓဝါဒီ၏ အပြုအမူကို ကဲ့ရဲ့လိမ့်မည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်၏။ ဤသို့ ကျွန်ုပ်ယုံကြည်ခြင်းမှာ ဘုရားရှင်ကိုယ်တိုင်ပင် အယူမသည်းဘဲ ပတ်ဝန်းကျင် အခြေအနေအရ ပြုမူဖူးသော သာဓကရှိသောကြောင့် ဖြစ်၏။ ထိုသာဓကမှာ ရဟန်းတို့အား ဘုရားရှင်က အသားစားရန် ခွင့်ပြုတော်မူသော သာဓကဖြစ်၏။

အသားစားသူတို့က မည်သို့ပင် ဆင်ခြင်ပေးကြစေကာမူ အကယ်၍ ကျွန်ုပ်တို့သည် ပါဏာတိပါတ သိက္ခာပုဒ်ကို ကျပ်တည်းစွာ စောင့်ထိန်းရမည်ဆိုပါက အသားစားခြင်းကို လုံးဝရှောင်ကြဉ်ရပေလိမ့်မည်။ သို့ရာတွင် ရဟန်းတို့မှာ လူများ ထံ၌ ဆွမ်းခံ၍ စားကြရ၏။ လူတို့မှာ အများအားဖြင့် အသားစားသူများ ဖြစ်ကြ၏။ သို့ဖြစ်၍ ရဟန်းတို့မှာလည်း လူတို့လှူသော အသားဟင်းကိုပင် စားကြရ၏။ အသားဟင်းကို

ရှောင်ကြဉ်ကြရမည်ဆိုပါက ဆွမ်းအတွက် အခက်အခဲတွေ့၍ ရဟန်းတရားကို ကောင်းစွာ အားထုတ်နိုင်ကြတော့မည် မဟုတ်။ ဘုရားရှင်သည် ဤအချက်ကို သိမြင်သောကြောင့် ဒေဝဒတ်၏ လျှောက်ထားချက်ကို လက်မခံဘဲ ရဟန်းတို့အား အသားစားရန် ခွင့်ပြုတော်မူခြင်း ဖြစ်တန်ရာ၏။

အမှန်ဆိုသော် မိမိအကျိုး၊ လူ့လောက၏အကျိုးကို ကြည့်သော သူများသည် တစ်ခါတစ်ရံ ဘာသာတရား၏ တားမြစ်ချက်များကို ဆန့်ကျင်ကြရစမြဲဖြစ်၏။ တမလွန်ဘဝသမားများသည်လည်း ကိုယ်ကျိုးနှင့် ပတ်သက်သော အချို့ကိစ္စများ၌ ဘာသာတရားကို သိပ်ဂရုစိုက်မနေကြချေ။ မိမိတို့နှင့် တိုက်ရိုက်မသက်ဆိုင်သော လူ့လောကအကျိုးနှင့် ပတ်သက်သည့်ကိစ္စများ၌ ဘာသာတရားကို အလွန်လေးစားသည့် အမူအရာလက္ခဏာ ပြတတ်ကြ၏။ ဥပမာ– သူတို့သည် သူများသတ်၍စားရပါသည် ဆိုပြီး သတ္တဝါများ၏ အသားကို စားကြ၏။ ခွေးလေများကို စည်ပင်သာယာက သတ်သင်နေသည်ကိုကား သူတို့ မကြိုက်ကြချေ။ လူဆိုးများအတွက် သေဒဏ်ထားခြင်းကို သဘောတူကြ၏။ လူဆိုးများကို ဖမ်းဆီးရသော ရဲအဖွဲ့ကိုကား မကူညီလိုကြချေ။

ဘာဝနာတရားကို အားထုတ်ရာ၌လည်း တမလွန်ဘဝသမားများသည် ယခုဘဝ ကောင်းစားရေးကို ကြည့်သောသူနှင့် အယူအဆကွဲလွဲ၏။ ကျွန်ုပ်တို့သည် ဘာဝနာလုပ်ငန်း၏ အကျိုးတရားဖြစ်သော မဂ်တရား, ဖိုလ်တရားများကို ယုံမှား

သံသယမရှိချေ။ သို့ရာတွင် တမလွန်ဘဝသမားများသည် အများအားဖြင့် ဘာဝနာတရား အနည်းငယ် အားထုတ်မိလျှင်ပင် မိမိတို့မှာ ဘဝကူး ကောင်းပြီဟု ထင်ပြီး ကျေနပ်နေတတ်ကြ၏။ သူတို့၏ စိတ်ဓာတ်စရိုက်ကား ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိချေ။ သူတို့လောက် တမလွန်ဘဝကို မစွဲလမ်းသော ဗုဒ္ဓဝါဒီသည်ကား ယခုဘဝ၌ပင် ဘာဝနာအလုပ်ဖြင့် စိတ်ငြိမ်းချမ်းမှုကို ရှာ၏။ ယခုဘဝ၌ပင် ကိလေသာမာန်မာနတရားများကို အတော်အတန် ငြိမ်းသတ်နိုင်မှ မိမိ၏ဘာဝနာအလုပ် အောင်မြင်သည်ဟု ယုံကြည်၏။

လူတစ်ဦး၏ ယနေ့ပြုသော အမှုသည် နက်ဖြန် သူပြုမည့် အမှုကို အကျိုးပြုမည်ဖြစ်ကြောင်း ထင်ရှားသကဲ့သို့ ယခုဘဝ၌ ကျွန်ုပ်တို့ပြုသောအမှုသည် တမလွန်ဘဝသို့ ပါသွားသည်ဆိုသော အချက်မှာ ဗုဒ္ဓဝါဒီအဖို့ ထင်ရှား၏။ သို့ရာတွင် ကျွန်ုပ်တို့သည် နက်ဖြန်အရေးကို အလွန်အမင်း တွေးမနေဘဲ ယနေ့ပြုဖွယ်ကိစ္စများကို ဆောင်ရွက်သင့်သည့်နည်းတူ နောင်ဘဝကို သိပ်မစဉ်းစားဘဲ မိမိနှင့် လူအများတို့၏ ယခုဘဝ ကောင်းစားရေးကိစ္စများကို ဆောင်ရွက်သင့်၏။ ဗုဒ္ဓဝါဒ၌ မင်္ဂလသုတ်, သိင်္ဂါလောဝါဒသုတ် စသော လောကီကြီးပွားရေးတရား အမြောက်အမြားရှိပါလျက် လူတို့က တမလွန်ဘဝကို စွဲလမ်းမှုအားကြီးသောကြောင့် ဗုဒ္ဓဝါဒမှာ ယခုဘဝ တိုးတက်မှုနှင့် ဘာမှမဆိုင်သလိုလို စွပ်စွဲခြင်းကို ခံနေရ၏။ အမှန်မှာလည်း ထိုတမလွန်ဘဝသမားများကြောင့် မြန်မာပြည်၌ ကိုယ်ကျင့်တရားနှင့် စပ်လျဉ်း

သော အချို့အတွေးအခေါ်များမှာ လွဲမှားလျက်ရှိ၏။ လူမှုဝန်ထမ်းလုပ်ငန်းများမှာ အားပေးသူ နည်း၍ လွန်စွာချို့တဲ့လျက် ရှိ၏။ လူထုအတွက် လောကနိဗ္ဗာန် တည်ဆောက်အံ့ဟု ကြွေးကြော်ထားသော ဝါဒများသည့် ဗုဒ္ဓဝါဒကို ခြိမ်းခြောက်လျက် ရှိကြ၏။ ဤအချက်များကို တမလွန်ဘဝသမားများ အထူးသတိပြုသင့်လှပေသတည်း။

## ရှေးသာသနာ့ အာဇာနည်ကြီးများ

**"ချစ်သားရဟန်းတို့၊ လောကလူသားအားလုံး၏ အကျိုးစီးပွားအတွက် ခရီးလှည့်လည်ကြလော့။ အရပ်ရပ်သို့ လှည့်လည် အမှန်တရားကို ဟောပြောကြလော့၊ မြင့်မြတ်သော နမူနာကို ပြကြကုန်လော့။ အစ အလယ် အဆုံး သုံးပါးလုံး၌ မြင့်မြတ် ကောင်းမွန်သော အမှန်တရားကို ဖြန့်ဖြူးကြကုန်လော့"**

ဂေါတမ မြတ်စွာဘုရားသခင်သည် မိဂဒါဝုန်တော၌ ပထမ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ရဟန်းတို့အား အထက်ပါအတိုင်း မိန့်ကြား၍ အရပ်ရပ်သို့ သာသနာပြုရန် စေလွှတ်တော်မူ၏။ ထိုအမိန့်အတိုင်း ရဟန်းသံဃာတို့သည် ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်ကသော်လည်းကောင်း၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက်၌သော်လည်း ကောင်း အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည်သွားလာကာ သာသနာပြုခဲ့ကြ၏။ ယခုအခါ၌ ကမ္ဘာအရပ်ရပ်တွင် ဗုဒ္ဓသာသနာ ပြန့်ပွားနေခြင်းကို ထောက်ရှု ဆင်ခြင်သော် ထိုရှေးရဟန်းသံဃာ

တို့၏ သာသနာပြုလုပ်ငန်းမှာ များစွာအောင်မြင်သည်ဟု ဆိုရပေမည်။

တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာရန် လွန်စွာခဲယဉ်းသည့်အပြင် လူတို့၏ လိမ္မာယဉ်ကျေးမှု အဆင့်အတန်းလည်း မမြင့်သေးသော ရှေးအခါက သာသနာပြုလုပ်ငန်းသည် လုံးဝ လွယ်ကူလိမ့်မည် မဟုတ်ချေ။ သို့ဖြစ်၍ ရှေးသာသနာပြုရဟန်းတော်များသည် ကျန်းမာတောင့်တင်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ ဆင်းရဲပင်ပန်း ခံနိုင်ခြင်း၊ လုံ့လ ဝီရိယနှင့် ဖွဲ့သတ္တိကို ဘယ်အခါမှ မလျှော့ခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံသော အာဇာနည်ပုဂ္ဂိုလ်များ မုချဖြစ်တန်ရာ၏။ အိန္ဒိယပြည်နှင့် မြန်မာပြည်မှ ရှေးသာသနာပြု ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဘဝဖြစ်စဉ်နှင့် အတွေ့အကြုံများကို ရေးသားမထားခဲ့ကြချေ။ ယင်းသို့ မရေးသားခဲ့ကြခြင်းသည် နောင်းလူတို့အဖို့ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်၏။ အကယ်၍ ရေးသားထားခဲ့ကြပါက သူတို့၏ မှတ်တမ်းများသည် အမှန် စိတ်ဝင်စားဖွယ် ကောင်းပေလိမ့်မည်။ သူတို့၏ ကိုယ်တွေ့ ဗဟုသုတများသည် ဗုဒ္ဓသာသနာသမိုင်း နိုင်ငံသမိုင်းနှင့် ရှေးလူမျိုးတို့အကြောင်းကို လေ့လာသော ယခုကာလ ပညာရှင်တို့အဖို့ များစွာ အသုံးဝင်ပေလိမ့်မည်။

ဥပမာ။ ။အိန္ဒိယပြည်တွင် အသောကမင်းကြီး လက်ထက် ဘီစီ သုံးရာစုလောက်က တတိယ သင်္ဂါယနာတင်ပြီးအခါ အိန္ဒိယ ရဟန်းတော်တို့သည် ပါရှား–အီဂျစ်စသော အနောက်တိုင်းပြည်များသို့ သွားရောက်၍ သာသနာပြုခဲ့ကြ၏။ အချို့သော

အနောက်နိုင်ငံစာရေးဆရာများက ထိုရဟန်းတော်တို့၏ နိုင်ငံခြားသာသနာပြုလုပ်ငန်းကို အထင်အမြင်သေးကြသည်။ အချို့ကမူ အထင်မသေးဘဲ ထိုသူတို့၏ ကြိုးပမ်းမှုသည် အတော်အတန် အောင်မြင်သည်ဟု ယုံကြည်ကြ၏။ သခင်ယေရှုသည်ပင် သူ၏ တရားများကို ဗုဒ္ဓ ရဟန်းသံဃာများထံမှ ရရှိကြောင်း အမေရိကန် တစ်ဦး ရေးသားထားသော စာအုပ်နှင့် အင်္ဂလန်နိုင်ငံတွင် ခရစ်ယာန်သာသနာ မရောက်မီက ရှိခဲ့ကြသော ဒရုလူမျိုးတို့၏ အယူ ဓလေ့ထုံးစံများမှာ ဗုဒ္ဓဝါဒ အငွေ့အသက် မကင်းကြောင်း အင်္ဂလိပ်တစ်ဦး ရေးသားထားသော စာအုပ်တစ်အုပ်ကို ကျွန်ုပ် ဖတ်ဖူး၏။ အသောကမင်းလက်ထက်က နိုင်ငံခြား ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်တို့သည် မှတ်တမ်းများ ရေးသားခဲ့ကြပါက ထိုမှတ်တမ်းများသည် အထက်ပါ ယူဆချက်များကို ဝေဖန်ဆန်းစစ်ရာ၌ အတော်အရေးပါပေလိမ့်မည်။

ရှေးအခါက မြန်မာနိုင်ငံ၌လည်း အာဇာနည် သာသနာပြုပုဂ္ဂိုလ်များ အမြောက်အမြားရှိခဲ့ကြ၏။ သို့ရာတွင် သူတို့၏ မှတ်တမ်းများ မရှိသဖြင့် သူတို့အကြောင်းကို ကျွန်ုပ်တို့ စုံစုံလင်လင် မသိကြရချေ။ ပုဂံပြည် နရပတိစည်သူမင်း၊ ပဲခူးပြည် ဓမ္မစေတီမင်း စသော မင်းများ၏ လက်ထက်က မြန်မာပြည်နှင့် သီဟိုဠ်ကျွန်းသည် သာသနာရေး ကိစ္စများအတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရင်းနှီးစွာ ဆက်သွယ်ကြ၏။ မြန်မာ ရဟန်းတော်တို့သည် မကြာမကြာ သီဟိုဠ်ကျွန်းသို့ ကြွသွားကြ၏။ အချို့မှာ သီဟိုဠ်ကျွန်း၌ ကာလအတန်အကြာ သီတင်းသုံးခဲ့ကြ၏။ ထို

ရဟန်းတော်တို့သည် အကယ်၍ ကင်းဝန်မင်းကြီးက ပြင်သစ်ပြည်၊ အင်္ဂလန်ပြည်သွား မှတ်တမ်းများ ရေးသားသကဲ့သို့ သီဟိုဠ်နိုင်ငံသွား မှတ်တမ်းများ ရေးသားခဲ့ကြပါက ထိုမှတ်တမ်းများသည် သီဟိုဠ်ကျွန်းသမိုင်းနှင့် ဗုဒ္ဓသာသနာသမိုင်းကို လေ့လာသူများအား မချအကျိုးပြုပေလိမ့်မည်။

ပြည်တွင်း သာသနာပြု ပုဂ္ဂိုလ်များသည်လည်း ပြည်ပသာသနာပြု ပုဂ္ဂိုလ်များနည်းတူပင် မိမိတို့၏ ကိုယ်တွေ့များကို မရေးသားခဲ့ကြချေ။ မြန်မာနိုင်ငံသမိုင်း၌ အတော်ထင်ရှားသော ဘုရင့်နောင် (ဝါ) ဆင်ဖြူရှင် မင်းတရားကြီးသည် ရှမ်းပြည်နယ်အရပ်ဒေသသို့ သာသနာပြုရဟန်းတော်များ စေလွှတ်ကြောင်းကျွန်ုပ်တို့သိရှိရ၏။ ထိုအခါက ရှမ်းပြည်နယ်တွင် စော်ဘွားတစ်ဦးသေလျှင် သူ၏သားမယား ကျေးကျွန်များကိုသတ်၍ သူနှင့်အတူမြှုပ်နှံရသည်ဆို၏။ အကယ်၍ ထိုခေတ်က ရှမ်းပြည်နယ်ရောက်သာသနာပြုပုဂ္ဂိုလ်တို့သည် သူ၏ကိုယ်တွေ့များကို ရေးသားခဲ့ကြပါက ရှေးခေတ် ရှမ်းတို့၏ အယူဝါဒ ဓလေ့ထုံးစံများကိုကျွန်ုပ်တို့စုံလင်စွာ သိကြရပေလိမ့်မည်။ ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သောအယူနှင့် ဓလေ့များကို တိုက်ဖျက်ရာ၌ မည်မျှခက်ခဲသည်ကိုခန့်မှန်းနိုင်ပေလိမ့်မည်။ သူတို့၏ အတွေ့အကြုံများသည် ယခုခေတ် တောင်တန်း သာသနာပြု ဆရာတော်များအဖို့ အဖိုးတန်သော သင်ခန်းစာများ ဖြစ်ပေလိမ့်မည်။

အမှန်ဆိုသော် ရှေးအခါက လူသူ အရောက်အပေါက်နည်းသော အရပ်ဒေသများသို့ အစဦးစွာ စွန့်စားသွားရောက်၍

မိမိတို့ဘာသာ ထည်းတည်းနေသော လူမျိုးများအား ကမ္ဘာနှင့် မိတ်ဆက်ပေးခဲ့သော သူများမှာ အများအားဖြင့် သာသနာပြု ဆရာများဖြစ်ကြ၏။ အာဖရိကတိုက်ကြီးသည် ဥရောပ နယ်ချဲ့ အစိုးရတို့၏ လက်အောက်သို့ မရောက်မီကပင် ဒေါက်တာ လစ်ဗိန်စတုံး ဒေါက်တာမောဖက်စသော ခရစ်ယာန် သာသနာပြု ဆရာများသည် အာဖရိကလူမျိုးများကို နီးနီးကပ်ကပ် လေ့လာ ခဲ့ကြ၏။ မြန်မာပြည်၌ အမေရိကန် သာသနာပြုဆရာ ဒေါက်တာ ဂျပ်ဆင်သည် ပထမမြန်မာ–အင်္ဂလိပ်အဘိဓာန်ကို စီရင်ရေးသား၍ ပြင်သစ်ဘုရင်ဂျီဘုန်းကြီး ဘိရှော့ ဘိဂန်ဒက်သည် အနောက် နိုင်ငံသားများက ဗုဒ္ဓဝါဒကို ကောင်းစွာ နားမလည်သေးသော အချိန်၌ မြန်မာဗုဒ္ဓဘာသာ ကျမ်းတစ်ကျမ်းကို မှီငြမ်းပြု၍ အင်္ဂလိပ်ဗုဒ္ဓဝင် ကျမ်းတစ်ကျမ်း ပြုစု ရေးသားခဲ့လေသည်။

ယခုအခါ ပုသိမ် ဦးဝိမလနှင့် ဦးဥတ္တမသာရ စသော တောင်တန်းသာသနာပြု ဆရာတော်တို့၏ ခရီးသွားမှတ်တမ်း များကို သတင်းစာ မဂ္ဂဇင်းများ၌ ရံဖန်ရံခါ တွေ့ရ၏။ ရှေးအင်္ဂလိပ်အစိုးရလက်ထက်ကမူ မြန်မာပြည် တောင်တန်းသား များ၏ အကြောင်းကို ခရစ်ယာန်သာသနာပြု ဆရာများ၏ စာအုပ်များ၌ ဖတ်ရှုရလေသည်။ ရှေးပဝေဏီက အိန္ဒိယမြန်မာ ဗုဒ္ဓသာသနာပြု ရဟန်းတော်တို့၏ မှတ်တမ်းများကို မတွေ့ရခြင်း မှာ ထိုအခါက စာရေးသားသော အလေ့အထနည်းပါးသော ကြောင့် ဖြစ်တန်ရာ၏။ မြတ်စွာဘုရား ဟောကြားသော ပိဋကတ် တော်များကိုပင် နှစ်ပေါင်းငါးရာကျော် ကြာမှ နှုတ်ဖြင့် ဆောင်ကြ

၍ ခရစ်မပေါ်မီ ပထမရာစုနှစ် (၀၁) ဘီစီ ၈၀–ခုနှစ် လောက်ကျမှ ပေထက် အက္ခရာ တင်ကြခြင်းကို ထောက်ရှု ဆင်ခြင်သော် ရှေးသာသနာပြုပုဂ္ဂိုလ်တို့က မှတ်တမ်းများ မရေးသားခဲ့ကြခြင်းမှာ အံ့သြစရာမရှိချေ။

သို့ရာတွင် တရုတ်ပြည်၌မူ ရှေးဗုဒ္ဓသာသနာပြု တရုတ်ရဟန်းတော်တို့သည် သူတို့၏ အတွေ့အကြုံများကို အတော်စုံစုံလင်လင် ရေးသားထားခဲ့ကြလေသည်။

ရှေးတရုတ် သမိုင်းစာစောင်များ၏ အလိုအားဖြင့် ဘီစီ ၂၁၇–ခုလောက်ကပင် တရုတ်ပြည်သို့ အိန္ဒိယပြည်မှ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်တစ်ဦး ရောက်ရှိသွားသည်ဆို၏။ ခရစ်သက္ကရာဇ် ၆၅–ခုနှစ်သို့ ရောက်သောအခါ တရုတ်ဧကရာဇ်မင်း တီက ဗုဒ္ဓသာသနာကို နိုင်ငံတော်၏ ဘာသာဝါဒ တစ်ခုအဖြစ် အသိအမှတ်ပြုလေသည်။ ဗုဒ္ဓသာသနာသည် တရုတ်ပြည်မှ တစ်ဆင့် ကိုရီးယား ဂျပန်နှင့် အာနမ်နိုင်ငံများသို့ ပြန့်ပွားသွား၏။ ထိုနိုင်ငံများသို့ သွားရောက်၍ သာသနာပြုခဲ့ကြသော တရုတ်ရဟန်းတော်တို့သည် ရှေးမြန်မာ–အိန္ဒိယ ရဟန်းတော်တို့ထက် သတ္တိ အရည်အချင်း ညံ့ကြမည် မဟုတ်ချေ။ အချို့သော ရှေးဟောင်း တရုတ်စာပေများ၏ အဆိုအားဖြင့် အမေရိကတိုက်ကို ရှေးဦးပထမ တွေ့ရှိသောသူများမှာ ကိုလမ်ဗတ်နှင့် သူ၏ အဖော်များမဟုတ်ဘဲ နိုင်ငံခြား၌ သာသနာပြုရန်အတွက် ပစိဖိတ်သမုဒ္ဒရာထဲသို့ စွန့်စားသွားလာကြသော တရုတ်ရဟန်းတော်များ ဖြစ်တန်ရာ၏။

သို့ဖြစ်စေကာမူ ထိုရဟန်းတော်တို့၏ မှတ်တမ်းများကို ယခု ကျွန်ုပ်တို့ မတွေ့ရချေ။ ယနေ့ ကျွန်ုပ်တို့တွေ့ရသော တရုတ်ပြည်မှ သာသနာပြု မှတ်တမ်းများမှာ အိန္ဒိယပြည်သို့ စွန့်စား၍ သွားကြသော ရှေးတရုတ်ရဟန်းများ၏ ခရီးသွား မှတ်တမ်းများ ဖြစ်၏။ ထင်ရှားသော ရဟန်းတော် သုံးပါးမှာ အရှင်ဖါဟီယန်, အရှင်ဆန်ယွန်နှင့် အရှင်ဟီယန်ဘိုင်တို့ ဖြစ်ကြ ၏။ သူတို့၏ ရည်ရွယ်ချက်ကား အိန္ဒိယပြည်သို့ သွားရောက်၍ ဗုဒ္ဓဝါဒကို လေ့လာရန်နှင့် မိမိတို့ ပြည်တွင်း သာသနာပြုလုပ်ငန်း အတွက် လိုအပ်သော ဗုဒ္ဓကျမ်းစာများကို ရှာဖွေစုဆောင်းရန် ဖြစ်၏။ ထိုရည်ရွယ်ချက်ဖြင့် သူတို့ စွန့်စား သွားရောက်ကြပုံမှာ ကမ္ဘာ့သမိုင်း ဗုဒ္ဓသာသနာသမိုင်းတွင် မော်ကွန်းတင်လောက်ပါ ပေသည်။

သာသနာ့အာဇာနည် တရုတ်ရဟန်းတော်တို့၏ သတ္တိ အရည်အချင်းကို စာဖတ်သူများ အကဲခတ်နိုင်ရန် အရှင်ဟီယန် ဆိုင်၏ အကြောင်းကို အမြွက်မျှ ဖော်ပြပါအံ့။

အရှင်ဟီယန်ဆိုင်သည် ခရစ်သက္ကရာဇ် ခုနစ် ရာစု အတွင်းက တရုတ်ပြည်၌ ဗုဒ္ဓစာပေကျမ်းဂန်များကို နှံ့နှံ့စပ်စပ် လေ့လာခဲ့သော ရဟန်းတော်ဖြစ်၏။ သူသည် တရုတ်ဗုဒ္ဓကျမ်းစာ များကို လေ့လာရုံနှင့် အားမရသဖြင့် အိန္ဒိယပြည်သို့ သွား၍ မူရင်း ပိဋကတ်စာပေများကို လေ့လာလိုသော ဆန္ဒဖြစ်ပေါ်လာ၏။ သို့ရာတွင် ဘုရင်ဧကရာဇ်က သူ့အား အိန္ဒိယပြည်သို့ သွားခွင့် မပြုသောကြောင့် တရုတ်ပြည်မှ တိတ်တဆိတ် ထွက်ခွါသွားရလေ

သည်။ သူ ဖြတ်သန်းသွားရသော ပြည်နယ်များမှ ဘုရင်ခံများက သူ့ကို ဖမ်းဆီးရန် အမိန့်ထုတ်ထားသဖြင့် သူသည် ကင်းတပ်စခန်းများကို ရှောင်ကွင်း၍ သွားရ၏။ တရုတ်နိုင်ငံ နယ်နိမိတ်ကို လွန်သောအခါ သဲကန္တာရကြီးတစ်ခုသို့ ရောက်၏။ သူသည် ရေတစ်စက်မျှ မသောက်ရဘဲ ထိုသဲကန္တာရကြီးကို လေးညနှင့် ငါးရက်တိုင်တိုင် ဖြတ်သန်းသွားရလေသည်။

သဲကန္တာရ၏ တစ်ဘက်တွင် ဗုဒ္ဓဘာသာဝင် တာတာလူမျိုးတို့ နေထိုင်ကြ၏။ တာတာဘုရင်နှင့် မှူးမတ်တို့သည် အရှင်ဟီယန်ဆိုင်အား အလွန်ကြည်ညိုကြသဖြင့် သူတို့နိုင်ငံ၌ အမြဲသီတင်းသုံးရန် တောင်းပန်လျှောက်ထားကြ၏။ တောင်းပန်၍ မရသောအခါ ဘုရင်က သူ့အာဏာဖြင့် ဆရာတော်ကို တားမြစ်၏။ သို့ရာတွင် ဆရာတော်ကား အိန္ဒိယပြည်သို့ မရောက်လျှင် မနေ၊ အသက်ပင် သေစေတော့ဟု သန္နိဋ္ဌာန် ချမှတ်ထားသူဖြစ်၍ ဘုရင့်အမိန့်ကို ကန့်ကွက်သောအနေဖြင့် ဆွမ်းမစားဘဲ နေသောအခါ ဘုရင်သည် သူ့အား ခရီးဆက်သွားရန် ခွင့်ပြုရလေသည်။

ထိုနောက် အရှင်ဟီယန်ဆိုင်သည် မြင့်မား၍ ဆီးနှင်းများ ဖုံးအုပ်နေသော တောင်တန်ကြီးများကို ဖြတ်ကျော်ကာ အိန္ဒိယပြည်သို့ရောက်သွား၏။ မာဂဓတိုင်း၌ ငါးနှစ်ကြာမျှ ဗုဒ္ဓစာပေကို လေ့လာ၍ ဗုဒ္ဓဖြစ်စဉ်၌ ထင်ရှားသော နေရာများကို လှည့်လည်ဖူးမြော်ပြီးလျှင် သီဟိုဠ်ကျွန်းသို့သွား၏။ သို့ရာတွင် သူသည် သီဟိုဠ်ကျွန်းသို့ မရောက်ဘဲ ဒက္ခိဏကုန်းပြင်မြင့်ကို ဖြတ်ပြီးလျှင် အိန္ဒြမြစ်ဝှမ်းဒေသသို့ ရောက်သွား၏။ ထိုမှတစ်ဖန် မဇ္ဈိမဒေသ

အရပ်သို့ ပြန်သွား၍ နှစ်ပေါင်းအတန်ကြာနေပြီးလျှင် ကုန်းလမ်းခရီးဖြင့်ပင် တရုတ်ပြည်သို့ ပြန်သွားလေသည်။ ထိုသို့ ၁၆-နှစ်ကြာမျှ စွန့်စားသွားလာပြီးနောက် မိမိအရပ်ဒေသသို့ ပြန်ရောက်သောအခါ ဘုရင်ဧကရာဇ်ကိုယ်တိုင် ကြိုးမှူး၍ သူ၏နိုင်ငံသားများက သူ့ကို သောင်းသောင်းဖျဖျ ဝိုင်းဝန်းကြိုဆိုကြလေသည်။

ဆရာတော်သည် အိန္ဒိယပြည်မှ ဗုဒ္ဓရုပ်ပွားတော်များနှင့် ပိဋကတ်ကျမ်းစာအုပ်ပေါင်း ငါးရာကျော်မျှ ယူဆောင်လာခဲ့၏။ သူသည် ဘုရင်က ပေးအပ်သော အစိုးရ ရာထူးကြီးတစ်ခုကို လက်မခံဘဲ သူ၏ အတွေ့အကြုံများကို ရေးသားခြင်း၊ အိန္ဒိယ ပိဋကတ် ကျမ်းစာများကို ဘာသာပြန်ဆိုခြင်းဖြင့် အချိန်ကုန်လွန်စေ၏။ ဘာသာပြန်ဆိုရာ၌ အခြားရဟန်းတော်များကလည်း ကူညီကြ၏။ ထိုသို့ ပြန်ဆိုရေးသား၍ ရရှိသော တရုတ် ဗုဒ္ဓကျမ်းစာအုပ်ပေါင်းမှာ (၁၃၃၅) အုပ်ခန့် ရှိလေသည်။

အရှင်ဟီယန်ဆိုင်၏ ခရီးစဉ်မှတ်တမ်းသည် ခရစ်သက္ကရာဇ် ၆-ရာစု ၇-ရာစုခေတ်က အာရှတိုက် အလယ်ပိုင်း၏ အခြေအနေနှင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓသာသနာ၏ အခြေအနေများကို စေ့စုံစွာ ဖော်ပြထားသဖြင့် သုတေသီ ပုဂ္ဂိုလ်တို့အတွက် အဖိုးတန်လှ၏။ ၎င်းကို အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာများသို့ ပြန်ဆိုပြီးပြီဖြစ်၏။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ သို့မဟုတ် ဝိုင်အမ်ဘီအေ အသင်းကလည်း ၎င်းမှတ်တမ်းကို မြန်မာဘာသာဖြင့် ပြန်ဆို ထုတ်ဝေသင့်ပေသည်။

❁

# ဗုဒ္ဓဝါဒ နှင့် သိပ္ပံပညာ

ယခုကာလ အချို့သော ခေတ်ပညာတတ် မြန်မာဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဝါဒကို သိပ္ပံပညာနှင့် နှိုင်းယှဉ်၍ ပြလေ့ရှိကြ၏။ ဗုဒ္ဓတရားသည် သိပ္ပံပညာရှင်တို့၏ ခံယူချက်နှင့် ကိုက်ညီသည်ဟု ဆိုလေ့ရှိကြ၏။ ဤဗုဒ္ဓဝါဒီတို့သည် အများအားဖြင့် ဗုဒ္ဓဝါဒကိုသော်လည်းကောင်း၊ သိပ္ပံပညာကိုသော်လည်းကောင်း ခြေခြေမြစ်မြစ် သိရှိနားလည်သောသူများ မဟုတ်ဘဲ သိပ္ပံပညာကို အလွန်အထင်ကြီး၍ ဗုဒ္ဓဝါဒသည် လေးနက် မှန်ကန်ကြောင်း ပြရန် သိပ္ပံပညာ၏ အကူအညီလိုသည်ဟု ထင်မြင်နေကြဟန်ရှိလေသည်။

ကမ္ဘာအရပ်ရပ်၌ သိပ္ပံပညာကို အလွန်အထင်ကြီးသောသူများရှိ၏။ သိပ္ပံပညာကို အကြွင်းမဲ့ ယုံကြည်ကိုးစားမှုသည် သိပ္ပံပညာ များစွာ တိုးတက်သော အနောက်နိုင်ငံများမှာထက် သိပ္ပံပညာဖွံ့ဖြိုးစ အရှေ့နိုင်ငံများ၌ ပိုမို၍ ထုထယ်ကြီးမားလိမ့်မည် ထင်ရ၏။ အမှန်ဆိုသော် ကျွန်ုပ်တို့သည် သိပ္ပံပညာကို အတိုင်းအသိ ယုံကြည်ကိုးစားရန် အကြောင်းမရှိချေ။ သိပ္ပံပညာ၏

တိုးတက်မှုသည် အနှစ်သာရအားဖြင့် စက်မှုသိပ္ပံ၏ တိုးတက်မှုဖြစ်၍ သဘာဝမှ လူ့လောက လူ့ဘဝအကြောင်းခြင်းရာများကို နိုက်ချွတ်လေ့လာရာ၌ တိုးတက်မှုမဟုတ်ချေ။ ထိုအကြောင်းခြင်းရာများနှင့်စပ်၍ သိပ္ပံပညာ မဖြေရှင်းနိုင်သော ပြဿနာ အတော်များများ ရှိ၏။

## သိပ္ပံအမျိုးမျိုး

သိပ္ပံပညာရပ်များမှာ ရုပ်ပိုင်းသိပ္ပံ ဇီဝဗေဒသိပ္ပံနှင့် လူမှုသိပ္ပံဟူ၍ အကြမ်းပြင်းအားဖြင့် သုံးမျိုးသုံးစားရှိရာ သိပ္ပံပညာ၏ အောင်မြင်မှုသည် ရုပ်ပိုင်းနယ်၌ အမြင့်မားဆုံးဖြစ်၏။ ဇီဝဗေဒပညာများမှာ ရူပဗေဒ၊ ဓါတုဗေဒ စသော ရုပ်ပိုင်း သိပ္ပံပညာများလောက် တိုးတက်အောင်မြင်ခြင်း မရှိချေ။ လူမှုသိပ္ပံပညာများမှာမူကား တိုးတက်မှု အနှေးကွေးဆုံး ဖြစ်၍ နိုင်ငံရေးသိပ္ပံ မနုဿဗေဒ လူမှုဆက်ဆံရေးပညာ စသော လူမှုသိပ္ပံပညာများသည် ဟာကွက် ချွတ်ယွင်းချက် အားနည်းချက်များ ရောပြွမ်းနေသော သိပ္ပံပညာရပ်များ ဖြစ်၏။ သို့ရာတွင် ဘာသာတရားနှင့် နီးစပ်သော သိပ္ပံမှာ ရုပ်ပိုင်း သိပ္ပံမဟုတ်ဘဲ ဇီဝသိပ္ပံနှင့် လူမှုသိပ္ပံ ဖြစ်၏။ ရုပ်ပိုင်းသိပ္ပံ ဆရာတို့ စူးစမ်းလေ့လာသော ရုပ်တရားနှင့် ရုပ်လောကသည် ဘာသာတရားနယ်၌ များစွာ အရေးပါလှသည် မဟုတ်ချေ။ ဘာသာတရားအမြင်အားဖြင့် အရေးကြီးသည်ကား လူ့ဘဝ၊ လူ့လောက၊ လူ့သဘာဝဖြစ်၏။ လူ့ဘဝသည် အဓိပ္ပာယ် ဦးတည်ချက် ရှိပါ၏လော။ လူသည်

သေသည်၏ အခြားမဲ့၌ မည်သို့ဖြစ်သွားပါသနည်း။ လောက၌ အကောင်းအဆိုးနှင့် စပ်၍ မည်သို့ ခံယူရပါမည်နည်း။ အကောင်း အဆိုးကို မည်သို့ ခွဲခြား ဆုံးဖြတ်ရပါမည်နည်း။ ဤသို့သော ဘာသာရေးပြဿနာများမှာ သိပ္ပံနည်းဖြင့် စူးစမ်း၍ မရအပ်သော ကြောင့် လူ့အကြောင်း လေ့လာသော ဇီဝနှင့် လူမှုသိပ္ပံဆရာတို့ ကပင် လျစ်လျူပြုထားကြ၏။ သို့ဖြစ်ရကား ဗုဒ္ဓဝါဒကိုသော် လည်းကောင်း၊ အခြား ကမ္ဘာ့ဘာသာတရားကြီးများကိုသော် လည်းကောင်း သိပ္ပံပညာနှင့် စေ့ငုသေချာစွာ နှိုင်းယှဉ်လေ့လာ၍ မရအပ်ချေ။

## ဗုဒ္ဓဝါဒသို့

တစ်နည်းဆိုသော် သိပ္ပံပညာသည် လူတို့ စိတ်ဝင်စားသော ဘာသာရေး ပြဿနာများကို ဖြေရှင်းပေးနိုင်စွမ်း မရှိချေ။ ထို့ကြောင့် ကမ္ဘာ့သိပ္ပံပညာကျော်များသည်ပင် ဘာသာရေး ခံယူချက်များရှိ၍ အနောက်နိုင်ငံများ၌ ယခုအခါ သိပ္ပံပညာ အလွန်ထွန်းကားနေသော်လည်း ဘာသာတရားများသည် အင်အား ကြီးမားဆဲဖြစ်၏။ ဘာသာတရားကို ပစ်ပယ်သောသူများရှိ၍ ဘာသာတရားသည် ရှေးကကဲ့သို့ တန်ခိုးအရှိန်အဝါ မရှိတော့ သည်ကား မှန်၏။ သို့ရာတွင် ဘာသာတရား လုံးဝမရှိသောသူများ မှာ လူနည်းစုဖြစ်၍ လူများစုအဖို့မူကား ဘာသာတရားသည် အတွေးအခေါ်ကို စိုးမိုးလျက် ရှိသေးကြောင်း ယုံမှားစရာ မရှိချေ။

သူတို့နိုင်ငံတွင် မိရိုးဖလာ ဘာသာတရားကို မကျေနပ်သော ကြောင့် အခြားဘာသာသို့ ကူးပြောင်းသောသူ အမြောက်အမြား ရှိ၏။ ဗုဒ္ဓဘာသာ သီအိုဆိုဖီဝါဒ အစ္စလမ် ဘာသာစသော အရှေ့တိုင်း ဘာသာတရားများ၌ လူအတော်တော်များများ စိတ်ဝင်စားလာကြ၏။ ယခုအခါ အနောက်နိုင်ငံများ၌ ဗုဒ္ဓဘာသာ ပြန့်ပွားလျက် ရှိပေရာ ဤသို့ ပြန့်ပွားခြင်းမှာ ဗုဒ္ဓတရားသည် သိပ္ပံပညာနှင့် ကိုက်ညီသောကြောင့်ဖြစ်သည်ဟု အချို့က ဆို၏။ ဤစကားမှာ မှန်ကန်သင့်သလောက် မှန်ကန်သော်လည်း ၎င်းကို အလွန်အကျွံ ပုံကြီးချဲ့၍ မပြောသင့်ချေ။ အမှန်မှာ သိပ္ပံပညာသည် လူတို့၏ ဘာသာရေး လိုအပ်ချက်များကို ဖြည့်စွမ်းမပေးနိုင်ဘဲ ဗုဒ္ဓဝါဒက ဖြည့်စွမ်းပေးနိုင်သောကြောင့် အချို့သော အနောက်နိုင်ငံသားတို့သည် သိပ္ပံပညာနှင့် နှစ်သိမ့် မနေဘဲ ဗုဒ္ဓဝါဒသို့ ချဉ်းကပ်လာကြခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒသို့ သူတို့ စိတ်ညွတ်လာကြခြင်းသည် သိပ္ပံပညာနှင့် ကိုက်ညီသော ကြောင့် မဟုတ်ကြောင်း ဥရောပ ဗုဒ္ဓဝါဒီတို့၏ ခံယူချက်များ၌ ထင်ရှား၏။ သူတို့သည် အများအားဖြင့် ဘဝသံသရာနှင့် ကမ္မဝါဒ၌ စိတ်ဝင်စားကြပေရာ ဤဗုဒ္ဓတရားများသည် သိပ္ပံ နည်းကျကျ စူးစမ်းလေ့လာ၍ ရအပ်သော တရားများ မဟုတ်ချေ။ သိပ္ပံနည်းဖြင့် အထင်အရှားပြ၍ မရအပ်သော်လည်း သိပ္ပံပညာ ရှင်များ၏ အမြင်နှင့် ကိုက်ညီသော ဗုဒ္ဓတရားမှာ အနတ္တတရား ဖြစ်၏။ အနတ္တတရားကိုမူ ဥရောပ ဗုဒ္ဓဝါဒီ အချို့က မနှစ်သက် ကြချေ။ အနတ္တရားမှာ ဗုဒ္ဓဟောသော တရားမဟုတ်ဟုဆိုကာ

ဟိန္ဒူဝါဒဆန်သော အတ္တဝါဒတစ်မျိုးကို လက်ခံယုံကြည်ကြလေသည်။

## ကိရိယာဖြင့် စမ်းသပ်မရ

ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်တရား မဂ်ဖိုလ်နိဗ္ဗာန်တရား စသည်တို့မှာလည်း ဘဝသံသရာ ကမ္မဝါဒကဲ့သို့ပင် သိပ္ပံပညာနှင့် မဝင်ဆန့်သော တရားများ ဖြစ်၏။ "မဝင်ဆန့်"ဟု ဆိုရာ၌ သိပ္ပံပညာ အလိုအားဖြင့် မှားယွင်းသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ သိပ္ပံနည်းဖြင့် စူးစမ်းလေ့လာ၍ မရအပ်သောကြောင့် ၎င်းတို့ကို သိပ္ပံပညာနယ်မှ ပယ်ထားသည်ဟု ဆိုလိုခြင်းဖြစ်၏။ သိပ္ပံနည်းကျ လေ့လာရာ၌ နား၊ မျက်စိ စသော အာရုံဒွါရများဖြင့် ထိတွေ့မှု ကိရိယာများဖြင့် စမ်းသပ်တိုင်းထွာမှု အယူအဆ တစ်ခုမှ ကောက်နုတ်ချက်များ ဆွဲယူပြီးလျှင် ဒိဋ္ဌမမ္မများဖြင့် ချိန်ထိုးကြည့်မှုစသော လုပ်နည်းလုပ်ရပ်များ ရှိ၏။ ထိုစူးစမ်းလေ့လာနည်းများသည် ဗုဒ္ဓဘာသာ တရားနယ်၌ အချည်းနှီးဖြစ်၍ ၎င်းတို့ဖြင့် ဗုဒ္ဓဘာသာ ခံယူချက်များကို အမှားအမှန် ဝေဖန်ဆုံးဖြတ်၍ မရအပ်ချေ။

သိပ္ပံပညာဖြင့် ချိန်ထိုး၍ ကျွန်ုပ်တို့ ဆန်းစစ်နိုင်သော ဗုဒ္ဓဝါဒီတို့၏ ခံယူချက်များကား ရှိ၏။ ၎င်းတို့မှာ စကြဝဠာ နေ, လ နက္ခတ် ကမ္ဘာဦးလူတို့ စတင်ပေါ်ပေါက်လာပုံ စသည်တို့ အကြောင်း ဗုဒ္ဓစာပေကျမ်းဂန်များ၌ ရေးသားထားချက်များ ဖြစ်၏။ ထိုယုံကြည်ချက်များသည် ဗုဒ္ဓဘာသာတရား၏ အပေါ်ယံ

အကာမျှသာဖြစ်၍ အနှစ်သာရ မဟုတ်ချေ။ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး စသည်သာ အခြေခံ အနှစ်သာရ ဗုဒ္ဓတရားများ ဖြစ်ပေသည်။

## နည်းအခြေခံ

ဗုဒ္ဓဝါဒကို သိပ္ပံပညာနှင့် နှိုင်းယှဉ်လေ့လာလိုပါက ကျွန်ုပ်တို့သည် သစ္စာလေးပါး ကမ္မဝါဒ ဘဝသံသရာ မဂ်ဖိုလ် နိဗ္ဗာန်တရား စသည်တို့ကို မစဉ်းစားဘဲ ဗုဒ္ဓဝါဒ၏ ပဓာနခံယူချက်များကို သိပ္ပံပညာ၏ အမြင်နှင့် ချိန်ထိုးကြည့်ရပေလိမ့်မည်။ ထိုသို့ ချိန်ထိုးကြည့်ပါက ဗုဒ္ဓဝါဒသည် သိပ္ပံပညာနှင့် နေရာအတော်များများတွင် အခြေခံအားဖြင့် တူညီနေသည်ကို တွေ့ရပေ၏။

ဗုဒ္ဓဝါဒသည် သိပ္ပံပညာကဲ့သို့ပင် ပြဿနာတစ်ရပ်ကို စူးစမ်းလေ့လာရာ၌ ဆန္ဒစွဲ ပုဂ္ဂိုလ်စွဲများကိုပယ်၍ စဉ်းစားဆင်ခြင်မှုကို ဦးစားပေး၏။ ဗုဒ္ဓဝါဒီသည် သိပ္ပံပညာရှင်ကဲ့သို့ပင် လွတ်လပ်စွာ ဆင်ခြင်သုံးသပ်မှု၊ လွတ်လပ်စွာ ဝေဖန်ဆန်းစစ်မှုကို နှစ်သက်မြတ်နိုး၏။ သို့ရာတွင် ဗုဒ္ဓဝါဒ အမြင်အားဖြင့် အမှန်တရားကို ရှာဖွေရာ၌ စဉ်းစားဉာဏ်သည် ပြီးပြည့်စုံသော တစ်ခုတည်းသော အကြောင်းတရားမဟုတ်။ ယုံကြည်မှု သဒ္ဓါတရားရှိရန်လည်း လိုပေသေး၏။ ထို့အတူ သိပ္ပံပညာသည် မျက်မြင်ဒိဋ္ဌကိုသာ လေ့လာ၍ ယုံကြည်ချက်သက်သက်ကို လက်မခံဘဲ ပယ်ထားသော ပညာဖြစ်သည်ဟု လူအများ

ထင်မြင်ကြပေရာ ဤထင်မြင်ချက် မမှန်ကန်ချေ။ အမှန်မှာ သိပ္ပံပညာ၌ ဒိဋ္ဌဓမ္မမဟုတ်ဘဲ ယုံကြည်မှုသက်သက်ဖြင့် ခံယူထားသော အချက်များရှိ၏။ သဘာဝဓမ္မသည် ကျွန်ုပ်တို့ နားလည်နိုင်သော အရာဖြစ်သည်။ မဖေါက်ပြန်ဘဲ မြဲသောသဘောရှိသည်။ ဆန်းကြယ်ရှုပ်ထွေးခြင်းမရှိဘဲ ရိုးရိုးစင်းစင်း သဘောလက္ခဏာကို ဆောင်သည်။ မည်သည့် သင်္ချိုင်းရမ္မ၌မဆို အကြောင်းတရားရှိသည် ဟူသော သိပ္ပံပညာ၏ ပဓာန ခံယူချက်များမှာ ဆင်ခြင်စဉ်းစားမှု လက်တွေ့စမ်းသပ်မှုကင်းသော ယုံကြည်ချက်များ ဖြစ်လေသည်။

## ကြောင်းကျိုး နိယာမ

ဗုဒ္ဓဝါဒသည် အကြောင်းအကျိုး နိယာမတရားကို သိမှတ်လက်ခံရာ၌ သိပ္ပံပညာနှင့် ထပ်တူဖြစ်၏။ ယင်းနိယာမတရားနှင့် ဆက်စပ်နီးနွယ်နေသော ဗုဒ္ဓဝါဒ၏ အနတ္တတရားကို သိပ္ပံနည်းဖြင့် စူးစမ်းလေ့လာ၍ မရအပ်ချေ။ သို့ရာတွင် သိပ္ပံပညာနယ်၌ တွေ့ရချက်များသည် အနတ္တတရားကို ထောက်ကူသော အချက်များ ဖြစ်၏။ သိပ္ပံပညာ အလိုအားဖြင့် စကြဝဠာနှင့် နှိုင်းစာသော် လူသည်လည်းကောင်း၊ လူတို့၏ ကမ္ဘာသည် လည်းကောင်း မဟာသမုဒ္ဒရာထဲရှိ ရေပွက်ကလေးများပမာ ဘာမျှ အရေးမပါချေ။ ဒါဝင်၏ အီဗော်လူးရှင်း နိယာမတရားအား ဖြင့်လည်း လူသည် မိမိ၏ ကမ္ဘာဦးအစ မူလဓာတ်သဘာဝ အတွက် မာနတက်ဖွယ်ရာအကြောင်း စိုးစိမျှမရှိချေ။ ဆိုင်ကို အနာလိုက်စစ် စိတ်ခွဲပညာကမူ လူသည် မိမိကိုယ်ကို အစိုးမရဘဲ

အင်အားကြီးမားသော မသိစိတ်၏ ပြုပြင်ခြယ်လှယ်မှုကို ခံနေရသည်ဟုဆို၏။ ဤသို့သော သိပ္ပံပညာ၏ အဆိုအမိန့်များသည် လူတို့တွင် အစဉ်အလာ စွဲကပ်နေသော အတ္တမာနနှင့် ဆန့်ကျင်သော်လည်း ဗုဒ္ဓဝါဒ၏ အနတ္တတရားနှင့် ဘောင်ဝင်သည်ဟု ဆိုရပေမည်။

## သတိပြုဖွယ်

အချုပ်ဆိုရသော် ဗုဒ္ဓဘာသာ၏ အချို့သော ပဓာနခံယူချက်များသည် သိပ္ပံပညာ၏ အမြင်နှင့် အတန်နီးစပ်သည်ဟု ယူဆရန် ရှိ၏။ ဗုဒ္ဓဟောကြားသော တရားအားလုံးကိုကား သိပ္ပံနည်းဖြင့် လေ့လာဆန်းစစ်၍ မရအပ်ချေ (ဝါ) သိပ္ပံပညာဖြင့် မှားသည်၊ မှန်သည်ဟု ဆုံးဖြတ်၍ မရအပ်သောကြောင့် ဗုဒ္ဓတရားကို သံသယရှိပါက ကျွန်ုပ်တို့ လွဲမှားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာသည် ဦးတည်ချက်လမ်းစဉ် လုပ်ငန်းကိစ္စ စသည်တို့အားဖြင့် ခြားနား၏။ ထို့ပြင် သိပ္ပံနည်းသည် အမှန်တရားကို ရှာဖွေရန်အတွက် တစ်ခုတည်းသော ပြည့်စုံသော နည်းလမ်း မဟုတ်ချေ။

❁

# ဗုဒ္ဓဘာသာနှင့် အင်္ဂလန်နိုင်ငံ

အင်္ဂလန်နိုင်ငံသည် ဥရောပတိုက်၌ ဗုဒ္ဓသာသနာ အထွန်းကားဆုံး နိုင်ငံဖြစ်၏။ ဗုဒ္ဓသာသနာ ထွန်းကားသည်မှာ ယခုမှ မဟုတ်။ ပထမကမ္ဘာစစ်မဖြစ်မီက စ၍ အင်္ဂလန်နိုင်ငံ၌ ဗုဒ္ဓဘာသာ အသင်းများ ဗုဒ္ဓဝါဒလေ့လာရေးအဖွဲ့များနှင့် ဗုဒ္ဓဓမ္မဂျာနယ်များ ရှိခဲ့၏။ ထိုသို့ အင်္ဂလန်ပြည်၌ ရှေးပဝေဏီက စ၍ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ခြင်းမှာ ဒေါက်တာရိုင်း(စ်)ဒေးဗစ် စသော ပါဠိ ပညာရှင်များ၏ ဗုဒ္ဓစာပေများ ဘိက္ခုအာနန္ဒာ မေတ္တေယျ၊ မစ္စတာ ခရစ္စမတ် ဟန်ဖရီကဲ့သို့သော ဗုဒ္ဓဝါဒီ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့၏ ကြိုးပမ်းမှုများ၊ မြန်မာသီဟိုဠ်၊ အိန္ဒိယ ဗုဒ္ဓဝါဒီ တို့၏ ကူညီအားပေးမှုများကြောင့် ဖြစ်ပေသည်။

လန်ဒန်မြို့၌ အကြီးဆုံး ဗုဒ္ဓဘာသာအသင်းမှာ အင်္ဂလိပ် ဗုဒ္ဓဘာသာဝင်များ ဖွဲ့စည်းတည်ထောင်ထားသော အသင်းဖြစ်၏။ အသင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဓမ္မကို လေ့လာ၍ ကျင့်ကြံအား ထုတ်ရန်နှင့် စာပေထုတ်ဝေ၍ ပြန့်ပွားစေရန်ဖြစ်၏။ အသင်းဝင် ကြေးမှာ အင်္ဂလန်ပြည်တွင် နေထိုင်သူတို့အတွက် တစ်နှစ်လျှင်

၂–ပေါင် ၅၀–ပဲနီ ဖြစ်၍ အမေရိကန်နှင့် ကနေဒါအတွက် ၅–ဒေါ်လာ၊ အခြားနိုင်ငံများအတွက် ၂–ပေါင်ဖြစ်၏။ ရာသက်ပန် အသင်းသားဖြစ်လိုပါက အင်္ဂလန်အတွက် ၂၅–ပေါင်၊ အခြား နိုင်ငံများအတွက် ၁၅–ပေါင် ပေးရ၏။ အသင်းက (အလယ်လမ်း) အမည်ဖြင့် တစ်နှစ်လျှင် လေးကြိမ် ဗုဒ္ဓဓမ္မဂျာနယ်စာစောင် ထုတ်ဝေ၏။ အသင်းသားများအား ဂျာနယ်ကို အခမဲ့ ပေး၏။ အသင်းသား မဟုတ်သူများအတွက် တစ်နှစ်လျှင် အင်္ဂလိပ်ငွေ တစ်ပေါင်ပေးရ၏။ အသင်း၏ စာကြည့်တိုက်၌ ဗုဒ္ဓဘာသာ စာအုပ်ပေါင်း လေးထောင်ခန့်ရှိ၍ အသင်းသားများ ငှားရမ်း ဖတ်ရှုနိုင်၏။

လန်ဒန်မြို့ပေါ်၌ အခြား ဗုဒ္ဓဘာသာ အသင်းလေးခုရှိပြီး အောက်စဖို့၊ ကိန်းဗရစ် စသော တက္ကသိုလ် ငါးခု၌ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ ရှိ၏။ လီဗာပူ၊ နိုဗာ၊ မန်ချက်စတာ၊ အီဒင်ဗာ၊ ဟမ်းရိုင်းယား စသော မြို့ကြီး ၁၂–မြို့၌လည်း ဗုဒ္ဓဘာသာ စာပေ လေ့လာ၍ ဗုဒ္ဓဓမ္မကို ကျင့်ကြံအားထုတ်ရန် ဖွဲ့စည်းထား သော ဗုဒ္ဓဝါဒီအဖွဲ့များကို တွေ့ရပေ၏။

အင်္ဂလိပ်ဗုဒ္ဓဝါဒီတို့သည် သဒ္ဓါယုံကြည်စိတ် ပြင်းပြ လှပေရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လန်ဒန်မြို့ကို ဂျာမန်တို့ သဲသဲမဲမဲ ဗုံးကြဲတိုက်ခိုက်နေသောအချိန်၌ပင် ရက်သတ္တတစ်ပတ် လျှင် သုံးလေးကြိမ်မျှ တရားဆွေးနွေးပွဲများ မှန်မှန်ပြုလုပ်ခဲ့ကြ၏။

ဓမ္မစာစောင် ထုတ်ဝေသည့်အပြင် ဗုဒ္ဓဘာသာစာအုပ်စာတမ်းများ ရေးသားဖြန့်ချိခြင်း၊ တရားပွဲနှင့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဗုဒ္ဓနေ့ ကျင်းပခြင်း၊ နွေရာသီ ဗုဒ္ဓဘာသာသင်တန်း ဖွင့်လှစ်ခြင်း စသည်ဖြင့် အင်္ဂလိပ် ဗုဒ္ဓဝါဒီတို့၏ သာသနာရေးလုပ်ငန်းများမှာ စုံလင်များပြားလှပေ၏။

အနောက်နိုင်ငံဗုဒ္ဓဘာသာသမိုင်းကို ရေးသားရမည် ဆိုပါက လန်ဒန် ပါဠိ စာပေအသင်း၏ကဏ္ဍကို ကျွန်ုပ်တို့ မေ့ထား၍ ရမည်မဟုတ်ချေ။ ဤအသင်းသည် အနောက်နိုင်ငံ ဗုဒ္ဓစာပေပြန့်ပွားမှုလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သော အသင်းဖြစ်၏။ အသင်း၏ ကြိုးပမ်းမှုကြောင့် ယခုအခါ ပိဋကတ် ပါဠိတော်အားလုံးကို ရောမအက္ခရာဖြင့် ထုတ်ဝေပြီး၍ အဘိဓမ္မာကျမ်း အနည်းငယ်မှတစ်ပါး အခြားပါဠိတော်အားလုံးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးပေပြီ။ အသင်းမှာ ရေးသားပြုစုသော ပါဠိ အင်္ဂလိပ် အဘိဓါန်ကြီးမှာ အနောက်နိုင်ငံ ဗုဒ္ဓစာပေနယ်၌ ထင်ရှား၍ ပါဠိစာပေ လေ့လာသော သုတေသီတို့အဖို့ အသုံးဝင်လှပေ၏။

လန်ဒန်ဗုဒ္ဓဘာသာအသင်းက ရေးသားပြုစုခဲ့သော စာအုပ်အတော်များများရှိသည့်အနက် စာအုပ်နှစ်အုပ်မှာ အင်္ဂလိပ် ဗုဒ္ဓစာပေနယ်၌ ထင်ရှား၍ ဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံ၌ပင် အလားတူ စာအုပ်မျိုး မရှိသေးချေ။ ၎င်းစာအုပ်များမှာ

ဗုဒ္ဓဝါဒ သရုပ်ပြ အဘိဓာန်နှင့် ဗုဒ္ဓစာပေ လမ်းညွှန်ဖြစ်၏။ သရုပ်ပြ အဘိဓာန်၌ ဗုဒ္ဓဝါဒဆိုင်ရာ သိမှတ်ဖွယ်ရာများကို အက္ခရာစဉ်ဖြင့် အတိုချုပ် ရှင်းပြထား၍ စာပေလမ်းညွှန်ဖြစ်၏။ ယနေ့အထိ ပုံနှိပ်ထုတ်ဝေပြီးသော အင်္ဂလိပ် ဗုဒ္ဓဘာသာ စာအုပ်အားလုံးကို စာရေးသူအမည်၊ အမိုး၊ ပုံနှိပ်တိုက်၊ ပုံနှိပ်သော နှစ်စသည်ဖြင့် တိကျစုံလင်စွာ ညွှန်ပြထား၏။

# ဗုဒ္ဓပိဋကတ် ကောက်နုတ်ချက်များ

## မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ မဟာသကုလုဒါယိသုတ်၊ လွန်ခဲ့သော ပူဇော်မှုကို နှစ်သက်တော် မမူခြင်း။

ဗောဓိမင်းသားသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိ နန်းတော်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်ပြီးသော် ကောကနဒ ပြာသာဒ်ကို နောက်ဆုံး လှေကားထစ်တိုင်အောင် ပုဆိုးဖြူတို့ဖြင့် ခင်းစေပြီးလျှင် မြတ်စွာဘုရားအား ဆွမ်းပြင် ပြီးကြောင်း လျှောက်ထားရန် သဥ္စိကာပုတ္တ လုလင်ကို လွှတ် လိုက်၏။ ထိုလုလင်သည် မြတ်စွာဘုရားထံသို့ သွား၍ လျှောက် ကြား၏။ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်, သင်္ကန်းကို ယူလျက် ဗောဓိမင်းသား ၏ အိမ်သို့ ချဉ်းကပ်တော်မူ၏။

ဗောဓိမင်းသားသည် မြတ်စွာဘုရားကို ငံ့လင့်လျက် အပြင် တံခါးမုခ်၌ ရပ်နေ၏။ အဝေးမှ ကြွလာသော မြတ်စွာဘုရား

ကို မြင်၍ ခရီးဦးကြိုဆိုကာ ရှိခိုးလျက် ရှေ့သွားပြု၍ ကောကနဒ ပြာသာဒ်သို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် နောက်ဆုံး လှေကားထစ်ကို ကပ်၍ ရပ်တော်မူ၏။ ဗောဓိမင်းသားသည် မြတ်စွာဘုရားအား "အရှင်ဘုရား မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ။ ယင်းသို့နင်းခြင်းသည် ကျွန်ုပ်အား ရှည်မြင့်စွာ သော ကာလပတ်လုံး စီးပွားဖြစ်ရန် ချမ်းသာရန် ဖြစ်ရာပါ၏"ဟု လျှောက်၏။ ဤသို့လျှောက်သော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

ဗောဓိမင်းသားသည် မြတ်စွာဘုရားအား ပုဆိုးတို့ကို နင်းတော်မူရန် သုံးကြိမ်မြောက် လျှောက်၏။ ထိုအခါ မြတ်စွာ ဘုရားသည် အရှင်အာနန္ဒာကို လှည့်ကြည့်တော်မူ၏။ အရှင် အာနန္ဒာသည် ဗောဓိမင်းသားကို "မင်းသား...ပုဆိုးတို့ကို ရုပ်သိမ်း လော့၊ မြတ်စွာဘုရားသည် ပုဆိုးဖြူအခင်းကို နင်းတော်မူမည် မဟုတ်၊ နောင်လာ နောက်သား ရဟန်းအများကို မြတ်စွာ ဘုရားသည် အစဉ်စောင့်ရှောက်တော်မူ၏"ဟု မိန့်ဆို၏။ ဗောဓိ မင်းသားသည် ပုဆိုးတို့ကို ရုပ်သိမ်းစေပြီးလျှင် ကောကနဒ ပြာသာဒ်ထက်၌ နေရာကို ခင်းစေ၏။ ထိုအခါ မြတ်စွာဘုရား သည် ရဟန်းသံဃာနှင့်အတူ ပြာသာဒ်သို့ တက်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

## မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗောဓိ ရာဇကုမာရသုတ် မိမိအား ဝေဖန်ရန် ဖိတ်ခေါ်တော်မူခြင်း၊ ကဲ့ရဲ့မှု ဝေဖန်မှုကြောင့် တုန်လှုပ်တော်မမူခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ၏ ပြာသာဒ်၌ ရဟန်းသံဃာ ငါးရာနှင့်အတူ သီတင်းသုံးတော်မူ၏။ တစ်ဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ပဝါရဏာ ပြုအံ့သောငှာ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် လွင်တီးခေါင်၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသော ရဟန်းသံဃာကို စောင်းငဲ့ကြည့်ရှုတော်မူ၍ "ရဟန်းတို့၊ ယခုအခါ၌ ငါဘုရားသည် သင်တို့အား ဖိတ်ကြား၏။ ငါ၏ တစ်စုံတစ်ခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို သင်တို့ ကဲ့ရဲ့လိုကုန်သလော"ဟု မိန့်တော်မူ၏။

## သဂါထာဝဂ္ဂသံယုတ်၊ ဝင်္ဂီသသံယုတ်၊ ပဝါရဏာသုတ်

"ရဟန်းတို့–သူတစ်ပါးတို့သည် ငါ၏ အပြစ်ကို ဖြစ်စေ၊ တရား၏ အပြစ်ကို ဖြစ်စေ၊ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြလျှင် သင်တို့သည် ရန်ငြိုးထားခြင်း၊ နှလုံးမသာခြင်း၊ စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်၊ ထိုသို့ အပြစ်ပြောသဖြင့် အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့အားသာလျှင် အန္တရာယ်ဖြစ်ရာ၏။

"ရဟန်းတို့–သူတစ်ပါးက အပြစ်ပြောသဖြင့် သင်တို့ အမျက်ထွက်ကြလျှင်၊ နှလုံးမသာကြလျှင် သင်တို့သည် သူတစ်ပါး

တို့၏ စကားကောင်း စကားဆိုးကို သိနိုင်ကြပါမည်လော။ သူတစ်ပါးတို့သည် ငါ၏အပြစ်ကို ဖြစ်စေ၊ တရား၏ အပြစ်ကို ဖြစ်စေ၊ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောလျှင် ဤစကားသည် ဤအကြောင်းကြောင့် မဟုတ်မမှန်၊ စင်စစ် ဤအပြစ်သည် ငါတို့၌ ထင်ရှားမရှိဟု မဟုတ်သည်ကို မဟုတ်သည့် အတိုင်း သင်တို့ ဖြေရှင်းရမည်။

"ရဟန်းတို့- သူတစ်ပါးတို့သည် ငါ၏ ဂုဏ်ကို ဖြစ်စေ၊ တရား၏ ဂုဏ်ကို ဖြစ်စေ၊ သံဃာ၏ ဂုဏ်ကို ဖြစ်စေ ပြောကြလျှင် သင်တို့သည် နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်သင့်။ ထိုသို့ ဂုဏ်ကို ချီးမွမ်းသဖြင့် သင်တို့ နှစ်သက် ဝမ်းသာစိတ် တက်ကြွကြလျှင် သင်တို့အားသာလျှင် အန္တရာယ် ဖြစ်ရာ၏။

"ရဟန်းတို့- သူတစ်ပါးတို့က ငါ၏ ဂုဏ်ကို ဖြစ်စေ၊ တရား၏ ဂုဏ်ကို ဖြစ်စေ၊ သံဃာ၏ ဂုဏ်ကို ဖြစ်စေ ပြောကြလျှင် ဤစကားသည် ဤအကြောင်းကြောင့် ဟုတ်မှန်ပေ၏။ "စင်စစ် ဤဂုဏ်သည် ငါတို့၌ ထင်ရှားရှိပေ၏ဟု ဟုတ်မှန်သည့် အတိုင်း သင်တို့ ဝန်ခံရမည်"

## ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်

ထိုအခါ နိဂဏ္ဌာတက္ကတွန်း၏သား သခွတ်ကသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဂေါတမ အံ့ဩဖွယ်ရှိပါပေ၏။ မဖြစ်စဖူး ဖြစ်ပါပေ၏။ ဤသို့ထိခိုက်၍ အပြောခံရသော၊ စောင်းချိတ်သော စကားတို့ဖြင့် အပြောခံရသော အရှင်ဂေါတမ၏ အရေအဆင်းသည် ဖြူစင်၏။ မျက်နှာအဆင်းသည် ကြည်လင်၏။ ကိလေသာရန်သူကို သတ်နိုင်သော တရားအားလုံးကို ကိုယ်တိုင် မှန်စွာသိသော မြတ်စွာဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါသည်။

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် ပူရာဏ ကဿပကို စကားလမ်းစဉ်ဖြင့် အပြစ်တင် ဆိုဖူးသည်ကို အမှတ်ရပါ၏။ ထိုပူရာဏ ကဿပသည် ကျွန်ုပ်က စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုသောအခါ အကြောင်းတစ်ပါးကို အခြားအကြောင်းတစ်ပါးဖြင့် ဖုံးဖိ၏၊ စကားကို အပသို့ လွှဲဖယ်၏။ အမျက်ထွက်ခြင်း, ပြစ်မှားခြင်း, စိတ်ဆိုးခြင်းကို ထင်ရှားပြု၏။ မက္ခလိ ဂေါသာလ၊ အဇိတ ကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဥ္စယနှင့် နာဋ၏သား နိဂဏ္ဌာတက္ကတွန်းတို့သည်လည်း ထိုနည်းအတူ ဖြစ်ပါ၏။ အရှင်ဂေါတမမှာကား ဤသို့ထိခိုက်၍ စောင်းချိတ်ပြောဆိုသော်လည်း အရေအဆင်း ဖြူစင်၍ မျက်နှာအဆင်း ကြည်လင်နေပါ၏။ ကိလေသာရန်သူကို သတ်နိုင်သော တရားအလုံးစုံကို ကိုယ်တိုင် မှန်စွာသိသော မြတ်စွာဘုရား ထုံးတမ်းစဉ်လာပင် ဖြစ်ပါပေသည်။"

❁

# လူတို့ကမ္ဘာမြေ ဒုက္ခပင်လယ်ဝေ

ဒုတိယကမ္ဘာစစ် မဖြစ်မီက သတင်းစာဆရာ ဂျာနယ်ကျော် ဦးချစ်မောင်သည် "ကမ္ဘာကြီး ပျက်စီးလု နီးပြီလော" ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားခဲ့၏။ သူ၏စာအုပ်၌ ထိုအချိန်က နိုင်ငံကြီးများ အပြိုင်အဆိုင် လက်နက်အင်အား တိုးချဲ့နေမှုကြောင့် နောင်တစ်နေ့နေ့တွင် ကမ္ဘာတစ်ဝန်းလုံး၊ စစ်မီးဟုန်းဟုန်းတောက်စေမည့် စစ်မက်အန္တရာယ်ကြီးမားပုံကို ဖော်ပြထား၏။ ဦးချစ်မောင်သာ ယနေ့ အသက်ထင်ရှားရှိပါက သူ၏ ဟောကိန်းနှင့် စပ်လျဉ်း၍ မည်သို့ပြောဆိုမည် မသိ ရချေ။

ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲ၍ ဖရိုဖရဲ ဖြစ်နေစဉ်က အနောက်နိုင်ငံသားများသည် စစ်အေးခေတ် ကုန်ဆုံးပြီဖြစ်၍ ကမ္ဘာ့ကလီးယားစစ်ဖြစ်ပွားရန် အန္တရာယ်ကင်းဝေးပြီဟု ယူဆခဲ့ ကြ၏။ သို့ရာတွင် ယခုအခါ ရုရှားနိုင်ငံနှင့် အနောက်နိုင်ငံ အုပ်စုသည် အချို့သော ကမ္ဘာ့ရေးရာကိစ္စများ၌ အမြင်ချင်းမတူဘဲ

တစ်ဖက်ကိုတစ်ဖက် မယုံသင်္ကာဖြစ်နေကြ၏။ ရုရှားက အီရန်နိုင်ငံအား နျူကလီးယားဓာတ်ပေါင်းဖို ရောင်းချရန် စီစဉ်နေခြင်းကို အမေရိကန်က အပြင်းအထန် ကန့်ကွက်လျက်ရှိ၏။ နျူကလီးယားလက်နက်များ ပြန့်ပွားမှုကို တားဆီးရန် ကမ္ဘာ့ကုလသမဂ္ဂဝင်နိုင်ငံကြီးများ၏ အားထုတ်မှုမှာလည်း မအောင်မြင်ချေ။ ထိုလက်နက်များကို တိတ်တဆိတ် ပိုင်ဆိုင်ထားသော အစ္စရေး၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာမူ အရေးကြုံလျှင် အသုံးပြုရန် အသင့်ရှိကြကြောင်း သိရ၏။

ယခုခေတ်၌ နျူကလီးယားလက်နက် အသစ်အဆန်းများ၏ ကြောက်မက်ဖွယ်ရာ ဖျက်ဆီးနိုင်မှုစွမ်းအား အတိုင်းအတာကို မခန့်မှန်းနိုင်သော်လည်း များစွာသော လူတို့စိတ်သန္တာန်၌ မိမိတို့ မလိုမုန်းထားသူများအား တိုက်ခိုက်သတ်ဖြတ်လိုသော စိတ်ရိုင်းများ လွှမ်းမိုးနေခြင်းကိုကား ယုံမှားစရာမရှိချေ။ ဤအချက်ကို ကမ္ဘာပေါ်၌ အနှံ့အပြား အဆက်မပြတ် ဖြစ်ပွားနေသော လူမျိုးရေး၊ ဘာသာရေးနှင့် ပြည်တွင်းရေးစစ်ပွဲများက နေ့စဉ် မီးမောင်းထိုးပြလျက် ရှိ၏။ ထိုစစ်ပွဲများ၏ ဝိသေသလက္ခဏာတစ်ရပ်မှာ ရက်စက်ကြမ်းကြုတ်မှုဖြစ်၏။ စစ်ပွဲ ဆင်နွှဲသူတို့သည် ရန်သူမျိုးပြုတ်သွားစေရန် မိန်းမနှင့်ကလေးများပါ မကျန် အစုလိုက် အပြုံလိုက် သတ်ဖြတ်ပစ်ကြ၏။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့နှင့် ဥရောပနိုင်ငံ အုပ်စုများ၏ ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများမှာ မည်သို့မျှ အရာမရောက်ချေ။ ခက်ထန်ကြမ်းတမ်းသော စိတ်ဓာတ်စရိုက်များသည် ယခုအခါ စစ်မြေပြင်မှ

ဝေးသော မြို့ကြီးများသို့ပင် ကူးစက်ပြန့်ပွား၍ အနောက်နိုင်ငံများ၌ လူသတ်မှု၊ ဓားမြမှု၊ မုဒိမ်းမှု စသည်တို့ ကျူးလွန်သူများမှာ ကြောက်ခမန်းလိလိ ဦးရေတိုးပွားလျက် ရှိပေပြီ။ ရှေးအခါက သူတို့နိုင်ငံ၌ ဖြစ်ပွားလိမ့်မည်ဟု လုံးဝမထင်ခဲ့သော အသေခံဖုံးခွဲ တိုက်ခိုက်မှုကြီး နှစ်ခုကိုပင် အမေရိကန်တို့ ကြောက်မက်ဖွယ်ရာ ကြုံတွေ့ခဲ့ကြရပေပြီ။

ယခုခေတ် လူသတ္တဝါတို့သည် အများအားဖြင့် စိတ်ယုတ် စိတ်ညံ့များကို ခုခံတွန်းလှန်နိုင်သော စိတ်ဓာတ်ခွန်အား နည်းပါး နေသည့်နည်းတူ အနာရောဂါဆိုးများကို ကြံ့ကြံ့ခံနိုင်သော ကိုယ်ခံစွမ်းအားသည်လည်း သိသိသာသာ ကျဆင်းလျက်ရှိ၏။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ နောက်ဆုံးအစီရင်ခံစာအရ ယခု အခါ ကမ္ဘာတစ်ဝန်းလုံးတွင် အေအိုင်ဒီအက်(စ်) ဝေဒနာရှင် လေးသန်းကျော်မျှ ရှိနေပြီ ဖြစ်၍ ဤကပ်ရောဂါဆိုးကြီးကို ထိထိရောက်ရောက် တိုက်ဖျက်ရန် နည်းလမ်းများကို ရှာမတွေ့ ရသေးချေ။ ထိုအတောအတွင်း အချို့သော ရောဂါပိုးများသည် နောက်ဆုံးပေါ် ခေတ်မီဆေးဝါးများကို အန်တုလာကြ၍ ရှေးအခါ က လုံးဝပျောက်ကွယ်သွားပြီဟု ထင်မှတ်ခဲ့ကြသော တီဘီအဆုတ် ရောဂါ၊ ငှက်ဖျားရောဂါအစရှိသည့် ကူးစက်ရောဂါဆိုးများသည် လည်း ပြန်လည်ခေါင်းထောင်လာ၍ ခုခံအားနည်းသူများကို ခြိမ်းခြောက်နေကြ၏။

ဤသို့ ကျန်းမာရေးအန္တရာယ်ကြီးမားနေစဉ် လူသတ္တဝါ အများစု၏ စားဝတ်နေမှုစရိတ်ကလည်း ဘူးလေးရာ ဖရုံဆင့်

ဆိုသလို တစ်နေ့တခြား မြင့်မားလျက်ရှိသည်။ အာရှတိုက်တွင် စီးပွားတိုးတက်ဖွံ့ဖြိုးမှု၌ ရှေ့တန်းသို့ ရောက်ရှိနေသော နိုင်ငံတစ်နိုင်ငံသည်ပင် ငွေကြေးဖောင်းပွမှုကို မထိန်းချုပ်နိုင်ဘဲ လက်လုပ်လက်စား အလုပ်သမားများနှင့် ငွေရှင်ကြေးရှင် စီးပွားရေးသမားများ၏ ဝင်ငွေ အဆမတန် ကွာဟ၍ ပြည်သူလူထုမှာ ဘဝရပ်တည်မှုအတွက် မနားမနေ ရုန်းကန်လှုပ်ရှားနေကြရ၏။ ဤသို့သော အခြေအနေ၌ အစိုးရဝန်ထမ်းများတွင် အဂတိလိုက်စားမှု ပြဿနာကြီးထွားလာခြင်း၊ ရာဇဝတ်မှု ဒုစရိုက်မှု ထူပြောခြင်း၊ အထက်အောက် လူတန်းစားလွှာများ စိတ်ဝမ်းကွဲပြား၍ အမုန်းတရားကြီးမားခြင်း၊ မေတ္တာကရုဏာတရားများ ခေါင်းပါး၍ ဆိုးဆိုးရွားရွား အကျင့်စာရိတ္တ ပျက်စီးကြခြင်း စသော အနိဋ္ဌာရုံများကို မလွဲမသွေ တွေ့ကြုံကြရမည်မှာ ဓမ္မတာဖြစ်၏။

အဆိုးဝါးဆုံးပြဿနာမှာ မိသားစုစိတ်ဓာတ် အားနည်းပျက်ပြားမှုဖြစ်၏။ စီးပွားရေး ဖူလုံရန်အတွက် လင်ရော မယားပါ အလုပ်လုပ်နေကြရသောကြောင့် သားသမီးများနှင့် အတွေ့အထိနည်းပါး၍ ကလေးများမှာ အကျင့်စာရိတ္တ တည်ဆောက်ရာ၌ အရေးပါသော မိဘမေတ္တာနှင့် ဆုံးမသွန်သင်မှုကို မရရှိကြချေ။ အမေရိကန်ပြည်ထောင်စု၌ လင်မယားကွာရှင်းမှု အလွန်ပေါများ၍ ကလေးများ မတရားပြုကျင့်ခံရမှု၊ မိဘများက မစောင့်ရှောက်သဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာရသော ကလေးဦးရေတိုးပွားလာမှုနှင့် ဆယ်ကျော်သက်ရွယ် ကလေးသူငယ်များ စိတ်ညစ်သဖြင့်

သတ်သေမှုများ တိုးပွားလာကြောင်း သတင်းများ ဖတ်ရှုရ၏။ ကမ္ဘာပေါ်တွင် ချမ်းသာကြွယ်ဝဆုံးနိုင်ငံ ဖြစ်သော်လည်း သူတို့ နိုင်ငံသားအားလုံး ဘဝခရီး အဆင်ပြေသည်ဟု မထင်မှတ်သင့်ချေ။ သူတို့အထဲတွင် အိုးအိမ်အတည်အကျ မရှိသဖြင့် ညအခါ မီးရထားဘူတာရုံ၊ ဘတ်(စ်)ကားဂိတ် စသော နေရာများ၌ အိပ်ရသောသူ အမြောက်အများရှိ၏။ သက်ကြီးရွယ်အိုများ သည်လည်း သားသမီးများနှင့် အတူမနေဘဲ သက်ကြီးဂေဟာ နှင့် သူနာပြုဆေးရုံများ၌ ဘဝနိဂုံးချုပ်ကြသည်က များ၏။

ဤနေရာ၌ အရှေ့တိုင်းသား သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များက ပိုမိုကံကောင်းသည်ဟု အချို့က ထင်ကြပေ လိမ့်မည်။ ယခုအခါ အရှေ့နိုင်ငံများ၌ အနောက်နိုင်ငံများကဲ့သို့ ပင် အသက်ရှည်သူ ပိုမိုပေါ်များလာ၍ သက်ကြီးရွယ်အိုတို့၏ ဘဝလုံခြုံမှုမှာ ကြီးလေးသော ပြဿနာဖြစ်လျက်ရှိ၏။ လူကြီး မိဘများကို လေးစားမှု၊ လုပ်ကျွေးပြုစုမှုသည် အရှေ့တိုင်း ရိုးရာယဉ်ကျေးမှု ဖြစ်သည်။

မိမိတို့မိသားစုအတွက် စီးပွားရေးမပူလုံသော အချို့လူများ ကမူ မိဘများကို အခြေအနေ ပိုမိုဆိုးဝါးစေသော ဝန်ထုပ်ဝန်ပိုး သဖွယ် ရှုမြင်၍ ကြည်ကြည်ဖြူဖြူ ပြုစုကျွေးမွေးရန် တွန့်ဆုတ် ကြ၏။ သို့ဖြစ်၍ သားသမီး ဝတ္တရား ပျက်ကွက်သော သူများ ကို မိဘများက တရားစွဲဆိုပိုင်ခွင့်ရှိအောင် ဥပဒေပြဋ္ဌာန်းပေး ရန် စင်္ကာပူ လွှတ်တော် အမတ်တစ်ဦးက တောင်းဆိုကြောင်း သတင်းစာ၌ ဖတ်ရှုရ၏။

ဆင်းရဲမွဲတေသော အာရှနိုင်ငံများ၌ သက်ကြီးရွယ်အိုများကဲ့သို့ ကံမကောင်း အကြောင်းမလှသူများမှာ ကလေးသူငယ်များဖြစ်ကြ၏။ ကျေးလက်ဒေသများတွင် ကျောင်းနေသောအရွယ်၌ ပညာကောင်းစွာ မသင်ကြားရဘဲ အိမ်မှုကိစ္စများနှင့် ဝမ်းစာရှာဖွေရေး လုပ်ငန်းများတွင် မိဘများကို ကူညီလုပ်ကိုင်ပေးကြရ၏။ မြို့ကြီးများရှိ စက်ရုံအလုပ်ရုံများတွင် ဆင်းရဲပင်ပန်းခံ၍ နာရီပေါင်းများစွာ အလုပ်လုပ်ကြရ၏။

အထက်ပါတို့မှာ ကမ္ဘာ့လူသားတို့ ယနေ့ ကြုံတွေ့နေရသော အချို့ဆင်းရဲဒုက္ခများကို အမြွက်မျှ ဖော်ပြထားချက် ဖြစ်၏။ နိုင်ငံတိုင်းလိုလို၌ မူးယစ်ဆေးစွဲသူ ပေါများလာမှု၊ ကမ္ဘာ့လူဦးရေ အထိန်းအကွပ်မရှိ တိုးပွားလာမှု၊ ကမ္ဘာ့ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု စသည်များအကြောင်းကိုပါ စုံစုံစေ့စေ့ ရေးသားနေပါက များစွာရှည်လျား၍ ပြီးဆုံးတော့မည် မဟုတ်ချေ။ ယနေ့ကမ္ဘာ့ဓာတ်ခုံပေါ်မှ လူမှုပြဿနာအဖုံဖုံကို မြန်မာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများက မကြာခဏ ဖော်ပြကြ၍ စာဖတ်ပရိသတ်များ သိရှိနားလည်ပြီး ဖြစ်၏။ သို့ရာတွင် အစဉ်အလာအားဖြင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော လူတို့သည် ထိုအရေးကိစ္စများကို ဖြေရှင်းရန်မှာ ကုလသမဂ္ဂ၏ တာဝန်ဖြစ်သည်ဆို၍ လေးလေးနက်နက် ဆင်ခြင်သုံးသပ်လိုကြမည်မဟုတ်ချေ။ အမှန်ဆိုသော် ကုလသမဂ္ဂသည် ကမ္ဘာ့အရေးအခင်းများကို ဖြေရှင်းရာ၌ အဖွဲ့ဝင်နိုင်ငံများ တစ်စိတ်တစ်ဝမ်းတည်း စုပေါင်း ဆောင်ရွက်ပါမှ အောင်မြင်မှုရရှိမည့် အဖွဲ့ကြီးဖြစ်၏။ သို့ဖြစ်၍ အများအားဖြင့်

မိမိနိုင်ငံ အကျိုးစီးပွားကို ကြည့်၍ စည်းလုံးညီညွတ်မှုမရှိသော ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံကြီးများသည် အမြဲတစေ ကမ္ဘာ့ငြိမ်းချမ်းသာယာရေးကို ရှေးရှုဆောင်ရွက်ရန် မလွယ်ကူချေ။ ထို့အပြင် နိုင်ငံတကာရေးရာ ပြဿနာများနှင့် စပ်လျဉ်း၍ ကမ္ဘာ့လူသားတို့၏ အတွေးအမြင် မှန်ကန်ကြည်လင်ဖို့လည်း လိုပေသေး၏။ ဥပမာ– အချို့နိုင်ငံများ၌ မိန်းမများ ပဋိသန္ဓေ တားဆီးရေးကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်သော အုပ်စုများရှိနေသမျှ ကာလပတ်လုံး လူသားတို့အား အနာဂတ် ကြမ္မာဆိုးမှ ထိထိရောက်ရောက် ကာကွယ်မည့် ကမ္ဘာ့လူဦးရေ ပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂက ချမှတ်ရန် မဖြစ်နိုင်ချေ။

အချို့လူများကမူ ကမ္ဘာကြီးအား ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးအောင် ယခုခေတ် သိပ္ပံပညာက ကူညီဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြ၏။ သိပ္ပံပညာ၏ စွမ်းအင်ကြီးမားမှုကို ကျွန်ုပ်တို့သံသယရှိရန် မလိုသော်လည်း လောလောဆယ် လူတို့ ရင်ဆိုင်နေရသော အချို့ပြဿနာများ ဥပမာ–ကိုယ်ခံစွမ်းအားကျဆင်းမှုရောဂါကို ပျောက်ကင်းအောင် ကုသမှု၊ အကြီးအကျယ် ငလျင်လှုပ်မည့် အချိန်အခါကို ကြိုတင်သိရှိမှု စသည်တို့ကို သိပ္ပံဆရာတို့ ဖြေရှင်းနိုင်စွမ်း မရှိသေးချေ။ ထို့အပြင် သိပ္ပံပညာတိုးတက်မှု၏ အချို့သောရလဒ်များသည် အကောင်းအဆိုး ရောပြွမ်းနေတတ်၏။ သို့ဖြင့် ယခုခေတ် ဆေးသိပ္ပံပညာသည် နို့စို့ကလေး အသေအပျောက်နည်းပါးမှုနှင့် လူတို့အသက်ပိုရှည်လာမှုကို အကျိုးပြုသော်လည်း အခြားတစ်ဖက်၌

ကမ္ဘာ့လူဦးရေ စိုးရိမ်ထိတ်လန့်ဖွယ်ရာ တိုးပွားနေမှုအတွက် ၎င်းကို အချို့က အပြစ်တင် ဝေဖန်လိုကြ၏။ အချို့သော အင်အားကြီးနိုင်ငံ ခေါင်းဆောင်များမှာမူ သိပ္ပံနည်းပညာဖြင့် ဖန်တီးထားသော နျူကလီးယားလက်နက်များ အကြမ်းဖက်သမားများ လက်ထဲသို့ ရောက်ရှိမည့်အရေးကို မျှော်တွေးပူပန်၍ စိတ်ရတက်မအေး ဖြစ်နေကြ၏။

သိပ္ပံပညာနှင့်ကုလသမဂ္ဂသည် ကမ္ဘာ့လူသားတို့၏ ကြီးပွားတိုးတက်မှုကို များစွာ အထောက်အကူပြုခဲ့သည် မှန်သော်လည်း ထိုကူညီနိုင်မှုစွမ်းအား၏ အတိုင်းအတာ ကန့်သတ်ချက်ရှိခြင်းကို ကျွန်ုပ်တို့ သတိပြုရန် လိုအပ်၏။ ထိုသို့ သတိမပြုဘဲ ၎င်းတို့ကိုသာလျှင် လုံးလုံးလျားလျား ယုံကြည်အားကိုးနေပါက အခြားအရေးကြီးသော ဆိုင်ရာလုပ်ငန်းကိစ္စများကို မဆောင်ရွက်မိသဖြင့် မိမိအကျိုးစီးပွား ထိခိုက်ဆုတ်ယုတ်မည် အမှန်ဖြစ်၏။

တစ်နည်းဆိုသော် ဤကမ္ဘာပေါ်ရှိ ထိပ်တန်းသိပ္ပံပညာရှင်၊ အသိပညာရှင်အားလုံးနှင့် နိုင်ငံတကာခေါင်းဆောင်များ ပူးပေါင်း၍ အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြစေကာမူ ဤလူ့ဘုံသည် ဆင်းရဲဒုက္ခအဖုံဖုံမှ မုချ လွတ်မြောက်လိမ့်မည်ဟု မည်သူမျှ သေချာတပ်အပ် မဆိုနိုင်ချေ။ စင်စစ် ဒုက္ခသည် လူသတ္တဝါ ကျွတ်လွတ်ချိန်ကစ၍ နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာသော မွေးရာပါတရားဖြစ်ကြောင်း ကမ္ဘာ့သမိုင်း၌ ထင်ရှား၏။ သို့ဖြင့် ရှေးရာမ သမိုင်းကျမ်းကြီးကို ပြုစုရေးသားခဲ့သော

အင်္ဂလိပ်အသိပညာရှင် ဂစ်ဗွန်[၁]က "လူ့သမိုင်းမည်သည် လူသားတို့၏ ဒုစရိုက်မှု၊ ရက်စက်မှုနှင့် မိုက်မဲမှုများအကြောင်း မှတ်တမ်းမျှသာ ဖြစ်ချေသည်"ဟု ရေးသားခဲ့၏။ ရှေးဂရိသမိုင်းဆရာ ဟီရောဒိုတတ်[၂]၏ အဆိုအားဖြင့်မူ ဥရောပတောင်ပိုင်းမှ လူမျိုးစုတစ်စုသည် ကလေးတစ်ယောက် မွေးဖွားသောအခါ ဒုက္ခဘုံကြီးထဲသို့ ဝင်ရောက်လာခြင်း ဖြစ်သောကြောင့် ဝမ်းနည်းစကားပြောကြား၍ လူတစ်ဦး သေဆုံးသောအခါ ဝဋ်ဒုက္ခမှ ကျွတ်လွတ်ခြင်းဖြစ်၍ သူ့အတွက် ဝမ်းမြောက်ဝမ်းသာစကား ပြောကြသော ဓလေ့ထုံးစံရှိကြောင်း သိရ၏။

ထိုရှေးလူတို့၏ ထင်မြင်ချက်ကို ယခုခေတ် အချို့လူများက အဆိုးမြင်ဝါဒအဖြစ် သတ်မှတ်ကြပေလိမ့်မည်။ စင်စစ် ရှေးလူတို့၏ ဆင်းရဲဒုက္ခကြုံတွေ့ခံစားရမှုများမှာ ယနေ့လူတို့ ရင်ဆိုင်နေကြရသော ဘေးအန္တရာယ်များ ဥပမာ–လူမျိုးသန့်စင်ရေး တိုက်ပွဲ၊ ဝါဒစွဲသတ်ဖြတ်ပွဲ၊ နျူကလီးယားစစ်ပွဲ စသည်များလောက် မဆိုးရွားချေ။ ယခုခေတ်၌ ကြောက်မက်ဖွယ် အကောင်းဆုံး ဘေးအန္တရာယ်မှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်၏။ အကြမ်းဖက်သမားများသည် မိမိအသက်ကို စွန့်လွှတ်၍ ရန်သူကို ချေမှုန်းရန် သန္နိဋ္ဌာန် ချမှတ်ထားသူဖြစ်ရကား ပစ်မှတ်ဝန်းကျင်ရှိ အပြစ်ကင်းမဲ့သောသူများ ရာထောင်ချီ၍ သေကျေပျက်စီးမည့်အရေးကို လုံးဝ မစဉ်းစားချေ။ ထိုမျှ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက် တိုက်ခိုက်မှုများသည် ယခုအခါ ဂျပန်၊ အမေရိကန်

---

၁။ Gibbon    ၂။ Herodotas

စသော နိုင်ငံကြီးများသို့ပင် ပျံ့နှံ့လျက် ရှိပေပြီ။ အထူး စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာအချက်မှာ ထိုနိုင်ငံများရှိ အချို့အကြမ်းဖက်မှုများနှင့် ဘာသာရေးဂိုဏ်းအချို့ ဆက်နွယ်နေမှုဖြစ်၏။ ဂျပန်နိုင်ငံမှ အဆိပ်ဓာတ်ငွေ့သုံးသော အကြမ်းဖက်မှုတစ်ခုကို ဘာသာရေးအဖွဲ့တစ်ခုက ဦးဆောင်သည်ဆို၍ အမေရိကန်၌မူ မိမိတို့ ခေါင်းဆောင်၏ ညွှန်ကြားချက်အရ ဘာသာရေးအဖွဲ့ဝင်အားလုံး သတ်သေသော သာဓကများ ရှိ၏။

လူတို့သည် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် အားကိုးရာ ရှာကြစမြဲဖြစ်၏။ လူအမြောက်အမြား စိတ်ဓာတ်ဖောက်ပြန်ပျက်စီးမှု ပေါ်လွင်ထင်ရှားနေသော ယခုခေတ်၌ ထိုအားကိုးရာရှာကြံမှုကို ယထာဘူတကျကျ စေ့ငုသေချာစွာ ဆန်းစစ်လေ့လာရန် အချိန်တန်ပေပြီ။

❀

# ဗုဒ္ဓအမြင် လူသားစွမ်းအင်

## အားကိုးဖွယ်ရာ ဘယ်မှာရှာ

လူတို့သည် မိမိတို့၏ ကြီးပွားချမ်းသာမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် တန်ခိုးအာဏာရှိသော ပုဂ္ဂိုလ်များ၏ အကူအညီ ရရှိရန် ကြိုးစားအားထုတ်ကြစမြဲဖြစ်၏။ သို့ရာတွင် ထိုတန်ခိုးအာဏာရှင်တို့၏ ကူညီစောင်မမှုကို ရရှိရန်မှာ လူအများအဖို့ လွယ်ကူသောကိစ္စ မဟုတ်ချေ။ သို့ဖြစ်၍ များစွာသော လူတို့သည် တမလွန်လောကမှ ပုဂ္ဂိုလ်များကို ဘုန်းတန်ခိုးရှိသော ကယ်တင်ရှင်များအဖြစ် မှတ်ယူ၍ သူတို့၏ ကူညီစောင့်ရှောက်မှုကို မျှော်လင့်ကြ၏။ ဤယုံကြည်ကိုးစားမှုမှာ ဘာသာရေး ခံယူချက်ကို လိုက်၍ အပေါ်ယံ လက္ခဏာများ အနည်းငယ် ကွဲပြား ခြားနားနေသော်လည်း အခြေခံတူညီ၍ ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာ့လူသားတို့၏ အတွေးအခေါ် နယ်၌ အခိုင်အမာ စွဲမြဲနေသော ယုံကြည်ကိုးစားမှုဖြစ်၏။

ထိုသို့ ယုံကြည်သူများက မိမိတို့၏ ယုံကြည်မှုအတွက် ကမ္ဘာ့ဘာသာဝါဒကြီးများ၏ အဆိုအမိန့်များနှင့် ကျမ်းဂန်လာ သာဓကများကို အထောက်အထားများအဖြစ် ညွှန်ပြကြပေ လိမ့်မည်။ မည်သူမျှ မမြင်ဖူးသော တမလွန်ဘုံသားများကို အဘယ့်ကြောင့် ယုံကြည်ကိုးစားရပါသနည်းဟု စောဒနာပါက၊ လေ သို့မဟုတ် လျှပ်စစ်ဓာတ်ကို ပကတိ မျက်စိဖြင့် မမြင်နိုင် သော်လည်း ၎င်းတို့၏ စွမ်းအင်ကို လူတို့ လက်ခံ အသိအမှတ် ပြုထားကြသည်ပင် မဟုတ်ပါလောဟု ပြန်မေးကြပေလိမ့်မည်။ ဤအကြောင်းပြချက်မှာ ကျွန်ုပ်တို့ ပေါ့ပေါ့တန်တန် ပစ်ပယ်၍ မရအပ်ဘဲ လေးလေးနက်နက် စူးစမ်းလေ့လာသင့်သော အချက် ဖြစ်၏။ ထိုသို့လေ့လာရာ၌ တမလွန်ဘုံသားဆိုသော စကား၌ အကျုံးဝင်၍ ဆုံးဖြတ်ရန် လိုအပ်သော တမလွန်ဘဝ ရှိ-မရှိ ပြဿနာအကြောင်းကို ရှေးဦးစွာ အနည်းငယ် ဖော်ပြပါအံ့။

ဤတမလွန်ဘဝ ပြဿနာကို စာရေးသူ၏ "သေသည်၏ အခြားမဲ့၌" စာအုပ်၌ အကျယ်တဝင့် စုံစုံလင်လင် ဓမ္မဓိဋ္ဌာန် ကျကျ တင်ပြခဲ့ပြီး ဖြစ်၏။ အချုပ်အားဖြင့်ကား တမလွန်ဘဝကို မယုံကြည်သူတို့က မည်သို့ဆိုစေ ထိုပြဿနာကို နှစ်ပေါင်း များစွာ ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာခဲ့သော အနောက် နိုင်ငံ သုတေသီ အသိပညာရှင်တို့၏ တွေ့ရှိချက်များအရ လူ သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်မှုကို လက်ခံ ယုံကြည်ရန် ခိုင်မာသော အထောက်အထား တော်တော်များများ ရှိ၏။ သို့ဖြစ်၍ မူလပထမက မယုံကြည်သော အချို့ အသိပညာရှင်

များသည်ပင် စိတ်ဝိညာဉ် သုတေသီဆရာတို့၏ လေ့လာတွေ့ရှိချက်များကို ဆင်ခြင်သုံးသပ်ပြီးနောက် ဘဝအသစ် တစ်ဖန်ပြန်ဖြစ်ခြင်းကို လက်ခံယုံကြည်လာကြ၏။

တမလွန်ဘဝပြဿနာနှင့် စပ်လျဉ်း၍ စိတ်ဝိညာဉ်သုတေသီဆရာတို့ အထူးလေ့လာခဲ့သော သူများမှာ လူဝင်စားကလေးသူငယ်များနှင့် နတ်ဝင်များဖြစ်၏။ ဗြိတိသျှ စိတ်ဝိညာဉ်သုတေသနအသင်းမှ လေ့လာခဲ့သော အနောက်နိုင်ငံ နတ်ဝင်များမှာ အများအားဖြင့် မိန်းမများဖြစ်၍ မြန်မာ့နတ်ကတော်များနည်းတူ တမလွန်ဘုံသားများနှင့် ဆက်သွယ်နိုင်သည် ဆို၏။ လေ့လာသူတို့၏ အဆိုအားဖြင့် နတ်ဝင်သည် တမလွန်လောကမှ သေသူ့ဝိညာဉ် ဓာတ်စီးနေခိုက် ဟန်အမူအရာ စကားအသုံးအနှုန်းနှင့် အသံပါ ထူးဆန်းစွာ ပြောင်းလဲ၍ သေသူနှင့် တူလာ၏။ သေသူ အသက်ရှိစဉ်က အဖြစ်အပျက်များနှင့် အခြားမည်သူမျှမသိသော လျှို့ဝှက်ချက်များကို မှန်ကန်စွာ ပြောပြနိုင်၏။ ထိုသို့ အံ့ဩဖွယ်ရာ တိကျမှန်ကန်စွာ ပြောပြနိုင်ခြင်းသည် နတ်ဝင်ကကြိုတင်၍ သေသူ့အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းမှတ်သားထားခြင်းကြောင့် မဟုတ်ကြောင်း စူးစမ်းလေ့လာရာ၌ အထူးသတိဝီရိယရှိသော စိတ်ဝိညာဉ်ဆရာတို့က အခိုင်အမာ ပြောဆိုကြ၏။

ဤသို့ နတ်ဝင်က အံ့ဩဖွယ်ရာ စွမ်းဆောင်နိုင်ခြင်းသည် သူ့ကို ဝင်ပူးနေသော တမလွန်ဘုံသားတစ်ဦး၏ တန်ခိုးသတ္တိဖြစ်သည်ဟု လူအများ ယုံကြည်ကြသော်လည်း ထိုအယူကို ယနေ့

အချို့သော စိတ်ဝိညာဉ် သုတေသီပညာရှင်တို့က လက်မခံကြချေ။ သူတို့၏ အဆိုအားဖြင့် နတ်ဝင်၏ စွမ်းဆောင်နိုင်မှုမှာ တမလွန်ဘုံသားနှင့် မည်သို့မျှ မပတ်သက်ဘဲ သူ၏စိတ်တန်ခိုးသတ္တိကြောင့်ဖြစ်၍ ၎င်းကို နတ်ဝင်နှင့် နတ်မေးသူများက မိမိတို့၏ ရှိရင်းစွဲအယူနှင့် ရောထွေး၍ ထင်မှားနေကြခြင်းဖြစ်၏။ တယ်လီပသီ[၁] သို့မဟုတ် အီးအက်(စ်)ပီ[၂] ဟူသော ဝေါဟာရ နှစ်ခုဖြင့် စိတ်ဝိညာဉ်သုတေသနစာပေ၌ ထင်ရှားသော ထိုစိတ်တန်ခိုးသတ္တိအကြောင်းကို စာရေးသူ၏ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ" စာအုပ်၌ အတော်အတန် စုံလင်စွာ ဖော်ပြခဲ့ပြီး ဖြစ်၏။

တယ်လီပသီ စိတ်စွမ်းအင်မှာ လူအများ ထင်မြင်သည်ထက် ပိုမိုကျယ်ပြန့် နက်ရှိုင်း၏။ စိတ်ဝိညာဉ်ဆရာတို့ လေ့လာတွေ့ရှိခဲ့သော ၎င်း၏ အံ့ဖွယ်ရာများမှာ ယုံချင်ယုံ၊ မယုံချင်နေဒဏ္ဍာရီပုံပြင်လို ဖြစ်လျက်ရှိ၏။ အချို့ကို ဖော်ပြရမည်ဆိုသော် အချို့ပုဂ္ဂိုလ်များသည် ထိုစိတ်စွမ်းအင်ဖြင့် မိမိတို့ လုံးဝမသိသော လူစိမ်းသူစိမ်းတစ်ယောက်၏ ပစ္စည်းတစ်ခုခု (ဥပမာ–လက်ကိုင်ပဝါ) ကို ကိုင်လိုက်ကာမျှဖြင့် ထိုသူ၏ အကြောင်းကို မှန်မှန်ကန်ကန် စုံလင်စွာ ပြောပြနိုင်ကြ၏။ အချို့မှာ မိမိတို့၏ ကိုယ်ခန္ဓာကို လေထဲသို့ ပေအနည်းငယ် မြောက်တက်အောင် ပြုလုပ်နိုင်ကြ၏။ အချို့ကမူ ရပ်ဝေးရှိ လူများ မိမိကို မြင်အောင် ကိုယ်ထင်ပြနိုင်စွမ်းရှိ၍ အချို့မှာ လူမမာများကို ပြန်လည်ကျန်းမာလာအောင် စိတ်တန်ခိုးဖြင့် ကုသကြ၏။

---

၁။ telepathy　　၂။ E.S.P Extra sensory perception

သို့ရာတွင် တယ်လီပသီ၏ တန်ခိုးသတ္တိကို အလိုရှိသော သူတို့သည် ၎င်း၏ မရေရာ မသေချာမှုကို သတိမပြုမိကြချေ။ ၎င်းသည် အများအားဖြင့် ငြိမ်ဝပ်နေ၍ တစ်ခါတစ်ရံမှသာ မမျှော်လင့်ဘဲ ပေါ်လာတတ်၏။ သို့ဖြစ်၍ ၎င်း၏ စွမ်းအင်ဖြင့် လူတစ်ဦး၏ အနာဂတ်ကို သိမြင်မှု သာဓကများ ရှိသော်လည်း မကြာမီက ဂျပန်နိုင်ငံမှ ကိုဘီ ငလျင်လှုပ်မှုကဲ့သို့သော ဘေးအန္တရာယ်ဆိုးကြီးမျိုး၊ အမေရိကန်နိုင်ငံမှ အကြမ်းဖက်တိုက်ခိုက်မှုဆိုးကြီးတို့ကို အချိန်မီ ကြိုတင်သိမြင်မှု သာဓကများမှာ လုံးဝမရှိသလောက်ဖြစ်၏။ တယ်လီပသီ တန်ခိုးသတ္တိသည် ကြာရှည်တည်မြဲခြင်းလည်း မရှိချေ။ အမေရိကန် သမ္မတ ကနေဒီ အသတ်ခံရမည်ကို ကြိုတင် သိမြင်၍ နာမည် ကျော်ကြားခဲ့သော ဂျင်းဒစ်ကဆင်[၁]မှာ ယခုအခါ မှေးမှိန် ပျောက်ကွယ်သွားပြီ။

စိတ်ဝိညာဉ် သုတေသီပညာရှင်တို့က အသိအမှတ်ပြု၍ လူအများ နှစ်သက်လိုလားသော စိတ်တန်ခိုးသတ္တိသည် အသိဉာဏ်ထက်မြက်ဖွံ့ဖြိုးမှုကို ကူညီပံ့ပိုးဟန် လက္ခဏာ မရှိချေ။ ကိန်းရှည်များပါသော အမြှောက်အစား ဂဏန်းပုစ္ဆာများကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဖြေမှန် ပြောပြနိုင်သော ကလေးသူငယ်များအကြောင်း ရှေးအခါက ကြားရဖူး၏။ သို့ရာတွင် ထိုဂဏန်းဝိဇ္ဇာများသည် နောက်ကာလ၌ တက္ကသိုလ် သင်္ချာဆရာများ ဖြစ်မလာကြချေ။ ကျွန်ုပ်တို့ ငယ်စဉ်က မန္တလေးမြို့တွင် တရားဟောကောင်းသဖြင့် ဟိုးလေးတကျော်

၁။ Jean Dickson

ဖြစ်ခဲ့သော ကလေးသူငယ် "အဘိဓမ္မာ မောင်ထွန်းကြိုင်"သည် လည်း နောက်ကာလ၌ ဓမ္မာစရိယ ဖြစ်မလာဘဲ တိမ်မြုပ်သွား၏။ လောကီအဘိညာဉ်သည်လည်း ကျင့်ကြံအားထုတ်မှုဖြင့် ရရှိအပ် သော တန်ခိုးသတ္တိမဟုတ်ချေ။ စိတ်ပညာဆရာတို့ လေ့လာခဲ့ သော ထိုတန်ခိုးသတ္တိရှိသူများတွင် အကျင့်သီလထူးချွန်သူများကို မတွေ့ရချေ။ ဗုဒ္ဓစာပေ၌ ဘုရားရှင်အား မကောင်း ကြံစည်သော ဒေဝဒတ်မှာ လောကီတန်ခိုး အဘိညာဉ် ရရှိသူဖြစ်ကြောင်း ပြဆိုထား၏။

ဤသို့ အပြစ်အနာမကင်းသော တန်ခိုးဣဒ္ဓိသည် ဗုဒ္ဓ၏ အရိယာလမ်းစဉ်နှင့် မကိုက်ညီချေ။ သို့ဖြစ်၍ ကေဝဋ္ဋသူကြွယ် သားက မိမိနေသောမြို့၌ တန်ခိုးပြဋ္ဌိဟာ ပြမည့် ရဟန်းတစ်ပါး ခန့်ထားရန် လျှောက်ထားသောအခါ ဗုဒ္ဓက ငါသည် တန်ခိုး ပြဋ္ဌိဟာပြမှုကို "ရှက်သည်၊ စက်ဆုပ်သည်" ဟု မိန့်ကြား၏။ (ကေဝဋ္ဋသုတ်၊ ဒီဃနိကာယ်)။ ဤနေရာ အခြားသတိပြုသင့်သော အချက်မှာ ဘုရားရှင်၏ အဂ္ဂသာဝကကြီးနှစ်ပါးအနက် အရှင် သာရိပုတ္တရာသည် တန်ခိုးပြာဋိဟာ ပြလေ့မရှိသော်လည်း ပညာ ဉာဏ်ထူးချွန်၍ မိမိကိုယ်နှိမ့်ချမှု၊ သူတစ်ပါးကျေးဇူး သိတတ်မှု စသော ဂုဏ်များဖြင့် ပိဋကတ်စာပေ၌ ထင်ရှား၏။ အရှင် မောဂ္ဂလာန်မှာမူ တန်ခိုးပြာဋိဟာပြမှုများဖြင့် ကျော်ကြားသော် လည်း သီလသမာဓိနှင့် ပညာအရာ၌ အရှင်သာရိပုတ္တရာလောက် မထင်ရှားချေ။ သုတ္တန်ဒေသနာ တစ်ခု၌မူ (မိဒ္ဓ) ငိုက်မျဉ်းမှုကို မည်သို့ရှောင်ကြဉ်ရန်နှင့် ဒါယကာ၏အိမ်သို့ ချဉ်းကပ်သောအခါ

မာန်မာနမထားရန် ဘုရားရှင်က အရှင်မောဂ္ဂလန်အား ဟောကြားခြင်းကို ဖော်ပြထား၏။ (အင်္ဂုတ္တရနိကာယ် ပစလာယမာနသုတ်)

ရဟန္တာပုဂ္ဂိုလ်အစစ် ဟုတ်, မဟုတ် ခွဲခြားဆုံးဖြတ်ရန်အတွက် အလွန်မှတ်သားဖွယ်ကောင်းသော ဗုဒ္ဓဒေသနာ၌ တန်ခိုးအဘိညာဉ်ဆိုင်ရာ ရည်ညွှန်းချက် လုံး၀ မပါရှိချေ။ (ဥဒါန။ သတ္တဇဋိလသုတ်)။ သို့ရာတွင် ယခုခေတ်၌ အချို့သော ရဟန်းဘုန်းကြီးများသည် မည်သို့သော အံ့ဖွယ်သူရဲအမှုများကို ပြုနိုင်စွမ်း (ဝါ) တန်ခိုးအဘိညာဉ် ရှိသည်ဆို၍ ရဟန္တာအဖြစ် လူအများ ယုံကြည်ကြ၏။ အံ့ဖွယ်သူရဲအမှုများဆိုသည်မှာ အများအားဖြင့် ဆိုင်ရာပုဂ္ဂိုလ်က ဘာမျှမသိရဘဲ ကြည်ညိုမှု လွန်ကဲသော တပည့်များ၏ စိတ်ကူးဖန်တီးမှုများ ဖြစ်ဟန်ရှိ၍ သပြေကန် ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့ဖြင့် ထင်ရှား၏။ တစ်ခါက ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ၌ ရွတ်ဖတ်မည့် စာတမ်းတစ်စောင်တွင် ဆရာတော်လောင်းလျာ ဖွားမြင်စဉ်က ကောင်းကင်မှ ကြေးစည်သံနှင့် အခြားတူရိယာသံများ ကြားရကြောင်း ရေးသားထားရာ ထိုစကားရပ်ကို ဆရာတော်ကြီးက လက်မခံဘဲ ငြင်းပယ်၏။ ထူးခြားသည့်ပုဂ္ဂိုလ်များတွင် ထိုသို့ ထူးထူးခြားခြား ဖြစ်နိုင်ကြောင်း လျှောက်ထားသော်လည်း ဆရာတော်ကြီးက "ဟုတ်ကို မဟုတ်ဘူး"ဟု ပြတ်သားစွာ ငြင်းဆို၍ နောက်ဆုံး၌ ထိုရေးသားချက်ကို ပယ်ဖျက်လိုက်ရကြောင်း သိရ၏။

မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရသည် ရဟန္တာ ဖြစ်ကြောင်း မိမိအိပ်မက်,မက်၍ သိရှိရပါသည်ဟု ဒါယကာ

တစ်ဦးက လျှောက်ထားရာ မဟုတ်ပါဘူး ဆရာတော်က ငြင်းဆိုသော်လည်း ရဟန္တာဖြစ်နေပါပြီဟု ဒါယကာက ဇွတ်ပြော၏။ ထိုအခါ ဆရာတော်သည် ဆေးပေါ့လိပ် မီးညှိသောက်ပြီး "ဒကာကြီး၊ ရဟန္တာဆိုတာ ဒီလို ပလိဗောဓတွေ မရှိတော့ပါဘူး" ဟု မိန့်ကြားမှ ပြဿနာရှင်းသွား၏။ (ဓမ္မရံသီ၊ ၁၉၉၄ ဇူလိုင်)

အိန္ဒိယပြည်၌ ဗုဒ္ဓမပေါ်မီက ဗြဟ္မဏဝါဒရှိနှင့်ပြီးဖြစ်၍ လူတို့သည် မဟာဗြဟ္မာကို ကိုးကွယ်ကြ၏။ မဟာဗြဟ္မာသည် လောကကို ဖန်ဆင်းသော အနန္တတန်ခိုးရှင်ဖြစ်၍ သတ္တဝါအားလုံး၏ ကံကြမ္မာကို ပြုပြင်စီရင်သည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓသည် မိမိ၏ တရားနှင့် ဆန့်ကျင်ဘက် အယူဝါဒများကို ပြင်းပြင်းထန်ထန် နှိပ်နှယ်ချေပလိုသောဆန္ဒ ရှိတော်မမူချေ။ သို့ဖြစ်၍ ဝါသေဋ္ဌလုလင်က ဗြဟ္မာဘုံသို့ သွားရာ လမ်းအကြောင်းကို ဗုဒ္ဓအား မေးလျှောက်သောအခါ ဘုရားရှင်က မဟာဗြဟ္မာရှိ, မရှိ ပြဿနာနှင့် စပ်လျဉ်း၍ မည်သို့မျှ မပြောချေ။ ထိုသို့မပြောဘဲ လုလင်အား မေးမြန်းစိစစ်ပြီးနောက် မျက်မှောက်ကာလ အတိတ်ကာလက မည်သူမျှမမြင်ဖူးသော မဟာဗြဟ္မာကြီးအား လူတို့ မျှော်မှန်းနေကြခြင်းမှာ နိုင်ငံ၌ အလှပဆုံး မိန်းမပျို၏ အမည် အမျိုးအနွယ်၊ အသားအရောင်နှင့် နေထိုင်ရာ အရပ်ဒေသစသည်တို့ကို ဘာမျှမသိဘဲ ထိုမိန်းမကို ချစ်ကြိုက်ပါသည်ဆိုသော ယောက်ျားနှင့်တူလှချေသည်ဟု မိန့်ကြား၏။ (ဒီဃနိကာယ်၊ တေဝိဇ္ဇသုတ်)

ပိဋကတ် တစ်နေရာ၌မူ ရှေးအိန္ဒိယလူမျိုးတို့၏ ဖန်ဆင်းရှင်ဝါဒကို ဤသို့ ပြက်ရယ်ပြုထား၏။ ဗြဟ္မာဘုံ၌ ရှေးဦးစွာ ပေါ်လာသော သတ္တဝါသည် ကာလရှည်ကြာစွာ ထီးတည်းနေသောကြောင့် ပျင်းရိငြီးငွေ့လာ၍ အခြားသတ္တဝါတို့ ရောက်ရှိလာမှုကို တောင့်တ၏။ သို့ဖြင့် အခြားသတ္တဝါများ ဗြဟ္မာ့ဘုံသို့ ရောက်ရှိလာသောအခါ မိမိ၏ဘုန်းတန်ခိုးတော်ကြောင့် သူတို့ ရောက်ရှိလာသည်ဟု ထင်မှတ်၍ မိမိကိုယ်ကို ဖန်ဆင်းရှင် မဟာဗြဟ္မာကြီးအဖြစ် ယုံကြည်၏။ အခြားသတ္တဝါတို့ကလည်း ထိုဗြဟ္မာသည် မိမိတို့ကို အစိုးရသော ဖန်ဆင်းရှင် ဖြစ်သည်ဟု ယုံကြည်ကြ၏။ (ဒီဃနိကာယ် ဗြဟ္မဇာလသုတ်)။ ကေဝဋ္ဋသုတ်၌မူ မဟာဗြဟ္မာကြီးသည် မိမိအား ပြဿနာတစ်ခု မေးရန် ရောက်လာသော ရဟန်းတစ်ပါးအား အခြားဗြဟ္မာတို့၏ ကွယ်ရာသို့ ခေါ်ဆောင်၍ မိမိသည် ဘာမျှ မသိကြောင်း ဝန်ခံပြီး ဗုဒ္ဓထံ သွားရောက်မေးမြန်းရန် ညွှန်ကြားလိုက်ကြောင်း ဖော်ပြထား၏။

စင်စစ် နတ်, ဗြဟ္မာများသည် ဗုဒ္ဓဝါဒရားတော်ကို နံ့နံ့စပ်စပ် ဆင်ခြင်သုံးသပ်သော ဗုဒ္ဓဝါဒီအဖို့ ဘာမျှ အထင်ကြီးဖွယ်ရာ မရှိချေ။ ၎င်းတို့ကို ဗုဒ္ဓဝါဒက လူတို့အောက် နိမ့်ကျသော အဆင့်အတန်း၌ ထားခြင်းသည် ပိဋကတ်စာပေ၌ ထင်ရှား၏။ နတ်တို့ကို အစိုးရသော သိကြားမင်းသည်ပင် ကောင်းမှုပြု၍ သားမယားတို့အား တရားနှင့်အညီ လုပ်ကျွေးသော လူတို့ကို ရှိခိုး၏။(သံယုတ္တနိကာယ် သက္ကနပဿနသုတ်)။ နတ်တို့သည်

လူတို့ကဲ့သို့ ကုသိုလ်ကောင်းမှု ပြုခွင့် မရရှိကြချေ။ လူသည် သာလျှင် ရဟန်းပြုနိုင်၍ နတ်ဗြဟ္မာတို့သည် ရဟန်းအဖြစ်ကို မရရှိအပ်။ သို့ဖြစ်၍ သိမ်ဝင်သော ရဟန်းလောင်းအား ဥပဇ္ဈာယ် ဆရာတို့က "သင်သည် လူစင်စစ်ဖြစ်သလော"ဟု မေးကြ၏။ နတ်သားတစ်ဦး စုတေခါနီးသောအခါ သူ့အား အခြားနတ်တို့က "သင်သည် ကောင်းမြတ်သော လူ့ဘုံသို့ စုတေလေလော"ဟု နှစ်သိမ့်အားပေးကြ၏။ (ဣတိဝုတ္တက၊ ပဉ္စပုဗ္ဗနိမိတ္တသုတ်)

ဤသို့ဖြင့် လူတို့က တမလွန်ဘုံသားများထက် သာလွန်မြင့်မြတ်ကြောင်း ဗုဒ္ဓစာပေ၌ အထင်အရှား ပြဆိုထားသော်လည်း ဘုရားရှင်လက်ထက်က သီဟာစစ်သူကြီး ပသေနဒီကောသလမင်းကဲ့သို့သော အထင်ကရ ဗုဒ္ဓတပည့်များသည်ပင် သေလျှင် နတ်ပြည် ရောက်လိုသော မျှော်လင့်ချက်ဖြင့် ကုသိုလ်ကောင်းမှု ပြုကြ၏။ စင်စစ် ရှေးအခါမှစ၍ ယနေ့အထိ ကမ္ဘာ့လူသားများသည် တမလွန်လောက၌ စိတ်ဝင်စား၍ အနောက်နိုင်ငံများ၌ပင် ထိုစွဲလမ်းမှုသည် ရှင်သန်ကြီးထွားဆဲ ဖြစ်ကြောင်း ကြားသိရ၏။

အမေရိကန် တိုင်းမဂ္ဂဇင်း (၁၀-၄-၉၅)၏ အဆိုအားဖြင့် သူတို့ဘာသာရေးသမားများသည် သူတို့ဘဝသက်တာ၌ တစ်ခါတစ်ရံ ထူးဆန်းအံ့သြဖွယ်ရာများကို ကြုံတွေ့ကြရသောကြောင့် ထာဝရ ဘုရားသခင်၏ တန်ခိုးတော်ကို ပိုမို ယုံကြည်လာကြ၏။ အချို့သော နာတာရှည် လူနာများသည် မိသားစုနှင့် အသိ

မိတ်ဆွေများ စုပေါင်း၍ နေ့စဉ်ဆုတောင်းကြသောကြောင့်ပေလော မသိ။ ပြန်လည် ကျန်းမာလာကြသည်ဆို၏။ သို့ရာတွင် လူများစု၏ ယုံကြည်ချက်ကို စောကြော ဝေဖန်သူများလည်း ရှိ၏။

ကမ္ဘာပေါ်၌ သိပ္ပံပညာ ဆေးပညာနှင့် စိတ်ပညာ တိုးတက်လာသည်နှင့်အမျှ အံ့ဩဖွယ်ရာများ နည်းပါးလာသော်လည်း မြန်မာနိုင်ငံ၌မူ တမလွန်ဘုံသားများနှင့် ရဟန္တာများ၏ တန်ခိုးဣဒ္ဓိကို ယုံကြည်မှုမှာ ယုတ်လျော့သွားခြင်းမရှိချေ။ ဤနေရာ၌ ဗုဒ္ဓ၏ မိန့်ကြားချက်များမှာ ပွင့်လင်းပြတ်သား၏။ ဘုရားရှင်၏ အလိုတော်အားဖြင့် ရှေးအခါမှစ၍ ယနေ့အထိ မည်သူမှ မမြင်ဖူးဘူးသော တမလွန်ဘုံသားများကို ယုံကြည်ကိုးစားမှုသည် အချည်းနှီးဖြစ်၏။ ကောသလမင်းအား ဟောကြားသော ရဟန္တာစစ်တမ်းဒေသနာ၌မူ တန်ခိုးအဘိညာဉ်ကို ရည်ညွှန်းချက်လုံးဝမပါဘဲ ရဟန္တာဖြစ်သည်ဆိုသူနှင့် ကြာရှည် အတူနေထိုင်ပေါင်းသင်း၍ သူ၏ သီလ သမာဓိ ပညာကို စုံစမ်းလေ့လာပြီး ရဟန္တာအစစ် ဟုတ်, မဟုတ်ကို ပညာရှိပုဂ္ဂိုလ်သည်သာလျှင် မှန်ကန်စွာ ဆုံးဖြတ်နိုင်မည် ဖြစ်ကြောင်း ဟောကြားထား၏။ အထူး မှတ်သားဖွယ်ကောင်း၍ ပိဋကတ် သုတ္တန်သုံးခု၌ ဖော်ပြထားသော ဤဗုဒ္ဓဒေသနာကို သိရှိသူ ဗုဒ္ဓဘာသာဝင် အလွန်နည်းပါးခြင်းမှာ များစွာ အံ့ဩဖွယ်ဖြစ်၏။

ဘုရားရှင် ရှိစဉ်ကပင် ရှုးသွပ်မှု၊ အသိပညာ ညံ့ဖျင်းမှုစသည်တို့ကြောင့် မိမိတို့ကိုယ်ကို ရဟန္တာ ထင်မှတ်နေသော

အချို့ရဟန်းများရှိကြောင်း ဗုဒ္ဓ၏ မိန့်ကြားချက်အရ ထင်ရှား၏။ (အင်္ဂုတ္တရနိကာယ် ဗျာကရဏသုတ်)။ ရဟန္တာအတု၏ အံ့ဖွယ်သူရဲ သတင်း (ဝါ) ကောတုဟာလမင်္ဂလာကို ယုံကြည်ပြီး အယူလွဲမှားနေသောသူကို ဒွန်းစဏ္ဍား ဥပါသကာဟု ခေါ်ဆိုထား၏။ ကောတုဟာလကို မြန်မာပါဠိဆရာတို့က "အုတ်အုတ်ကျက်ကျက်" ဟု ပြန်ဆိုကြ၏။ ဤသို့ ရဟန္တာအတု သို့မဟုတ် မည်သူမျှ မမြင်ဖူးဘူးသော တမလွန်ဘုံသားများကို ယုံကြည် ကိုးကွယ်မှုသည် ရှေးပဝေသဏီမှစ၍ ကမ္ဘာအရပ်ရပ်၌ ပေါ်ထွန်းခဲ့၏။ ရှေးမြန်မာ တို့၏ ဘာသာရေး ဓလေ့ထုံးစံများကို လေ့လာခဲ့သော အချို့နိုင်ငံခြားသားတို့က ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၌ နတ်ကိုးကွယ်မှု၏ အပေါ်ယံ အလွှာမျှသာ ဖြစ်သည်ဟု ရေးသားခဲ့ကြ၏။ ဆော်ကာကက်ကိုင်ဟု ခေါ်သော ဂျပန်ဗုဒ္ဓဘာသာဂိုဏ်း တစ်ခုမှာ ဆုတောင်းပြည့်သည်ဟု နာမည်ကြီး၍ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား ပြည်နယ်သို့ ပြန့်ပွားခဲ့ကြောင်း သိရှိရ၏။

မည်သို့ပင်ဖြစ်စေ ဒုက္ခပင်လယ်ဝေနေသော လူတို့ကမ္ဘာမြေ၌ ဆင်းရဲဒုက္ခ ကင်းဝေးစေရန် အားကိုးရာ ရှာမှုနှင့် ပတ်သက်၍ ထေရဝါဒ ဗုဒ္ဓဘာသာ၏ ရပ်တည်ချက်မှာ ရှင်းလင်းပြတ်သား၏။ ဒုက္ခ၏ဖြစ်ခြင်း၊ ဒုက္ခ၏ မူလအစ၊ ဒုက္ခ၏အဆုံးနှင့် ထိုသို့ အဆုံးသတ်အောင်ကျင့်ကြံမှုသည် လူတို့ခန္ဓာကိုယ်၌သာ ရှိကြောင်း ဗုဒ္ဓဘုရားရှင်က ဟောကြားခဲ့၏။ (သံယုတ္တနိကာယ် ရောဟိတဿ သုတ်)။ ဤသို့ မိမိကိုယ်ကို အားကိုးရန် အလေးအနက်

ဟောကြားခဲ့သော ဗုဒ္ဓဒေသနာများ၌ "မိမိကိုယ်"နှင့်"အားကိုးမှု" ဆိုသော စကားများ၏ အနက်အဓိပ္ပာယ်ကို မှန်ကန်စွာ နားလည်ရပေလိမ့်မည်။ ထိုသို့နားလည်ရန် ကြိုးစားရာ၌ ပိဋကတ်လာ ဗုဒ္ဓတရားတော်အားလုံးကို ကျေညက်နေဖို့ မလိုသော်လည်း ၎င်းတို့၏ အနှစ်သာရ အကျဉ်းချုပ်ကို နောက်ခံထား၍ အထူးအရေးကြီးသော ဗုဒ္ဓ၏ မိန့်ကြားချက်များကို ဆင်ခြင်သုံးသပ်ရန် လိုအပ်ပေသည်။

❁

# ထေရဝါဒဗုဒ္ဓဝါဒနှင့် အခြားဝါဒများ

ထေရဝါဒ ဗုဒ္ဓဘာသာသည် အခြားကမ္ဘာဘာသာကြီးများနှင့် မတူဘဲ တစ်မူထူးခြားသော ဘာသာဝါဒဖြစ်၏။ ထိုထူးခြားချက် အတော်များများရှိသည့်အနက် ပေါ်လွင် ထင်ရှားသော အချက်မှာ ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုအတွက် ကမ္ဘာ့လူသားအများစု ယုံကြည်ကိုးကွယ်သော ဖန်ဆင်းရှင်(ဝါ) ကယ်တင်ရှင်ကို ထေရဝါဒက အသိအမှတ်မပြုချေ။ တစ်နည်းဆိုသော် လူတို့အား လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် မိမိတို့ ကိုယ်ကို အားကိုးကြရန် မြတ်ဗုဒ္ဓက အလေးအနက် ထပ်တလဲလဲ မိန့်ကြားတော်မူခဲ့၏။

ဤမိန့်ကြားချက်သည် လူသတ္တဝါတစ်ဦး ကြီးပွားချမ်းသာရန် သူတစ်ပါး၏ အကူအညီ လိုအပ်မှုကို ငြင်းဆိုခြင်းမဟုတ်ချေ။ စင်စစ် လူတို့သည် သဘာဝအားဖြင့် အုပ်စုဖွဲ့၍ တစ်ဦးပေါ် တစ်ဦး အမှီသဟဲပြုပြီး နေထိုင်ကြ၏။ သို့ဖြစ်၍ မိဘများအား ပြုစုစောင့်ရှောက်မှု၊ သူတစ်ပါး၏ကျေးဇူးကို သိတတ်မှု၊ မိတ်ဆွေကောင်း ရှိမှု စသည်တို့ကို ဗုဒ္ဓဒေသနာများ၌ များစွာ ချီးမွမ်း

ထား၏။ လူသတ္တဝါသည် ဘယ်အခါမျှ အမှီမကင်းနိုင်ချေ။ ရသမျှနှင့် တင်းတိမ်ရောင့်ရဲသော ရဟန်းတို့သည်ပင် ပစ္စည်းလေးပါးအတွက် လူတို့ကို မှီခိုကြရ၏။ သို့ရာတွင် ကြီးပွားတိုးတက်လိုသော ပုဂ္ဂိုလ်သည် တတ်နိုင်သမျှ အမှီကင်းအောင်ကြိုးစား၍ မိမိကိုယ်မိမိ အများဆုံး အားကိုးရပေမည်။ အကြမ်းဖျင်းအားဖြင့် လူသတ္တဝါတစ်ဦး၏ ကြီးပွားအောင်မြင်မှုသည် မိမိ၏ ကာယ ဉာဏစွမ်းအားပေါ်၌ လေးပုံ သုံးပုံတည်၍ ကျန်လေးပုံ တစ်ပုံမှာ သူတစ်ပါး၏ကူညီပံ့ပိုးမှု ဖြစ်သည်ဆိုက မှားမည် မဟုတ်ချေ။ ဤသို့ သတ္တဝါတို့သည် မိမိတို့ဘဝအောင်မြင်ရေးအတွက် ပတ်ဝန်းကျင်လူများအပေါ် အမှီမကင်းနိုင်သော်လည်း ပဓာန လိုအပ်ချက်မှာ မိမိကိုယ်မိမိ အားကိုးမှုဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓ ဒေသနာများ၌ ဝီရိယကို ကြီးပွားတိုးတက်မှု၏ အခြေခံတရား၌ ရှေ့တန်းတင်၍ ဟောကြားထားခြင်း ဖြစ်၏။

ထေရဝါဒအလိုအားဖြင့် လူသည် အုပ်စုဖွဲ့၍ နေထိုင်သောသတ္တဝါဖြစ်သော်လည်း သူတစ်ပါး အကျိုးစီးပွားနှင့် မဆန့်ကျင်သော အားထုတ်မှု(သမ္မာဝါယမ)ဖြင့် မိမိ၏ ကြီးပွားတိုးတက်ရေးကို ဦးစားပေး၍ လုပ်ကိုင်ရန် လိုအပ်၏။ စင်စစ် ကြီးပွားအောင်မြင်နေသောသူများသည်သာလျှင် အများအားဖြင့် သူတစ်ပါးအား ထိထိရောက်ရောက် ကူညီစောင်မနိုင်ကြမည် မဟုတ်ပါလော။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦး ကောင်းစားရေးအတွက် သူနှင့် နီးစပ်သော အခြားလူများ မလွဲမရှောင်သာ အနစ်နာခံ

ကြရခြင်းကိုလည်း သတိပြုသင့်၏။ လင်ယောကျ်ားဖြစ်သူက ဘုရားတရားအလုပ်ဖြင့်သာ အချိန်ကုန်ပြီး စီးပွားရေးလစ်ဟင်းသဖြင့် သားမယားများ လူနေမှု အဆင့်အတန်း နိမ့်ကျနေခြင်း၊ စစ်မြေပြင်၌ ရန်သူကို တိုက်ခိုက်နေသော မျိုးချစ်စစ်သားများက မိမိတို့နိုင်ငံအတွက် မိမိတို့အသက်ကို ပေးလှူကြခြင်း စသည်တို့မှာ ထင်ရှားသော သာဓကများဖြစ်၏။ အမှန်မှာ သူတစ်ပါးအကျိုးစီးပွားနှင့် ဝိရောဓိ ဖြစ်နေသော်လည်း မိမိအကျိုးစီးပွားကို ပထမ ကြည့်ရမည်ဆိုသော စကားမှာ ယေဘုယျ မှတ်သားထားရမည့်စကားဖြစ်၍ ပုံသေစွဲမှတ်ထားရန် မလိုချေ။ ဥပမာ-မြတ်ဗုဒ္ဓလက်ထက်က ရဟန်းတစ်ပါးသည် တရားအားထုတ်နေစဉ် ဇနီးဟောင်းသည် သူ၏ကလေးနှင့်အတူ ရောက်လာပြီး ခိုကိုးရာမဲ့ ဖြစ်နေသော မိမိတို့သားအမိအား ကြည့်ရှုစောင့်ရှောက်ရန် အသနားခံ တောင်းပန်၏။ သို့ရာတွင် ရဟန်းသည် လုံးဝ မတုန်လှုပ်ဘဲ တရားအားထုတ်မြဲ အားထုတ်နေရာ ဘုရားရှင်က ထိုရဟန်းကို ချီးမွမ်းတော်မူ၏။ (ဥဒါန-သင်္ဂါပဇိသုတ်)။ သို့ရာတွင် ရဟန်းတစ်ပါးသည် ဆင်းရဲဒုက္ခရောက် စားရာမဲ့ သောက်ရာမဲ့ ဖြစ်နေသော မိဘနှစ်ပါးအား မိမိ နေ့စဉ် ဆွမ်းခံရရှိသော စားဖွယ်သောက်ဖွယ်များဖြင့် လုပ်ကျွေး ပြုစုနေခြင်းကို အခြားရဟန်းများက ကဲ့ရဲ့ပြစ်တင်ကြသော်လည်း ဘုရားရှင်က ထိုရဟန်းကို ချီးမွမ်း၍ မိမိသည်လည်း အတိတ်ဘဝက မိအိုဖအိုများအား လုပ်ကျွေးခဲ့ကြောင်း သုဝဏ္ဏသာမဇာတ်ကို ဟောတော်မူ၏။

မိမိအကျိုးနှင့် သူတစ်ပါးအကျိုး ဆန့်ကျင်နေမှုကဲ့သို့သော ပြဿနာများကို ဖြေရှင်းရာ၌ ကာလဒေသစသော အခြေအနေ အရပ်ရပ်ကို ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ခြင်းသည် ထေရဝါဒ၏ ထူးခြားသော ဂုဏ်လက္ခဏာဖြစ်၏။ ဤနေရာ၌ "ငါဘုရားကို မြင်သောသူသည် ငါ၏တရားကိုလည်း မြင်သည်"ဆိုသော မြတ်ဗုဒ္ဓ၏ အထပ်ထပ် မိန့်ကြားချက်နှင့်အညီ ဗုဒ္ဓဝင်မှ ဘုရား ရှင်၏ ဘဝဖြစ်စဉ်များကို နှံ့နှံ့စပ်စပ် သိရှိထားရန် အရေးကြီး၏။ ဥပမာအားဖြင့် မြတ်ဗုဒ္ဓသည် ဘုရားဖြစ်ပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ကြွရောက်တော်မူစဉ် ဆွေတော် မျိုးတော်များက လာ၍ ဖူးမြော်ကြသော်လည်း ယသော်ဓရာ မိဖုရားကမူ မိမိအဆောင်ထဲမှ ထွက်မလာချေ။ ထိုအခါ မြတ်ဗုဒ္ဓ သည် အဂ္ဂသာဝက နှစ်ပါးနှင့်အတူ အဆောင်ထဲသို့ ကြွသွား၍ ယသော်ဓရာဒေဝီအား သူအလိုရှိသလောက် မိမိကို ဖူးမြော်ရန် ခွင့်ပြုတော်မူ၏။ သို့ရာတွင် ပရိနိဗ္ဗာန်ပြုခါနီး၌ ဗုဒ္ဓသည် အရှင်အာနန္ဒာအား မိန်းမများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန် မလွှဲမရှောင်သာ၍ တွေ့ရလျှင်လည်း စကားမပြောဘဲ နေရန် သတိပေးတော်မူခဲ့၏။ ဤနေရာ၌ မိန်းမများကို သနားကြင်နာ တတ်သော အရှင်အာနန္ဒာအား သူတို့နှင့် ဆက်ဆံရာ၌ အထူး သတိရှိရန် မှာကြားခြင်းနှင့် ယသော်ဓရာ၏ ရှေးက ကျေးဇူးအား အသိအမှတ်ပြုမှုကို ခွဲခြားနားလည်ရန် လိုအပ်၏။

"ရဟန်းတို့– ဤအယူသည်သာ မှန်သည်၊ ဤအယူမှ တစ်ပါး အခြားအယူများသည် အချည်းနှီးသာတည်းဟု သင်တို့

စွဲမှတ်မထားသင့်"ဟူသော ဗုဒ္ဓမိန့်ကြားချက်သည် ပိဋကတ်စာပေ နေရာအတော်များများ၌ တွေ့ရသော ဆုံးမသြဝါဒဖြစ်၏။ ဗုဒ္ဓစာပေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖူးသောသူသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော အချို့ ဗုဒ္ဓဒေသနာများကို မှတ်မိကြပေလိမ့်မည်။ ဥပမာ– နတ်ပြည်ရောက်ကြောင်းတရားများနှင့် နတ်တို့ကို လူသတ္တဝါတို့အောက် နိမ့်ကျသော အဆင့်အတန်း၌ ထားသော တရားများ၊ ဤသို့ ဆန့်ကျင်သောတရားဒေသနာများ ပိဋကတ်၌ ပါရှိနေခြင်းသည် ဗုဒ္ဓက သတ္တဝါတို့၏ ဉာဏ် အနုအရင့်ကို ကြည့်၍ ဟောတော်မူခြင်းကြောင့် ဖြစ်၏။ အသိဉာဏ် ရင့်ကျက်ပြီးသော ပုဂ္ဂိုလ်၏ ခံယူချက်နှင့် ဆန့်ကျင်သော အခြားအယူသည် အသိဉာဏ် နုနယ်သော သူတို့၏ အကျိုးစီးပွားအတွက် မုချ လိုအပ်သော ယုံကြည်ချက်ဖြစ်နေပေမည်။ သို့ဖြစ်၍ နာမည်ကျော် ပြင်သစ်ဒဿနပညာရှင်ဗောလတား[၁]က "ထာဝရဘုရား မရှိသည့်တိုင် လူတို့အဖို့ ထာဝရဘုရားကို ဖန်တီးပေးသင့်သည်"ဟု ရေးသားခဲ့၏။

ဗုဒ္ဓလမ်းစဉ်သည် အယူဝါဒ စွဲလမ်းမှုအားလုံးကို ပယ်သော အလယ်လမ်းစဉ်ဖြစ်၏။ ဤနေရာ၌ ဓမ္မစကြာသုတ်၌ ဗုဒ္ဓညွှန်ပြထားသော ကာမဂုဏ်ချမ်းသာကို အလွန်အမင်း တပ်မက်မှုနှင့် မိမိကိုယ်ကို ညှဉ်းဆဲမှု အကျင့်နှစ်မျိုးကို ကျော်လွန်၍ အသိဉာဏ်ဖြန့်ကျက်ပြီး ဗုဒ္ဓ၏ အလယ်လမ်းစဉ်ကို ကျေကျေညက်ညက် သိမြင် နားလည်ရန် လိုအပ်၏။ လူတို့သည် အများအားဖြင့်

---

၁။ Voltaire

ဝါဒစွဲ ပြင်းထန်၍ အစွန်းနှစ်ဖက်လွတ်သော အဆိုကို ဦးနှောက် အရှုပ်ခံ၍ မစဉ်းစားလိုကြချေ။ သို့ဖြစ်၍ ဘဝသစ်တစ်ဖန်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါသည် ဘဝဟောင်းမှ လူမဟုတ်၊ လူသစ်လည်း မဟုတ် ဟူသော အဆိုကို လေးလေးနက်နက် မစဉ်းစားဘဲ ဘဝ တစ်ပါး ပြောင်းသွားသည်ဆိုသော သဿတဒိဋ္ဌိကို အစွဲအမြဲ ခံယူထားကြသည်က များ၏။

အမှန်တရားရှာဖွေမှုနှင့် ပတ်သက်သော မြတ်ဗုဒ္ဓ၏ ညွှန်ကြားချက်သည် သိပ္ပံသုတေသီ ဆရာတို့၏ ကျင့်ထုံးနှင့် များစွာ နီးစပ်ကြောင်း ယုံမှားဖွယ်မရှိချေ။ ပြဿနာတစ်ရပ် ဖြေရှင်းရန် ကြိုးစားရာ ကျမ်းဂန်စွဲ၊ ဝါဒစွဲ၊ ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲ စသော အစွဲ ဥပါဒါန် အားလုံးကို ပယ်၍ ဓမ္မဓိဋ္ဌာန်ကျကျ လက်တွေ့လေ့လာခြင်းသည် အမှန်တရား ရှာဖွေသော ထေရဝါဒ ဝါဒီနှင့် သိပ္ပံဆရာ နှစ်ဦးစလုံး၏ လမ်းစဉ်ဖြစ်၏။ သို့ရာတွင် အလွန်အရေးကြီးသော ကွာဟချက်ကား ရှိ၏။ ယင်းမှာ သိပ္ပံ ပညာ၏ လုပ်ငန်းသည် ရုပ်လောကကို ပိုင်းခြားစိတ်ဖြာ စူးစမ်း လေ့လာမှုဖြစ်၍ ထေရဝါဒဝါဒ၏ လုပ်ငန်းမှာ သတ္တဝါတို့ နာမ်ခန္ဓာ ၏ သဘာဝဖြစ်စဉ်ကို ခရေစေ့တွင်းကျ ရှင်းပြရန်ဖြစ်၏။ ထိုသို့ လုပ်ငန်းများကွာဟသောကြောင့် လူသတ္တဝါတို့အပေါ် အကျိုး သက်ရောက်မှုကလည်း တစ်မျိုးတစ်ဖုံစီဖြစ်၏။ သိပ္ပံပညာသည် တစ်ဖက်တွင် ကျန်းမာရေး၊ လူမှုအဆင့်အတန်းမြင့်မားရေး စသော လူတို့၏ ကြီးပွားတိုးတက်မှုကို ကူညီပံ့ပိုး၍ အခြား

တစ်ဖက်၌မူ လူအမြောက်အမြား သေကျေပျက်စီးစေသော စစ်လက်နက်များ ပေါ်ထွန်းလာမှုအတွက် တာဝန်မကင်းချေ။ ထေရဝါဒ၏ အကျိုးပြုမှုမှာကား မြတ်ဗုဒ္ဓ၏ ဆုံးမသြဝါဒနှင့် အညီ ကျင့်ကြံအားထုတ်သော သူများ၏ ဆင်းရဲဒုက္ခကင်းဝေးမှု နှင့် စိတ်ငြိမ်းချမ်းမှု၌ ထင်ရှား၏။

အနောက်နိုင်ငံများ၌ ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ အာကာသယာဉ်နှင့် ဂြိုဟ်တုများ မကြာခဏ စေလွှတ်ခြင်းကို ဗုဒ္ဓဝါဒီတို့ နားမလည်သည့်နည်းတူ သူတို့သိပ္ပံပညာရှင်တို့ကလည်း ဗုဒ္ဓဝါဒီတို့ ဝိပဿနာတရား အားထုတ်ခြင်း၏ အကျိုးအာနိသင်ကို နားလည်ကြမည်မဟုတ်ချေ။ မည်သို့ဖြစ်စေ ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့တွင် မတူညီသော အချက်များ ရှိခြင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုရပေမည်။ စင်စစ် သိပ္ပံပညာလေ့လာမှုသည် အစဉ်အလာအားဖြင့် ရုပ်ဝါဒပေါ်၌ အခြေပြု၍ ယနေ့ တက္ကသိုလ်များ၌ သင်ကြားပို့ချနေသော စိတ္တဗေဒပညာသည်လည်း ထိုနည်းအတူ ဖြစ်၏။ သို့ဖြစ်၍ ထေရဗုဒ္ဓဝါဒက ဦးထိပ်ထားသော သီလ သမာဓိနှင့် ပညာအပေါ် အနောက်တိုင်း အသိပညာရှင်တို့၏ ရှုမြင်ချက်ကို တစေ့တစောင်း သိရှိလိုပါက သူတို့၏ ဒဿန(ဖီလော်ဆိုဖီ)စာအုပ်များကို လေ့လာရပေလိမ့်မည်။ သူတို့၏ ကိုယ်ကျင့်တရားဆိုင်ရာ အချို့သော အတွေးအခေါ်များမှာ မိရိုးဖလာဘာသာရေး ခံယူချက်များကို ဖက်တွယ်ထားသော အချို့ ဗုဒ္ဓဝါဒီတို့အဖို့ လေးလေးနက်နက် ဆင်ခြင်

စဉ်းစားဖွယ်ဖြစ်၏။ အချို့မှာမူ လက်တွေ့မကျသော အတွေးနယ်ချဲ့မှုမျှသာ ဖြစ်၍ အကျင့်သီလ ရင့်ကျက်မှုကို မည်သို့မျှ အထောက်အကူ မပြုချေ။

ဥပမာ–လူသတ္တဝါသည် ကောင်းမှုသို့မဟုတ် မကောင်းမှု တစ်ခုပြုရာ၌ မိမိ၏အလိုဆန္ဒအတိုင်း မိမိကိုယ်ကို အစိုးရ၍ ပြုလုပ်ပါသလော။ သို့တည်းမဟုတ် အစိုးမရသော အကြောင်းတရားများကြောင့် ပြုလုပ်ပါသလော။ ဤသို့ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ မိမိကိုယ်မိမိ အစိုးရမှု မရမှု အဆိုနှစ်ခုသည် ရှေးပဝေဏီမှစ၍ ယနေ့တိုင် ဒဿနပညာရှင်တို့ အငြင်းပွားနေသော ပြဿနာဖြစ်၏။ မိမိကိုယ်မိမိ အစိုးရသည်ဟု ယုံကြည်သောသူ ဦးရေ ပိုမိုများပြားသော်လည်း မယုံကြည်သောသူတို့၏ အဆိုမှာ သဘာဝယုတ္တိနှင့် အထောက်အထား အတော်အတန် ခိုင်မာသော အဆိုဖြစ်၏။ သို့ရာတွင် လက်တွေ့ကျင့်သုံး၍ ရအပ်သော အဆိုမဟုတ်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့ကျင့်သုံးပါက လူဆိုးလူမိုက်များကို လျစ်လျူရှုထားရမည်ဖြစ်၍ တရားဥပဒေတည်းဟူသော လောကပါလတရားသည် အချည်းနှီးဖြစ်ပေလိမ့်မည်။

ဗုဒ္ဓသည် သတ္တဝါတို့၏ ကြီးပွားချမ်းသာမှုအား မည်သို့မျှ အကျိုးမပြုသော ပြဿနာများကို ဆွေးနွေးဖြေကြားလိုသော ဆန္ဒ မရှိချေ ။ သို့ဖြစ်၍ ဗုဒ္ဓဟောကြားသော တရားနှင့် မဟောကြားသော တရားများကို ကျွန်ုပ်တို့ ခွဲခြားနားလည်ရန် အရေးကြီး၏။ ဤနေရာ၌ မိမိ မဟောကြားသောတရားများ (ဥပမာ–သတ္တဝါ

သည် သေပြီးသည့်နောက်၌ ရှိမရှိ) ကို သိရှိလိုသောဆန္ဒ အလွန်ပြင်းပြနေသော ရဟန်းတစ်ပါးအား မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်သည်များစွာ မှတ်သားဖွယ်ကောင်း၏။ ထိုဒေသနာ၌ အဆိပ်လူးမြားမှန်သော လူတစ်ဦးကို ဥပမာဆောင်၍ ဟောထား၏။ ထိုသူသည်မြားနှုတ် ကုသ၍ ပေးနိုင်သော ဆေးသမား မိမိအနီး၌ ရှိပါလျက် ချက်ချင်း အနှုတ်မခံဘဲ မြားပစ်လိုက်သော ပုဂ္ဂိုလ်၏အမည်နေရပ် ဒေသ ပုံပန်းသဏ္ဌာန်စသည်တို့ကို မေးမြန်းနေပါကအသက်ဆုံးရှုံးရမည် အမှန်ဖြစ်၏။ ထိုနည်းအတူ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်း သစ္စာလေးပါးကို ကျင့်ကြံအားထုတ်မှုမရှိဘဲ မရေရာသော အယူဝါဒများ၌ စိတ်ဝင်စားနေပါကဧကန်မုချ နစ်နာဆုံးရှုံးရမည်ဖြစ်ကြောင်း မိန့်ကြား၏။ (မဇ္ဈိမနိကာယ်၊ စူဠမာလုကျသုတ်)

မြတ်ဗုဒ္ဓ၏အလိုအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်လိုလားသောပုဂ္ဂိုလ်အဖို့ သိသင့်သိထိုက်သော တရားများကို သိရှိရမှုသည်အဓိက လိုအပ်ချက်ဖြစ်၏။ သို့ရာတွင် ပုထုဇဉ်သတ္တဝါတို့သည်ထိုအဓိက လိုအပ်ချက်ကို ဂရုမပြုဘဲ မဆီမဆိုင်သော အရာများ၌စိတ်ဝင်စားကြ၏။ ရဟန္တာအဖြစ် ကျော်ကြားနေသော ပုဂ္ဂိုလ်၏သီလ သမာဓိနှင့် ပညာကို မစူးစမ်းဘဲ သူ၏အံ့ဖွယ်၊ သူ၏ပြုလုပ်နိုင်စွမ်းရှိမှုကို အုတ်အုတ်ကျက်ကျက် ပြောဆိုကြ၏။မြတ်ဗုဒ္ဓထင်ရှားရှိစဉ်က အချို့လူတို့က ဗုဒ္ဓသည် မည်သည့်အခါ၌မဆို အလုံးစုံကို သိမြင်သည်ဟု ပြောကြရာ ဘုရားရှင်က ထိုစကားသည် မိမိပြောဆိုသော စကားမဟုတ်၍ မမှန်ကန်ကြောင်း

ဝိဇ္ဇာသုံးပါးရရှိခြင်းသာလျှင် မိမိပြောဆိုကြောင်း ပရိဗိုဇ်တစ်ဦးအား ရှင်းပြတော်မူရ၏။ (မဇ္ဈိမနိကာယ် တေဝိဇ္ဇဝစ္ဆသုတ်)

အထက်ဖော်ပြပါအချက်များဖြင့် မြတ်ဗုဒ္ဓ၏တရားသည် ယခုခေတ် သိပ္ပံပညာရှင်နှင့် ဒဿနပညာရှင်တို့၏ ခံယူချက်များနှင့် မည်သို့တူညီ၍ မည်သို့ခြားနားကြောင်း သိသာထင်ရှား၏။ ထေရဝါဒဗုဒ္ဓဘာသာနှင့် အခြားကမ္ဘာ့ဘာသာဝါဒကြီးများ၏ တူညီချက်နှင့် ခြားနားချက်များကို ယခုစဉ်းစားရန် ရှိ၏။ အဓိက တူညီချက်မှာ ထာဝရချမ်းသာမှုရရှိရန် မေတ္တာ ကရုဏာ စသော သူတော်ကောင်းတရားများကို ကျင့်ကြံအားထုတ်မှုဖြစ်၍ အဓိက ခြားနားချက်မှာ ထေရဝါဒက ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ ရှိခြင်းကို ငြင်းဆို၍ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် မိမိကိုယ်မိမိ အားကိုးမှုကို ရှေ့တန်းတင်ထား၏။ အခြားဘာသာဝါဒများ၌မူ မြဲသောပုဂ္ဂိုလ်သတ္တဝါကို အသိအမှတ်ပြု၍ ထာဝရဘုရားအား ယုံကြည်ကိုးကွယ်မှုကို အလေးအနက် ဟော၏။

ထိုသို့ ဗုဒ္ဓဝါဒသည် ထာဝရအတ္တနှင့် ကယ်တင်ရှင် ထာဝရ ဘုရားအား ယုံကြည်ကိုးကွယ်မှုကို လက်မခံသောကြောင့် အချို့သော အနောက်တိုင်း အသိပညာရှင်များက ဘာသာဝါဒတစ်ခုအဖြစ် အသိအမှတ်မပြုဘဲ ကိုယ်ကျင့်တရားဆိုင်ရာ ဒဿနဝါဒတစ်ခုအဖြစ် သတ်မှတ်ထားလိုကြ၏။ မည်သို့ဖြစ်စေ ထေရဝါဒနှင့် အခြားကမ္ဘာ့ဘာသာဝါဒများသည် လူသတ္တဝါအာလုံး မိသားစုစိတ်ဓာတ်ဖြင့် ချစ်ခင်ပေါင်းသင်းမှုကို အလေးအနက်

ဟောပြောသောကြောင့် မျက်မှောက်ဘဝ ပဓာန ဦးတည်ချက် တူညီကြောင်း ကျွန်ုပ်တို့ မမေ့သင့်ချေ။

အခြားဘာသာဝါဒများနှင့် နှိုင်းယှဉ်ပါက ထေရဝါဒ၏ မူလ အခြေခံတရားများ (ဥပမာ အနတ္တတရား နိဗ္ဗာန်) သည် နားလည်သဘောပေါက်ရန် ခက်ခဲ၏။ နားလည်သည်ဆိုစေ၊ ၎င်းတို့ကို ကျေကျေနပ်နပ် လက်ခံကျင့်သုံးသူများ နည်းပါးပေလိမ့်မည်။ သို့ဖြစ်၍ မိရိုးဖလာယုံကြည်ချက်အားလုံးကို မိမိတို့ဘာသာတရား၏ အနှစ်သာရအဖြစ် အစွဲအမြဲခံယူထားသူများမှာ အခြားနိုင်ငံများမှာထက် ဗုဒ္ဓဘာသာနိုင်ငံများ၌ ပိုမိုများပြားလိမ့်မည်ဟု ယူဆဖွယ်ရှိ၏။ ပုဂ္ဂိုလ်သတ္တဝါအားလုံးကို ကယ်ချွတ်ရန် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို မျှော်မှန်းမှုသည် မဟာယာနဝါဒ၏ လမ်းစဉ်ဖြစ်၍ ထေရဝါဒ၏လမ်းစဉ် မဟုတ်ချေ။ စင်စစ် မြတ်ဗုဒ္ဓသည် မိမိ၏တရားကို လူအများသိမြင် နားလည်ရန် မလွယ်ကူသောကြောင့် လက်ဦးပထမ၌ ဟောပြောလိုသော ဆန္ဒမရှိချေ။

ဤနေရာ၌ ပုဂ္ဂိုလ်သုံးမျိုးအကြောင်း ဗုဒ္ဓဟောကြားသော အောက်ပါဒေသနာသည် အထူးမှတ်သားဖွယ် ကောင်း၏။

ထိုဒေသနာ၏ ဆိုလိုရင်းအကျဉ်းမှာ လောက၌ လူနာသုံးမျိုးရှိ၏။ ပထမလူနာသည် ဆေးသမား၏ ကုသမှု ခံယူပြီး ဆေးဝါးမှီဝဲသော်လည်း ရောဂါပျောက်ကင်းမည်မဟုတ်။ ဒုတိယလူနာသည် ဆေးသမား၏ကုသမှုနှင့် ဆေးဝါးမှီဝဲမှု မရှိသော်လည်း ရောဂါပျောက်ကင်းမည်ဖြစ်၏။ တတိယလူနာမှာကား ဆေးသမားက ကုသ၍ ဆေးဝါးမှီဝဲပါမှ ရောဂါပျောက်ကင်းမည်ဖြစ်

၏။ ထိုနည်းအတူ လောက၌ ပုဂ္ဂိုလ်သုံးမျိုးရှိရာ ပထမပုဂ္ဂိုလ်သည် ဘုရားရှင်ကို ဖူးမြင်၍ တရား ကြားနာရသော်လည်း အကျွတ်တရား ရမည်မဟုတ်။ ဒုတိယပုဂ္ဂိုလ်သည် ဘုရားရှင်ကို မဖူးမြင် တရားမကြားနာရသော်လည်း အကျွတ်တရား ရရှိမည်ဖြစ်၏။ တတိယပုဂ္ဂိုလ်မှာကား ဘုရားရှင်ကို ဖူးမြင်၍ တရားကြားနာရပါမှ အကျွတ်တရားရရှိမည် ဖြစ်၏။ (အင်္ဂုတ္တရနိကာယ် ဂိလာနသုတ်)

ဤဒေသနာနှင့်အညီ ဆေးသမားသည် အနာရောဂါ ပျောက်ကင်းရန် အလားအလာရှိသော လူနာကို ဦးစားပေး၍ ကုသသကဲ့သို့ မြတ်ဗုဒ္ဓသည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါများကို ဦးစားပေး၍ ဟောပြောဆုံးမ၏။ ဘုရားထင်ရှားရှိစဉ်က ဘုရား၏တရားကို ကြားနာရသော်လည်း အတွေးအမြင်အားဖြင့် မည်သို့မျှ ပြောင်းလဲမသွားသော အချို့ ပရိဗိုဇ်နှင့် ဗြာဟ္မဏများ ရှိသကဲ့သို့ တရားကို မကြားနာရဘဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနေသော ပစ္စေကဗုဒ္ဓါများလည်း ရှိ၏။ မိမိ၏တရားကို မသိဘဲ အကျွတ်တရား ရရှိသော သူများအကြောင်းကို ရည်ညွှန်း မိန့်ကြားရာ၌ ဗုဒ္ဓ၏ သဘောထားကြီးမားမှုသည် ထင်ရှား၍ ယခုခေတ် တစ်ယူသန် ဘာသာရေးသမားများ အထူး သတိပြုသင့်၏။ အမှန်တရားကို သိမြင်ရန် အရေးကြီးသော်လည်း ဗုဒ္ဓ၏အလိုအားဖြင့် သီလ, သမာဓိနှင့် ပညာဂုဏ်ပြည့်စုံမှုသည် အရိယာလမ်းစဉ်၏ ပဓာန ပန်းတိုင်ဖြစ်၏။ ဗုဒ္ဓသာသနာ၏အပ၌ ထိုစံချိန် ပြည့်မီသော အချို့ပုဂ္ဂိုလ်များ ရှိခြင်းကို ကျွန်ုပ်တို့ မငြင်းဆိုနိုင်ချေ။

ဤသို့ဖြင့် မြတ်ဗုဒ္ဓ၏ အရိယာလမ်းစဉ်သည် အမှန်တရား ရှာဖွေရာ၌ သိပ္ပံပညာနည်းတူ အကာလိကော၊ ဧဟိပဿိကော စသော ဓမ္မဂုဏ်တော်များနှင့်အညီ ဒိဋ္ဌဓမ္မ (မျက်မြင်ကိုယ်တွေ့)ကို အလေးပေး၏။ အစွဲဥပါဒါန်ကို ပယ်၍ လွတ်လပ်စွာ ဆင်ခြင်သုံးသပ်ပြီး အကြောင်းတရားရှာကြံမှုကို အလေးဂရုပြု၏။ သို့ရာတွင် သိပ္ပံပညာနှင့် ပဓာနပန်းတိုင် မတူဘဲ သီလ, သမာဓိ ပညာဖြင့် စိတ်ဓာတ်ရင့်ကျက် ဖွံ့ဖြိုးမှုသို့ ဦးတည်ချက် ရှိ၏။ သတ္တလောက အကျိုးစီးပွားနှင့် မည်သို့မျှ မသက်ဆိုင်သော ဒဿန (ဖီလိုဆိုဖီ) ပြဿနာများကို လျစ်လျူပြု၍ လူတို့၏ ကြီးပွားချမ်းသာမှုဆိုင်ရာ တရားများကို ဦးစားပေး ဟောပြော၏။ အကျွန်ုပ်တို့ အထူးသတိပြုရန်အချက်မှာ ဗုဒ္ဓဝါဒသည် မေတ္တာကရုဏာစသော သူတော်ကောင်းတရားများကို မွေးမြူရန် အားပေးတိုက်တွန်းရာ၌ အခြားဘာသာဝါဒများကဲ့သို့ ပြင်ပ၌ အားကိုးရာမရှာဘဲ မိမိကိုယ်မိမိ အားကိုးရန် အလေးအနက် ဟောကြားထားခြင်းဖြစ်၏။

✿

# မြတ်ဗုဒ္ဓ၏ အရိယလမ်းစဉ်

မြတ်ဗုဒ္ဓ၏ လောက အမြင်နှင့် အရိယလမ်းစဉ်ကို အကျဉ်းချုပ် ရှင်းပြထားသော တရားမှာ သစ္စာလေးပါးဖြစ်၏။ ဖြစ်ခြင်း, ပျက်ခြင်းသာလျှင် ထာဝရ စိုးမိုးနေသော ဤလောကသည် ပုဂ္ဂိုလ် သတ္တဝါတို့အဖို့ ဒုက္ခဘုံကြီးဖြစ်၍ ထိုဒုက္ခဘုံမှ လွတ်မြောက်ရန် ဒုက္ခဖြစ်ခြင်း၏ အကြောင်းတရားဖြစ်သော မသိမှုနှင့် တပ်မက်မှုကို ပယ်ခွာရန် လိုအပ်၏။ ထိုအဝိဇ္ဇာတဏှာနှင့် ဆင်းရဲ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းတရားသည်ကား သမ္မာဒိဋ္ဌိအစ သမ္မာသမာဓိအဆုံးရှိသော မဂ္ဂင်ရှစ်ပါးဖြစ်၏။

သစ္စာလေးပါးမှာ ဗုဒ္ဓဝါဒကို လိုရင်းတိုရှင်း ဖော်ပြချက်ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် သိမြင် နားလည်ရန် လိုပေလိမ့်မည်။ အထူးသဖြင့် အနိစ္စ ဒုက္ခ တဏှာ နိဗ္ဗာန်စသော ပါဠိဝေါဟာရများ၏ အနက်အဓိပ္ပါယ်ကို မြတ်ဗုဒ္ဓ၏အာဘော်နှင့်အညီ တိကျမှန်ကန်စွာ နားလည်ရန် အရေးကြီး၏။ ၎င်းတို့နှင့်ဆိုင်ရာ အချို့သော မိရိုးဖလာ ယုံကြည်ချက်များကို ကျော်လွှန်၍ ယထာဘူတ

ဓမ္မဓိဋ္ဌာန်ကျကျ နားလည်သဘောပေါက်ရန် ဆင်ခြင်သုံးသပ်ကြရပေမည်။

ရှေးဦးစွာ ဒုက္ခသစ္စာကို ကျွန်ုပ်တို့ မည်သို့ နားလည်ရပါမည်နည်း။ မြန်မာဗုဒ္ဓဝါဒီအများစု၏ အမြင်အားဖြင့်မူ ထိုပထမအရိယာသစ္စာသည် အိုမှု, နာမှုနှင့် သေမှုကို ရည်ညွှန်း၏။ ထိုဒုက္ခများမှာ အခြားဘေးဒုက္ခများနှင့် မတူဘဲ လူသတ္တဝါတိုင်းကြုံတွေ့ရသော ဘေးဒုက္ခများ ဖြစ်သည်မှန်၏။ သို့ရာတွင် ဥပမာအားဖြင့် နောင်တစ်နေ့နေ့၌ ဆေးသိပ္ပံပညာ၏ စွမ်းဆောင်မှုကြောင့် အိုခြင်း, နာခြင်းကို လူတို့ ရှောင်ကွင်းနိုင်သည်ဆိုစေ ထိုအခါ၌ အသက်ရှည်သောသူများ ဦးရေ တိုးပွားလာ၍ ဆိုးရွားသော ကမ္ဘာ့လူဦးရေပြဿနာဆိုင်ရာ လူနေမှု ဒုက္ခပင်လယ်ဝေနေစေရန် ဖန်တီးသော အကြောင်းတရား အမျိုးမျိုးကို ပထမအခန်း၌ တစ်စေ့တစ်စောင်း ဖော်ပြခဲ့ပေပြီ။ စင်စစ် ဒုက္ခတရားကို နက်နဲစွာ သိမြင်ရန်မှာ မိမိ၏ ဘဝအတွေ့အကြုံထက် ပဋိသန္ဓေမှ ပါလာသော ပါရမီဓါတ်ခံက ပိုမိုအရေးပါသည်ဟု ယူဆဖွယ်ရှိ၏။ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့နေရပါလျက် အချို့လူများ ပျော်ပျော်ရွှင်ရွှင်နေတတ်ခြင်းမှာ ကျွန်ုပ်တို့မျက်မြင်အထင်အရှားဖြစ်၏။ မြတ်ဗုဒ္ဓက ရဟန်းတို့အား မိမိအသက်အရွယ် နုပျိုစဉ်က အဖြစ်အပျက်ကို ဟောကြားသော ဒေသနာများ၌ နိမိတ်ကြီးလေးပါးကို လုံးဝ မဖော်ပြခဲ့ဘဲ မိမိသည် လူ့ဘောင်ကို ငြီးငွေ့၍ တောထွက်ကြောင်း မိန့်ကြား၏။ (မဇ္ဈိမနိကာယ် မဟာသစ္စကနှင့် အခြားသုတ်များ)

ယသသူဌေးသားသည် မိမိဘဝကို စိတ်ပျက် ငြီးငွေ့၍ ဘုရားရှင်ထံ သွားရောက်ပြီး တရားကြားနာ၍ အကျွတ်တရား ရကြောင်း ပိဋကတ်၌ ဖော်ပြထား၏။ ယခုခေတ်၌ မိမိတို့ ကြီးပွားချမ်းသာမှုအတွက် ကမ္ဘာအရပ်ရပ်မှ လူများ သွားရောက် အလုပ်လုပ်ကိုင်လိုကြသော အမေရိကန်နိုင်ငံ၌ ဖခင်ဖြစ်သူ ဆရာဝန်နှင့်အတူ အခြေချနေထိုင်သော မြန်မာလူငယ်တစ်ဦးသည် လွန်ခဲ့သောနှစ်က မြန်မာနိုင်ငံသို့ပြန်လာပြီး ရဟန်းဘောင်သို့ ဝင်သွားကြောင်း သတင်းစာများ၌ ဖတ်ရှုရ၏။

ဒုက္ခတရားသည် အနိစ္စတရား၏ အကျိုးဆက်ဖြစ်၍ အနိစ္စ တရား စိုးမိုးနေသော သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးသည် ခဏ မစဲ အမြဲပြောင်းလဲလျက်ရှိ၏။ ဤနိယာမတရားကို ရှေးပဝေသဏီ ဂရိ(ခေါမ)ခေတ်မှစ၍ ယနေ့အထိ များစွာသော အနောက် တိုင်း အသိပညာရှင်တို့က အသိအမှတ်ပြုကြ၏။ နာမည်ကျော် ဂရိတွေးခေါ်ရှင် ဟီးရားကလိတပ်[၁]၏ အဆိုအားဖြင့် ကျွန်ုပ်တို့ သည် မြစ်တစ်ခုတည်းသို့ တစ်ကြိမ်ထက်ပို၍ ဆင်းသက်နိုင်မည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဒုတိယအကြိမ် ဆင်းသက်နိုင် မည်မဟုတ် အဘယ့်ကြောင့်ဆိုသော် ဒုတိယအကြိမ် ဆင်းသက် သောအခါ၌ မြစ်သည် အနံ့အသက် အပူအအေး ရေစီးနှုန်း စသည်တို့နှင့်အတူ ပြောင်းလဲသွားပြီဖြစ်၍ ပထမမြစ် မဟုတ် တော့ချေ။ ပြင်သစ် ဒဿနဆရာ ဗတ်ဂဆန်[၂]ကမူ စကြဝဠာ၌ အနိစ္စတရား စိုးမိုးနေပုံကို အကျယ်ရှင်းပြ၍ လောက၌ ပရမတ္ထ

၁။ Heraclitus
၂။ Bergson

တရားဖြင့် ပြောင်းလွဲမှုမှတစ်ပါး အခြားဘာမျှ မရှိကြောင်း ရေးသားခဲ့၏။ နာမည်ကျော် ဗြိတိသျှဒဿနပညာရှင် ဘာထရန် ရပ်ဆယ်[၁]လည်း ယခုခေတ် ရူပဗေဒနယ်၌ တွေ့ရှိချက်ကို ကိုးကား၍ ဝတ္ထုတစ်ခု၏ ပြောင်းလဲမှုသည် အရွယ်ပမာဏနှင့် မသက်ဆိုင်ဘဲ ပြောင်းလဲမှု မည်မျှ လျင်မြန်ပုံကို ထောက်ပြ၏။ သူ၏ အဆိုအားဖြင့် ကုလားထိုင်တစ်ခု၏ အသေးငယ်ဆုံး အစိတ်အပိုင်းသည်ပင် တစ်စက္ကန့်လျှင် တစ်စိတ်မျှသော ကာလ အတွင်း ပြောင်းလဲလျက် ရှိ၏။

အနိစ္စတရား၏ ကျယ်ပြန့်နက်ရှိုင်းမှုကို သိမြင်နားလည် ပါက ဝတ္ထုရားကို နားလည်သဘောပေါက်ရန် အခက်အခဲမရှိချေ။ သစ်ပင်တစ်ပင်၏ အသီးအရွက်၊ အကိုင်းအခက်၊ ပင်စည်၊ အမြစ်စသော အင်္ဂါအားလုံးသည် အမြဲတစေ ပြောင်းလဲနေသော ကြောင့် သစ်ပင်သည် အရှိတရားမဟုတ်ဘဲ ပညတ်ဝေါဟာရမျှ သာ ဖြစ်ရပေတော့မည်။ ထိုနည်းအတူ လူသတ္တဝါ၏ ခန္ဓာငါးပါး ဓာတ်ကြီးလေးပါး စသည်တို့သည် စဉ်ဆက်မပြတ် ဖြစ်ပေါ် ချုပ်ပျောက်နေသောကြောင့် ပုဂ္ဂိုလ်သတ္တဝါဟူသည် မရမတ္တ အားဖြင့် ထောက်ပြ၍ မရအပ်ဘဲ အနှစ်သာရ အာမခံဓာတ် (ဝါ) အတ္တကင်းမဲ့သော ရုပ်နာမ်တရားမျှသာဖြစ်ကြောင်း ထင်ရှား၏။ ဤနေရာ၌ ဗုဒ္ဓဝါဒီအများ သိမြင်ပြီးဖြစ်သော ဒေသနာများကို မဖော်ပြတော့ဘဲ အနတ္တတရားအကြောင်း အလွန် ရှင်းလင်းပြတ် သားသော အရှင်ဗုဒ္ဓဃောသ၏ မိန့်ဆိုချက်ကို ဖော်ပြရသော်...

၁။ Bertrand Russel

"အကြောင်းတရားသည် ရှိသော် ပြုတတ်သော ကတ္တား (ပုဂ္ဂိုလ်)ဟူ၍လည်းကောင်း၊ ဝိပါက်၏အဆင့်ဆင့်ဖြစ်ခြင်းသည် ရှိသော် ခံစားတတ်သောသူဟူ၍လည်းကောင်း ဒုက္ခသည်သာ ရှိ၏။ ဒုက္ခခံစားသောသူ တစ်စုံတစ်ယောက်မျှ မရှိ။ နိဗ္ဗာန်သည်သာ ရှိ၏။ နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ် မရှိ။ နိဗ္ဗာန်သို့သွားရာ အကျင့် ခရီးသည် ရှိ၏။ နိဗ္ဗာန်သို့သွားသော ပုဂ္ဂိုလ်သည် မရှိ။ (ဝိသုဒ္ဓိမဂ်၊ ပညာဘူမိနိဒ္ဒေသပိုင်း)

ဗုဒ္ဓ၏ အနတ္တတရားသည် အနောက်တိုင်းသားတို့၏ ဘာသာအယူဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ကြောင်း အထူးဖော်ပြရန် မလိုချေ။ သို့ရာတွင် အချို့သော အနောက်နိုင်ငံ အသိပညာရှင်တို့၏ ခံယူချက်နှင့် ကိုက်ညီလျက်ရှိ၏။ ထိုသူတို့တွင် ဘာထရန် ရပ်ဆယ်[၁]၊ သောမတ် ဟတ်စလေး[၂]၊ ဝီလီယမ်ဂျိမ်း(စ်)[၃]၊ အိပ်ဂျီဝဲ(လ)[၄] ကဲ့သို့သော ဒဿနပညာရှင်၊ သိပ္ပံပညာရှင်၊ စိတ်ပညာရှင်နှင့် စာရေးဆရာများ ပါဝင်၏။ အချို့မှာ ဒေါက်တာရိုင်း(စ်) ဒေးဗစ်[၅]ကဲ့သို့ ပါဠိဗုဒ္ဓစာပေများကို လေ့လာရာမှ အနတ္တတရားကို လက်ခံယုံကြည်လာကြ၍ အချို့မှာ ဒဿနဆရာ ဒေးဗစ်ဟုမ်[၆]ကဲ့သို့ စိန္တာမယဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ရာမှ နားလည်သဘောပေါက်လာကြ၏။ နာမည်ကျော် ဂျာမန်စွယ်စုံအသိပညာရှင်ကြီး ဂိုထေး[၇]

---

၁။ Bertrand Russel
၂။ Thomas Huxley
၃။ William James
၄။ H.G. Wells
၅။ Dr. Rhys Davids
၆။ David Humes
၇။ Goethe

မှာ ဒေးဗစ်ဟုမ်ကဲ့သို့ပင် ဗုဒ္ဓဘာသာအကြောင်း ဘာမျှ သိဟန် မတူသော်လည်း သူ၏စာပေ၌ အနတ္တတရား ပေါ်လွင် ထင်ဟပ်နေကြောင်း သိရှိရ၏။

သို့ရာတွင် အချို့သော အသိပညာရှင်များသည် ဗုဒ္ဓဘာသာကို နံ့နံ့စပ်စပ် လေ့လာပြီးနောက် ဗုဒ္ဓကို ကမ္ဘာ့သမိုင်း၌ အတုမဲ့သူတော်သူမြတ်အဖြစ် ကြည်ညိုလေးစားကြသော်လည်း အနတ္တတရားကို လက်မခံလိုကြချေ။ ထိုသူများတွင် အထူးထင်ရှားသော ပုဂ္ဂိုလ်မှာ ပါဠိစာပေပညာရှင် မစ္စက်ရိုင်း(စ)ဒေးဗစ်[၁]ကဲ့သို့ပင် ထေရဗုဒ္ဓဝါဒကို အကြွင်းမဲ့ လက်ခံခဲ့သော်လည်း နောက်ကာလ၌ အနတ္တဝါဒအပေါ် အမြင်ပြောင်းလဲ၍ ဗုဒ္ဓဝါဒအစစ်အမှန် မဟုတ်သယောင် ထပ်တလဲလဲ ဝေဖန်ရေးသားခဲ့၏။ စင်စစ် ဗုဒ္ဓဘာသာဝင်အမည် ခံယူလျက် အနတ္တတရားကို လက်မခံသော အနောက်နိုင်ငံသားများ၏ ဦးရေမှာ နည်းမည် မဟုတ်ချေ။ လန်ဒန်မြို့ရှိ ဗြိတိသျှဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌ ခရစ္စမတ် ဟန်ဖရီကပင် အနတ္တတရားသည် ဗုဒ္ဓဟောသော တရားအစစ်အမှန် မဖြစ်နိုင်ကြောင်း သူ၏ စာအုပ်များ၌ ရေးသားခဲ့၏။

အမှန်ဆိုသော် ဗုဒ္ဓထင်ရှားရှိတော်မူစဉ်ကပင် အိန္ဒိယပြည်၌ အနတ္တဝါဒကို မနှစ်သက်သော ဗုဒ္ဓဝါဒီအချို့ ရှိခဲ့၍ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘီ–စီ ၂၀၀ ပတ်ဝန်းကျင်လောက်တွင် ပုဂ္ဂလဝါဒခေါ်သော ဗုဒ္ဓဘာသာဂိုဏ်းတစ်ခု ထွက်ပေါ်လာ

---

၁။ Mrs. Rhys Davids

၏။ ထိုဂိုဏ်း၏အလိုအားဖြင့် လူသတ္တဝါသည် ခန္ဓာငါးပါး ရုပ်နာမ်တရားမျှသာ မဟုတ်ဘဲ နိဗ္ဗာန်ထင်ရှားရှိသော ပုဂ္ဂိုလ်သတ္တဝါဖြစ်၏။ ထိုဂိုဏ်းသည် နောက်ကာလ၌ ပျောက်ကွယ်သွားသော်လည်း ယနေ့အာရှတိုက် ဗုဒ္ဓဘာသာနိုင်ငံများ၌ လူအများစု၏ဘာသာရေးခံယူချက်မှာ ပုဂ္ဂလဝါဒနှင့် ဆင်တူယိုးမှားဖြစ်လျက်ရှိ၏။ မြန်မာ ဝိပဿနာဆရာ တစ်ဦးကမူ အသိသက်သက်သန့်ရှင်းစင်ကြယ်သော စိတ်ဝိညာဉ်ကို ပရမတ္ထတရားအဖြစ်သူ၏ စာအုပ်၌ ဖွင့်ဆိုထားရာ ထိုအဆိုကို ကြိုက်နှစ်သက်သောမြန်မာပုဂ္ဂလဝါဒီများ ရှိ၏။

အနတ္တဝါဒကို လက်မခံလိုသော သူတို့၏ စောဒနာဖွယ်ရာအကြောင်းတစ်ခုကား ရှိ၏။ ၎င်းမှာ ထာဝရမြဲသော အတ္တအမာခံမတင်သည် မှန်ပါက ဗုဒ္ဓသြဝါဒနှင့်အညီ သံသရာဝဋ်ဆင်းရဲဒုက္ခမှလွတ်ထွက်ရန် မိမိကိုယ်မိမိ မည်သို့ အားကိုးနိုင်ပါမည်နည်းဟူသော မေးစရာဖြစ်၏။ ဤနေရာ၌ မိလိန္ဒပဉှာကျမ်းတွင်ရှင်နာဂသိန် ထောက်သော ရထား ဥပမာကို ပြန်လည်၍ ဆင်ခြင်သုံးသပ်ရပေမည်။ ရထားသည် ပရမတ္ထအားဖြင့် ရှာ၍မရအပ်သောပညတ်စကားမျှသာ ဖြစ်သည်ဆို၏။ သို့ရာတွင် မြင်း၊ ရထားထိန်းရထားဘီးဝင်ရိုးစသော ရထားအင်္ဂါအားလုံးကို ပညာသားပါပါညီညွတ်မျှတစွာ ပေါင်းစပ်ထားသောကြောင့် ရှေးလူတို့သည်ရထား၏ စွမ်းအင်ဖြင့် တစ်နေရာမှ တစ်နေရာသို့ သက်သက်သာသာ လွယ်ကူစွာ သွားလာကြရ၏။ ထိုနည်းအတူ လူ၏ကိုယ်ခန္ဓာမှ နှလုံး၊ အသည်း၊ အရိုး စသော အင်္ဂါသည် ပျက်စီး

ယိုယွင်းမှုမရှိ၊ ကံ စိတ် ဥတုနှင့် အာဟာရတို့၏ ပြုပြင်စီရင်မှုသည်လည်း ကောင်းမွန်ပါက ကိုယ်ခန္ဓာကျန်းမာ၍ သတိပညာ ဝီရိယစသော စိတ်ဓာတ်ခွန်အားဖြင့် နိဗ္ဗာန်မဂ်ဖိုလ် ရရှိမည်မလွဲဖြစ်၏။ စင်စစ် ဗုဒ္ဓဟောကြားခဲ့သော ထိုဗိုလ်ငါးပါး (ဝါ) ဗလငါးတန်သည်ပင် ယခုခေတ်၌ လူ့လောကကို များစွာအကျိုးပြုနေသော ကွန်ပျူတာဂြိုဟ်တု ပဋိဇီဝဆေးဝါးများ အစရှိသည်တို့ပေါ်ထွန်းလာမှု၏ အခြေခံတရားများဖြစ်၍ လူသားတို့၏ အားကိုးရာအစစ် ဖြစ်သည်မဟုတ်ပါလော။

အနတ္တတရားကို ပုဂ္ဂလဝါဒီတို့ လက်မခံလိုကြခြင်းမှာ အဓိကအားဖြင့် မရဏတရားကို ကျော်လွှန်၍ ထာဝရတည်မြဲနေလိုသောကြောင့်ဖြစ်၏။ စင်စစ် ထေရဗုဒ္ဓဝါဒသည် လူသေလျှင် ဘဝလုံးဝ ပြတ်တောက်သည်ဆိုသော ဥစ္ဆေဒဝါဒကို လက်မခံချေ။ သို့ရာတွင် သေသောသူသည် ဘဝသံသရာ၌ ဆက်လက်ကျင်လည်သည်ဆိုသော သဿတဒိဋ္ဌိကိုလည်း ပယ်၏။ သို့ဖြစ်၍ ဘဝသံသရာ ကျင်လည်သည်ဆိုသော ပုဂ္ဂိုလ်သည် ဘဝဟောင်းမှ လူမဟုတ် ဘဝသစ် တစ်ဖန်ဖြစ်သောသူလည်း မဟုတ်ဘဲ အတိတ်ကာလမှ ကမ္မသတ္တိ၊ ဘဝတဏှာ စသော အကြောင်းတရားနှင့် ပစ္စုပ္ပန်ကာလ၌ ကမ္မဗီဇမျိုးစေ့နှင့် အခြားပြုပြင်စီရင်မှုစသော အကျိုးတရားများ ပေါင်းစပ်နေမှုမျှသာဖြစ်၏။ ဤသို့အကြောင်းနှင့်အကျိုး အဟောင်းနှင့်အသစ် ဆက်နွယ်ပေါင်းစပ်မှုသည် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး၌ ထင်ရှား၏။ လူသတ္တဝါတစ်ဦး၏ ဘဝသစ်တစ်ဖန် ဖြစ်မှုသည်သာ မဟုတ်၊ ကလေး

လူငယ်အရွယ် အိုမင်းမစွမ်းသော ဇရာအရွယ်အထိ ဘဝခရီး တစ်လျှောက်လုံးသည် ထိုသို့သော အကြောင်းခံ အကျိုးဆက် ပြောင်းလဲမှုဖြစ်၏။

ပြောင်းလဲမှုသည် ကြီးပွားတိုးတက်ရေးသို့ ရှေးရှုသော ပြောင်းလဲမှုဖြစ်စေရန် ပဓာနအားဖြင့် မိမိကိုယ်မိမိ အားကိုးရမည် ဖြစ်၏။ အတ္တဝါဒီတို့သည်ပင် မိမိတို့ ကြီးပွားချမ်းသာရန် ဖန်ဆင်းရန် ထာဝရဘုရားကို ယုံကြည်ကိုးစားကြသော်လည်း မိမိတို့၏ ကြိုးစားအားထုတ်မှု အရေးပါခြင်းကို မငြင်းဆိုကြချေ။ သို့ဖြစ်၍ အင်္ဂလိပ်လူမျိုးတို့၌ “ထာဝရဘုရားသခင်သည် မိမိတို့၏ ကြီးပွား ချမ်းသာမှုအတွက် ကိုယ်တိုင် ကြိုးစား ဆောင်ရွက်သော သူများ ကို ကူညီစောင်မသည်”ဟူသော ဆိုရိုးစကားရှိ၏။ ဗုဒ္ဓဒေသနာ၏ အဆိုအားဖြင့်မူ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး ကြီးပွားရေးလမ်းကြောင်း ပေါ်၌ အမြဲရပ်တည်နေရန် ပတ်ဝန်းကျင်တရားများ၏ ကူညီပံ့ပိုးမှု ကိုလည်း လိုပေသေး၏။ အထူးအရေးပါသော ပတ်ဝန်းကျင် တရား မှာ မိမိ၏ မိသားစုအပေါ် မေတ္တာတရား ရှေ့ဆောင်သော မိသားစုစိတ်ဓာတ်နှင့် မိတ်ဆွေကောင်းရှိမှုဖြစ်၏။ စင်စစ် လူ သတ္တဝါသည် ရှေးပဝေသဏီကစ၍ အုပ်စုဖွဲ့ပြီး နေလာသော ကြောင့် မည်မျှလုံ့လ ဝီရိယရှိသောသူ ဖြစ်စေကာမူ လုံးဝ အမှီကင်း၍ ကြီးပွားချမ်းသာရန် မမျှော်လင့်နိုင်ချေ။ နိုင်ငံသို့မဟုတ် ကမ္ဘာ့အတိုင်းအတာအားဖြင့် လူတို့သည် လူမျိုး အသားအရောင် ဘာသာစကား ဘာသာအယူဝါဒ ရိုးရာယဉ်ကျေးမှုစသည်တို့ ကွဲပြားခြားနားမှုများအကြား၌ တစ်လှေထဲစီး တစ်ခရီးတည်း

သွားနေသော သတ္တဝါများဖြစ်၍ ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရန် မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရပေမည်။

နိုင်ငံတစ်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်မှု၊ ဆင်းရဲငတ်ပြတ်မှု၊ ကပ်ရောဂါဆိုး ဆိုက်ရောက်မှု စသော ဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်လာပါက အခြားနိုင်ငံများသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားသွားတတ်ပုံကို ယနေ့ နိုင်ငံတကာရေးရာသတင်းများက မီးမောင်းထိုးပြလျက် ရှိ၏။ ထိုပြဿနာများကို ဖြေရှင်းရာ၌ ယနေ့ ကမ္ဘာ့လူသမဂ္ဂက ကိုယ်စားပြုနေသော ကမ္ဘာ့မိသားစုစိတ်ဓာတ် ထွန်းကားရန် လိုအပ်၏။ ထိုကမ္ဘာ့ မိသားစုစိတ်ဓာတ်ကို အထူးထောက်ကူသော ဗုဒ္ဓတရားမှာ ငါ့လူမျိုး၊ ငါ့နိုင်ငံ အစရှိသည့် တဏှာမာန ဒိဋ္ဌိအားဖြင့် စွဲလမ်းမှုကင်းသော အနတ္တတရားဖြစ်၏။ ထိုတရားနှင့်အညီ မြတ်ဗုဒ္ဓသည် သိင်္ဂါလောဝါဒသုတ်၌ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့် ဇနီးမောင်နှံစသည်တို့ အပြန်အလှန် ပြုကျင့်ရမည့် ဝတ္တရားများကို ဟောတော်မူခဲ့၏။ သူတစ်ပါး၏ ကျေးဇူးကို သိတတ်မှု၊ မိတ်ဆွေကောင်း ရှိမှု၊ မေတ္တာ ကရုဏာ စသော တရားများ မွေးမြူမှုစသည်တို့ကိုလည်း သူတော်ကောင်း တရားများအဖြစ် ချီးမွမ်းတော်မူခဲ့၏။

အမှန်ဆိုသော် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များမှာ အရေအတွက်အားဖြင့် အတ္တ(ဝါ) ပုဂ္ဂလဝါဒီ စုစုပေါင်းထက် များစွာ နည်းပေလိမ့်မည်။ ထိုပုဂ္ဂလဝါဒီများသည် ဗုဒ္ဓ၏ အနတ္တဝါဒကို လက်မခံနိုင်ကြစေကာမူ ကမ္ဘာ့မိသားစု စိတ်ဓါတ် ကြွံခိုင်

ဖွံ့ဖြိုးမှုအတွက် ဗုဒ္ဓ ဟောကြားသော အထက်ပါ တရားများကို ပြစ်တင်ဝေဖန်ကြမည် မဟုတ်ချေ။ မိမိတို့၏ဘဝ ငြိမ်းချမ်းသာယာရန် အဓိပတိ ဖန်ဆင်းရှင် မဟာဗြဟ္မာ သို့မဟုတ် ထာဝရဘုရားကို ယုံကြည်ကိုးကွယ်ကြသော်လည်း ဗုဒ္ဓဝါဒီတို့၏ အားကိုးရာ ဖြစ်သော သဒ္ဓါ, သတိ, ဝီရိယ အစရှိသော ဗလငါးတန်၏ အရေးပါမှုကို အသိအမှတ်ပြုကြလိမ့်မည်ဟု ယူဆဖွယ်ရှိ၏။

**ဦးအေးမောင်**

✿